# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်　　၂၀၁၅ ခုနှစ်၊ ဧပြီ ၂၁ ရက်၊ အင်္ဂါနေ့　　အတွဲ [၅၄]၊ အမှတ် [၁၉၈]


**မေတ္တာသည် အတ္တမဟုတ်**

မေတ္တာသည်　စိတ်ရှည်တတ်၏။
မေတ္တာသည်　ကျေးဇူးပြုတတ်၏။
မေတ္တာသည်　ဂုဏ်ပြိုင်တတ်ခြင်းမရှိ။
မေတ္တာသည်　ဝါကြွားတတ်ခြင်းမရှိ။
မေတ္တာသည်　မာန်မာနထားခြင်းမရှိ။
မေတ္တာသည်　မလျော်သော အကျင့်ကို မကျင့်။
မေတ္တာသည်　ကိုယ်ကျိုးမရှာတတ်။

## နိုင်ငံတော်သမ္မတဦးသိန်းစိန် ဗြိတိန်နိုင်ငံ ဒုတိယမြောက်အယ်လဇဘက် ဘုရင်မကြီး၏ မွေးနေ့သဝဏ်လွှာများပေးပို့

နေပြည်တော်　ဧပြီ　၂၁

၂၀၁၅ ခုနှစ် ဧပြီလ ၂၁ ရက်တွင်ကျရောက်သော ဗြိတိန်နိုင်ငံ ဒုတိယမြောက် အယ်လဇဘက်ဘုရင်မကြီး၏ မွေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဗြိတိန်နိုင်ငံ ဒုတိယမြောက် အယ်လဇဘက် ဘုရင်မကြီးထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် ဧပြီလ ၂၁ ရက်တွင်ကျရောက်သော ဗြိတိန်နိုင်ငံ ဒုတိယမြောက် အယ်လဇဘက် ဘုရင်မကြီး၏မွေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဒေးဗစ်ကင်မရွန်းထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။　(သတင်းစဉ်)

## အင်းစိန်ရထားလမ်း ခုံးကျော်တံတား ဇွန်လတွင်ပြီးစီးမည်



ရန်ကုန်　ဧပြီ　၂၀

ရန်ကုန်မြို့ အင်းစိန်ရထားလမ်းခုံးကျော်တံတားသစ် တည်ဆောက်လျက်ရှိရာ ပြီးစီးမှု ၇၅ ရာခိုင်နှုန်းရှိနေပြီး လာမည့် ဇွန်လအတွင်း တည်ဆောက်မှုလုပ်ငန်းများ အပြီးသတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"တံတားတည်ဆောက်မှုကိုလာမယ့်မေလမှာ ပြီးစီးမယ်လို့ မျှော်မှန်းခဲ့ပေမယ့် မမျှော်လင့်တဲ့နှောင့်နှေးမှုလေးတွေနဲ့ ကြုံတွေ့ရလို့ လာမယ့် ဇွန်လဒုတိယပတ်မှာ တည်ဆောက်မှုပြီးစီးမယ်လို့ မျှော်မှန်းထားပါတယ်။ အလုပ်နှောင့်နှေးမှုကလုပ်ငန်း ဧရိယာအတွင်းအင်းစိန်ပန်းခြံဘက်ခြမ်းမှာ မြေအောက်ဆက်သွယ်ရေးကြိုးနဲ့ လျှပ်စစ်ကြိုးတွေတွေ့ရှိပြီး သက်ဆိုင်ရာဌာနတွေနဲ့ ညှိနှိုင်းဖယ်ရှားနေရလို့ ဖြစ်ပါတယ်" ဟု အင်းစိန်ရထားလမ်းခုံးကျော်တံတားတည်ဆောက်ရေး စီမံကိန်းအင်ဂျင်နီယာ ဦးမျိုးဇော်ထူးက ပြောသည်။

မော်တော်ယာဉ်များ အသွားအလာများပြားမှုကြောင့် နေ့စဉ်အချိန်တိုင်းနီးပါး ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပေါ်လျက်ရှိသော ယခင် အင်းစိန်ရထားလမ်းခုံးကျော် တံတားဟောင်းနှင့်ကပ်လျက် ခုံးကျော်တံတားသစ်တစ်စင်းကို ထပ်မံတည်ဆောက်နေခြင်းဖြစ်သည်။ ယခုအခါ တည်ဆောက်မှုလုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ◆

## သင်္ကြန်အတွင်း ရပ်နားထားသော ရထားခရီးစဉ်များ ခရီးသည်ပိုမိုစီးနင်းနိုင်ရေး တွဲအရေအတွက် တိုးမြှင့်ပြေးဆွဲ

ရန်ကုန်　ဧပြီ　၂၀

နှစ်သစ်ကူးမဟာသင်္ကြန်ကာလအတွင်း ရန်ကုန်ဘူတာကြီးမှ အခြေပြု ပြေးဆွဲနေသော အမြန်ရထားခရီးစဉ်အချို့အား ရပ်နားထားရာမှ ပုံမှန် ပြန်လည်ပြေးဆွဲပေးနေပြီဖြစ်ကြောင်းနှင့် ခရီးသည်များ ပိုမိုစီးနင်းလိုက်ပါလာကြသောကြောင့် တွဲဆိုင်းများအား တွဲအရေအတွက် ပိုမိုချိတ်ဆက်ပြေးဆွဲပေးနေရကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ရန်ကုန်ဘူတာကြီးမှ ရုံပိုင်ချုပ်ကြီး ဦးကြည်ဝင်းက "သင်္ကြန်ကာလပြီးလို့ ရထားပြန်ပြေးဆွဲပေးတဲ့ရက်တွေမှာ လက်မှတ်က ပိုရောင်းရပါတယ်။ ဧပြီ ၁၇ ရက်ဖြစ်တဲ့ နှစ်ဆန်း ၁ ရက်နောက်ပိုင်းမှာဆိုရင် ခရီးသွားတော်တော်များလာပါတယ်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

## ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် အားသစ်လောင်းမည့် နှစ်(၆၀)ပြည့် အာရှ - အာဖရိက ထိပ်သီးညီလာခံ

သတင်းဆောင်းပါး　စာမျက်နှာ-၆




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အသေးစား၊ အလတ်စား စီးပွားရေးတိုးတက်လာမည်

ဒီမိုကရေစီစနစ်တွင် နိုင်ငံ့စီးပွားရေးကို ပုဂ္ဂလိကအခန်းကဏ္ဍက ဦးဆောင်လေ့ရှိပါသည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကိုလျှော့ချ၍ ပုဂ္ဂလိကပိုင် စီးပွားရေးအခန်းကဏ္ဍကို ထူထောင်မြှင့်တင်ပေးခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ အပြိုင်အဆိုင်ပေါ်ပေါက်ဖြစ်ထွန်းစေပြီး လုပ်ငန်းများတိုးတက်ကာ နိုင်ငံ့စီးပွားရေး တောင့်တင်းခိုင်မာအောင် ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့နိုင်ငံသည် ဒီမိုကရေစီစနစ်ကို ဦးတည်လျှောက်လှမ်းနေသည့် နိုင်ငံဖြစ်သည့်အလျောက် ပုဂ္ဂလိကအခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အားပေးနေခြင်းသည်ပင်လျှင် ပုဂ္ဂလိကကဏ္ဍကို မြှင့်တင်ပေးနေခြင်းပင် ဖြစ်ပါသည်။

ဤသို့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ယခုအခါ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကိုပင် ပြဋ္ဌာန်းလိုက်ပြီ ဖြစ်ပါသည်။ ဤဥပဒေ၏ ရည်ရွယ်ချက်များသည်ကား အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် စီးပွားရေးနှင့်ဆက်စပ်သည့် သတင်းအချက်အလက်၊ နည်းပညာအထောက်အကူများနှင့် ငွေကြေးပံ့ပိုးမှုများ လွယ်ကူစွာရရှိနိုင်စေရန်၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများသည် ပြည်တွင်းပြည်ပ ဈေးကွက်များသို့ လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားတိုးတက်စေရန်၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းသစ်များနှင့်အတူ ဝင်ငွေတိုးတက်ရရှိလာစေရန်၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းဆိုင်ရာအခက်အခဲများနှင့် အဟန့်အတားများကို လျှော့ပါးစေရန်ဟူ၍ ဖြစ်ပါသည်။

ဤဥပဒေအရ ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကိုပါဖွဲ့စည်း၍ လုပ်ငန်းတာဝန်အသီးသီး တာဝန်ယူဆောင်ရွက်ကြရမည်ဖြစ်သဖြင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများသည် ပြည်တွင်းပြည်ပ နည်းပညာအကူအညီများ၊ ငွေကြေးအကူအညီများ၊ အကြံဉာဏ်အကူအညီစသည်ဖြင့် အကူအညီများရရှိကာ လုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ အထူးသဖြင့် စီးပွားရေးလုပ်ငန်းကို တီထွင်ကြံဆလုပ်ကိုင်တတ်ကြသည့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရသောလုပ်ငန်းရှင်များအတွက် အခွင့်အလမ်းကောင်းပင် ဖြစ်ပါသည်။ လုပ်ငန်းရှင်များက ထိုအခွင့်အလမ်းများကို စနစ်တကျ မှန်မှန်ကန်ကန် အသုံးချမှုဖြင့် မိမိတို့၏ လုပ်ကိုင်ဖန်တီးနိုင်စွမ်းကို အမြင့်ဆုံးအထိပြသနိုင်ရန် လိုအပ်ပါသည်။ အရည်အသွေးမီသောထုတ်ကုန်များ နိုင်ငံတကာ ဈေးကွက်များအထိ ထိုးဖောက်အောင်မြင်နိုင်အောင် ကြိုးစားအားထုတ်ကြရမည် ဖြစ်ပါသည်။ ပြည်တွင်းဈေးကွက်တစ်ခုတည်းကိုသာ မကြည့်ဘဲ နိုင်ငံတကာဈေးကွက်များအထိ မျှော်မှန်းကာ အရည်အသွေး အာမခံချက်ရှိသော ယှဉ်ပြိုင်နိုင်စွမ်းရှိသော ထုတ်ကုန်များ ထုတ်လုပ်လာနိုင်အောင် ကြိုးစားအားထုတ် ကြရမည်ဖြစ်ပါသည်။ သို့ပါ၍ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများသည် ပံ့ပိုးကူညီမှုနှင့် ကြိုးစားအားထုတ်မှုတို့ ဟန်ချက်ညီညီအားကောင်းလာသည်နှင့်အမျှ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း။ ။

# အမျိုးသမီး ခူးခါချန့် သိုင်းပြောင်းပြန်သင်တန်းဆင်း



**ဘားအံ ဧပြီ ၂၀**

ကရင်ပြည်နယ် ဘားအံမြို့တွင် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ဝင် ကမ္ဘောဇနန်းတွင်း (ခူး-ခါ-ချန့်)သိုင်းပြောင်းပြန် ပင်မ ဦးစီးဌာန၏ ပညာစဉ်ဒါနသင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၂၀ ရက် နံနက် ၈ နာရီက သီရိဟေမာ အမျိုးသမီး ပညာရေးကျောင်း၌ ကျင်းပရာ သိုင်းပြောင်းပြန်ပင်မ အဖွဲ့က ရှမ်းအိုးစည်ဗုံအဖွဲ့ဆိုင်းအကဖြင့် ဖွင့်လှစ်သည်။

အခမ်းအနားသို့ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အဝေးရောက်နာယက ဒေါ်ညွန့်ညွန့်ဝေက တက်ရောက်အမှာစကားပြောကြားပြီး ရန်ကုန်ပင်မအဖွဲ့ သင်တန်းဦးစီး ဦးသိန်းအေးက သင်တန်းဆိုင်ရာကိစ္စများ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သင်တန်းကာလ ၁၀ ရက်တွင် တတ်မြောက်အောင်မြင်သွားသော သင်တန်းသူ ၂၆ ဦးအား နာယက ဒေါ်ညွန့်ညွန့်ဝေနှင့် သင်တန်းနည်းပြ ဆရာကြီးများက သင်တန်းဆင်း အောင်လက်မှတ်များနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ကာ သိုင်းပြောင်းပြန်သင်တန်းသူများက အခြေခံလက်သိုင်းပညာစဉ်များကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်**

**ထင်သာမြင်သာ ပြုပြင်စရာ**

# အုတ်တင်ချပြုလုပ်ခြင်း၊ အုတ်များပုံထားခြင်းကြောင့် လမ်းပိတ်ဆို့မှုများဖြစ်ပေါ်

**ပျဉ်းမနား ဧပြီ ၂၀**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မဂ်လာရပ် ချင်းစု(၂) လမ်းတွင် ဖွင့်လှစ်ရောင်းချလျက်ရှိသော အုတ်၊ သဲ၊ ကျောက်ရောင်းဝယ်ရေး ပြုလုပ်သောဆိုင်မှ အများပြည်သူ သွားလာနေသော လမ်းမပေါ်တွင် အုတ်များပုံထားရှိခြင်း၊ လမ်းမပေါ်တွင်ပိတ်ဆို့၍ ကားရပ်တန့်ကာ အုတ်အတင်အချပြုလုပ်နေခြင်းတို့ကြောင့် လမ်းအသုံးပြုသူများအနေဖြင့် နေ့စဉ်နှင့်အမျှ စိတ်သောကများ ဖြစ်ပေါ်နေကြကြောင်း သိရသည်။

ယခုကဲ့သို့ အများပြည်သူ အသုံးပြုလျက်ရှိသော လမ်းမပေါ်တွင် နေ့ရောညပါ လမ်းပိတ်ဆို့၍ အုတ်အတင်၊ အချပြုလုပ်ခြင်း၊ လမ်းမပေါ်တွင် ကားများအား ညအိပ်ရပ်နားခြင်းတို့ကြောင့် လမ်းအသုံးပြုသူများ အနေဖြင့် သွားလာ၍မရအောင် ပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ချင်းစု(၂)လမ်းနေ ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ အုတ်၊ သဲ၊ ကျောက် အရောင်းဆိုင်တွင် မော်တော်ယာဉ်မှ ဆီထုတ်၍ဝယ်ယူခြင်းကို လမ်းမပေါ်တွင် နေ့ရောညပါ ပြုလုပ်နေသဖြင့် မီးလောင်မှုဖြစ်ပွားမည်ကို စိုးရိမ်နေကြောင်း ဒေသခံတစ်ဦးက ထပ်မံ၍ပြောကြားသည်။

သို့ပါ၍ အများပြည်သူသွားလာနေသော လမ်းမပေါ်တွင် အုတ်များပုံခြင်း၊ အုတ်အတင်အချပြုလုပ်ခြင်းများကြောင့် လမ်းပိတ်ဆို့မှုများ၊ နေ့ရောညပါလောင်စာဆီများ လမ်းမပေါ်တွင် ရောင်းဝယ်ခြင်းများ ပြုလုပ်နေပါသဖြင့်သက်ဆိုင်ရာက ရှင်းလင်းဆောင်ရွက်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

**ကိုကို(ပျဉ်းမနား)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၀-၄-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၆၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၈၀-၁၀၈၅ |
| ဥရောပ | တစ်ယူရို | ၁၂၂၀-၁၂၃၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၀-၇၈၂ |
| ထိုင်း | တစ်ဘတ် | ၃၀.၅-၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၇-၁၆.၃ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၀-၃၄၃ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နွေဆန် (အသစ်) | တစ်အိတ် | ၁၇၀၀၀-၁၇၅၀၀ |
| မိုးဆန်သစ် (မနောသုခ) | တစ်အိတ် | ၁၇၈၀၀-၁၈၂၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၄၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၂၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၃၃ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၃၀၀-၄၂၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၁၀၀-၁၄၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၂၂၀၀-၂၃၅၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၅၀၀-၈၅၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၃၀၅၀-၃၁၀၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၂၀၀-၅၈၀၀ |
| သကြား | တစ်ပိဿာ | ၉၁၀-၉၅၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံတင်ပြသည်။

# ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးဆင့်ပွားသင်တန်းဖွင့်

**နတ်တလင်း ဧပြီ ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ မြို့နယ်ရဲတပ်ဖွဲ့ မှူးရုံးခန်းမ၌ ဧပြီ ၂၀ ရက် နံနက် ၉ နာရီခွဲတွင် ရဲမှူးဇော်လွင်က မကြာမီကျင်းပတော့မည့် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ဟောပြောပို့ချမှု ဆင့်ပွားသင်တန်း၌ ရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိစေရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန်နှင့် လုံခြုံရေးကိစ္စရပ်များနှင့် ပတ်သက်၍ အသေးစိတ် အချက်အလက်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။

အဆိုပါ အသိပညာပေးပွဲသို့ တက်ရောက်လာကြသူများက မရှင်းလင်းသည်များကို မေးမြန်းရာ ရဲမှူးက ပြန်လည်ရှင်းလင်းဖြေကြားသည်။ **(အောက်ပုံ)**

အဆိုပါအခမ်းအနားသို့ မြို့မရဲစခန်းမှူးစခန်းမှူး ဒုတိယရဲမှူးလှသန်းနိုင်နှင့် အရာရှိ ၁၂ ဦး၊ ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်ထွဋ်နှင့်အဖွဲ့ဝင်များ၊ မြို့ပေါ်လေးရပ်ကွက်ရှိအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**



# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဗြိတိန် ဒုတိယမြောက် အယ်လဇ္ဇဘက်ဘုရင်မကြီး မွေးနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဧပြီ ၂၁**

၂၀၁၅ ခုနှစ် ဧပြီလ ၂၁ ရက်တွင်ကျရောက်သော ဗြိတိန်နိုင်ငံ ဒုတိယမြောက် အယ်လဇ္ဇဘက်ဘုရင်မကြီး၏ မွေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး မစ္စတာဖိလစ်ဟမ်းမန်(ဒ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# မြန်မာနှစ်ဆန်း ၁ ရက်နေ့ ဒါနဥပပါရမီ သွေးလှူဒါန်းပွဲ ရွှေတိဂုံစေတီတော်၌ ကျင်းပ

**ရန်ကုန် ဧပြီ ၂၀**

မြန်မာနှစ်ဆန်း ၁ ရက်နေ့ ရောက်တိုင်း နှစ်စဉ် ကျင်းပမြဲဖြစ်သော ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ယခုနှစ်တွင် (၂၃) ကြိမ်မြောက်အဖြစ် ၁၃၇၇ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက် (ဧပြီ ၁၇ ရက် သောကြာနေ့) နံနက် ၈ နာရီ တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ရင်ပြင် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

သွေးလှူဒါန်းပွဲ မစတင်မီ သွေးလှူဒါန်းပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဒေါက်တာတင်သိန်းလွင်က နှစ်သစ်မင်္ဂလာ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနတာဝန်ခံဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာသီတာအောင်က သွေးလှူဒါန်းသူများ လိုက်နာရမည့်ဆောင်ရန် ရှောင်ရန်များနှင့် သွေးလှူဒါန်းခြင်းဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရဟန်းသံဃာတော် ၆၁ ပါး၊ သီလရှင်ဆရာလေး ၂၄ ပါးနှင့် လူပုဂ္ဂိုလ်အမျိုးသား အမျိုးသမီး ၈၄၀ စုစုပေါင်း ၉၂၅ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနမှ ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုချစ်**

❐ ရှေ့ဖုံးမှ

ဧပြီ ၁၄၊ ၁၅၊ ၁၆ ရက်ကတော့ လူပါးတာပေါ့။ ဒီနေ့ ၂၀ ရက်နေ့ဆိုလည်း ခရီးသွားများပါတယ်။ မနက်ဖြန် ၂၁ ရက်နေ့ဆိုရင် ရန်ကုန်-နေပြည်တော် သင်္ကြန်အထူးရထားက ခရီးသွားပြည်သူများနဲ့ ဝန်ထမ်းများအတွက်ပါ ပြေးဆွဲပေးတော့မှာပါ။ ဒီသင်္ကြန်အထူးရထားကလည်း လက်မှတ်ခနှုန်းထားမပြောင်းလဲပါဘူး။ သတ်မှတ်ဈေးနှုန်းအတိုင်းပါပဲ။ ရိုးရိုးတန်းလက်မှတ်နှုန်းထားခက တစ်ဦးကို ၂၈၀၀ ကျပ်ပါ၊ အထူးတန်းကတော့ ၅၆၀၀ ကျပ်ပေါ့။ ကျွန်တော်တို့က ဒီလိုရက်တွေမှာ ပုံမှန်တွဲဆိုင်းတွေထက်ကို အထူးရထား ပြေးဆွဲပေးတဲ့အပြင် ဝန်ချိန်နိုင်သေးတယ်ဆိုရင်တော့ ခရီးသည်တွေ အဆင်ပြေစေဖို့ ထပ်ပြီး အတွဲတွေ ပိုမိုချိတ်ဆက်ပြေးဆွဲပေးပါတယ်။ သင်္ကြန်မတိုင်ခင်ကာလရော၊ လက်ရှိရောပေါ့။ ပြီးတော့ ခရီးသည်နဲ့ လက်မှတ်ရောင်းသူကြားမှာလည်း ဘာပြဿနာမှ မရှိခဲ့ပါဘူး” ဟု ရှင်းပြသည်။

ဧပြီ ၂၀ ရက်ညနေ ၃ နာရီက ရန်ကုန်-မန္တလေး အထူးအမြန်ရထားလိုက်ပါစီးနင်းမည်ဖြစ်သော မန္တလေးမြို့ ပုသိမ်ကြီးနေ အမျိုးသားတစ်ဦးက “ရထားလက်မှတ်ခ အထူးတန်းက တစ်ဦးကို ငွေကျပ် ၉၃၀၀ ပေးရပါတယ်။ တူနဲ့မြေးအားလုံး သုံးဦးပေါ့။ မန္တလေးသွားမှာပါ။ တောင်ဒဂုံမြို့နယ်ကိုလာလည်တာပါ။ လက်မှတ်ဝယ်ရတာ အဆင်ပြေပါတယ်။ သုံးရက်ကြိုတင် ဝယ်လိုက်တာပါ။ ဧပြီ ၁၇ ရက်က ကြိုတင်ဝယ်လိုက်ပါတယ်။ မြေးလေးအတွက် လက်မှတ်ခက ဈေးနှုန်းတစ်ဝက်ပေးရပါတယ်။ ငါးနှစ်ကျော်လို့ပါ။ ကလေးအတွက် ၄၆၅၀ ကျပ်လားမသိဘူး။ လက်မှတ်ခ အခက်အခဲမရှိပါဘူး။ အရင်ကတော့ ကားပဲစီးနေကျပေါ့။ လာတုန်းကလည်း မန္တလာမြင့်ခရီးသည်ပို့ဆောင်ရေးက ကားစီးလာတာပါ။ ရထားစီးရတာလည်း အဆင်ပြေပါတယ်” ဟု ဆိုသည်။

မန္တလေးမြို့ရှိ ငါးမုန့်စက်ရုံတွင် အလုပ်လုပ်ကိုင်နေသော ခရမ်းမြို့နယ် ပလူရွာနေ မအေးအေးမြင့်က “ရိုးရိုးတန်းက လက်မှတ်ခ ငွေကျပ် ၄၇၀၀ ပေးရပါတယ်။ အားလုံး သုံးဦးစီးကြတာပေါ့။ လက်မှတ်က ဝယ်လို့မရတော့ပါဘူး။ ခုပဲဝယ်စီးကြတာပါ။ သင်္ကြန်ပိတ်ရက် ခရမ်းကအိမ်ကို ပြန်လာလည်တာပါ။ လက်မှတ်ကလည်း ဒီကလက်မှတ်ရုံမှာပဲ ဝယ်တာပါ။ နေရာမရတော့ အောက်မှာထိုင်ပြီး လိုက်ရတာလည်း ရှိပါတယ်။ သင်္ကြန်ပိတ်ရက်နဲ့မို့ ခုံမရတော့လို့ပါ” ဟု ပြောသည်။

ဧပြီ ၂၁ ရက်တွင် ရန်ကုန်ဘူတာကြီးမှ ထွက်ခွာမည်ဖြစ်သော ရန်ကုန်-နေပြည်တော် သင်္ကြန်အထူးရထားတွဲဆိုင်း ပထမအစင်းအား ည ၇ နာရီခွဲတွင် စတင်ထွက်ခွာမည်ဖြစ်ပြီး နောက်တစ်နေ့ နံနက် ၃ နာရီ ၅၀ မိနစ်တွင် နေပြည်တော်သို့ ဆိုက်ရောက်မည်ဖြစ်ကာ ဒုတိယအစင်းမှာလည်း ယင်းရက်နေ့ည ၈ နာရီတွင်ပင် ထွက်ခွာမည်ဖြစ်ပြီး နေပြည်တော်သို့ နောက်တစ်နေ့ နံနက် ၄ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်းလည်း သိရသည်။



ဧပြီ ၂၀ ရက် ညနေ ၃ နာရီက ပြေးဆွဲသည့် ရန်ကုန်-မန္တလေး အမြန်ရထားတွဲဆိုင်းတွင် ခရီးသည်များ၊ ပို့ဆောင်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ- စိုးဝင်း-SP

သင်္ကြန်ကာလ ခရီးသည်များ၏ လှုပ်ရှားမှုမြင်ကွင်းကို တွေ့မြင်နေရသော အောင်ဆန်းကွင်းခရီးသည်ပို့ဆောင်ရေး လက်မှတ်အရောင်းဆိုင်မှ လက်မှတ်ရောင်းတာဝန်ခံတစ်ဦးက “ကျွန်တော်တို့ဆီမှာ ကားလက်မှတ်ခရောင်းဈေးနှုန်းက ပုံမှန်ဈေးနှုန်းပါပဲ။ ရန်ကုန်-မန္တလေး ခရီးစဉ်ကတော့ တစ်ဦးကို ငွေကျပ် တစ်သောင်းခုနစ်ရာပေါ့။ သင်္ကြန်မတိုင်မီလက်မှတ်ရောင်းတဲ့ အခြေအနေက သူ့ဟာနဲ့သူ ပြည့်စုံနေတာပါပဲ။ သင်္ကြန်ကာလမှာ အပြင်ကနေ ခရီးသည်တွေက လက်မှတ်ခ ငွေကျပ် နှစ်သောင်းနဲ့ တချို့ဝယ်ကြရတယ်။ ကျန်တဲ့သူတွေကလည်း သူ့နည်းသူ့ဟန်နဲ့ ရသလို ဝယ်ကြတာပါပဲ။ လက်မှတ်ခက ဈေးတင်ရောင်းတယ်လို့တော့ ပြောလို့မရပါဘူး။ ဘာလို့လဲဆိုတော့ အလုပ်လုပ်စားကြတယ်ဆိုတာ ရောင်းသူဝယ်သူ အသံတူမှ လုပ်လို့ရတာလေ။ ကျွန်တော်တို့ကားလောကမှာ အသွားပဲ တစ်ခြမ်းလူရှိတာပါ။

အပြန်တစ်ခြမ်းက လူမရှိပါဘူး။ ဒါကြောင့် သင်္ကြန်တွင်းမှာလည်း လက်မှတ်ရောင်းသူတွေက အသွားအပြန်ဖြတ်ပြီး ရောင်းကြတာပါ။ ရောင်းသူကလည်း လုပ်ပေးနိုင်သလောက် လုပ်ပေးလိုက်တာပါပဲ။ ဒါလည်း သင်္ကြန်အချိန်ပါပဲ။ ပြီးခဲ့တဲ့ ဧပြီ ၁၁ ရက်နဲ့ ၁၂ ရက်မှာပဲ အရောင်းများပါတယ်။ အုံနာကလည်း ဘယ်အရှုံးခံပါ့မလဲ။ သင်္ကြန်ကာလကားမှာလည်း ခရီးသည်တွေက ပြည့်နေတာပေါ့။ တချို့အုံနာတွေလည်း အရှုံးခံပြေးဆွဲပေးနေတာ ရှိပါတယ်။ လူတွေက ကိုယ့်အကျိုးအတွက်လား၊ သူ့အကျိုးအတွက်လား မကြည့်ကြဘူးဗျ။ လက်ရှိခုတော့ ပုံမှန်ဈေးရောင်းနေကြတာပဲ၊ တချို့ယာဉ်လိုင်းတွေကျတော့လည်း အုံနာအောက်က လက်မှတ်ရောင်းတွေလည်း လုပ်စားကြတာပါပဲ။ ရန်ကုန်မြို့မှာ ဂိတ်ခွဲပေါင်း ၁၀၀ ကျော် ရှိပါတယ်။ တချို့ခရီးသည်တွေက အောင်မင်္ဂလာအဝေးပြေးဂိတ်ကို မသွားချင်ကြဘူး။ ဒီမှာ လာဝယ်ကြပါတယ်။ ဒီကနေတော့ ဖယ်ရီစီးတစ်ဦးကျပ်တစ်ထောင်နဲ့ သွားကြပေါ့။ ခရီးသည်တွေကလည်း အဆင်ပြေလို့ ဒီမှာ လာဝယ်ကြတာပါ” ဟု ပြောကြားသည်။

လက်ရှိ ရန်ကုန်အခြေပြု ပြေးဆွဲပေးနေသော အမြန်ရထားခရီးစဉ်အရ ရန်ကုန်-မန္တလေးအမြန်ရထားသုံးစင်းနှင့် စာပို့တစ်စင်း၊ ရန်ကုန်-ပုဂံ အမြန်ရထားတစ်စင်း၊ ရန်ကုန်-နေပြည်တော် အမြန်ရထားနှစ်စင်း၊ ရန်ကုန်-ရွှေညောင် အမြန်ရထားတစ်စင်း၊ ရန်ကုန်-မော်လမြိုင် အမြန်ရထားသုံးစင်း၊ ရန်ကုန်-ပြည် အမြန်ရထားတစ်စင်းနှင့် ရန်ကုန်-ပဲခူး(Local) ရထားတစ်စင်းတို့ဖြင့် စုစုပေါင်း ၁၃ စင်းကို ဧပြီ ၁၇ ရက်မှစတင်ကာ ပုံမှန်ပြေးဆွဲပေးလျက်ရှိနေကြောင်း သိရသည်။ **စိုးဝင်း-SP**



ဧပြီ ၂၀ ရက် ညနေ ၃ နာရီကပြေးဆွဲသည့် ရန်ကုန်-မန္တလေး အမြန်ရထားစီး ခရီးသည်များအား တွေ့ရစဉ်။ ဓာတ်ပုံ- စိုးဝင်း-SP



# မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း အမြင့်ဆုံးတောင်ကို တက်ရောက်ခဲ့

**ပြုံယမ်း ဧပြီ ၂၀**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် မြောက်ကိုရီးယားနိုင်ငံရှိ အမြင့်ဆုံးတောင်ကို အောင်မြင်စွာ တက်ရောက်ခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများ၌ ဖော်ပြခဲ့သည်။

မီဒီယာများက ဆီးနှင်းများ ထူထပ်နေသော တောင်ပေါ်တွင် မတ်တတ်ရပ်နေသောကင်၏ ဓာတ်ပုံများကို ဖော်ပြခဲ့ကြသည်။ ကင်ဂျုံအန်းသည် ၂၇၅၀ မြင့်သော မြောက်ကိုရီးယားနိုင်ငံ၏ အမြင့်ဆုံးတောင်ထွတ်ပေါ်သို့ တိုက်လေယာဉ်မှူးများ၊ ပါတီတာဝန်ရှိသူများနှင့် အတူ ရောက်ရှိခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ပိတုတောင်ထိပ်သို့ တက်ရောက်နိုင်ခြင်းသည် နျူကလီးယား လက်နက်ထက် စိတ်ပိုင်းဆိုင်ရာ အင်အားကို ကြီးမားစေနိုင်သည်ဟု ကင်ဂျုံအန်း၏ ပြောကြားချက်ကို ကိုးကားလျက် သတင်းစာများက ဖော်ပြသည်။

၎င်းတောင်ထွတ်သည် မီးတောင်တစ်ခုဖြစ်ပြီး တရုတ်နိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသော နေရာ၌ တည်ရှိသည်။

**(ဘီဘီစီ)**

# အိုင်အက်စ်ကိုတိုက်ရန် ဩစတြေးလျနှင့် အီရန်တို့ သတင်းအချက်အလက်များ ဖလှယ်မည်

**ဆစ်ဒနီ ဧပြီ ၂၀**

အီရတ်နိုင်ငံရှိ စစ်သွေးကြွအုပ်စုများနှင့်ပူးပေါင်းနေသော ဩစတြေးလျ နိုင်ငံသားများ၏ သတင်းအချက်အလက်များကို မျှဝေပေးရန် ဩစတြေးလျနှင့် အီရန်တို့သဘောတူညီထားသည်။ နိုင်ငံခြားရေးဝန်ကြီး ဂျူလီဘစ်ရှော့က အဆိုပါသဘောတူညီမှုသည် အိုင်အက်စ်တို့ကို ကိုင်တွယ်ဖြေရှင်းရာတွင် နှစ်နိုင်ငံစလုံးအတွက် အထောက်အကူရရှိမည်ဖြစ်ကြောင်းပြောသည်။ အီရတ်တွင် စစ်ဆင်ရေးပြုလုပ်နေသော အီရန်နိုင်ငံသားများ စုဆောင်းရရှိသည့် သတင်းအချက်အလက်များကို ဩစတြေးလျက ရရှိလိမ့်မည်ဟု ၎င်း၏ ပထမဦးဆုံးအီရန်ခရီးစဉ်အတွင်း သမ္မတ ဟတ်ဆန်ရိုဟာနီနှင့် တွေ့ဆုံမှုအပြီး ပြောခဲ့ခြင်းဖြစ်သည်။

ဩစတြေးလျနိုင်ငံသား ၁၀၀ ခန့်သည် အိုင်အက်စ် အဖွဲ့နှင့်ပူးပေါင်းရန် အီရတ်နှင့်ဆီးရီးယားသို့သွားရောက်ဖွယ်ရှိကြောင်း သိရသည်။ ၎င်းတို့က ပြည်တွင်းလုံခြုံရေးခြိမ်းခြောက်မည် ကို အာဏာပိုင်များက စိုးရိမ်ကြသည်။

ပြီးခဲ့သော စနေ၊ တနင်္ဂနွေနေ့က ပထမကမ္ဘာစစ် နှစ် (၁၀၀) ပြည့် အခမ်းအနား၌ တိုက်ခိုက်မှုပြုလုပ်ရန် ကြံစည်မှုဖြင့် ဆယ်ကျော်သက်ငါးဦးကို ဖမ်းဆီးခဲ့သည်။ ဩစတြေးလျသည် အီရန်နှင့် သတင်းအချက်အလက်မျှဝေရန် ၂၀၁၄ ခုနှစ်တွင် စတင်ပြုလုပ်ခဲ့သည်။ အကြမ်းဖက်အုပ်စုများကို တိုက်ခိုက်ချေမှုန်းရာတွင် အီရန်နှင့်သဘောတူညီမှု ရရှိခြင်းသည် များစွာအကျိုးကျေးဇူးရရှိမည်ဟု မစ္စဘစ်ရှော့က တနင်္ဂနွေနေ့တွင် ပြောခဲ့သည်။

ဩစတြေးလျသည် အိုင်အက်စ်ကို ဆန့်ကျင်တိုက်ခိုက်နေသည့် နိုင်ငံတကာ တပ်ဖွဲ့တွင် ပါဝင်သည်။ အီရန်သည် မဟာမိတ်တပ်ဖွဲ့တွင် မပါဝင်သော်လည်း အီရတ်ရှိ အိုင်အက်စ်တို့ကို တိုက်ခိုက်ရာတွင် ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်လျက်ရှိသည်။

**(ဘီဘီစီ)**

# မြေထဲပင်လယ်အတွင်း သင်္ဘောနစ်မြုပ်မှုကြောင့် ဥရောပသမဂ္ဂ အကျပ်ရိုက်နေ

**ရောမ ဧပြီ ၂၀**

မြေထဲပင်လယ်အတွင်း၌ လူများစွာ သေဆုံးခဲ့သော သင်္ဘောတိမ်းမှောက်မှုဖြစ်ပွားခဲ့သည့်နောက်တွင် ပင်လယ်ဖြတ်ကျော် ရွှေ့ပြောင်းမှုအပေါ် ထိရောက်စွာ အရေးယူပေးရန် အီတလီဝန်ကြီးချုပ် မတ်သီအိုရန်ဇီက တောင်းဆိုခဲ့သည်။

ပေ ၇၀ ခန့် ရှည်လျားသည့် အဆိုပါ သင်္ဘောပေါ်၌ ရွှေ့ပြောင်းသွားလာသူ ၇၀၀ ထက်မက တင်ဆောင်လာခဲ့ပြီး ၂၈ ဦးကို အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့သည်။ အဆိုပါကိစ္စရပ်အပေါ် ဥရောပသမဂ္ဂမှ နိုင်ငံခြားရေးဝန်ကြီးများက မကြာမီဆွေးနွေးပွဲပြုလုပ်ကြမည်ဟု မျှော်လင့်ရသည်။

သေဆုံးသူ ၂၄ ဦးအား တင်ဆောင်လာသည့် သင်္ဘောမှာ မော်လ်တာသို့ ရောက်ရှိမည်ဟု အီတလီကမ်းခြေစောင့်တပ်ဖွဲ့က ပြောသည်။ လူမှောင်ခိုများသည် လစ်ဗျားနိုင်ငံရေး အကျပ်အတည်းကို အခွင့်ကောင်းယူကာ အာဖရိကနှင့် အရှေ့အလယ်ပိုင်းရှိ ဆူပူမှုနှင့်စီးပွားရေး အကျပ်အတည်းတို့မှ ထွက်ပြေးတိမ်းရှောင်လာသည့် ရွှေ့ပြောင်းသွားလာသူများအား သင်္ဘောဖြင့် တရားမဝင်ပို့ဆောင်ရန် ကြိုးစားခဲ့သည်။

ဥရောပသို့ ရွှေ့ပြောင်းသွားလာမှုများအနက် ယခုအကြိမ်သည် လူအသေအပျောက် အများဆုံးဖြစ်သည်ဟု ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ပြောသည်။

**(ဘီဘီစီ)**

# တရုတ်နိုင်ငံက ပါကစ္စတန်တွင် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများပြုလုပ်မည်

**ပေကျင်း ဧပြီ ၂၀**

တရုတ်သမ္မတရှီကျင့်ဖျင်သည် မကြာမီအချိန်ကာလတစ်ခုတွင် ပါကစ္စတန်သို့ရောက်ရှိ မည်ဖြစ်ပြီး ၎င်းနိုင်ငံတွင် အမေရိကန် ဒေါ်လာ ၄၆ ဘီလီယံကို ရင်းနှီးမြှုပ်နှံမည်ဟု ခန့်မှန်းရသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံခြင်း၏ ရည်ရွယ်ချက်သည် ပါကစ္စတန်ဘလိုချီစတန်ပြည်နယ် ဂွာဒါမှ တရုတ်နိုင်ငံအနောက်ပိုင်း ရှီကျင်းဒေသသို့ ဆက်သွယ်ပေးမည့် တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံတစ်ခုကို တည်ဆောက်ရန် ဖြစ်ပါသည်။

ပါကစ္စတန်က ဤရင်းနှီးမြှုပ်နှံမှုသည် ၎င်းတို့၏ စီးပွားရေးအကျပ်အတည်းကို ပြေလည်စေမည်ဟု မျှော်လင့်ထားပြီး ကာလကြာ လျှပ်စစ်ဓာတ်အားပြတ်လပ်မှုကို အဆုံးသတ်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ထားသည်။

နှစ်ဖက်ခေါင်းဆောင်များသည် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအပေါ် ဆွေးနွေးမည်ဟု မျှော်လင့်ရသည်။မစ္စတာရှီသည်ပါကစ္စတန် သမ္မတ မန်နွန်းဟွတ်ဆင်၊ ဝန်ကြီးချုပ် နာဝပ်ရှုရစ်နှင့် အခြားဝန်ကြီးများနှင့် နှစ်ရက်ကြာ ဆွေးနွေးမည်ဖြစ်ပြီး ပါလီမန်၌ အင်္ဂါနေ့တွင် မိန့်ခွန်းပြောကြားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်အတွင်း အမေရိကန်ဒေါ်လာ ၂၈ ဘီလီယံစာချုပ်တစ်ခုကို လက်မှတ်ရေးထိုးလိမ့် မည်ဖြစ်သည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုများသည် ပါကစ္စတန်နိုင်ငံတွင် အမေရိကန် ရင်းနှီးမြှုပ်နှံမှုထက် သိသာစွာ ပိုလွန်နေသည်။





တရုတ်-ပါကစ္စတန် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ တရုတ်အစိုးရနှင့် ဘဏ်များသည် တရုတ်ကုမ္ပဏီများကို ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရန် ချေးငွေများ ထုတ်ချေးပေးမည်ဖြစ်သည်။

လမ်းပန်းဆက်သွယ်မှု၊ မီးရထားလမ်းများနှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုကွန်ရက်သည် ကီလိုမီတာ ၃၀၀၀ ခန့်အထိ ရောက်ရှိမည်ဖြစ်သည်။

ကျောက်မီးသွေး၊ လေ၊ ဆိုလာ၊ ရေအားလျှပ်စစ် ကဏ္ဍများတွင် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၅ ဘီလီယံ ရင်းနှီးမြှုပ်နှံမှုများ ၂၀၁၇ ခုနှစ်တွင် စတင်မည်ဖြစ်ပြီး စွမ်းအင်ပမာဏ ၁၀၄၀၀ မဂ္ဂါဝပ်ကို ပါကစ္စတန် အမျိုးသားဓာတ်အားလိုင်းသို့ ဖြန့်ဖြူးပေးလိမ့်မည် ဖြစ်ကြောင်းအရာရှိများက ပြောခဲ့သည်။

နှစ်နိုင်ငံကြားတွင် အမေရိကန် ဒေါ်လာ ၄၄ သန်းတန်ဖိုးရှိ ဖိုက်ဘာကေဘယ်လ်လိုင်းကိုလည်း မကြာမီ တည်ဆောက်တော့မည် ဖြစ်သည်။

ဤလုပ်ငန်း အစီအစဉ်များကြောင့် တရုတ်နိုင်ငံက အိန္ဒိယသမုဒ္ဒရာကိုကျော်လွန်ပြီး တိုက်ရိုက်ဆက်သွယ်မှုများရရှိမည် ဖြစ်သည်။ တရုတ်နိုင်ငံ၏ စီးပွားရေးလွှမ်းမိုးမှုကို အလယ်ပိုင်းနှင့် တောင်အာရှတို့တွင် စာမျက်နှာသစ် ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

**(ဘီဘီစီ)**

# ဆော်ပေါလိုမြို့ ဘောလုံးပရိသတ် ကလပ်တစ်ခု၌ ပစ်ခတ်မှုကြောင့် ရှစ်ဦးသေဆုံး

**ဆော်ပေါလို ဧပြီ ၂၀**

ဘရာဇီးနိုင်ငံ၏ အကြီးဆုံးမြို့ ဆော်ပေါလိုရှိ ဘောလုံးပရိသတ် ကလပ်တစ်ခု၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ အမျိုးသားရှစ်ဦးသေဆုံးသွားကြောင်း ရဲတပ်ဖွဲ့ကပြောသည်။ ကိုရင်သီရင်ကလပ်ကို ထောက်ခံအားပေးကြသော ပရိသတ်များသည် ပြိုင်ပွဲမစတင်မီ နဖူးစည်းစာတန်းများကပ်ရန် ပြင်ဆင်နေချိန် သေနတ်သမားများ၏ပစ်ခတ်မှုခံခဲ့ရကြောင်း ရဲတပ်ဖွဲ့ကပြောသည်။

သေနတ်ပစ်ခတ်မှု မဖြစ်ပွားမီ တိုက်ခိုက်ရေးသမားများက ပရိသတ်ရှစ်ဦးအား ထုတ်ပေးရန်တောင်းဆိုရာ တစ်ဦးသည် ထွက်ပြေးရန်ကြိုးစားသောကြောင့် သေနတ်သမားများက ပစ်ခတ်လိုက်သည် ။ သေဆုံးသူများသည် ပါဗီဟိုနိုဗီထောက်ခံသောအုပ်စုဖြစ်ပြီး မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သူများ ဖြစ်နိုင်ဖွယ်ရှိကြောင်း ရဲတပ်ဖွဲ့ကပြောသည်။ သေနတ်သမားသုံးဦးသည် စနေနေ့နှောင်းပိုင်းက ဆော်ပေါလိုမြို့ ဆင်ခြေဖုံး၌ ပြိုင်ပွဲအတွက် ပြင်ဆင်နေသော ကိုရင်သီရင်ဘောလုံးအသင်းပရိသတ်များ၏ ကလပ်အသင်းကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု မျက်မြင်တွေ့ရှိသူများကပြောသည်။ သေဆုံးသူများသည် ဘောလုံးထက် မူးယစ်ဆေးဝါးမှောင်ခိုလုပ်ငန်းကို လုပ်ကိုင် နေဖွယ်ရှိကြောင်း၊ ရာဇဝတ်ဂိုဏ်းများနှင့် ဆက်သွယ်နေဖွယ်ရှိကြောင်း ဆော်ပေါလို ရဲတပ်ဖွဲ့က ပြောသည်။

**(ဘီဘီစီ)**



# ယခုနှစ်သင်္ကြန်ကာလ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မှုခင်းဖြစ်ပွားမှုလျော့နည်း

**စစ်ကိုင်း မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သင်္ကြန်ကာလမှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၊ ပညာပေးရေးနှင့်စည်းကမ်းသတ်မှတ်ရေး ဆပ်ကော်မတီ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့တို့ပူးပေါင်း၍ အကြိုဆောင်ရွက်မှုများကို မတ် ၂၃ ရက်မှ မေ ၁၂ ရက်အထိ စုပေါင်းဆောင်ရွက်ခဲ့ရာ အမှုအမျိုးအစား ၁၄ မျိုးတွင် စစ်ကိုင်းတိုင်းဒေသကြီး တစ်ခုလုံးတွင် ၁၃ မှုသာဖြစ်ပွားခဲ့သောကြောင့် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်သင်္ကြန်ကာလက ထက်ခြောက်မှု လျော့ကျခဲ့ကြောင်း တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး(ဦးစီး) ရဲမှူးတင့်ဝေထံမှ သိရသည်။ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် သင်္ကြန်ကာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လူသတ်မှုနှစ်မှု၊ ယာဉ်တိုက်မှုသုံးမှု၊ ခိုက်ရန်ဖြစ်ပွားမှုကိုးမှု၊ တာဝန်ဝတ္တရား နှောင့်ယှက်မှုသုံးမှုနှင့် အခြားအမှုနှစ်မှု စုစုပေါင်း ၁၉ မှုဖြစ်ပွားခဲ့ပြီး ၂၀၁၅ ခုနှစ် သင်္ကြန်ကာလတွင် ယာဉ်တိုက်မှုတစ်မှု၊ ခိုက်ရန်ဖြစ်ပွားမှု ငါးမှု၊ တာဝန်ဝတ္တရား နှောင့်ယှက်မှုနှစ်မှု၊ ကာယိန္ဒြေပျက်စေမှု တစ်မှု၊ လက်နက်ကိုင်ဆောင်မှုနှစ်မှုနှင့်အခြားအမှု နှစ်မှု စုစုပေါင်း ၁၃ မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ကျန်ရှိသော မီးရှို့မှု၊ ခါးပိုက်နှိုက်မှု၊ ခိုးမှု၊ မူးယစ်ရမ်းကားမှု၊ စည်းကမ်းပျက်အရေးယူမှု၊ ပေါ့လျော့မှုကြောင့် လူသတ်မှုနှင့် သေမှုသေခင်းများ လုံးဝမရှိခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သင်္ကြန်ကာလ မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးအတွက် မတ် ၂၃ ရက်မှ မေ ၁၂ ရက်အတွင်း သက်ဆိုင်ရာ တပ်ဖွဲ့အသီးသီးမှ ကြပ်မတ်ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်း အကြိမ်(၅၄၀) ဆောင်ရွက်ခဲ့သလို လိုင်စင်မဲ့ဆေးနှင့် တရားမဝင်ဆေးဝါးများ စစ်ဆေးပညာပေးဖမ်းဆီးခြင်းများအဖြစ် ဆေးဆိုင် ၈၁၅ ဆိုင်ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထို့အပြင် စည်းကမ်းမဲ့မော်တော်ယာဉ်များ ရှောင်တခင်စစ်ဆေးခြင်းအနေဖြင့် (၅၀၂)ကြိမ်၊ စည်းကမ်းမဲ့မော်တော်ယာဉ်နှင့် ဆိုင်ကယ် ၂၈၆၄ စီးကို အရေးယူဆောင်ရွက်ခဲ့သလို အိတ်ဇောဖြုတ်သောဆိုင်ကယ် ၉၂ စီးကို အရေးယူခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ခြင်းများနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အဖွဲ့အစည်းပေါင်းစုံနှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ လက်နက်ပုန်း ၁၂ မှုကို မတ် ၂၃ ရက်မှ မေ ၁၂ ရက်အတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သလို ရဲအက်ဖြင့် ၉၇ မှု၊ ခြေချုပ်ငါးမှု၊ လိုင်စင်မဲ့ ယစ်မျိုးရောင်းချမှု ၂၃၅မှု၊ မူးယစ်ဆေးဖမ်းဆီးရမိမှု ၅၁ မှုရှိခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့တာဝန်ရှိသူထံမှ သိရသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးကြီးကြပ်ဆောင်ရွက်နေသော အများပြည်သူ ဒေသခံများ၏ ဆင်းရဲမွဲတေမှုကို သေချာပေါက်ဖြစ်စေသည့် လောင်းကစားမှုကိုလည်း ကြပ်မတ်ဆောင်ရွက်ခဲ့ရာ မတ် ၂၃ ရက်မှ မေ ၁၂ ရက်အတွင်း လောင်းကစား ၁၀ မှုကို ဖမ်းဆီးရမိခဲ့ပြီး ကျင့်ထုံးဥပဒေ ၅၄ ဖြင့်ခိုးမှု(မသင်္ကာမှု)ဖြင့် ၃၃ မှုဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မှုခင်းအထူးကျဆင်းစေရန် အဓိကလိုအပ်သော မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအတွင်းရှိနေအိမ်များသို့ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းအဖွဲ့မှ ညှော်စာရင်း(၃၅၉)ကြိမ် စစ်ဆေးဆောင်ရွက်ခဲ့ခြင်းကြောင့် သင်္ကြန်ကာလအတွင်း တစ်နှစ်ထက်တစ်နှစ် မှုခင်းဖြစ်ပွားမှု သိသိသာသာလျော့နည်းခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## အရှိန်မထိန်းနိုင်၍တိမ်းမှောက်သည့်ဆိုင်ကယ်အား ရှောင်တိမ်းသည့် ဒိုင်နာယာဉ် ထပ်မံတိမ်းမှောက်

**နေပြည်တော် မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အလုံခံတောရပ်ကွက်၊ မုံရွာ-ရေဦးကားလမ်းတွင် မေ ၁၉ ရက် ညနေ ၃ နာရီက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၄) ယာဉ်ထိန်းဒုတိယရဲတပ်ဖွဲ့ခွဲ(မုံရွာ)မှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ မုံရွာ-ရေဦးကားလမ်းအတိုင်း တောင်မှမြောက်သို့ မုံရွာမြို့ ကွေ့ကြီးရပ်ကွက်နေ မမေရီလွင်(၁၉ နှစ်) မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ မအိဖြူစင်(၂၂ နှစ်)လိုက်ပါလာသည့် ၈ယ/××××× စူပါကပ်အစိမ်းရောင်ဆိုင်ကယ်သည် အလုံခံတောရပ်ကွက်ရှိ အမှတ်(၁)တပ်မတော်ပညာရေးကျောင်းရှေ့အရောက် ချိုးကွေ့စဉ် အရှိန်မထိန်းနိုင်ဘဲတိမ်းမှောက်ခဲ့ရာ အဆိုပါတိမ်းမှောက်သည့်ဆိုင်ကယ်အား ၎င်းလမ်းအတိုင်း နောက်မှ ချောင်းဦးမြို့နယ် ခင်မွန်ကျေးရွာနေ ကိုထိန်လင်း(၃၈ နှစ်) မောင်းနှင်ပြီး ဘုတလင်မြို့နယ် တရော်တောကျေးရွာနေသူများဖြစ်သည့် မရွှေရည်ဦး(၉ နှစ်)၊ မောင်ထူးခန့်နိုင်(၇ နှစ်)နှင့် ကိုလင်းအောင်(၃၀ နှစ်)တို့ လိုက်ပါလာသော ၁စ/××××× ဒိုင်နာအဖြူရောင်ယာဉ်မှ ရှောင်တိမ်းစဉ် အရှိန်မထိန်းနိုင်ဘဲ ထပ်မံတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ထိုသို့တိမ်းမှောက်မှုကြောင့် မမေရီလွင်၊ မအိဖြူဇင်၊ မရွှေရည်ဦး၊ မောင်ထူးခန့်နိုင်နှင့် ကိုလင်းအောင်တို့ငါးဦးတွင် ဒဏ်ရာများရရှိခဲ့သဖြင့် မုံရွာပြည်သူ့ဆေးရုံကြီးသို့ ကူညီပို့ဆောင်ပေးခဲ့ပြီး မမေရီလွင်နှင့် ကိုထိန်လင်းတို့နှစ်ဦးအား မုံရွာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## နေအိမ်အတွင်း ရွှေထည်ပစ္စည်းနှင့်ငွေများ ဝင်ရောက်ခိုးယူသူအား ဖမ်းဆီးအရေးယူ

**နေပြည်တော် မေ ၂၀**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ် မြစ်ခြေနယ်မြေရဲစခန်းသို့ ဧပြီလ ၁၉ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀က ပခုက္ကူမြို့နယ် တောင်ယာရွာနေ ဒေါ်ငယ်(ခ)ဒေါ်သင်းသင်းမော်(၄၇ နှစ်) ရောက်ရှိလာပြီး ၎င်းသည် ဧပြီ ၁၆ ရက် နံနက် ၂ နာရီခွဲခန့်က နေအိမ် ခေါင်းရင်းခန်းတွင် အိပ်ပျော်နေစဉ် ငွေခြူးမင်းတံဆိပ်ပါ နီ/ဝါကွက်စိပ်ပုဆိုး ခြုံထားသည့် လူတစ်ဦးက ခေါင်းရင်းခန်းရှိ သံသေတ္တာအတွင်း လက်နှိုက်နေသည်ကိုတွေ့ရှိရ၍ ပတ်ဝန်းကျင်အား အော်ဟစ်အကူအညီတောင်းခဲ့ကြောင်း၊ ထိုသို့အကူအညီတောင်းသဖြင့် အဆိုပါလူမှတုတ်ဖြင့်ရိုက်စဉ် ခြုံထားသည့်ပုဆိုးလျှောကျရာမှ ဘုရားမီးပူဇော်ထားသည့် အလင်းရောင်ကြောင့် တစ်ရွာတည်းနေ မမိုးယုနွယ်(၃၀ နှစ်) ဖြစ်သည်ကို တွေ့ရှိရပြီး မမိုးယုနွယ်မှာ ထွက်ပြေးသွားကြောင်း၊ ထို့နောက် သံသေတ္တာအတွင်း စစ်ဆေးကြည့်ရှုရာ အလေးချိန် ၁၂ ပဲ သုံးရွေးခန့်ရှိ အမ်စီရွှေဟန်းချိန်းတစ်ခု၊ တစ်ကျပ်သားခန့်ရှိ ရွှေလက်ကောက်တစ်ရန်၊ ခုနစ်ပဲလေးရွေးခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံး၊ ၁၂ ပဲသုံးရွေးခန့်ရှိအမ်စီရွှေဆွဲကြိုးတစ်ကုံး၊ တစ်မတ်သားခန့်ရှိ ညောင်ရွက်ပုံရွှေဆွဲပြားတစ်ခုနှင့်ငွေကျပ် ၅၀၀၀ တန် ၄၀ စုစုပေါင်းတန်ဖိုးငွေကျပ် (၂,၄၈၀,၀၀၀/-) ပျောက်ဆုံးနေသည်ကို တွေ့ရှိရကြောင်း၊ ရွှေနှင့်ငွေများခိုးယူသူ မမိုးယုနွယ်အား အရေးယူပေးရန် တိုင်တန်းခဲ့ရာ မြစ်ခြေနယ်မြေရဲစခန်းက အမှုဖွင့်ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

## သဲသောင်ပြင်အားဖြတ်သန်းမောင်းနှင်စဉ် ကားဘီးနစ်ကျွံပြီး ဆီတိုင်ကီနှင့် သဲပူများထိတွေ့ရာက ယာဉ်မီးလောင်မှုဖြစ်

**နေပြည်တော် မေ ၂၀**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် အောင်မိုးဟိန်းကျေးရွာအနီး ရေခန်းခြောက်နေသည့်ချောင်းထဲရှိ သဲသောင်ခုံလှည်းလမ်းတွင် ဧပြီလ ၁၉ ရက် မွန်းလွဲ ၁ နာရီကယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ မိုးညိုမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မိုးကောင်းရပ်ကွက်နေ သက်နိုင်ထွန်း(ခ) ဂျိုးဂျိုး(၃၇ နှစ်) မောင်းနှင်လာသော AYE DD/×××× ပရိဘောက် အဖြူရောင်ယာဉ်မှာ ယင်းနေ့ မွန်းလွဲ ၁၂နာရီခွဲ တွင် အောင်မိုးဟိန်းကျေးရွာအနီးရှိ ချောင်းရိုးသဲသောင်ပြင်အား လှည်းလမ်းအတိုင်း ဖြတ်သန်းမောင်းနှင်စဉ် သဲသောင်ပြင်အတွင်း ကားဘီးနစ်ကျွံပြီး ဆီတိုင်ကီနှင့်သဲပူများထိတွေ့ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် အနီးဝန်းကျင်ရှိ ကျေးရွာနေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီတွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် လူထိခိုက်မှုမရှိကြောင်းနှင့် သက်နိုင်ထွန်း(ခ) ဂျိုးဂျိုးအား မိုးညိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

## ခရီးသည်တင်ယာဉ် လေအိတ်ပြုတ်ထွက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကပ်တုံးများအား တိုက်မိ



**နေပြည်တော် မေ ၂၀**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၊ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၂၂/၇ နှင့် ၂၃/၀)ကြားတွင် မေ ၁၇ ရက် ည ၁၀ နာရီ ၁၀ မိနစ်က ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၃)လမ်းဆုံအမြန်လမ်းမကြီးရဲစခန်းမှတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက် စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ရန်ကုန်မှ နေပြည်တော်သို့ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ ဈေးရပ်ကွက်နေ ညိုမင်းထွေး(၂၇ နှစ်)မောင်းနှင်လာသော ၅ဂ/×××× "နေကြယ်မင်း" ခရီးသည်တင်မှန်လုံယာဉ်သည် ဝဲဘက်ရှေ့လေအိတ်ပြုတ်ထွက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်း ကပ်တုံးများကို ဝင်ရောက်တိုက်မိကာ တစ်ဖက်ယာဉ်ကြောလမ်းဘေးရှိ မြေသားလမ်းပေါ်သို့ရောက်ရှိ ရပ်တန့်ခဲ့ကြောင်း သိရသည်။

ထိုသို့တိုက်မိမှုကြောင့် ယာဉ်ပေါ်တွင်လိုက်ပါလာသည့်ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ယာဉ်နောက်လိုက်ဖြစ်သူ နေပြည်တော် လယ်ဝေးမြို့ အမှတ်(၅)ရပ်ကွက်နေ ကိုနေမျိုးအောင်(၂၆) နှစ်တွင် ဒဏ်ရာများရရှိခဲ့သဖြင့် လှည်းကူးပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ပြီး ညိုမင်းထွေးအား အမှတ်(၃)လမ်းဆုံအမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## မိုးလေဝသ အခြေအနေ

**နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့** တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

(မိုး/ဇလ)

နိုင်ငံတကာသတင်း

## ဂျပန်နှင့် တရုတ်(တိုင်ပေ)တို့တွင် ပြင်းထန်သည့်ငလျင်လှုပ်ခတ်

**အိုကီနာဝါ မေ ၂၀**

ဂျပန်နိုင်ငံတောင်ပိုင်းကျွန်းငယ်လေးများနှင့် တရုတ်(တိုင်ပေ)၌ အင်အားပြင်းထန်သည့်ငလျင်တစ်ခု မေ ၂၀ ရက်က လှုပ်ခဲ့သည်။ အိုကီနာဝါကျွန်းသို့ တစ်မီတာအမြင့်ရှိ ဆူနာမီလှိုင်းများ ဝင်ရောက်နိုင်ကြောင်း အရေးပေါ်သတိပေးချက်တစ်ခုကို အစိုးရလေ့လာစောင့်ကြည့်ရေးဌာနမှ ထုတ်ပြန်ခဲ့သည်။

ငလျင်လှုပ်ခတ်ပြီးနောက် ဂျပန်နိုင်ငံတောင်ပိုင်းကျွန်းငယ်လေးများနှင့် တိုင်ပေရှိ အစိုးရအဆောက်အအုံများတွင် ပျက်စီးဆုံးရှုံးမှုများ၊ ဒဏ်ရာရရှိသူများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို မသိရသေးပေ။ ကမ္ဘာလှည့်ခရီးသွားများအား အဓိကဆွဲဆောင်ရာနေရာများဖြစ်သည့် Miyakojima နှင့်အိုကီနာဝါ၏ အစိတ်အပိုင်းများဖြစ်သည့် ကျွန်းငယ်လေးများ၌ တစ်မီတာအမြင့်ရှိဆူနာမီလှိုင်းများအတွက်အရေးပေါ်သတိပေးချက်တစ်ခုကို ဂျပန်မိုးလေဝသအေဂျင်စီက ထုတ်ပြန်ခဲ့သည်။ အမေရိကန်စစ်အခြေစိုက်စခန်းရှိသည့် အိုကီနာဝါကျွန်း၏ အဓိကနေရာများ၌မူ ဆူနာမီနှင့်ပတ်သက်သည့် သတိပေးချက်တစ်စုံတစ်ရာထုတ်ပြန်ကြေညာခြင်းမရှိပေ။ နောက်ပိုင်းတွင်မိုးလေဝသဌာနမှ ဆူနာမီသတိပေးချက်ကို ရုပ်သိမ်းခဲ့သည်။

၆ ဒသမ ၈ ပြင်းအားရှိသောငလျင်သည် အိုကီနာဝါအနီးတွင် ၁၀ နာရီ ၄၃ မိနစ် ဒေသစံတော်ချိန် ၄ နာရီ ၄၃ မိနစ်တွင်လှုပ်ခတ်ခဲ့သည်။

တရုတ်(တိုင်ပေ)အရှေ့ဘက်ကမ်းရိုးတန်း ကမ်းလွန်ပင်လယ်ပြင်နှင့် ၇၅ မိုင်ခန့်အကွာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့သည်ဟု တရုတ်(တိုင်ပေ)ရာသီဥတုဆိုင်ရာဗျူရိုက ပြောသည်။

ငလျင်လှုပ်ခတ်ပြီးနောက်ဆူနာမီဘေးအန္တရာယ်အတွက်စိုးရိမ်ဖွယ်မရှိဟု ပစိဖိတ်ဆူနာမီသတိပေးရေးဌာနက ပြောခဲ့သည်။ **စိုးသူရ**



# ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် အားသစ်လောင်းမည့် နှစ် (၆၀)ပြည့် အာရှ-အာဖရိကထိပ်သီးညီလာခံ



**၁၉၅၅ ခုနှစ် ဧပြီလ ၁၉ ရက်မှ ၂၄ ရက်ထိ အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့တွင် ကျင်းပခဲ့သည့် ဘန်ဒေါင်းညီလာခံသို့ တက်ရောက်ခဲ့ကြသော အာရှနှင့်အာဖရိကနိုင်ငံများမှ ခေါင်းဆောင်များ။** (ဝဲမှယာ ပထမမှာ အင်ဒိုနီးရှားနိုင်ငံသမ္မတ ဆူကာနို၊ ပဉ္စမနှင့်ဆဋ္ဌမမှာ မြန်မာနိုင်ငံဝန်ကြီးချုပ် ဦးနုနှင့်ဇနီး ဒေါ်မြရီ၊ သတ္တမမှာ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နေရူးတို့ ဖြစ်ကြသည်) photo- asiafinest.com

၁၉၅၅ ခုနှစ်မှ စတင်ဖော်ဆောင်ခဲ့သည့် အာရှနှင့်အာဖရိကတိုက်နှစ်တိုက်၏ ထိပ်သီးညီလာခံကြီး ကျင်းပခဲ့သည်မှာ ယခုလာမည့် ဧပြီ ၂၂ ရက်တွင် နှစ်(၆၀)ပြည့်မြောက်ပြီဖြစ်သည်။ အဆိုပါ နှစ်(၆၀) ပြည့် အာရှ-အာဖရိကထိပ်သီးညီလာခံ (Asian- African Con-ference-AAC)ကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည်ဖြစ်ပြီး အထိမ်းအမှတ်အခမ်းအနားကို အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့၌ ကျင်းပသွားမည်ဖြစ်သည်။

(၁၀)နှစ်ကြာမှတစ်ကြိမ် ကျင်းပသည့် အာရှ-အာဖရိကထိပ်သီးညီလာခံကြီးကို ၁၉၅၅ ခုနှစ်က မြန်မာ၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ အိန္ဒိယနှင့်ပါကစ္စတန်ငါးနိုင်ငံတို့က စတင်အဆိုပြု ဖော်ဆောင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဘန်ဒေါင်းညီလာခံသို့ လွတ်လပ်ရေးရပြီး မြန်မာနိုင်ငံ၏ ပထမဦးဆုံးဝန်ကြီးချုပ်ဖြစ်သည့် ဦးနု တက်ရောက်ခဲ့ပါသည်။

အဆိုပါငါးနိုင်ငံမှ စတင်အဆိုပြုဖော်ဆောင်ခဲ့သည့် ဘန်ဒေါင်းညီလာခံတွင် အာရှ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းတို့မှ ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ အာဖဂန်နစ္စတန်၊ ဂါနာ၊ အီရန်၊ ဂျပန်၊ တရုတ်၊ အီဂျစ်၊ အီသီယိုးပီးယား၊ လက်ဘနွန်၊ ဂျော်ဒန်၊ လစ်ဗျား၊ နီပေါ၊ လိုက်ဘေးရီးယား၊ ဆူဒန်၊ တူရကီ၊ ဆီးရီးယား၊ ဆော်ဒီအာရေးဘီးယားနှင့် ယီမင် စသည့်နိုင်ငံပေါင်း ၃၀ ဝန်းကျင် လာရောက်ပူးပေါင်း တက်ရောက်ခဲ့ကြသည်။

အာရှ- အာဖရိက ကနဦးထိပ်သီးညီလာခံကြီးမှ အဓိကရည်ရွယ်ချက်များနှင့် အခြေခံမူများ ချမှတ်ခဲ့ကြသည်။ ယင်းကို ဘန်ဒေါင်းညီလာခံ၏ အခြေခံမူများအဖြစ် မှတ်တမ်းတင်လက်မှတ်ရေးထိုးခဲ့ကြသည်။

ဘန်ဒေါင်းညီလာခံ၏ အခြေခံမူအရ အာရှနှင့်အာဖရိက တိုက်နှစ်တိုက်အကြားရှိ နိုင်ငံများအနေဖြင့် နိုင်ငံရေးအရ မိမိကိုယ်ကိုယ် ဆုံးဖြတ်ပိုင်ခွင့်ရှိရေး၊ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို အခြားတစ်နိုင်ငံက လေးစားလိုက်နာရေး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မကျူးကျော်ရေး၊ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားနိုင်ငံက ဝင်ရောက်မစွက်ဖက်ရေးနှင့် နိုင်ငံတိုင်း နိုင်ငံတိုင်း တန်းတူညီမျှမှုရရှိရေးတို့ ဖြစ်သည်။

ထို့အပြင် အာရှ-အာဖရိက တိုက်နှစ်တိုက်အကြား နိုင်ငံများအတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို အလေးပေးဆောင်ရွက်ရန်၊ အုပ်စုနှစ်ခုအကြား ပဋိပက္ခဖြစ်ပွားမှုများ၊ ကိုလိုနီလက်သစ်ဝါဒများ၊ အသားရောင်ခွဲခြားဖိနှိပ်အုပ်ချုပ်မှုများ၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို အန္တရာယ်ပြု ခြိမ်းခြောက်လာမှုများကို ကာကွယ်ရန် အခြေခံမူကြီး (၁၀)ချက် အောင်မြင်စွာချမှတ် အကောင်အထည်ဖော်နိုင်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ယင်းချမှတ်ခဲ့သည့် ဘန်ဒေါင်းအခြေခံမူကြီးများကို ယနေ့တိုင် မသွေဖည်ဘဲ ဆုပ်ကိုင်ကျင့်သုံးလျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ၂၀၀၅ ခုနှစ် ဧပြီ ၂၂ ရက်နှင့် ၂၃ ရက်က ကျင်းပခဲ့သည့် အာရှ-အာဖရိကထိပ်သီးညီလာခံ၏ နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်ညီလာခံသို့လည်း မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်ခဲ့သည်။ အဆိုပါ နှစ် (၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အာရှ- အာဖရိကထိပ်သီးညီလာခံကြီးတွင် နိုင်ငံပေါင်း ၁၀၅ နိုင်ငံမှ နိုင်ငံ့အကြီး အကဲ ၄၇ ဦး၊ အထူးကိုယ်စားလှယ် ၅၈ ဦးနှင့် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်း ၁၈ ခုမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

နှစ် (၅၀)ပြည့် ရွှေရတု အထိမ်းအမှတ် အာရှ- အာဖရိကထိပ်သီးညီလာခံကြီးတွင် ဒေသနှစ်ခုအတွင်း နိုင်ငံသစ်များပေါ်ပေါက်ပြီး ယင်းနိုင်ငံများအချင်းချင်း စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ၁၉၅၅ ခုနှစ် ဘန်ဒေါင်းညီလာခံကချမှတ်ခဲ့သော ဘန်ဒေါင်းအသိ စိတ်ဓာတ်သည် အဆိုပါနိုင်ငံသစ်များအတွင်း ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာ၌ အဓိကအရေးပါသောမူများ ဖြစ်လာခဲ့သည်။

ယခု နှစ်(၆၀)ပြည့် အာရှ- အာဖရိက ထိပ်သီးညီလာခံကြီးသို့ အင်ဒိုနီးရှားနိုင်ငံသမ္မတ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံမှ သမ္မတဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ တက်ရောက်မည်ဖြစ်သည်။

ထိုအာရှ- အာဖရိက ထိပ်သီးညီလာခံကြီးကို နိုင်ငံပေါင်း ၁၀၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များတက်ရောက်ကြမည်ဖြစ်ပြီး နှစ် (၆၀)ပြည့် အာရှ-အာဖရိကထိပ်သီးညီလာခံနှင့်အတူ (၁၀) နှစ်ပြည့် အာရှ-အာဖရိက မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ခြင်းအထိမ်းအမှတ် အခမ်းအနား (The New Asian- African Strategic Partenership - NAASP) ကိုလည်း တစ်ပါတည်းပူးတွဲကျင်းပသွားမည်ဖြစ်သည်။

နှစ် (၆၀)ပြည့် အာရှ- အာဖရိက ထိပ်သီးညီလာခံတွင် အဓိက ဆွေးနွေးမည့် “ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအတွက် ခိုင်မာစေခြင်း” ဟူသည့် ခေါင်းစဉ်သည် ယနေ့အချိန်အခါနှင့် အလွန်သင့်မြတ်လှသည့် ခေါင်းစဉ်ဖြစ်ပေသည်။

နှစ် (၆၀)ပြည့် အာရှ- အာဖရိက ထိပ်သီးညီလာခံ၏ ဆွေးနွေးညှိနှိုင်းမှုမှ ပေါ်ထွက်လာသည့် အောင်မြင်မှုရလဒ်များအဖြစ် ဒေသနှစ်ခုအကြား တန်ဖိုးမဖြတ်နိုင်သည့် အကျိုးကျေးဇူးများ ရရှိပေမည်။ အဆိုပါ အကျိုးကျေးဇူးများမှတစ်ဆင့် ကမ္ဘာ့ပြည်သူအချင်းချင်းဆက်ဆံမှုတွင် ပိုမိုအထောက်အကူရရှိမည့်အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်လည်း ထပ်ဆင့်အားသစ်လောင်းသည့် တွန်းအားတစ်ရပ် ဖြစ်လာမည်ဟု ယုံကြည်မိပါသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**



**၁၉၅၅ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့တွင် ကျင်းပခဲ့သည့် အာရှ-အာဖရိကညီလာခံသို့ တက်ရောက်ခဲ့ကြသော အာရှ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများမှ ခေါင်းဆောင်များ။** (ဝဲမှယာ ဒုတိယမှာ မြန်မာနိုင်ငံဝန်ကြီးချုပ် ဦးနု၊ ဆဋ္ဌမမှာ တရုတ်နိုင်ငံဝန်ကြီးချုပ် ချူအင်လိုင်းနှင့် သတ္တမမှာ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နေရူးတို့ဖြစ်သည်) photo- digitalarchive.wilsoncenter.org

# ယခုနှစ်အလောင်းတော်ကဿပဘုရားဖူးရာသီကို မေလကုန်တွင် ပိတ်သိမ်းမည်

မျိုးဝင်းထွန်း(မုံရွာ)

**မုံရွာ မေ ၂၀**

၂၀၁၄ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းမှစတင်၍ ဘုရားဖူးရာသီလမ်းကို ဖွင့်လှစ်ခဲ့ပြီး အလောင်းတော်ကဿပ ခရီးစဉ်များကို မိုးမရွာခင်အထိ သွားရောက်ဖူးမြော်နိုင်သေးသော်လည်း ယခုလာမည့်မေလကုန်ပိုင်းတွင် ဂေါပကအဖွဲ့၏တာဝန်ယူ ဆောင်ရွက်ထားမှုအားလုံးကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ဂေါပကအတွင်းရေးမှူး ဦးမောင်မောင်ဌေးထံမှသိရသည်။ သင်္ကြန်တွင်းခရီးသွားများဖြင့် အထူးစည်ကားခဲ့သကဲ့သို့ သင်္ကြန်အပြီးနှစ်ဆန်းရက်များတွင် အထူးသဖြင့်ရုံးပိတ်ရက်များ၊ ကျောင်းပိတ်ရက်များဖြစ်သောကြောင့် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူ မိသားစုဝင်များ လာရောက်မှုများပြားလျက်ရှိနေသေးသော်လည်း အလောင်းတော်ကဿပရှိစားသောက်ဆိုင်များ ပိတ်သိမ်း၍ နေရပ်သို့ ပြန်ကြပြီဖြစ်ပြီး ဘုရားရင်ပြင်တော်မှ လိုဏ်ဂူတွင်းသို့ အဆင်း၊ အတက်ပြုနိုင်သော လှေကားများ၏ စတီးလ်လက်ရန်းများ၊ ဂူပေါက်ဝမှအမိုးများကို သိမ်းဆည်းထားပြီဖြစ်ရာ ဘုရားဖူးခရီးသွားများအနေဖြင့် အတက်၊ အဆင်းအသွားအလာများကို ဂရုပြုသွားလာကြရန် လိုအပ်နေပြီဖြစ်ကြောင်း သိရသည်။ သင်္ကြန်နှစ်သစ်ကာလ ရုံးပိတ်ရက်သည် မေ ၂၁ ရက်အထိ ဖြစ်ရာ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ရန်ကုန်မြို့မှ ခရီးသွားလုပ်ငန်းကားကြီးများ၊ ကိုယ်ပိုင်ကားများဖြင့် မုံရွာမြို့သို့



အလောင်းတော်ကဿပဘုရားဖူးများအား ဆင်ဖြင့်ပို့ဆောင်ပေးနိုင်ရန် ပြင်ဆင်နေမှုကို တွေ့ရစဉ်။



ပြည်တွင်း ပြည်ပခရီးသွားများ လာရောက်ဖူးမြော်ကြရာ အလောင်းတော်ကဿပ။

အရောက်လာကာ ညအိပ်ရပ်နား၍ အလောင်းတော်ကဿပသို့ ပြေးဆွဲသောကားလိုင်းမှ မှန်လုံယာဉ်များဖြင့် နေ့ချင်းပြန် ဘုရားဖူးသွားကြခြင်းဖြစ်ရာ ယခုရက်ပိုင်းရုတ်တရက်မိုးလေဆင်လာမှုအပေါ် ကြည့်ရှုအကဲခတ်သွားလာနေကြရကြောင်း သိရသည်။

"အလောင်းတော် ကဿပ ဂေါပကအဖွဲ့အနေနဲ့ ဒီလကုန်ပိုင်းမှာ အားလုံးသိမ်းဆည်းပြီး မြေပြန့်ကိုပြန်ဆင်းလာကြတော့မှာပါ။ ဘုရားဖူးခရီးသွားတွေ အနေနဲ့ကတော့ ဒီလကုန်နောက်ပိုင်းမှာ မိုးလေအခြေအနေကို ကြည့်ပြီးသွားလို့ရသေးတယ်ဆိုပေမယ့် တောထဲမှာ မိုးမိနေရင် သွားရေးလာရေးအတော်ခက်ခဲပြီး ပိတ်မိသွားမှာစိုးတဲ့အတွက် ဒီလကုန်နောက်ပိုင်း မသွားကြရင် ကောင်းမယ်လို့ပြောရမှာပါ။ သင်္ကြန်ပြီးပြီးချင်း ဈေးသည်အတော်များများကပြန်ဆင်းသွားကြပြီဆိုတော့ အခုလာမယ့်ခရီးသည်တွေအနေနဲ့ နေ့ချင်းပြန်မှသာ အဆင်ပြေမှာပါ။ ညအိပ်ဖို့ကတော့ အဆင်မပြေတော့ပါဘူး"ဟု ဂေါပကအဖွဲ့အတွင်းရေးမှူးကပြောပြသည်။

မုံရွာမြို့အခြေစိုက်အလောင်းတော်ကဿပသို့ ပြေးဆွဲပေးနေသောယာဉ်လိုင်းများအနေဖြင့်လည်းဆက်သွယ်ရေးနှင့်ရာသီဥတုအခြေအနေကို ချိတ်ဆက်မေးမြန်း ဆောင်ရွက်ကာ ယခုရက်ပိုင်းတွင် ပြေးဆွဲပေးနေကြောင်းသိရသည်။

---

**◆ ရှေ့ဖုံးမှ**

ယခုတည်ဆောက်နေသည့် အင်းစိန်ရထားလမ်းခုံးကျော်တံတားကို မြန်မာ့မီးရထားက ပွင့်လင်းမြင်သာစွာတင်ဒါခေါ်ယူခဲ့ပြီးနောက် ပင်မတံတားတည်ဆောက်မှုလုပ်ငန်းကို မြန်မာရွှေသရဖူကုမ္ပဏီက တာဝန်ယူတည်ဆောက်ပြီး ဂျပန်မြန်မာကုမ္ပဏီတစ်ခုဖြစ်သည့် J&M ကုမ္ပဏီက ပေ ၁၂၀ရှိသော သံပေါင်များကို ထုတ်လုပ်သည့်လုပ်ငန်းလုပ်ကိုင်ခဲ့သည်။ မြန်မာ့မီးရထားက ကွန်ကရစ်တံတားပေါင်များပြုလုပ်သည့်လုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ အင်းစိန်ရထားလမ်းခုံးကျော်တံတားကို တည်ဆောက်ရေးအဖွဲ့သုံးဖွဲ့က တည်ဆောက်နေခြင်းဖြစ်သည်။

အင်းစိန်ခုံးကျော်တံတားသစ်တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်က ပန္နက်တင်ခဲ့ပြီးနောက် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်ကာ တံတားတည်ဆောက်မှုလုပ်ငန်းဖြစ်သည့် ဘိုးပိုင်တူးခြင်းကို စတင်ခဲ့ခြင်းဖြစ်သည်။ ယခု တံတားသစ်သည် စုစုပေါင်း တံတားတိုင် ၂၈ တိုင်ရှိရာ လောလောဆယ်တွင် တံတားတိုင် ၂၄ တိုင်ပြီးစီးနေပြီဖြစ်သည်။

အင်းစိန်ခုံးကျော်တံတားသည် ပင်မနှစ်လမ်းသွား တံတားအရှည်မှာ ၁၅၅၇ ပေရှိပြီး ဗဟိုလမ်းဘက်သို့ ကွေ့သွားသည့်လမ်းအရှည်မှာ ၆၀၃ ပေရှိသဖြင့် စုစုပေါင်း တံတားအရှည်မှာ ပေ ၂၁၆၀ရှိသည်။ ယခုအခါ တံတားပေါင်လုပ်ခြင်းအနေဖြင့် ၁၃၉ ပေါင်စလုံး ပြီးစီးနေပြီး တံတားပေါင်တင်ခြင်းလုပ်ငန်းကို မေ ၁၀ ရက်ကစတင်ခဲ့ရာ တံတားပေါင် စုစုပေါင်း ၃၀ တင်ပြီးသွားပြီဖြစ်သည်။

အင်းစိန်ပန်းခြံဘက်တွင် တံတားတည်ဆောက်ရေးလုပ်ငန်းအတွင်း မြေအောက်မှ ဆက်သွယ်ရေးကြိုးနှင့် လျှပ်စစ်ကြိုးများ တွေ့ရှိမှုကြောင့် သက်ဆိုင်ရာဌာနများ ဆက်သွယ်ညှိနှိုင်းပြီး ရွှေ့ပြောင်းဖယ်ရှားခြင်းများ ပြုလုပ်ခဲ့ရသဖြင့် သတ်မှတ်ကာလအတွင်း တည်ဆောက်ရေးလုပ်ငန်းများ မပြီးစီးသော်လည်း လာမည့် ဇွန်လဒုတိယပတ်၌ ပြီးစီးမည်ဟု မျှော်မှန်းထားသည်။

အင်းစိန်ပန်းခြံဘက်၌ ကျန်ရှိနေသည့်တံတားတိုင် လေးတိုင်ကို တည်ဆောက်ရန် အင်းစိန်ပန်းခြံဘက်အခြမ်း ကားလမ်းတစ်ခြမ်းကို မေ ၂၃ ရက်ည၌ စပိတ်ပြီး မေ ၂၄ ရက်တွင် လုပ်ငန်းများ ဆက်တိုက်လုပ်ကိုင်သွားမည်ဖြစ်သည်။

ယခု အင်းစိန်ခုံးကျော်တံတားသစ်တည်ဆောက်ပြီးပါက အင်းစိန်မှ ရန်ကုန်ဘက်သို့ သွားသောကားများကို ဖြတ်သန်းမောင်းနှင်ခွင့်ပြုမည်ဖြစ်ပြီး ယခင်တံတားဟောင်းကိုမူ ရန်ကုန်မှလာသောကားများ ဖြတ်သန်းမောင်းနှင်ခွင့်ပြုမည်ဖြစ်သည်။

**သတင်း-မောင်မောင်မြင့်ဆွေ**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

---

**❋ ကျော်ဖုံးမှ**

အဆိုပါဖြစ်စဉ်မှာ အိမ်ရှင် ဦးစိုးဝင်း-ဒေါ်မြသွေးတို့၏ နေအိမ်အပေါ်ထပ်ရှိ ရေခဲသေတ္တာပေါ်တွင် လျှပ်စစ်ရေနွေးအိုးတည်ထားရာမှ လျှပ်စစ်အပူလွန်ကဲ၍ မီးစတင်လောင်မှုဖြစ်ပွားခဲ့ရာမှ မီးမှာ တစ်ဖက်နေအိမ်များကို ကူးစက်လောင်ကျွမ်းခဲ့သည်။ ဝင်းအတွင်းနီးစပ်ရာနေအိမ်များ လောင်ကျွမ်းစဉ် မီးသတ်ယာဉ် ၆၇ စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၄၇၀ တို့နှင့် ဒေသခံသံဃာတော် အရှင်သူမြတ်များ၊ ဒေသခံပြည်သူများ၊ အိမ်နီးချင်းများကပါ ဝိုင်းဝန်းပူးပေါင်းငြိမ်းသတ်မှုကြောင့် မီးမှာ မွန်းလွဲ ၂ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်းသိရသည်။ မီးလောင်မှုကြောင့် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးလက်တွင် ဒဏ်ရာရရှိခဲ့ပြီး ကြက်ခြေနီတပ်ဖွဲ့ဝင်များက မန္တလေးဆေးရုံကြီးသို့ လိုက်လံပို့ဆောင်ပေးကြောင်း သိရသည်။

အဆိုပါမီးဘေးသင့်ပြည်သူများအား ရပ်ကွက်အတွင်းရှိ ရွှေဘုံသာကျောင်းဓမ္မာရုံ၌ ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိကြောင်း၊ မြို့နယ်မှတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းမီးလောင်ရာ ဥယျာဉ်အုပ်ဝင်းမှာ အဝင်အထွက်ကျဉ်းမြောင်းသဖြင့် မီးသတ်ယာဉ်ဝင်ရောက်ရန် အခက်တွေ့ခဲ့သည်။ နေအိမ်များမှာ တစ်ချို့ ၈ ပေခန်း၊ ၁၀ ပေခန်းနှစ်ခန်းပတ်လည်၊ တချို့ နှစ်ခန်း၊ တစ်ခန်းတို့ဖြင့် နေထိုင်ကြပြီး လက်လုပ်လက်စားနှင့် ကျောက်သွေး လုပ်ငန်းလုပ်ကိုင်သူ အချို့ရှိကြောင်း ဒေသခံတစ်ဦးက ပြောပြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

---

**❍ ကျော်ဖုံးမှ**

စုစုပေါင်း ခုနစ်ပွဲကစားထားပြီးဖြစ်သည်။

မြန်မာ ယူ-၂၀ အသင်းသည် နိုဝင်ဘာလမှစ၍ လေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီး ဇန်နဝါရီ နောက်ဆုံးပတ်တွင် တူရကီနိုင်ငံသို့ သွားရောက်၍ လေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။ ဖေဖော်ဝါရီလအတွင်း၌ ဖီဂျီယူ-၂၀ အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲကစားခဲ့ရာ နှစ်ပွဲစလုံးအနိုင်ရခဲ့ပြီး မတ်လအတွင်း၌မလေးရှား ယူ-၂၂ အသင်းနှင့် ခြေစမ်းကစားခဲ့ရာ သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာယူ-၂၀ အသင်းသည် မေလဆန်းပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ပြီး နယူးဇီလန်သို့ မသွားရောက်မီ ဩစတြေးလျနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို မေ ၃၀ ရက်မှ ဇွန် ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (က)တွင် ယူကရိန်း၊ အမေရိကန်၊ နယူးဇီလန်အသင်းနှင့် ပါဝင်နေသည်။

---

## The Daily Eleven သတင်းစာသို့ မေတ္တာရှေ့ထားပြန်ကြားခြင်း

၁။ ရွှေသံလွင်ရေကစားမဏ္ဍပ်သတင်းနှင့်ပတ်သက်၍ ဦးကျော်ဝင်း၏မိခင် သီဟသုဓမ္မသိင်္ဂီ၊သီရိသုဓမ္မသိင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်နီနီအမည်အား မှားယွင်းဖော်ပြပါရှိသွားခဲ့ခြင်းအတွက် ဦးကျော်ဝင်းနှင့်မိသားစုအား The Daily Eleven သတင်းစာ အယ်ဒီတာအဖွဲ့က အနူးအညွတ်တောင်းပန်အပ်ပါကြောင်း၊ အဆိုပါ သတင်းစာက ပြန်လည်ရှင်းလင်းအသိပေးချက်ကို မေ ၂၀ ရက်ထုတ် The Daily Eleven ၏ စာမျက်နှာ(၁၅)တွင် ဖော်ပြရှင်းလင်းထားသည်ကို ရွှေသံလွင်မီဒီယာကုမ္ပဏီဝန်ထမ်းမိသားစုများက ဖတ်ရှုရသည့်အတွက် ယခုကဲ့သို့ ပြန်လည်ရှင်းလင်းတင်ပြတောင်းပန်ခြင်းကို အထူးကျေးဇူးတင်ရှိပါသည်။

၂။ သတင်းမီဒီယာများသည် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပြည်သူများသိရှိစေရန် မြန်မြန်သွက်သွက်ဆောင်ရွက်ရသည့် သဘောသဘာဝရှိသဖြင့် တစ်ခါတစ်ရံတွင် မှားယွင်းမှုများကြုံတွေ့တတ်သည်ကိုလည်း စာနာ နားလည်ပါသည်။

၃။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများဖြစ်ကြသည့်အလျောက် ဗြဟ္မစိုရ်တရားလေးပါးအခြေခံကာ The Daily Eleven သတင်းစာအယ်ဒီတာအဖွဲ့က ယခုကဲ့သို့ အနူးအညွတ်တောင်းပန်သည့်အတွက် လေးစားတန်ဖိုးထားပါကြောင်းနှင့် ရွှေသံလွင်ကုမ္ပဏီ နာယကကြီး သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နီနီနှင့် ရွှေသံလွင်ကုမ္ပဏီ ဝန်ထမ်းမိသားစုများကလည်း The Daily Eleven သတင်းစာအယ်ဒီတာအဖွဲ့နှင့် ဝန်ထမ်းများ၊မြန်မာ့သတင်းမီဒီယာလောကမှ လုပ်ဖော်ကိုင်ဖက် မီဒီယာညီအစ်ကိုမောင်နှမများအား နှစ်သစ်တွင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံကာ စီးပွားလာဘ်လာဘများ တိုးပွားလျက် ဘဝနှင့်ဆန္ဒ တစ်ထပ်တည်းကျပါစေကြောင်း ရိုသေလေးစားစွာဖြင့် ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ရွှေသံလွင်ကုမ္ပဏီဝန်ထမ်းမိသားစုများ**

---

# နိုင်ငံဘက်စုံ ဖွံ့ဖြိုးဖို့ မှန်မှန်ကန်ကန် အခွန်ပေးစို့

# ၂၀၁၅ ခုနှစ် ကြောက်မက်ဖွယ်မိုးကြိုကာလ သို့မဟုတ် မတ်လ၏ထူးခြားမိုးလေဝသဖြစ်စဉ်များ

တင်မောင်လွင်(မြန်မာ့အလင်း)

နွေမိုးဆောင်း ရာသီစက်ဝန်းတို့ တရွေ့ရွေ့ပြောင်းလဲလည်ပတ်လျက်ရှိသည့် မြန်မာနိုင်ငံ၌ ရာသီဥတုအကူးအပြောင်းကာလတိုင်းတွင် ရံဖန်ရံခါ ထူးခြားမိုးလေဝသဖြစ်စဉ်များဖြစ်သည့် အပူချိန်မြင့်မားခြင်း၊ မုန်တိုင်းများဖြစ်ပေါ်တတ်ခြင်း၊ မိုးထစ်ချုန်းရွာပြီး မိုးသီးများ ကြွေကျခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်တတ်သည်။

ယခုအချိန်ကာလသည် ရာသီအလိုအရ မိုးမကျမီကာလ ပူပြင်းခြောက်သွေ့သည့် မိုးကြိုကာလ၊ တစ်နည်းအားဖြင့် မိုးရာသီနှင့် နွေရာသီအကူးအပြောင်းကြားကာလဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် နွေရာသီ အစောပိုင်းကာလများ၌ ထူးခြားသောမိုးလေဝသဖြစ်စဉ်များမရှိဟု သိရသည်။ သို့သော်လည်း ယခု ၂၀၁၅ ခုနှစ် မတ်လနှင့် ဧပြီလအတွင်း မိုးကြိုကာလတွင် နိုင်ငံအတွင်း နေရာအနှံ့အပြား၌ အပူချိန်မြင့်မားခြင်း၊ မြူကျခြင်း၊ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းရွာပြီး မိုးသီးကျခြင်းစသော ထူးခြား မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ အဆိုပါ ထူးခြားမိုးလေဝသဖြစ်စဉ်များနှင့်စပ်လျဉ်းပြီး ပြည်သူများသိရှိနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးဦးနှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

၂၀၁၅ ခုနှစ် မတ်လအတွင်း ဖြစ်ပေါ်ခဲ့သည့် ဘင်္ဂလားပင်လယ်အော်အခြေအနေနှင့်ပတ်သက်ပြီး မေးမြန်းရာ ၎င်းက "ကျွန်တော်တို့ ဒီနှစ်မတ်လအတွင်း ဘင်္ဂလားပင်လယ်အော်မှာ လေဖိအားနည်းရပ်ဝန်းနဲ့ မုန်တိုင်းများဖြစ်ပေါ်ခဲ့ခြင်းမရှိပါဘူး။ ကပ္ပလီပင်လယ်ပြင်နဲ့ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့မှာ တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဘင်္ဂလားပင်လယ်အော်မှာ အများအားဖြင့် သာယာခဲ့တာကိုတွေ့ရပါတယ်"ဟု ပြောသည်။

မတ်လအတွင်း မိုးရွာသွန်းမှုအခြေအနေနှင့် ပတ်သက်ပြီး မေးမြန်းရာတွင် ၎င်းက " မတ်လအတွင်းမှာ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်တို့မှာ ရွာသွန်းမြဲထက် လျော့နည်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနဲ့ ရခိုင်ပြည်နယ်တို့မှာ ရွာသွန်းမြဲခန့် ရွာသွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ရွာသွန်းမြဲမိုးရေချိန်ထက် ပိုမိုရွာသွန်းခဲ့တာတွေ့ရပါတယ်။ မတ်လအတွင်း ခန့်မှန်းထားသော မိုးရေချိန်နှင့် ရွာသွန်းခဲ့သော မိုးရေချိန်ကို နှိုင်းယှဉ်လေ့လာရာမှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကယားပြည်နယ်နဲ့ ကရင်ပြည်နယ်တို့မှာ ရွာသွန်းမြဲမိုးရေချိန်ထက် သိသိသာသာ ကျော်လွန်ပြီး ရွာသွန်းခဲ့တာကိုတွေ့ရပါတယ်။ မတ်လရဲ့ နှစ်စဉ်ပုံမှန် ရွာသွန်းလေ့ရှိတဲ့ မိုးရေချိန်က ရွာသွန်းမြဲမိုးရေချိန်သာ ရွာသွန်းခဲ့သည်ကို တွေ့ရသော်လည်း ဒီနှစ်မတ်လမှာ မြန်မာနိုင်ငံအလယ်ပိုင်း ဒေသတချို့မှာ မိုးရေချိန် စံချိန်သစ်တင်သည်အထိ ရွာသွန်းခဲ့တာကို တွေ့ရပါတယ်။ မိုးရွာရက်များကို လေ့လာကြည့်ရာမှာတော့ ခန့်မှန်းသည့်ထက် မိုးရွာရက်အောက်လျော့နည်းခဲ့သော်လည်း ရွာသွန်းချိန်တွင် မိုးအားကောင်းခဲ့သည့်အတွက် စံချိန်သစ်တင်ခဲ့ရခြင်းဖြစ်တယ်ဆိုတာ လေ့လာတွေ့ရှိရပါတယ်။ မတ် ၂၅ ရက်နေ့က ရွာသွန်းခဲ့တဲ့ မိုးရေချိန်သစ်များကတော့ ပြင်ဦးလွင်မြို့မှာ ယခင်မိုးရေချိန် စံချိန်ဟောင်း ၃၄ မီလီမီတာ ၁ ဒသမ ၃၄ လက်မမှ မိုးရေချိန်စံချိန်သစ် ၆၂ မီလီမီတာ ၂ ဒသမ ၄၃ လက်မရှိလာတာကို တွေ့ရပါတယ်။ ဟုမ္မလင်းမြို့မှာဆိုရင် ယခင်မိုးရေချိန်စံချိန်ဟောင်း ၄၀ မီလီမီတာ ၁ ဒသမ ၅၇ လက်မရှိခဲ့ရာမှ မိုးရေချိန်စံချိန်သစ် ၅၁ မီလီမီတာ ၂ ဒသမ ၀၀ အထိ ရှိလာတာကို လေ့လာတွေ့ရှိရပါတယ်"ဟု ဆိုသည်။

ဆက်လက်ပြီး မတ်လအတွင်း နေ့အပူချိန်များ အခြေအနေများနှင့်ပတ်သက်ပြီး မေးမြန်းရာတွင် "ကျွန်တော်တို့ မတ်လအတွင်း တိုင်းတာရရှိခဲ့တဲ့ အမြင့်ဆုံးနေ့အပူချိန်များကတော့ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်တို့မှာ မတ်လ၏ ပျမ်းမျှအပူချိန်ထက်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှာ မတ်လ၏ ပျမ်းမျှအပူချိန်ခန့်ရှိခဲ့တာကို လေ့လာတွေ့ရှိရပါတယ်"ဟု ပြောသည်။

မတ်လအတွင်း မြူကျခဲ့သည့်အခြေအနေနှင့် ပတ်သက်ပြီး ဆက်လက်မေးမြန်းကြည့်ရာတွင် "မတ်လအတွင်းဖြစ်ပေါ်ခဲ့တဲ့ မြူကျမှုအခြေအနေကို လေ့လာကြည့်မယ်ဆိုရင် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊မွန်ပြည်နယ်တို့မှာ ၂၀ ရက်မှ ၂၉ ရက်ခန့်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှာ ၇ ရက်မှ ၁၄ ရက်ခန့် မြူထူများကျဆင်းခဲ့ပြီး မကွေးတိုင်းဒေသကြီးမှာ မြူထူများကျဆင်းခဲ့ခြင်းမရှိတာကို လေ့လာတွေ့ရှိရပါတယ်"ဟု ပြောသည်။


မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မတ်လအတွင်း ဖြစ်ပေါ်ခဲ့သည့် မိုးလေဝသဖြစ်စဉ်များအား လေ့လာတွေ့ရှိမှုနှင့်ပတ်သက်ပြီး "မတ် ၄ ရက်က မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်လေဆိပ်မှာ လေပြင်းတိုက်ခတ်ပြီး မိုးအနည်းငယ်ရွာပါတယ်။ မတ် ၂၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့မှာ မိုးထစ်ချုန်းရွာပြီး မိုးသီးကြွေပါတယ်။ မတ် ၂၅ ရက် တစ်ရက်တည်းမှာ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နဲ့ ချမ်းမြ သာစည်တို့မှာ လျှပ်စီးလက်ပြီး မိုးသီးတွေကြွေတယ်။ နောက်ပြီး ချင်းပြည်နယ် ဟားခါးမြို့မှာ မိုးသီးကြွေတယ်၊ ရှမ်းပြည်နယ် နမ့်ဆန်မြို့မှာလေပြင်းတိုက်ပြီး မိုးထစ်ချုန်းရွာတယ်။ကယားပြည်နယ် လွိုင်ကော်မြို့နဲ့ ချင်းပြည်နယ် တီးတိန်မြို့တို့မှာ မိုးထစ်ချုန်းရွာပြီး မိုးသီးကြွေတယ်။

နောက်ဆုံးဧပြီလထဲမှာ ထူးခြားမိုးလေဝသဖြစ်စဉ်တွေကတော့ ဧပြီ ၉ ရက်ညနေက နေပြည်တော် တပ်ကုန်းရှိ ကျေးရွာများ အနောက်တောင်ဘက်အရပ်မှ လေပြင်းများတစ်နာရီ လေတိုက်နှုန်းမိုင် ၄၀ ခန့်တိုက်ခတ်ပြီး မိုးထစ်ချုန်းရွာပါတယ်။ လေပြင်းတိုက်တဲ့အတွက်ကြောင့် တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှာ ထိခိုက်ပျက်စီးမှုအချို့ဖြစ်ခဲ့ပါတယ်။ ဧပြီ ၁၀ ရက်က ရှမ်းပြည်နယ် မိုင်းဆတ်မြို့ ကဒယ်ကျေးရွာအုပ်စု၊ ပယ်မိုကျေးရွာအုပ်စုတွင် မိုးထစ်ချုန်းရွာပြီး လေပြင်းများတိုက်ခတ်မှုကြောင့် နေအိမ် ၂၅ လုံး ပျက်စီးပြီး ဆက်သွယ်ရေးတာဝါတိုင်နှစ်တိုင် ကျိုးကျခဲ့ပါတယ်။

"ဧပြီ ၁၃ ရက်တစ်ရက်တည်းမှာပဲ နေပြည်တော် တပ်ကုန်းမှာ လေပြင်းတိုက်ပြီး မိုးထစ်ချုန်းရွာမှုကြောင့် နေအိမ်များမှာ အမိုးသွပ်များလန်ကျပြီး တပ်ကုန်းမြို့ ရေအေးကျေးရွာမှ ရွာသားတစ်ဦး မိုးကြိုးထိမှန် သေဆုံးခဲ့ပါတယ်။ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့မှာ လေပြင်းတိုက်ခတ်ပြီး မိုးထစ်ချုန်းရွာမှုကြောင့် သစ်ပင်များလဲခြင်း၊ သစ်ကိုင်းများကျိုးကျခြင်းဖြစ်ခဲ့ပါတယ်။ ကယားပြည်နယ် ဘော်လခဲမြို့မှာလည်း လေပြင်းတိုက်ပြီး မိုးရွာမှုကြောင့် နေအိမ်ခုနစ်လုံး အမိုးလန်ခြင်း ဖြစ်ခဲ့ပါတယ်။ ဧပြီ ၁၈ ရက်က ရှမ်းပြည်နယ် နောင်ချိုမြို့မှာ မိုးထစ်ချုန်းရွာပြီး လေပြင်းတိုက်တဲ့အတွက်ကြောင့် နေအိမ် ၁၀ လုံး အမိုးများပျက်စီးခဲ့ပြီး သစ်ပင် ၁၅ ပင် ပြိုလဲခဲ့တာတွေ့ရပါတယ်။ လူအသေ အပျောက် ထိခိုက်ဒဏ်ရာရရှိမှုတွေ မရှိပါဘူး။ ဧပြီ ၁၉ ရက် နောက်ဆုံးရတဲ့သတင်းကတော့ ရှမ်းပြည်နယ် လားရှိုးမြို့မှာ မိုးထစ်ချုန်းရွာပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဓာတ်အားတိုင် ငါးတိုင်၊ ဖုန်းတိုင်တစ်တိုင်လဲပြီး နေအိမ်နှစ်လုံး အမိုးလန်ပျက်စီးခဲ့ပါတယ်"ဟု ပြောသည်။

အိန္ဒိယနိုင်ငံမှ လေဖိအားနည်းရပ်ဝန်းသည် တဖြည်းဖြည်း လေထုဖိအားလျော့နည်းလာသည့်အပြင် အိန္ဒိယနိုင်ငံပေါ်မှ ရွေ့လျားလာသော လေဗွေလှိုင်းများနှင့် တရုတ်နိုင်ငံပေါ်ရှိ လေဖိအားကြီးရပ်ဝန်းများ တိုးဝင်စုဆုံလာမှုကြောင့် မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာသွန်းမှုနှင့် ဒေသတချို့တွင် မိုးသီးကြွေကျမှုများ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ ထို့အပြင် နေ့အပူချိန်မြင့်ရခြင်းအကြောင်းအရင်းမှာ အိန္ဒိယနိုင်ငံမှ ရွေ့လျားလာသည့် အပူလှိုင်းများကြောင့် ဖြစ်ကြောင်း ၎င်းက သုံးသပ်ပြောကြားသည်။

မည်သို့ပင်ဖြစ်စေ ၂၀၁၅ ခုနှစ် မတ်လသည် ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်းနှင့် မုန်တိုင်းဖြစ်ပေါ်ခြင်း မရှိသော်လည်း မိုးရေချိန်နှင့် အပူချိန်သစ်များစံချိန်တင်ခြင်း၊ နေ့အပူချိန်များ ပိုမိုမြင့်တက်လာမှုကြောင့် အပူပြန်တက်တိမ်များ မကြာခဏဖြစ်ပေါ်ပြီး မိုးရွာခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းများ ဖြစ်ပေါ်သည့်အတွက် ယခုနှစ်၏ ထူးခြားသောကာလအဖြစ် သုံးသပ်မိပါကြောင်း. . . .။




မြန်မာနိုင်ငံအထက်ပိုင်းဒေသများနှင့် တောင်ပိုင်းဒေသအချို့၌ မိုးရရှိပုံအား မြေပြင်မိုးလေဝသတိုင်းထွာချက်မှ တွေ့ရပုံ။ (ဓာတ်ပုံ–မိုး/ဇလ)

# နေပြည်တော်နယ်မြေအတွင်းရှိ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ကွင်းများ၌ ဝတ်မှုန်ကူးဆောင်ရွက်

နေပြည်တော် ဧပြီ ၂၀

**တစ်ဧကလျှင် တင်း ၂၀၀ ကျော် ထွက်ရှိရန် သေချာသည့် ပုလဲသွယ်စပ်မျိုးစပါးသည် ပြည်တွင်းစားသုံးမှု ရိက္ခာဖူလုံရေးလိုအပ်ချက်ကို ထိထိရောက်ရောက် ဖြည့်ဆည်းပေးနိုင်ရုံသာမက တောင်သူများ၏ဝင်ငွေကို နှစ်ဆအထိ တိုးတက်စေနိုင်သည့်အတွက် လိုအပ်သည့်အချိန်၌ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ရရှိနိုင်ရန် စိုက်ပျိုးရေးပညာရှင်များအနေဖြင့် တစ်ဆက်တစ်စပ်တည်း မျိုးစေ့ထုတ်စိုက်ကွင်းကြီးများ ထူထောင်လုပ်ဆောင်လျက်ရှိသည်။**

ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ ငလိုက်ဆည်ရေသောက်စနစ် တစ်ဆက်တစ်စပ်တည်း ၃၄၄ ဧက ပုလဲသွယ်စပ်မျိုးစပါး F-1 မျိုးစေ့ထုတ်စိုက်ကွင်းနှင့် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာနယူးဧရာကုမ္ပဏီ၏ တစ်ဆက်တစ်စပ်တည်း ဧက ၁၀၀ ပုလဲသွယ်စပ်မျိုးစပါး F-1 မျိုးစေ့ထုတ်စိုက်ကွင်း၊ ဒက္ခိဏသီရိမြို့နယ် ကျားကူးအနောက်ကျေးရွာရှိ တစ်ဆက်တစ်စပ်တည်း ဧက ၁၀၀ ပုလဲသွယ်စပ်မျိုးစပါး F-1 မျိုးစေ့ထုတ်စိုက်ကွင်းများတွင် စုပေါင်းညီညာစွာ ဝတ်မှုန်ကူးဆောင်ရွက်နေကြသော စိုက်ပျိုးရေးပညာရှင်များ၊ တောင်သူများအား တွေ့ဆုံနှုတ်ဆက်အားပေးသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းရွာအနီးရှိ ကိုရီးယားနိုင်ငံအကူအညီဖြင့် ဖော်ထုတ်ထားသော စက်မှုလယ်ယာမြေစနစ် ဟက်တာ ၁၀၀ စိုက်ကွင်းတွင် ဖြစ်ထွန်းအောင်မြင်နေသော နွေစပါးစိုက်ခင်းများကို စစ်ဆေးကြည့်ရှုပြီး လာမည့်မိုးစပါးရာသီတွင် အဆိုပါလယ်မြေဟက်တာ ၁၀၀ အား ပုလဲသွယ်စပ်မျိုးစပါး F-1 မျိုးစေ့ထုတ် စိုက်ကွင်းအဖြစ် ထူထောင်နိုင်ရေးအတွက် တောင်သူလယ်သမားများနှင့် ပူးပေါင်းစိုက်ပျိုးကြရန် ဆွေးနွေးမှာကြားသည်။ **(သတင်းစဉ်)**

# ရှမ်းတဲကျေးရွာတွင် ၃၈ နှစ်မြောက် သက်ကြီးပူဇော်

**မိတ္ထီလာ ဧပြီ ၂၀**

၁၉၇၇ ခုနှစ်ကစတင်ပြီး နှစ်စဉ်မပျက်ကျင်းပခဲ့သည့် မိတ္ထီလာမြို့ ရှမ်းတဲကျေးရွာ၏ (၃၈)နှစ်မြောက် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက် ညနေ ၃ နာရီက ၎င်းကျေးရွာတွင် အစဉ်အလာမပျက်ကျင်းပခဲ့ကြောင်း သိရသည်။

(၃၈)နှစ်မြောက် ရှမ်းတဲကျေးရွာ သက်ကြီးပူဇော်ပွဲတွင် အသက် ၇၅ နှစ်အထက် အဘိုး ၁၆ ဦး၊ အဘွား ၄၅ ဦးတို့အား ထောက်ပံ့ငွေကျပ် ၂၅၀၀၀ နှင့်အတူ ကန်တော့ပစ္စည်းမျိုးစုံကို ကျေးရွာသက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့် ကော်မတီဝင်များ၊ ကျေးရွာဒေသခံများက ပူဇော်ကန်တော့ခဲ့သည်။

သက်ကြီးပူဇော်ပွဲအပြီးတွင် ကျေးရွာဒေသခံများစုပေါင်း၍ ရှမ်းတဲကျေးရွာဘုန်းတော်ကြီးကျောင်းနှင့် ဘုရားကုန်းဘုန်းတော်ကြီးကျောင်းများသို့ ရေအိုးကန်တော့ခြင်းကို မိရိုးဖလာထုံးစံအတိုင်း ကျင်းပကြသည်။

မိတ္ထီလာတွင် ရပ်ကွက် ၁၄ ခု၊ ကျေးရွာ ၃၇၉ ရွာရှိပြီး ရှမ်းတဲကျေးရွာသည် မြန်မာနှစ်ဆန်း ၁ ရက်နေ့ ကျရောက်ချိန်တိုင်း သက်ကြီးပူဇော်ပွဲ စတင်ကျင်းပသည့် ၁၉၇၇ ခုနှစ်ကစတင်ပြီး နှစ်စဉ်မပျက် ယနေ့တိုင်ကျင်းပဆဲဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## မိုးလေဝသအခြေအနေ

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **(မိုး/ဇလ)**

# ဝဲပုံဂူဗုဒ္ဓပူဇနီယပွဲ ရပ်နီးရပ်ဝေးမှ ဘုရားဖူးများ စည်ကား



**ပဲခူး ဧပြီ ၂၀**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဝဲပုံဂူ ဗုဒ္ဓပူဇနီယပွဲတော်ကို ဧပြီ ၁၇ ရက် (နှစ်ဆန်း ၁ ရက်)ကကျင်းပရာ အရင်နှစ်ကထက် ရပ်နီး၊ ရပ်ဝေးမှ ဘုရားဖူးဧည့်သည်များ လာရောက်မှု ပိုမိုများပြားကြောင်း သိရသည်။

အဆိုပါ ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် မြန်မာနှစ်ဆန်း ၁ ရက်က စပြီး သုံးရက်တိုင်တိုင် ကျင်းပကြောင်း သိရသည်။

ဝဲပုံဂူသည် ရှေးဟောင်းသမိုင်းဝင်ဂူဖြစ်ပြီး ဂူအတွင်း၌ စေတီပုထိုး၊ ဘုရားဆင်းတုတော်များကို ဖူးမြော်နိုင်ပြီး ထိုးထွက်နေသည့် ကျောက်များစွာလည်း တွေ့နိုင်သည်။ ပွဲတော်ကာလအတွင်း ဘုရားဖူးဧည့်သည်များအတွက် စတုဒိသာမဏ္ဍပ်များဖြင့် ကျွေးမွေးလှူဒါန်းကြောင်း သိရသည်။

နယ်မြေမငြိမ်းချမ်းစဉ်တုန်းက ဘုရားဖူးဧည့်သည်များ လာရောက်မှုနည်းပါး၍ ဝဲပုံဂူသည်ယခုအခါ နယ်မြေအေးချမ်းမှုရှိလာခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာကာ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ဘုရားဖူးဧည့်သည်များ လာရောက်မှု ပိုမိုများပြားလာကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။ **(မြန်မာ့အလင်း)**

# ဘွဲ့ကြို၊ ဘွဲ့လွန်အသက်မွေးဝမ်းကျောင်း ပညာရပ်အမျိုးမျိုး ပြည်တွင်း၌ ဆည်းပူးနိုင်

**နေပြည်တော် ဧပြီ ၂၀**

မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်၊ ကမ္ဘာ့အဆင့်မီ တက္ကသိုလ်ကြီးများ ပူးပေါင်း၍ STI Myanmar University (STIMU) သည် နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်မားသည့် ဘွဲ့ကြို၊ ဘွဲ့လွန်အသက်မွေးဝမ်းကျောင်းပညာရပ်အမျိုးမျိုးကို ပြည်တွင်း၌ လေ့လာဆည်းပူးနိုင်ရန် သင်ကြားပို့ချပေးလျက်ရှိပြီး ကျောင်းသားများ အလုပ်အကိုင်ရရှိမှုနှုန်း အမြင့်မားဆုံး ကျောင်းတစ်ကျောင်းဖြစ်သည်။

အဆိုပါတက္ကသိုလ်တွင် Faculty of Business၊ Faculty of Engineering၊ Faculty of Beauty and Arts နှင့် Faculty of Education and Linguistics ဟူ၍ သင်ကြားပို့ချသည့် ဌာနလေးခုရှိရာ ပြည်တွင်းပြည်ပမှ ဘွဲ့လွန်၊ မဟာဘွဲ့နှင့် ပါရဂူဘွဲ့များရရှိထားပြီး အတွေ့အကြုံရင့်ကျက်သည့် ဆရာ ဆရာမများဖြင့် သင်ကြားရေးဌာနများကို ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် နှစ်ဦးပိုင်းတွင် STIMU စီမံခန့်ခွဲမှုအဖွဲ့နှင့် အင်္ဂလန်နိုင်ငံ ဗြိတိသျှအစိုးရတက္ကသိုလ်ဖြစ်သည့် University of Bedfordshire စီမံခန့်ခွဲမှုအဖွဲ့တို့ အပြန်အလှန်လေ့လာဖလှယ်ကြ၍ သဘောတူညီမှုများရရှိခဲ့ပြီး University of Bedfordshire မှ Professor Helen Bailey (Executive Dean of Academic Partnerships) နှင့် Mr. Alan Murphy (Director of Transnational Education) တို့သည် တက္ကသိုလ်မှ ကျောင်းသားကျောင်းသူများနှင့် လာရောက်တွေ့ဆုံခဲ့ပြီး တက္ကသိုလ်နှစ်ခုတို့ ဘွဲ့ကြိုနှင့် ဘွဲ့လွန်သင်တန်းများတွင် ပညာရပ်များ ပူးပေါင်းသင်ကြားနိုင်ရေး သဘောတူညီမှုရရှိခဲ့သည်။

STIMU ၏ Advance Diploma ကျောင်းသားများသည် University of Bedfordshire ၏နောက်ဆုံးနှစ် ဂုဏ်ထူးတန်းများတွင် တက်ရောက်သင်ကြားနိုင်ကြမည်ဖြစ်သည့်အပြင် အထက်ပါအခွင့်အလမ်းကို School of Business, School of Engineering, School of Education နှင့် School of Health Sciences တို့အားလုံး အကျုံးဝင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ပူးတွဲသုတေသနပြုရေး၊ ကျောင်းသား ကျောင်းသူများ အပြန်အလှန်ဖလှယ်ရေး၊ သင်ကြားရေး ဆရာ ဆရာမများ အရည်အသွေးမြှင့်တင်ရေးနှင့် အပြန်အလှန် ဖလှယ်ရေးတို့လည်း ဆောင်ရွက်ကြရန် သဘောတူညီမှုရရှိထားကြောင်း သိရသည်။

နိုင်ငံတော်အတွက် အထူးလိုအပ်လျက်ရှိသည့် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များအား ကမ္ဘာ့ထိပ်တန်းနိုင်ငံများ၏ အရည်အသွေးဖြင့် စရိတ်သက်သာစွာ သင်ကြားပေးလျက်ရှိပြီး ကျောင်းသားကျောင်းသူများ အသိပညာဗဟုသုတနှင့် လုပ်ငန်းအတွေ့အကြုံများ ပိုမိုသိရှိနားလည်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းဆင်း ကျောင်းသားကျောင်းသူများအား ဘက်စုံထူးချွန်သူများဖြစ်စေရန် မိမိကိုယ်ကိုယုံကြည်မှု၊ အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်တတ်မှု၊ လူ့အသိုင်းအဝိုင်းကို အကျိုးပြုနိုင်မှု၊ နယ်ပယ်အသီးသီးတွင် ဘဝတစ်သက်တာ အလုပ်အကိုင်ရရှိမှုနှင့်တိုးတက်မှုအချက်များကို အခြေခံ၍ ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်းလည်း သိရှိရသည်။

တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ပြီးသူများ တက်ရောက်လိုပါက ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်း၊ (၅၃)လမ်းနှင့် (၅၄)လမ်းကြားရှိ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်နှင့် လှိုင်တက္ကသိုလ်နယ်မြေ MICT Park အဆောက်အအုံ အမှတ်(၁၀)ရှိ STI Myanmar University သို့ ဆက်သွယ်၍ စုံစမ်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မိုးညှင်းမြို့ ရန်အောင်မြင်စေတီတော် ဓမ္မာရုံရေစက်ချပွဲနှင့် အသံမစဲပဋ္ဌာန်းပူဇော်ပွဲ ကျင်းပမည်

**မိုးညှင်း ဧပြီ ၂၀**

ကချင်ပြည်နယ် မိုးညှင်းမြို့ သမိုင်းဝင် စန့်ခေါ်ဖိတ်(ခေါ်) ရန်အောင်မြင်စေတီတော် အရှေ့အရပ်မျက်နှာစာ၌ သဒ္ဓါကြည်လင် ပါရမီရှင်များ စုပေါင်းလှူဒါန်းသော နန်းမြရောင်ခြည်တော်ဓမ္မာရုံမှာ တည်ဆောက်ပြီးစီးပြီဖြစ်၍ ၁၃၇၇ ခု ကဆုန်လဆန်း ၁၃ ရက်မှစတင်ကာ အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲကို ကျင်းပမည်ဖြစ်ပြီး ကဆုန်လပြည့်နေ့တွင် နန်းမြရောင်ခြည်တော်ဓမ္မာရုံကြီး လှူဒါန်းမှုအစုစုကို ရေစက်ချ အမျှပေးဝေမည်ဖြစ်ကြောင်း နန်းဘုံဘုရားကြီးကျောင်း ဆရာတော် ဦးဣန္ဒကမှ ဧပြီ ၂၀ ရက်က ရှင်းလင်းပြောကြားသည်။

နန်းမြရောင်ခြည်တော် ဓမ္မာရုံမှာ အလျား ၇၄ ပေ၊ အနံ ပေ ၄၀ အတွင်း ကြွေပြားခင်း၊ RC အမျိုးအစားဖြစ်၍ မြန်မာ့ယဉ်ကျေးမှုအနုပညာ ကနုတ်ပန်းအလှများ ဆင်ယင်လျက် ဘုံသုံးဆင့်ဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ ၁၃၇၅ ခုနှစ် ရန်အောင်မြင်စေတီတော်၌ ကဆုန်လပြည့် ဓာတ်တော်ကွန့်မြူးစဉ် အနယ်နယ်အရပ်ရပ်မှ လာရောက်သည့် သဒ္ဓါကြည်လင် စေတနာပါရမီရှင်များက ဓာတ်တော်မြူးဘုရားကြီးကို လှူဒါန်းသော ငွေကျပ်သိန်း ၄၉၀ ကို မတည်ကာ ဓမ္မာရုံဘက်စုံ စေတနာ အလှူရှင် အလှူငွေများ စုစုပေါင်း ကျပ်သိန်းတစ်ထောင်ကျော်ဖြင့် ဆောင်ရွက်ပြီးစီးထားကြောင်း သိရသည်။

**(ဝဇိရ)**

# (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲအတွက် သတ်မှတ်ထားသည့်တေးသီချင်းများ

## ဘုန်းပဒေသာ

### လူးတား

ဆို-ကိုထွန်းရွှေ   စာဆိုရှင်- စိန္တကျော်သူ

ဘုန်းပဒေသာ-ရတနာရွှေမိုး သွန်းဖြိုးပါသည်။ ရွှာတည့်လေ အပြည်ပြည်သူ ဆွယ်ယူစိတ်ထား၊ သုံးစားမကုန်သို့သည့်ဂုဏ်ကို ဝသုန္ဒရာ၊ ကမ္ဘာ့ဦးမြေ၊ လောင်ပျက်ကြွေလည်း မကျေမော်ကွန်း၊ အစဉ်ထွန်းလိမ့်၊ ကျွန်းအဆိုင်းဆိုင်း၊ တိုင်းသီးသီး၊ ထီးအဆူဆူ၊ မင်းဟူသမျှ မာန်မချက၊ ပျောက်ပတိမ်မြုပ်၊ ငုပ်ရသည်ချည်း၊ ပူးတည်း ရင်ဆိုင်၊ မပြိုင်ဝံ့ကြ၊ ဘုန်းရောင်ပသည်၊ ဒဿပွင့်လျာရင့်ကျိပ်မာတွင် ခံဗျာဒိတ်ရ စံဇေဖြင့် သိယ်ရတနာ ရွှေပြည်သာကို မဟာသမ္မတမင်းတမျှလျှင် အစတည်ထောင် အုပ်စိုးဆောင်သည် ကုန်းဘောင်ပြည်ကြီး၊ ရှင့်တည့်လေ. . . အာဟိန္ဒပြည်ကြီး. . ဖွင့်မည်တည်း၊

## ပလိပ်စား

### ချောင်း

ဆို- ကိုထွန်းရွှေ   စာဆိုရှင်- ဦးဖော်

မင်္ဂလာချက်ဗွေ လေးရောင်တွေကို ရစ်ခွေလက်ျာတုန့်ကာ မြောက်တောင် တစ်တောင်နိမ့်မြင့် ဆယ့်နှစ်ဆင့်ဝယ် အသင့်စဉ်စီ စက်ဝန်းချီလျက် တစ်လီ နှစ်ခန်း သုံးမည်ကျွန်းကို ပယ်တွန်းမိုက်မှောင် ခြည်တစ်ထောင်ဖြင့်၊ ပြောင်ပြောင်လင်းထိန် စက်ရဝိန်သို့ မျက်ကွန္တနီ၊ ရောင်ညီလျှံငါ ထွန်းလင်းဖြာသည် တောင်ညာမြငူ၊ ကျွန်း ဇမ္ဗူထက် ပစ္စုမိုးဖြန့် တံခိုးကွန့်သား ဆဒ္ဒန့်သခင် မှန်နန်းရှင်ဟု သောင်းခွင်နှံ့မွှေ ညာကြေလွှံ့ပတ် ကျွန်းလုံးနတ်၏ သည်းပွတ်တော်ကြီး ပွင့်နီးရင့်ငုံ။ လုံးစုံမချို ဘုန်းရောင်ပျို့သည် ဒို့ကျေးဇူးရှင် စည်ပင်လန်းလူ၊ မြန်းမည့်သူကို ထုံးယူမှတ်စေ ကျမ်းဂန်ဖွေ၍ ရွှေနားတော်ကျူး၊ ပံ့ပျူးချိုသာ လျှောက်ဝံ့ပါသည် မင်္ဂလာတည့်မနေ့ပြီးလွှယ်ရေး. . .။

# အဆိုဘာသာရပ် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းပြိုင်ပွဲအတွက် တေးသီချင်းများ

၁။ **ဝါသနာရှင် (ဒုတိယတန်း)အဆင့် (အမျိုးသား)**

| | | |
|---|---|---|
| (က) | ဗမာ့သွေး | ဒေါ်ကြည်အောင် |
| (ခ) | သူ့ဌေးဝါဒ | နန်းတော်ရှေ့ဆရာတင် |
| (ဂ) | ဇာတိမာန် | ဥသြဘသောင် |

၂။ **ဝါသနာရှင် (ဒုတိယတန်း)အဆင့်(အမျိုးသမီး)**

| | | |
|---|---|---|
| (က) | တပင်ရွှေထီး | မကြည်အောင် |
| (ခ) | မြန်မာ့ခေတ် | ထား |
| (ဂ) | သီတာရတနာ | ဒေါ်ကြည်အောင် |

၃။ **အဆင့်မြင့်ပညာအဆင့်(အမျိုးသား)**

| | | |
|---|---|---|
| (က) | မြန်မာပြည်သား | အဖွဲ့ |
| (ခ) | ဒီမြေဟာဒို့မြေ | ဇေယျာ |
| (ဂ) | ဖွဲ | ပြည်လှဖေ |

၄။ **အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)**

| | | |
|---|---|---|
| (က) | မြန်မာ့ကြွေးကြော်သံ | မေလှမြိုင် |
| (ခ) | ထာဝရအမိဋ္ဌာန် | မေလှမြိုင် |
| (ဂ) | ဗိုလ်ရှုသဘင် | မြသက်မူ |

(ဆက်လက်ဖော်ပြပါမည်)

# တရားမဝင် ရေမဆေးကျောက်များ သယ်ဆောင်လာသူ အရေးယူ

ကချင်ပြည်နယ် မိုးမောက်မြို့နယ် စိန်လုံကျေးရွာရှိ “စိန်လုံ” ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဧပြီ ၁၉ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ က စိန်လုံရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်မှ တပ်မတော်သားများပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ယာဉ်များအားစစ်ဆေးနေစဉ် မြစ်ကြီးနားမှ လွယ်ဂျယ်ဘက်သို့ ရွှေညောင်မြို့နေ စိုးထွေးဦး (၂၅ နှစ်) မောင်းနှင်ပြီး မန္တလေးတိုင်းဒေသကြီး တောင်သာမြို့ အမှတ်(၆) ရပ်ကွက်နေ မင်းဇော်ဦး (၃၈ နှစ်)၊ ရွှေညောင်မြို့နယ် စဉ်ဟယ်ကျေးရွာနေ စိုင်းခမ်းလင်းဦး (၂၀ နှစ်)နှင့် ကယားပြည်နယ် လွိုင်ကော်မြို့နေ ရဲကိုလှိုင် (၁၉ နှစ်) တို့လိုက်ပါလာသည့် ၃၈/----- ဟိုက်အေ့စ်အဖြူရောင်ယာဉ်အား ရပ်တန့်ရှာဖွေစစ်ဆေးခဲ့သည်။ ထိုသို့ ရှာဖွေရာ ယာဉ်၏ ဝမ်းဗိုက်ကြမ်းခင်းအောက်တွင် သို၀ှက်သယ်ဆောင်လာသည့် တရားမဝင် ရေမဆေးကျောက်ဆိုက်စုံ ၂၀၃ တုံး၊ အလေးချိန် ၂၂၃ ပိဿာခန့် တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုးထွေးဦးပါ လေးဦးအား မိုးမောက်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ကိုရဲ

အခွန်ဆောင်လို့ ဘဏ္ဍာတိုး တိုင်းပြည်စီးပွား ဖွံ့လို့ဖြိုး

# ကမ္ဘာ့ပထမဆုံး ကျောက်စိမ်းစေတီတော်မြတ်ကြီး ဝေရောစန

**နေပြည်တော် ဧပြီ ၂၀**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် ၃၆၁ အနောက်ဘက်၌ အရည်အသွေးပြည့်ဝသည့် မြန်မာ့ကျောက်စိမ်းများ၊ အဆင့်မီ အသားကျောက်များဖြင့် တည်ထားကိုးကွယ်သည့် ကမ္ဘာ့ပထမဆုံး ကျောက်စိမ်းစေတီတော်မြတ်ကြီးအား ပြည်တွင်းဘုရားဖူးခရီးသည်များသာမက ပြည်ပခရီးသွား ဘုရားဖူးများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။



အဆိုပါ စေတီတော်မြတ်ကြီး၌ ကပ်လှူပူဇော်ထားသည့် ကျောက်စိမ်းအရည်အသွေးများနှင့် စေတီတော် ပရိဝုဏ်အတွင်းအပြင် အလှတန်ဆာဆင်ထားသည့် အဆင့်အတန်းမီ ကျောက်စိမ်းအသားကျောက်များကို စေတီတော်သို့ လာရောက်ဖူးမြော်ကြသည့် နိုင်ငံခြားသားခရီးသွားများက စိတ်ဝင်တစား လေ့လာနေကြသည်ကို တွေ့ရသည်။

"ဒီလို ကျောက်စိမ်းစေတီတော်မြတ်ကြီးကို တည်ထားကိုးကွယ်ဖို့ လွန်ခဲ့တဲ့ နှစ် ၃၀ ကတည်းက ကျွန်တော်ကြိုးပမ်းခဲ့တာဖြစ်ပါတယ်။ မြေပြင်ပေါ်က ဘုရားဌာပနာအဖြစ် ကျောက်စိမ်းအရည်သွေး D အဆင့်ရှိတဲ့ ကျောက်တန်ချိန် ၈၅၀ ကို ထည့်သွင်းပူဇော်ထားပါတယ်။ မြေအောက် ဘုရားဌာပနာအဖြစ် အမေရိကန်ဒေါ်လာ သန်းပေါင်း သန်းချီတန်ဖိုးရှိတဲ့ ကျောက်စိမ်းအဆင့်-A ရှိတဲ့ကျောက် ကီလို ၁၁၀ ထည့်သွင်းပူဇော်ထားပါတယ်။ ရွှေရတု မြန်မာကျောက်မျက်ရတနာပြပွဲမှာ ယူရိုငွေ သိန်းပေါင်းများစွာနဲ့ အောင်မြင်ထားတဲ့ လော့နံပါတ်-၇၄၂၄ ကျောက်စိမ်းကြီးနဲ့ အခြား အရည်အသွေးပြည့်ဝတဲ့ ကျောက်စိမ်းတွေကိုလည်း မြင်တွေ့ရမှာဖြစ်ပါတယ်၊ ဘုရားပရိဝုဏ် ပတ်ဝန်းကျင်တွေမှာ ကျောက်စိမ်းအသားကျောက်တွေနဲ့ တည်ဆောက်ထားတာကို ဒီစေတီတော်မြတ်ကြီး မုခ်ဦးက စလို့ မြင်တွေ့လေ့လာနိုင်ပါတယ်၊ ဒီကျောက်စိမ်းတွေအားလုံးကို စုပေါင်းလိုက်ရင် ကျောက်တန်ချိန်တစ်ထောင်ကျော်ရှိပါတယ်၊ ရွှေသုဝဏ် ဆရာတော်ကြီးရဲ့ ဦးဆောင်မှုနဲ့ တည်ဆောက်ခြင်းဖြစ်ပါတယ်" ဟု စေတီတော်မြတ်ကြီး၏ တစ်ဦးတည်းအလှူရှင်လည်းဖြစ် ကျောက်စိမ်းပညာရှင်လည်းဖြစ်သည့် ဦးစိုးနိုင်က ပြောသည်။

အဆိုပါ စေတီတော်မြတ်ကြီးသည် ဉာဏ်တော်အမြင့် ၇၅ ပေ ၆ လက်မ၊ လုံးပတ်တော် ၁၇၆ ပေ၊ ပန်းတင်ခုံ အလျား ၅၂ ပေ ၆ လက်မ၊ အနံ ၅၂ ပေ ၆ လက်မ၊ အမြင့် ၁၂ ပေ၊ ထီးတော်အမြင့် ခုနစ်ပေ၊ ငှက်ပျောဖူးအမြင့် ရှစ်ပေ ခြောက်လက်မရှိသည်ဟု သိရပြီး ပန်းတင်ခုံအတွင်းရှိ မုခ်ဦးလေးခု၌ ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်များဖြင့် လွန်စွာ တင့်တယ်လျက်ရှိရာ စေတီတော် တည်ဆောက်မှု ၈၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး မကြာမီ ဖွင့်ပွဲအခမ်းအနား ကျင်းပတော့မည်ဖြစ်ကြောင်း သိရသည်။

"ဒီ စေတီတော်မြတ်ကြီးကို ငလျင်ဒဏ် ရစ်ချ်စတာစကေး ၆ ဒသမ ၅၉ ထိ ခံနိုင်အောင် နောက်ဆုံးပေါ် တည်ဆောက်ရေးစနစ်ဖြစ်တဲ့ ဘိုးပိုင်စနစ် သံကူကွန်ကရစ်တွေ၊ အဆင့်မြင့် စတီးလ်တွေနဲ့ တည်ဆောက်ထားခြင်းဖြစ်ပါတယ်၊ စေတီတော် တည်ဆောက်မှုအပိုင်းမှာ မြေအုတ်တစ်ချပ်တလေမှ ပါဝင်ခြင်းမရှိဘဲ ကျောက်စိမ်းအရိုင်းတုံးများ၊ ဈေးကွက်ဝင်ကျောက်အဆင့် အေ၊ ဘီ၊ စီ၊ ဒီရှိ ကျောက်တန်ချိန် တစ်ထောင်ကျော်နဲ့ တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်၊ စေတီတော် ငှက်ပျောဖူးကို အေအဆင့်ရှိတဲ့ ကျောက်စိမ်း၊ စိန်ဖူးတော်ကြီးကိုလည်း အရည်အသွေးရှိတဲ့ ကျောက်စိမ်းနဲ့ပဲ ပူဇော်ထားခြင်းဖြစ်ပါတယ်၊ နိုင်ငံခြားသားတွေ ဘုရားဖူးလာရင် ကပ်လှူပူဇော်ထားတဲ့ ကျောက်တွေကို စိတ်ဝင်တစားသေသေချာချာ လေ့လာဖူးမြော်ကြည်ညိုနေကြတာကို မြင်တွေ့ရမှာဖြစ်ပါတယ်၊ ကမ္ဘာ့ပထမဆုံးသော ကျောက်စိမ်းစေတီတော်ကြီးအဖြစ် ဂင်းနက်စ်စံချိန် မှတ်တမ်းဝင်နိုင်ဖို့အထိ မျှော်မှန်းထားပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထိုကမ္ဘာ့ပထမဆုံး ကျောက်စိမ်းစေတီတော်မြတ်ကြီး၏ ဘွဲ့အမည်မှာ (ဝေရောစန)ဖြစ်သည်။

**သတင်း-နန်းမြို့သား**
**ဓာတ်ပုံ-အောင်ပိုင်**

***ကျောဖုံးမှ***

ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မီးသုံးစွဲသူပြည်သူများ၏ လျှပ်စစ်ဓာတ်အား သုံးစွဲမှုများနှင့် ပတ်သက်ပြီး သက်ဆိုင်ရာမြို့နယ်/ ခရိုင်တို့ကို ဆက်သွယ်ဆောင်ရွက်ရာတွင် လျှပ်စစ်ပိုင်းဆိုင်ရာ ဆောင်ရွက်ပေးမှုများနှင့်ပတ်သက်၍ ကျေနပ်မှုမရှိခြင်း၊ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း မရှိခြင်းတို့အတွက် တိုင်ကြားလာပါက မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းရုံးချုပ်မှ စိစစ်ပြီး မှန်ကန်ပါက သက်ဆိုင်ရာမြို့နယ်နှင့် ခရိုင်ရုံးများရှိတာဝန်ရှိသူများကို စည်းမျဉ်းစည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကာ ဖုန်း ၀၉-၂၀၀၂၇၅၇၊ ၀၉-၂၀၄၀၂၉၅၊ ၀၉-၂၀၀၄၉၄၇ တို့သို့ အကြောင်းကြားနိုင်သည်။

ပြည်သူများအနေဖြင့် မိမိတို့နေအိမ်၊ အဆောက်အအုံများတွင် အိမ်သုံးမီတာများ တပ်ဆင်လိုပါက သက်ဆိုင်ရာ လျှပ်စစ်မန်နေဂျာရုံးများသို့ ဖုန်းဖြင့်ဆက်သွယ် အကြောင်းကြားရန်သာလိုအပ်ပြီး မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ နေအိမ်အဆောက်အအုံအရောက် လာရောက်ဆက်သွယ်ပြီး သတ်မှတ်ချက်များဖြစ်သည့် (က)မီတာတပ်ဆင်လိုသည့် အဆောက်အအုံသည် ကျူးကျော်ရပ်ကွက် သို့မဟုတ် သက်ဆိုင်ရာအာဏာပိုင်မှ ခွင့်မပြုသည့်နေရာမဖြစ်စေရ၊ (ခ)ဓာတ်အားသုံးစွဲမည့် အဆောက်အအုံသည် လျှပ်စစ်ကြောင့် အန္တရာယ်မဖြစ်စေရ၊ (ဂ)ဓာတ်အားလိုင်းနှင့် ပေ ၃၀၀ အတွင်းရှိရမည်၊ (ဃ) ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းဝန်အား နိုင်နင်းရမည်ဆိုသည့်အချက်များနှင့် ပြည့်စုံပါက ၂၄ နာရီအတွင်း တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# လျှပ်စစ်ဓာတ်အား ကွန်ကရစ်တိုင်များ ကျေးရွာအရောက်လဲလှယ်တပ်ဆင်

**ကျောက်ကြီး ဧပြီ ၂၀**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက ကျောက်ကြီးမြို့ ပဲခူးရပ်ကွက်မှ ကျောက်ခဲကြီးကျေးရွာအရောက် လျှပ်စစ် ၄၀၀ ဗို့ဓာတ်အားလိုင်း သွယ်တန်းထားသော သစ်သားတိုင်များကို ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းကို ဧပြီပထမပတ်မှ စတင်ဆောင်ရွက်လျက်ရှိသည်။

"လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးဖို့ စပြီးဆောင်ရွက်စဉ်က သစ်သားတိုင်တွေပဲ အသုံးပြုခဲ့ရတာပါ။ အခု သစ်သားတိုင်တွေက ဆွေးမြည့်ကုန်ပါပြီ။ ဒါကြောင့် ကွန်ကရစ်တိုင်တွေလဲရပြီဆိုတော့ မိုးရာသီမတိုင်မီ အပြီးသတ်ဆောင်ရွက်သွားပါမယ်"ဟု ကျောက်ကြီးမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအင်ဂျင်နီယာ ဦးမျိုးမင်းဦးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းပြသည်။

လျှပ်စစ်ဓာတ်အား ကွန်ကရစ်တိုင်များ လဲလှယ်တပ်ဆင်ပြီးပါက လျှပ်စစ်ဓာတ်အားလိုင်း ကြံ့ခိုင်မှုကောင်းမွန်၍ မိုးဦးကာလ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ လျော့နည်းသွားနိုင်မည်ဖြစ်ရာ လျှပ်စစ်မီတာသုံးစွဲသူ ၁၈၀ ကျော်တို့အတွက် လျှပ်စစ်သုံးစွဲမှု ပိုမိုအဆင်ပြေသွားမည်ဖြစ်သည်။

ယခုအခါ လျှပ်စစ်ဓာတ်အားကွန်ကရစ်တိုင် ၇၅ တိုင် လဲလှယ်တပ်ဆင်ပြီး ဧပြီ ၂၅ ရက်တွင် အပြီးသတ်ဆောင်ရွက်သွားမည်ဟု သိရသည်။

**(၀၄၅)**

# ချောက်မြို့တွင် အပူချိန်လွန်ကဲပြီး ၄၄ ဒီဂရီစင်တီဂရိတ်ရှိ

**နေပြည်တော် ဧပြီ ၂၀**

ယနေ့ မိုးလေဝသတိုင်းထွာချက်အရ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်နှင့် မင်းဘူးမြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ သိရသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များအနေဖြင့် ပလက်ဝမြို့တွင် ၁ ဒသမ ၃၄ လက်မ၊ လားရှိုးမြို့တွင် ၀ ဒသမ ၆၃ လက်မ၊ မိုးမိတ်မြို့တွင် ၀ ဒသမ ၄၇ လက်မနှင့် မိုးကုတ်မြို့တွင် ၀ ဒသမ ၄၀ လက်မတို့ ဖြစ်ကြသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ပြီး ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**(မြန်မာ့အလင်း)**

# မေထုန်မှဲ့သားစပ်နည်းသင်တန်း သံတွဲမြို့နယ်၌ ဖွင့်

**သံတွဲ ဧပြီ ၂၀**

ရခိုင်ပြည်နယ် သံတွဲခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် မေထုန်မှဲ့သားစပ်နည်း (အရပ်သား)သင်တန်း(၁/၂၀၁၅)ကို ဧပြီ ပထမပတ်က သံတွဲမြို့နယ် မဲနယ်ကွင်းကျေးရွာ၌ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

သင်တန်းတွင် နည်းပြဆရာ(အထူးတာဝန်)ဦးထွန်းရှိန်၊ သံတွဲ၊ တောင်ကုတ်၊ ဂွမြို့နယ်တို့မှ သင်တန်းနည်းပြဆရာများက သင်တန်းပို့ချရာ သင်တန်းသား သင်တန်းသူ ၃၇ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်ဦးစီးမှူး ဒေါက်တာခင်မောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သံတွဲမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာစိုးမြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းဆင်းလက်မှတ်များကို ပြည်နယ်ဦးစီးမှူး ဒေါက်တာခင်မောင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာစိုးမြင့်၊ သင်တန်းနည်းပြ(အထူးတာဝန်)ဦးထွန်းရှိန်တို့က ပေးအပ်ရာ သင်တန်းသားများက လက်ခံယူကြပြီး သင်တန်းတွင် ထူးချွန်စွာ သင်ကြားအောင်မြင်ခဲ့သည့် သင်တန်းသားသုံးဦးအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မန္တလေး၌ သက်ကြီးပူဇော်ပွဲကျင်းပ



**မန္တလေး ဧပြီ ၂၀**

အသက် ၇၀ ကျော်အဘိုးအဘွားများအား သက်ကြီးပူဇော်ကန်တော့ပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်အတွင်းရှိ အထက(၁၉)ကျောင်း မိုးအုံ့ခန်းမဆောင်၌ ဧပြီ ၁၉ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားသို့ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကိုကိုနိုင်နှင့် ရပ်မိရပ်ဖများ၊ အလှူရှင် ဦးအုံ့ကြီး(ခ)ဦးသန်းဇော်-ဒေါ်မိုးမိုး (မိုးအုံ့ကျောက်မျက်ကုမ္ပဏီ)မိသားစုများ၊ ကန်တော့ခံသက်ကြီးဘိုးဘွားများ တက်ရောက်ကြသည်။

ထို့နောက် အလှူရှင်မိသားစုက သက်ကြီးဘိုးဘွား စုစုပေါင်း ၉၂၀ ကို ကျောက်စိမ်းကိုးလုံးပါ ပုတီးတစ်ကုံး၊ ပုဆိုးတစ်ထည်၊ ထဘီတစ်ထည်နှင့် ငွေသားတစ်သောင်းတို့ကို ဘိုးဘွားများအား တစ်ဦးချင်းစီလှူဒါန်းပြီး ပူဇော်ကန်တော့ကြသည်။ ညနေပိုင်းတွင် ရပ်ကွက်အတွင်းရှိ ပြည်သူများကို စတုဒိသာထမင်းဟင်းလျာများကို ကျွေးမွေးကုသိုလ်ပြုခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**တင်မောင်(မန်းကိုယ်ပွား)**

# မွန်ပြည်နယ်တွင် နှစ်သစ်မင်္ဂလာ ဇီဝိတဒါနသံလွင်မြစ်အတွင်းငါးလွှတ်

**မော်လမြိုင် ဧပြီ ၂၀**

မွန်ပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် နှစ်သစ်မင်္ဂလာ ဇီဝိတဒါန ငါးလွှတ်ပွဲကို နှစ်ဆန်း ၁ ရက် နံနက် ၆ နာရီခွဲက မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ မြို့မတံတား၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးကျင်ဖေ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်မောင်ဝင်းနှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများနှင့် မော်လမြိုင်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ပြည်နယ်တာဝန်ခံအရာရှိက နှစ်သစ်မင်္ဂလာ ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။



ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမျိုးညွန့်က ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် အရှေ့တောင် တိုင်းစစ်ဌာနချုပ်တိုင်းမှူးထံ ငါးသားပေါက်များ လွှဲပြောင်းပေးအပ်ပြီး ငါးသားပေါက်များကို သံလွင်မြစ်အတွင်းသို့ စုပေါင်းလွှတ်ပေးကြသည်။ **(ဝဲပုံ)** ယခုနှစ် နှစ်သစ်မင်္ဂလာ ဇီဝိတဒါနငါးလွှတ်ပွဲတွင် ရွှေဝါငါးကြင်းကောင်ရေ လေးသောင်းနှင့် တီလားပီးယားကောင်ရေ လေးသောင်း စုစုပေါင်း ငါးသားပေါက်ကောင်ရေရှစ်သောင်းကို သံလွင်မြစ်အတွင်း လွှတ်ပေးခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး) ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် သင်တန်းသားများခေါ်ယူမည်

**မန္တလေး ဧပြီ ၂၀**

ထူးချွန်ထက်မြက်သော မျိုးဆက်သစ်ဘောလုံးသမားများပေါ်ထွက်လာစေရန်ရည်ရွယ်၍ မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)က ၂၀၁၅-၂၀၁၆ ဆဋ္ဌမပညာသင်နှစ်အတွက် သင်တန်းသားများနောက်ဆုံးဆန်ခါတင်ရွေးချယ်ခြင်းကို မေ ၁၆ ရက်နှင့် ၁၇ ရက်တွင် မန္တလေးချမ်းမြသာစည်မြို့နယ်ရှိ အဆိုပါမြန်မာဘောလုံး အကယ်ဒမီ(မန္တလေး)ကျောင်း၌ ကျင်းပမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရွေးချယ်ပွဲတွင် ယူ-၁၁ အသင်းနှင့် ယူ-၁၃ အသင်းအတွက် သင်တန်းသားများ လျှောက်ထားနိုင်သည်။ ယူ-၁၁ အသင်းအတွက် ကစားသမားသည် ၂၀၀၄ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်အတွင်း မွေးဖွားသူဖြစ်ပြီး အရပ်လေးပေလေးလက်မထက်မနိမ့်ဘဲ ပညာအရည်အချင်းမှာ ပဉ္စမတန်းဖြစ်ရမည်။ ယူ-၁၃ အသင်းအတွက် ကစားသမားသည် ၂၀၀၂ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်အတွင်း မွေးဖွားသူဖြစ်ပြီး အရပ်လေးပေ ခုနစ်လက်မထက်မနိမ့်ဘဲ ပညာအရည်အချင်းမှာ ပဉ္စမတန်းဖြစ်ရမည်ဖြစ်ပြီး လျှောက်လွှာနှင့်အတူ ဓာတ်ပုံသုံးပုံ၊ မွေးဖွားစာရင်းမူရင်း၊ အိမ်ထောင်စုစာရင်းမူရင်း၊ ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်မူရင်းတို့ဖြင့်လျှောက်ထားရမည်ဖြစ်သည်။

ရွေးချယ်မည့်ဘောလုံးအခြေခံစနစ်များမှာ ခြေထောက်(ဝဲ၊ ယာအတော့)၊ အလိမ်၊ အခေါက်၊ အပေး၊ အယူနှင့် လေးယောက်ခွဲ၍ ကစားရမည်ဖြစ်ကြောင်းနှင့် သင်တန်းလျှောက်ထားလိုသူများအနေဖြင့် မိမိတို့မြို့နယ်အားကစားဦးစီးဌာနအရာရှိများထံ ကြိုတင်စာရင်းပေးဆက်သွယ်နိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# စပါးအဖိုဝတ်မှုန်မွေးမြူခြင်းနည်းဖြင့် ထုတ်လုပ်ထားသည့် မျိုးစပါးသစ် ကွမ်းခြံကုန်းမြို့နယ်၌ မိတ်ဆက်ရှင်းလင်း



**ကွမ်းခြံကုန်း ဧပြီ ၂၀**

အပင်ဇီဝနည်းပညာဗဟိုဌာနမှ စပါးအဖိုဝတ်မှုန် မွေးမြူခြင်းနည်းပညာဖြင့် ထုတ်လုပ်ထားသည့် အထွက်ကောင်းမျိုးစပါးသစ်နှစ်မျိုးနှင့် ရာသီမရွေးစိုက်ပျိုးနိုင်သည့် ပေါ်ဆန်းစပါးမျိုးသစ်လေးမျိုး စုစုပေါင်းခြောက်မျိုး စိုက်ခင်းအတွင်းလက်တွေ့ကွင်းဆင်းမိတ်ဆက်ရှင်းလင်းခြင်းကို ဧပြီ ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကမာပါကျေးရွာ ကွင်းအမှတ်(၃၇၁) ဦးပိုင်အမှတ်(၂၉/က)ရှိ တောင်သူ ဦးဝင်းကြည်၏ လယ်မြေငါးကေ၌ ကျင်းပသည်။

အဆိုပါ မိတ်ဆက်ရှင်းလင်းရာသို့ တောင်ပိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမြင့်နှင့်ဝန်ထမ်းများ၊ အပင်ဇီဝနည်းပညာဌာနဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ကြပြီး မျိုးသစ်တစ်ခုချင်းစီ၏ အရည်အချင်းလက္ခဏာများကို စိုက်ပျိုးရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာပပအောင်နှင့် ဦးစီးအရာရှိ ဒေါက်တာညိုညိုမာတို့က ရှင်းလင်းတင်ပြရာ တောင်သူများကလည်း အထွက်နှုန်းကောင်းပြီး ဈေးကွက်ဝယ်လိုအားကောင်းသည့် မျိုးကောင်း မျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးရန် နှစ်သက်ဆန္ဒရှိကြောင်း သိရသည်။

**စိုးဝင်း(ကျောက်တန်း)**

# ရေစကြိုမြို့နယ် မြစ်ရေတင်သောက် စိုက်ကေများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



**ရေစကြို ဧပြီ ၂၀**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ချစ်သူလျှပ်စစ်မြစ်ရေတင်မှ နွေသီးနှံများအတွက် စိုက်ပျိုးရေကို ဖေဖော်ဝါရီ ၁ ရက်က စတင်ပြီး ရေလွှတ်ပေးလျက်ရှိရာ ချစ်သူလျှပ်စစ်မြစ်ရေတင်သောက်စိုက်ကေများမှ နွေသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

အဆိုပါ ချစ်သူလျှပ်စစ်မြစ်ရေတင်ကို ၁၉၉၅-၁၉၉၆ ခုနှစ်ခန့်က နိုင်ငံတော်အစိုးရက တည်ဆောက်ခဲ့ပြီး ၁၉၉၈-၁၉၉၉ ခုနှစ်မှ စတင်ကာ စိုက်ပျိုးရေ ပေးဝေခဲ့သည်။

ချစ်သူ လျှပ်စစ်မြစ်ရေတင်ကို မြောင်းမကြီး နှစ်ခု၊ မြောင်းလက်တံလေးခုဖြင့် တည်ဆောက်ထားရာ လက်ဝဲမြောင်းမကြီးမှ ချစ်သူရွာ၊ ပခန်းငယ်၊ တောရကုန်း၊ ရွာသာ၊ OISCA ဂျပန်စိုက်ပျိုးရေးသင်တန်းကျောင်းတို့ရှိ သီးနှံစိုက်ခင်းများကို စိုက်ပျိုးရေပေးလွှတ်လျက်ရှိပြီး လက်ယာမြောင်းမကြီးမှ ချစ်သူရွာ၊ ရွာသာအေး၊ စဉ့်ကိုင်ကျေးရွာတို့ရှိ သီးနှံစိုက်ခင်းများသို့ စိုက်ပျိုးရေပေးပို့လျက်ရှိသည်ဟု သိရသည်။

ထို့ကြောင့် ယခုအချိန်တွင် ချစ်သူလျှပ်စစ်မြစ်ရေတင် နွေစပါးစိုက်ခင်းများတွင် နွေစပါး၊ ပဲတီစိမ်းနှင့် CP ပြောင်းဖူးပင်များကို စိုက်ပျိုးထားကြရာ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ဟု သိရသည်။ **(ဝဲပုံ)**

**အိမွန်ဆွေ(ရေစကြို)**

# သကြင်္န်ကာလ ခါးပိုက်နှိုက်ဖမ်းဆီး

**ရန်ကုန် ဧပြီ ၂၀**

ရန်ကုန်မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် သင်္ကြန်ကာလ ခါးပိုက်နှိုက်မှု ဖမ်းဆီးရမိရေးစီမံချက်ဆောင်ရွက်နေစဉ် ဧပြီ ၁၄ ရက်၌ လှိုင်သာယာမြို့နယ် ရန်ကုန်-ညောင်တုန်းလမ်း ဗဟိုရေကစားမဏ္ဍပ်အတွင်း၌ ခါးပိုက်နှိုက်ပြစ်ချက်ဟောင်းရှိသူ နိုင်လင်းဦးနှင့် စန်းဝင်းတို့နှစ်ဦးကို တွေ့ရှိ၍ သက်သေများရှေ့ ရှာဖွေစစ်ဆေးဆောင်ရွက်ခဲ့ရာ မဏ္ဍပ်အတွင်း ကခုန်နေသူ အမျိုးသားတစ်ဦးထံမှ နှိုက်ယူရရှိသော ငွေကျပ် ၁၀၂၀၀ နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိ၍ လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**မိုးကို**



# ညအချိန် နေအိမ်ရှေ့တွင်ရပ်ထားသည့်ကားကို ယာဉ်တစ်စီးမှဝင်တိုက် နှစ်ဦးသေ၊ ရှစ်ဦးဒဏ်ရာရ

**ရမည်းသင်း ဧပြီ ၂၀**

ရမည်းသင်းမြို့ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းတွင် နေအိမ်ရှေ့တွင် ညအချိန်ရပ်ထားသည့်ကားကို အခြားယာဉ်တစ်စီးက နောက်မှနေ၍ ဝင်ရောက်တိုက်မိမှုကြောင့် နှစ်ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာများရရှိကာ ခရိုင်ပြည်သူ့ဆေးရုံသို့ တင်ပို့ထားမှု ဧပြီ ၁၇ ရက် နံနက် ၃ နာရီက ရမည်းသင်းမြို့တွင် ဖြစ်ပွားခဲ့သည်။

ယာဉ်တိုက်မှုသတင်းအရ ရမည်းသင်းမြို့(မြို့မ)ရဲစခန်း တာဝန်မှူး ဒုရဲမှူး ကျော်ကိုကိုနှင့် တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ရပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မိုင်တိုင်အမှတ် (၂၉၁/၄)နှင့် (၂၉၁/၅) အကြား ခေတ်မီကုန်မာဆိုင်ရှေ့တွင် ယာဉ်မောင်း ဦးပွကြီး၏ နီဆန်းခြောက်ဘီး အဖြူရောင်ယာဉ်ကို နေအိမ်ရှေ့တွင် ရပ်ထားစဉ် ယာဉ်မောင်း ကျော်ကျော်ဝင်း(၃၇ နှစ်) မောင်းနှင်သည့် 8D/---- Light Truck အဖြူရောင်ယာဉ်ပေါ် ဦးဇော်ဝင်း(၆၁ နှစ်)၊ ဒေါ်ခင်သန်း(၆၂ နှစ်)၊ မလှိုင်မြို့တို့က ကား၏ရှေ့ခန်းတွင် လိုက်ပါလာပြီး ကားနောက်ခန်းတွင် တင်မျိုးဇော်(၁၇ နှစ်)၊ မင်းဇော်(၂၃နှစ်)၊ အောင်ကိုကိုမျိုး(၁၇ နှစ်)၊ မစန္ဒာအောင် (၁၀ နှစ်)၊ မဥမ္မာအောင် (၆ နှစ်)၊ ချမ်းချမ်း(၂ နှစ်)၊ မမြင့်မြင့်ခိုင်(၃၈ နှစ်)၊ မစိုးစိုးခိုင်(၃၅ နှစ်)တို့ လိုက်ပါခဲ့ကြသည်။

၎င်းယာဉ်ကို နေပြည်တော်မှ ဧပြီ ၁၇ ရက် နံနက် ၁ နာရီက မလှိုင်မြို့သို့ ထွက်ခွာခဲ့စဉ် နံနက် ၃ နာရီတွင် ယာဉ်မောင်း ကျော်ကျော်ဝင်းမှာ အိပ်ငိုက်ပြီး လမ်းအရှေ့ဘက်ခြမ်းတွင် ရပ်ထားသောယာဉ်ကို နောက်မှနေ၍ ဝင်ရောက်တိုက်မိခဲ့သဖြင့် ယာဉ်မောင်းမှာ ဒဏ်ရာရရှိပြီး ဦးဇော်ဝင်းနှင့် ဒေါ်ခင်သန်းတို့သည် ဒဏ်ရာများဖြင့် သေဆုံးပြီး၊ တင်မျိုးဇော်၊ မျိုးတင့်ဇော်၊ အောင်ကိုကိုမျိုး၊ မအေးရတနာမျိုး၊ ဇော်ထက်ပိုင်၊ မစန္ဒာအောင် စသည်တို့မှာ ဒဏ်ရာများရရှိခဲ့၍ ရဲဆေးစာဖြင့် ခရိုင်ပြည်သူ့ဆေးရုံသို့ တင်ပို့ကုသမှုများ ဆောင်ရွက်ခဲ့ပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ကျော်ကျော်ဝင်းကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၀၁၁)**

# ရပ်စောက်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၄၃၆ ပြား ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၀**

ရပ်စောက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဧပြီ ၁၈ ရက်က ရပ်စောက်မြို့နယ် ငါးကြောင်ကျေးရွာအုပ်စု ရပ်ကွက်(၅) ပင်ဖြစ်ကျေးရွာနေ ဝင်းလတ်ဌေး၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ မင်းနိုင်နှင့် မောင်လေးတို့ အားတွေ့ရပြီး မောင်လေး၏ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၃၆ ပြားကို သိမ်းဆည်းရမိခဲ့သည်။

ထိုသို့ ဖမ်းဆီးရမိသူ မောင်လေး(၃၀နှစ်)၊ မင်းနိုင်(၃၀နှစ်)နှင့် ဝင်းလတ်ဌေး (၃၄ နှစ်)တို့ သုံးဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



မောင်လေး၊ မင်းနိုင်နှင့် ဝင်းလတ်ဌေးတို့ သုံးဦးအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# အင်းတော်မြို့နယ် မဲဇာကျေးရွာတွင် ဘိန်းဖြူ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသောပစ္စည်းများ ဖမ်းမိ

**အင်းတော် ဧပြီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မဲဇာကျေးရွာတွင် ဘိန်းဖြူ WY စာတန်းပါ စိတ်ကြွ ရူးသွပ်ဆေးပြားများနှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသောပစ္စည်းများကို ဧပြီ ၂၀ ရက် နံနက် ၁၁ နာရီခွဲက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၀ ရက် နံနက် ၁၁ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(၆) ကသာမှ ဒုရဲမှူးရန်နိုင်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ အင်းတော်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သောင်းစိန်ထွန်းနှင့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ မဲဇာကျေးရွာ အမှတ်(၅)ရပ်ကွက် အောင်မြင့်မိုး၏ နေအိမ်အပေါ်ထပ်တွင် မူးယစ်ဆေးဝါး ဝိုင်းဖွဲ့သုံးစွဲနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ အိမ်ရှင် အောင်မြင့်မိုးနှင့်အတူ ခင်မောင်ချို၊ ခင်မောင်ထွေးတို့ သုံးဦးသည် နေအိမ်ရှေ့ခန်း ကြမ်းပြင်ပေါ်တွင် ဝိုင်းဖွဲ့ထိုင်၍ မူးယစ်ဆေးဝါး သုံးစွဲနေသည်ကို တွေ့ရှိရပြီး ၎င်းတို့ သုံးဦးထိုင်နေသည့် ဝိုင်းအတွင်းရှိ ကြမ်းပြင်ပေါ်မှ ဖြူဖြူစန်းတံဆိပ်ပါ အစိမ်းရောင် ကွမ်းယာဘူးခွံအတွင်းမှ ဘိန်းဖြူ လေးဂရမ်ခန့်ပါ တစ်ဘူး၊ အဖြူရောင် လေးထောင့်ဘူးအတွင်းမှ ဘိန်းဖြူ ၀ ဒသမ ၃ ဂရမ်ခန့်ပါ တစ်ဘူး၊ ကမ္ဘာလုံးတံဆိပ်ပါ အပြာရောင် ပလတ်စတစ်အိတ်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွ ရူးသွပ်ဆေးပြား ၄၀၊ အမဲရောင်ပိုက်ဆံအိတ်အတွင်းမှ မူးယစ်ဆေးဝါး ရောင်းချရငွေဟု ယူဆရသော ငွေကျပ် ၈၁၄၀၀၊ စိတ်ကြွရူးသွပ်ဆေးပြားသုံးစွဲရာတွင် အသုံးပြုသည့် အချိုရည်စုပ်ပိုက် တပ်ထားသော အချိုရည်ဘူးခွံသုံးဘူး၊ ဘိန်းဖြူမှုန့်များ ကပ်ငြိနေသော ပလတ်စတစ်အဖြူရောင်ကော်ဘူးနှစ်ဘူးနှင့် ပင်နီဆီလင်ပုလင်းခွံတစ်လုံး၊ မူးယစ်ဆေးဝါး သုံးစွဲရာတွင် အသုံးပြုသည့် သုံးစွဲပြီး လက်ကျန်ခဲစက္ကူ အပိုင်းအစငါးခု၊ ရောင်စုံဂက်စ်မီးခြစ် ၁၂ လုံး၊ ရောင်စုံအအေးပိုက်တစ်ထုပ်၊ အောင်ကျော်မင်းအမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခု၊ မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲရာတွင် ဆက်သွယ်ဆောင်ရွက် အသုံးပြုသော လက်ကိုင်ဖုန်းသုံးလုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိပြီး ဥပဒေအရ အရေးယူဆောင်ရွက်ထားသောအမှုဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူ အိမ်ရှင်အောင်မြင့်မိုး (၃၉နှစ်) ကျူရှင်ဆရာ မဲဇာကျေးရွာ အင်းတော်မြို့နယ်နေသူနှင့် နေအိမ်သို့ရောက်ရှိ မူးယစ်ဆေးဝါး သုံးစွဲနေသူ ခင်မောင်ချို(၄၆နှစ်) သူဌေးကုန်းရပ် ကွန်းလှမြို့၊ ခင်မောင်ထွေး(၄၁နှစ်)သူဌေးကုန်းရပ် ကွန်းလှမြို့နေသူနှင့် ထွက်ပြေးတိမ်းရှောင်နေသူ အောင်ကျော်မင်း(၃၀နှစ်) လှည်းကူးရွာ ထီးချိုင့်မြို့နယ်နေသူတို့ကို အင်းတော်မြို့မရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုနိုင်(အင်းတော်)**

# လိုက်ထရပ်ယာဉ် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်၍ ၂၂ ဦး ဒဏ်ရာရ

**ရန်ကုန် ဧပြီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၃/၃-၄)ကြားတွင် ဧပြီ ၁၇ ရက် ည ၉ နာရီ ၁၅ မိနစ်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၃)အမြန်လမ်းမကြီး ရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ နေပြည်တော်မှ ရန်ကုန်သို့ ရွှေပြည်သာမြို့နယ် (တ/၁၅)ရပ်ကွက်နေ လှဝင်းထွန်း (၃၀နှစ်) မောင်းနှင်လာသော 8L /---- ပစ်ကပ်လိုက်ထရပ်အဖြူရောင်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ဘေးရှိ မြေသားလမ်းပေါ်သို့ ရောက်ရှိတိမ်းမှောက်ခဲ့ကြောင်း သိရသည်။ ထိုသို့ တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသူ ၃၂ ဦးအနက် ယာဉ်မောင်း လှဝင်းထွန်းနှင့် တစ်ရပ်ကွက်တည်းနေ ကိုထွန်းထွန်းဝင်း (၃၆ နှစ်)ပါ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၂၂ ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် လှည်းကူးပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ပြီး လှဝင်းထွန်းအား အမှတ်(၃) အမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄)မှ တာဝန်ယူဆောင်ရွက်သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် တည်ဆောက်သည့် သမဝါယမတက္ကသိုလ်(သန်လျင်)ဘွဲ့နှင်းသဘင်ခန်းမတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ရန် လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | အမျိုးအမည် |
|---|---|
| ၁။ | ဘိလပ်မြေ(ကြွံ) |
| ၂။ | မြေအုတ် |
| ၃။ | မြစ်သဲ |
| ၄။ | မြစ်ကျောက်စရစ် |
| ၅။ | တောသစ်(အင်/ကညင်) |
| ၆။ | ငါးထပ်သား(၈×၄)ပေ(9mm) |

၂။ တင်ဒါစည်းကမ်းချက်နှင့် လျှောက်လွှာပုံစံများအား ၂၂-၄-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး၊ အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄)၊ သုမင်္ဂလာလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နှင့် သမဝါယမတက္ကသိုလ်(သန်လျင်)ဘွဲ့နှင်းသဘင်ခန်းမလုပ်ငန်းခွင်ရုံးတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၄-၅-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၅-၅-၂၀၁၅ ရက်၊ ၁၀း၀၀ နာရီ သမဝါယမတက္ကသိုလ်(သန်လျင်) လုပ်ငန်းခွင်ရှင်းလင်းဆောင်

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။
ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး၊ အဆောက်အအုံအထူးအဖွဲ့(၄)
ဖုန်း-၀၁-၅၆၂၁၉၇၊ ၀၁-၅၇၇၁၀၃

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**


# ခိုးမှုကျူးလွန်ကြောင်း သတင်းရရှိထားသူအား ဖမ်းဆီးစစ်ဆေးရာက သင်္ကြန်ကာလအတွင်း အရက်မူးပြီး အိပ်ပျော်နေသူများထံမှ လက်ကိုင်ဖုန်းခြောက်လုံး ခိုးယူကြောင်းပေါ်

**နေပြည်တော် ဧပြီ ၂၀**

မန္တလေးတိုင်းဒေသကြီး တိုင်းရဲအကူတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များသည် ဧပြီ ၁၉ ရက် မွန်းလွဲ ၁ နာရီက မပေါ်ပေါက်သေးသည့် အမှုများအား ကူညီစုံစမ်းဖော်ထုတ်ရန် နယ်မြေအတွင်း သတင်းစုံစမ်းနေစဉ် ခိုးမှုများကျူးလွန်ထားကြောင်း သတင်းရရှိထားသူ မဟာအောင်မြေမြို့နယ် ချော်ဆိပ်ရပ်ကွက်နေ သဲမောင်မောင်(ခ)သဲမောင်(၁၉နှစ်)အား ကမ်းနားလမ်းနှင့် (၄၂)လမ်းကြားတွင် တွေ့ရှိ၍ သက်သေများနှင့်အတူ စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ သဲမောင်မောင်(ခ)သဲမောင်သည် ချမ်းမြသာစည်မြို့နယ်နေ ကိုဦး(၂၀နှစ်)၊ အောင်ကြီး(၁၈ နှစ်)နှင့် ချမ်းအေးသာစံမြို့နယ်နေ လော်ပန်တို့နှင့်အတူ ဧပြီ ၁၃ ရက် ညနေ ၄ နာရီက အောင်မြေသာစံမြို့နယ် ALPINE မဏ္ဍပ်အနီး အရက်မူးပြီး အိပ်ပျော်နေသူ အမျိုးသားနှစ်ဦးထံမှ HUAWEI အမျိုးအစား ဟန်းဆက်အဖြူရောင်တစ်လုံးနှင့် ဆင်းကတ်ပါ COOL-PAD 6030 အမျိုးအစား ဖြူ/နက်ရောင် ဟန်းဆက်တစ်လုံးတို့အားလည်းကောင်း၊ ဧပြီ ၁၄ ရက် နံနက် ၁၀ နာရီက ALPINE မဏ္ဍပ်အရှေ့ဘက် ကျုံးဘေးတွင် ရပ်ထားသည့် ယာဉ်ပေါ်မှ HUAWEI အမျိုးအစား ဟန်းဆက် အနက်ရောင်တစ်လုံးနှင့် ဆင်းမ်ကတ်ပါ COOLPAD 5200S အမျိုးအစား အနက်ရောင် ဟန်းဆက်တစ်လုံးတို့အားလည်းကောင်း၊ ဧပြီ ၁၅ ရက် ညနေ ၅ နာရီက ALPINE မဏ္ဍပ်အနီးရပ်ထားသည့် ယာဉ်ပေါ်တွင် အရက်မူးပြီး အိပ်ပျော်နေသူ အမျိုးသားနှစ်ဦးထံမှ HUAWEI G 730 အမျိုးအစား ဟန်းဆက်အဖြူရောင်တစ်လုံးနှင့် ဆင်းမ်ကတ်ပါ HUAWEI G 610 အမျိုးအစား ဟန်းဆက် အဖြူရောင်တစ်လုံးတို့အားလည်းကောင်း ခိုးယူခဲ့ကြောင်း သိရှိရ၍ သက်သေခံပစ္စည်းများ သိမ်းဆည်းပြီး ၎င်းတို့လေးဦးအား အောင်မြေသာစံမြို့နယ် အမှတ်(၂) နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# လောက်ကိုင်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀၊ WY တံဆိပ်ပါ လက်ရိုက်မှုတစ်စုံနှင့် လက်နက်ခဲယမ်းများဖမ်းမိ

**နေပြည်တော် ဧပြီ ၂၀**

နယ်မြေခံတပ်မတော်သားများသည် လောက်ကိုင်မြို့ ရပ်ကွက်(၃) ရွှေဆင်မြို့သစ်နေ ရန်ဟွာ၏နေအိမ်ကို ဧပြီ ၁၈ ရက်က နယ်မြေရှင်းလင်း ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ချန်ဝမ်နှင့် ရန်ထိုက်ဟုံတို့အားတွေ့ရပြီး ရန်ဟွာအိပ်သည့် အိပ်ခန်းမျက်နှာကြက်ပေါ်မှ ပလတ်စတစ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀ ၊ WY တံဆိပ်ပါ လက်ရိုက်မှုတစ်စုံ၊ အိပ်ခန်းခုတင်အောက်မှ သေနတ်နှစ်လက်၊ ကျည်အိမ်သုံးခုနှင့် ကျည် ၂၂ တောင့်တို့ကို သိမ်းဆည်းရမိပြီး မူးယစ်တပ်ဖွဲ့စု (၂၁)ကွမ်းလုံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူ ရန်ဟွာ( ၄၆ နှစ်)၊ ချန်ဝမ်(၄၀နှစ်)နှင့် ရန်ထိုက်ဟုံ(၃၀နှစ်)တို့သုံးဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



ရန်ဟွာ၊ ချန်ဝမ်နှင့် ရန်ထိုက်ဟုံတို့ သုံးဦးအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါး၊ လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

# ဆိပ်ဖြူမြို့နယ် ချင်တောင်ကျေးရွာအုပ်စုတွင် သက်န်းဝတ်ဖြင့် အလောင်းတစ်လောင်းတွေ့ရှိ

**ဆိပ်ဖြူ ဧပြီ ၂၀**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ချင်တောင်ကျေးရွာအုပ်စုနှင့် စလင်းမြို့နယ် မြေနုကျေးရွာနယ်စပ်ယာခင်းအနီး ကျောက်မော်စွန်းတောင်ခြေအောက်တွင် ဧပြီ ၂၀ ရက် နံနက်တွင် ဆိတ်ကျောင်းသားများက သက်န်းဝတ်ဖြင့် အမည်မသိ အလောင်းတစ်လောင်းတွေ့ရှိကြောင်း သိရသည်။

ဖြစ်စဉ်အား မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ သတင်းပေးပို့ခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းမြင့်ဝင်း၊ မြို့မစခန်းမှူး ဒုရဲမှူးမြင့်အောင်ထွန်းနှင့် တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ပွားရာနေရာသို့ ချက်ချင်းရောက်ရှိခဲ့ပြီး သေဆုံးသူ မည်သူမည်ဝါဖြစ်ကြောင်း စုံစမ်းခဲ့ရာ သေဆုံးသူမှာ ချင်တောင်ကျေးရွာ ရေလဲဘုန်းတော်ကြီးကျောင်းမှ လူအမည် မင်းဇော်၊ သံဃာအမည်မှာ ရှင်ဥပ္ပရာမ၊ သက်တော် (၃၆နှစ်) ဝါတော်(၃)ဝါဖြစ်ကြောင်း သိရပြီး ရေလဲကျောင်းထိုင်ဆရာတော် ဦးတေဇနိယနှင့် အစ်မဖြစ်သူ ဒေါ်စန်းမြင့်တို့က ပျံလွန်တော်မူသွားသည့် ရှင်ဥပ္ပရာမသည် စိတ်ဝေဒနာရှိသူတစ်ဦးဖြစ်ပြီး သွေးတိုးရောဂါရှိကြောင်းလည်း သိရသည်။

အရှင်ဥပ္ပရာမမှာ လွန်ခဲ့သောသုံးရက်ခန့်က ပျောက်ဆုံးသွားကြောင်း သိရပြီး အလောင်းအားစစ်ဆေးရာ ကျောက်မော်စွန်း တောင်ခြေအောက်တွင် အနောက်ဘက်သို့ ဦးခေါင်းမူလျက် ပြင်ပဒဏ်ရာမတွေ့ရဘဲ ပျံလွန်တော်မူနေကြောင်း သိရသည်။

ဖြစ်စဉ်များနှင့်ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်/မဟုတ်၊ အမှုမှန်ပေါ်ပေါက်ရေး သိရှိစစ်ဆေးနိုင်ရန်အတွက် အလောင်းကို ဆိပ်ဖြူမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ဆိပ်ဖြူမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**စိုးလင်းနိုင်**(IPRD)

# မင်္ဂလာတောင်ညွန့်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၊ အိုက်စ် ၀ ဒသမ ၀၀၁၃ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၀**

မူးယစ်တပ်ဖွဲ့စု (၄၃) ရန်ကုန်(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များသည် ဧပြီ ၁၉ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာတောင်ညွန့်ရပ်ကွက် ၁၁၅ လမ်းတွင် အိုမန်ဖာရွတ်မောင်းနှင်ပြီး အောင်ဆန်းဦးလိုက်ပါလာသည့် စူဇူကီးမော်တော်ယာဉ်ကို သတင်းအရ ရပ်တန့်ရှာဖွေရာ အောင်ဆန်းဦး၏ ဝဲလက်ရှိကြွပ်ကြွပ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ် ဆေးပြား ၅၀၀၊ ကော်ဘူးဖြင့်ထည့်လျက် အိုက်စ် ၀ ဒသမ ၀၀၁၃ကီလို၊ လက်ကိုင်ဖုန်းနှစ်လုံးနှင့် မြန်မာငွေကျပ် ၂၀၅၀၀ တို့ကို သိမ်းဆည်းရမိသည်။



အောင်ဆန်းဦး(ခ)ဟာရှင်းနှင့် အိုမန်ဖာရွတ်တို့ နှစ်ဦးအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အဆိုပါ ဖမ်းဆီးရမိသူ အောင်ဆန်းဦး(ခ)ဟာရှင်း(၃၅နှစ်)နှင့် အိုမန်ဖာရွတ်(၃၇နှစ်)တို့ နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

မူးယစ်
အန္တရာယ်
ဝိုင်းဝန်း
ကာကွယ်

# မိတ္ထီလာတွင် မူးယစ်ဆေးဝါးသုံးစွဲသူဖမ်းမိ

**မိတ္ထီလာ ဧပြီ ၂၀**

မိတ္ထီလာမြို့ မှူ/ကူဌာနမှ ဒုရဲအုပ်လှစိုးမိုးသည် ဧပြီ ၁၉ ရက် နံနက် ၁၁ နာရီခွဲက မြို့မရဲစခန်းမှ တပ်ကြပ်မြင့်စိုး၊ ပေါက်ချောင်းရပ်ကွက် ရာအိမ်မှူး ဦးဇော်မင်း၊ နန်းတော်ကုန်းရပ်ကွက် ရာအိမ်မှူး ဦးသန်းမျိုးတို့နှင့်အတူ ပေါက်ချောင်းဈေးတန်းရပ်ရှိ ခေတ်သစ်ဦးလက်ဖက်ရည်ဆိုင်အနီးတွင် မူးယစ်ဆေးဝါးသတင်းအရ စောင့်ကြည့်နေစဉ် မြတ်ကျော်သူ(ခ)ဖိုးထောင်သည် ၄၁ယ/ --- ရှာရမ်း (၁၁၀) အနက်ရောင်ဆိုင်ကယ်ဖြင့် ရောက်လာပြီး ခေတ်သစ်ဦးလက်ဖက်ရည်ဆိုင်အတွင်းသို့ ဝင်ရောက်ထိုင်နေစဉ် ရှာဖွေရာ ပန်းရောင်တစ်ရှူးအိတ်ဖြင့်ထည့်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၂၉ ပြား၊ အစိမ်းရောင်စိတ်ကြွဆေးပြားတစ်ပြား စုစုပေါင်း စိတ်ကြွ ဆေးပြား ၃၀၊ တစ်ပြားလျှင် ငွေကျပ် ၄၀၀၀ ခန့် စုစုပေါင်း တန်ဖိုးငွေကျပ် ၁၂၀၀၀၀ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ ၎င်းနေအိမ်ကို ရှာဖွေရာ နေအိမ်ခေါင်းရင်း အဖီအတွင်း တိုင်ကြားမှ အပြာရောင်ကပ်ခွာအိတ်ဖြင့်ထည့်လျက် WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွဆေးပြား ၂၅ ပြား၊ အစိမ်းရောင်စိတ်ကြွဆေးပြားတစ်ပြား စုစုပေါင်း ၂၆ ပြား တန်ဖိုးငွေကျပ် ၁၀၄၀၀၀ ရှာဖွေတွေ့ရှိသဖြင့် ဒုရဲအုပ်လှစိုးမိုးက တရားလိုပြုလုပ်၍ မြို့မရဲစခန်းတွင် အမှုဖွင့်တိုင်ကြားရာ မြတ်ကျော်သူ(ခ)ဖိုးထောင် မိတ္ထီလာမြို့ အောင်ဆန်းနယ်မြေ ကျောက်ဖူးရပ်နေသူအား မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

**တင်လှိုင်(မိတ္ထီလာ)**


## မိဘအမည်မှန်

ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့ (အထက ) အဋ္ဌမတန်း (B)မှ မရီရီတင့်၏ မိဘအမည်မှန်မှာ ဦးသန်းထိုက်အောင်-မတင်တင်အေးတို့ ဖြစ်ပါကြောင်း။

**ဦးသန်းထိုက်အောင်-မတင်တင်အေး**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စည်သူအောင် ၁၂/လမန(နိုင်)၁၄၈၇၄၈၏ PASSPORT MA 644285 စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၈၀၃၇၂၀၅**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၈၄၅၀၁၊ Ho-nda Dream M/C ယာဉ်လက်ဝယ်ရှိသူဦးနိုင်မိုး ၃/ဘအန(နိုင်)၂၂၂၃၉၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ပြည်နယ်ရုံး(ဘားအံမြို့)**

## ဖခင်အမည်မှန်

ဖားကန့်မြို့နယ်၊ ဆိပ်မူ(အထက) သတ္တမတန်း(B)မှ မောင်အောင်သိန်း၊ ဆဋ္ဌမတန်း(B)မှ မောင်လှအောင်၊ ဒုတိယတန်း(A)မှ မောင်တူးရှိန်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ချုပ် ၁/ကမန(နိုင်)၀၅၂၄၇၄ ဖြစ်ပါကြောင်း။

**ဦးအောင်ချုပ်**

## ဘာသာပြန်သည်

မြန်မာ-အင်္ဂလိပ်၊ အင်္ဂလိပ်-မြန်မာ ဦးမြတ်ဆွေ (MS) သမ္ဘာရင့်အယ်ဒီတာဟောင်း (The New Light of Myanmar)

**အမှတ် ၂၆၇၊ ၅လွှာ(ဝဲ)၊ ၃၉လမ်း (အပေါ်)**

**ဖုန်း-၀၉-၄၂၁၀၇၈၀၄၆**

## မြေကွက်ဝယ်လိုသည်

ဒဂုံမြို့သစ်(အရှေ့ပိုင်း၊တောင်ပိုင်း)နှင့် ဆိပ်ကမ်းရှိ မြေကွက်များကို ယနေ့ ပေါက်ဈေးဖြင့် အမြန်ဝယ်ယူလိုပါသည်။

**ဖုန်း-၀၉-၄၃၀၂၅၅၃၀၊ ၀၉-၅၀၉၂၈၁၅**

## GOLDEN STAR Travels & Tours

Apr-30

☆ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး

☆မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း

☆တောင်ကြီး-အင်းလေး-ပင်းတယ

ကျိုက်ထီးရိုး(နေ့စဉ်)

ချောင်းသာ (နေ့စဉ်)

ငွေဆောင် (နေ့စဉ်)

Ph: 209200, 703448, 430480, 544383, 705968, 09-5081580

## နှစ်(၆၀)ပြည့် မွေးနေ့မင်္ဂလာဆုတောင်း

မြန်မာ့နှစ်ဦးဖြစ်သော ၂၁-၄-၂၀၁၅ရက်တွင် ကျရောက်သည့် ချစ်ဖေဖေ ဗိုလ်မှူးကြီးမြင့်ဆွေ(ငြိမ်း) ဌာနချုပ်မှူး၊ စစ်မှုထမ်းဟောင်းဗဟိုဌာနချုပ်၏ နှစ်(၆၀)ပြည့် မွေးနေ့မင်္ဂလာမှသည် အသက်ရာကျော်တိုင် ကျန်းမာပျော်ရွှင်စွာဖြင့် နိုင်ငံ့အကျိုး၊ သာသနာအကျိုးများကို ထမ်းရွက်နိုင်ပြီး နိဗ္ဗာန်ရောက်ကြောင်း တရားပွားများ အားထုတ်နိုင်သော ဖေဖေဖြစ်ပါစေ…။

ချစ်ဇနီး - ဒေါ်ခင်မာချစ် [ခိုင်ယဉ်မွန် (ဝိဇ္ဇာ/သိပ္ပံ)]

ချစ်သား - ဗိုလ်မှူးမျိုးအောင်-ချစ်သမီး ခိုင်ဆုမြင့်မွန်

ချစ်မြေးလေး - မောင်ဘုန်းမြတ်ပြည့်စုံ

# အင်းပေါက်ဝကုမ္ပဏီလီမိတက်၏ နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

၁၃၇၇ ခုနှစ် မြန်မာနှစ်သစ်ကူးအခါသမယတွင် အင်းပေါက်ဝကုမ္ပဏီမှ တင်သွင်းသော အရည်အသွေးမြင့် စက်သုံးဆီအမျိုးမျိုးကို တစ်ဆင့်ပြန်လည်ရောင်းချသော ကိုယ်စားလှယ်တော်ကြီးများ၊ ကုမ္ပဏီများ၊ စက်လှေများ၊ အရောင်းဆိုင်များ၊ စီးပွားရေးလုပ်ငန်းများနှင့် ရွှေရိုးမစက်သုံးဆီအရောင်းဆိုင်များမှ ဝယ်ယူအားပေးသုံးစွဲကြသော ရခိုင်ပြည်နယ်ရှိ မိဘပြည်သူများအားလုံးနှင့်တကွ မြန်မာပြည်သူပြည်သားအပေါင်းတို့သည် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပြီး စီးပွားဉစ္စာများ ဒီရေအလားတိုးတက်ပါစေကြောင်း အင်းပေါက်ဝကုမ္ပဏီလီမိတက်မှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**အင်းပေါက်ဝကုမ္ပဏီလီမိတက်**

# ဘာစီလိုနာတို့ အောင်ပွဲခံနိုင်ပြီး အိမ်ကွင်း၌ ရန်းကန်ရမည့် ဘိုင်ယန်

**ယူအီးအက်ဖ်အေချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် ဘာစီလိုနာနှင့် ပီအက်စ်ဂျီ၊ ဘိုင်ယန်မြူးနစ်နှင့် ပေါ်တိုအသင်းတို့ ဗုဒ္ဓဟူးနေ့ နံနက် ၁ နာရီ ၁၅ မိနစ်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။**



ဘာစီလိုနာတို့ ပထမအကျော့အဝေးကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားပြီး ယခုအိမ်ကွင်းတွင် လက်ခံကစားရမည်ဖြစ်သည်။ လာလီဂါအမှတ်ပေးပွဲတွင် ဘာစီလိုနာတို့ ဇယားထိပ်၌ ဦးဆောင်နေသော်လည်း ရီးရဲအသင်းကို နှစ်မှတ်အသာဖြင့်သာ ဦးဆောင်ထားရာ ဧပြီ ၂၅ ရက်တွင် ဒါဘီပြိုင်ပွဲဖြစ်သည့် အက်စ်ပန်ညိုအသင်းကို အဝေးကွင်း၌ သွားရောက်ယှဉ်ပြိုင်ရမည် ဖြစ်သည့်အတွက် ယခုချန်ပီယံလိဂ် အိမ်ကွင်းပွဲစဉ်တွင် ဘာစီလိုနာတို့ အနေဖြင့် ခြေကုန်ထုတ်ကစားမည်မထင်ဘဲ ပီအက်စ်ဂျီကို သရေကစားရုံဖြင့် အကြိုဗိုလ်လုပွဲသို့ တက်လှမ်းနိုင်မည် ဖြစ်သည်။

ဘိုင်ယန်မြူးနစ်က ပေါ်တိုမြေမှာ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သဖြင့် ယခုဂျာမန်မြေမှာ အနည်းဆုံး သုံးဂိုးပြတ် ပြန်လည်အနိုင်ယူနိုင်မှသာ အကြိုဗိုလ်လုပွဲ တက်နိုင်မည် ဖြစ်သည်။ သို့သော် ဘိုင်ယန်အသင်း အဓိကကစားသမားများ ဒဏ်ရာပြဿနာ ကြုံတွေ့နေရသည်မို့ နည်းပြ ဂွာဒီယိုလာအနေဖြင့် မည်သို့ ကစားကွက်ခင်းကျင်းမည်ကို ပရိသတ်တို့ စောင့်ကြည့်ရမည်ဖြစ်သည်။ ယခုနှစ်ချန်ပီယံလိဂ်၌ ခြေစွမ်းပြနေသည့် ပေါ်တိုအနေဖြင့်လည်း အကြိုဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ရေး ကြိုးစားမည်ဖြစ်သဖြင့် ဘိုင်ယန်တို့ အနိုင်ရရန် မလွယ်ကူပေ။ မည်သို့ပင်ဆိုစေ နည်းပြ ဂွာဒီယိုလာ၏ အတွေ့အကြုံနှင့် ဘိုင်ယန်ကစားသမားများ၏ ကြိုးစားမှုကို စောင့်ကြည့်ရမည်မို့ ချန်ပီယံလိဂ် ပရိသတ်များအတွက် ပွဲကောင်းတစ်ပွဲပင် ဖြစ်ပေလိမ့်မည်။




သီဟ-ရေးသည်

# ဘာရိန်းဂရင်းပရီကားပြိုင်ပွဲတွင် လူးဝစ်ဟာလ်မီတန် အောင်ပွဲခံ

**ဘာရိန်း ဧပြီ ၂၀**

ဘာရိန်းဂရင်းပရီကားပြိုင်ပွဲတွင် လူးဝစ်ဟာလ်မီတန်သည် ပထမနေရာမှ အောင်ပွဲခံခဲ့ပြီး ၎င်း၏ ကစားဖက် ဖာရာရီက ဒုတိယနေရာရရှိခဲ့သည်။ ယခုရာသီကားပြိုင်ပွဲလေးခုတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော လူးဝစ်ဟာလ်မီတန်သည် ၎င်း၏တတိယမြောက် ပြိုင်ပွဲတွင်လည်း အောင်မြင်မှုပန်းတိုင်ကို ထိန်းထားနိုင်ခဲ့သည်။

ရော့စ်ဘတ်နှင့် ဖာရာရီတို့သည် ပြိုင်ပွဲအတွင်း အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြပြီး ဖာရာရီကို အမီလိုက်ခါနီးတွင် ရော့စ်ဘတ်သည် ၎င်း၏ကားဘရိတ်စနစ်ချွတ်ယွင်းမှုကြောင့် ဖာရာရီကို ရှုံးနိမ့်ခဲ့ရပြီး ဒုတိယနေရာမှ ဖယ်ပေးခဲ့ရသည်။


**(ဘီဘီစီ)**

# ၂၀၁၅ ကျေးလက်ဂီတထူးချွန်ဆုကို တေလာဆွစ်ဖ်နှင့် မီရန်ဒါတို့ အသီးသီးဆွတ်ခူးရရှိ

၂၀၁၅ ခုနှစ်အတွက် ကျေးလက်ဂီတထူးချွန်ဆုရရှိသူများကို တနင်္ဂနွေနေ့ညက ကြေညာခဲ့ရာ ဂန္ထဝင် ကျေးလက်အဆိုတော် ဂျော့စထရိတ်၊ အလန်ဂျက်ဆန်၊ ခေတ်ပြိုင်အဆိုတော်များဖြစ်ကြသည့် မီရန်ဒါလန်ဘတ်၊ လုခ်ဘရန်နှင့် ပေ့ပ်အဆိုကျော် တေလာဆွစ်ဖ်တို့ ရရှိခဲ့သည်။

အကြိမ်(၅၀)မြောက် ဂီတဆုပေးအပ်ပွဲအခမ်းအနားကို တက္ကဆက်ပြည်နယ် အာလင်တန်ရှိ Dallas Cowboys အားကစားရုံ၌ ကျင်းပခဲ့သည်။ကျေးလက်ဂီတ အဆိုတော် တေလာဆွစ်ဖ်သည် အကြိမ်(၅၀)မြောက် ဂီတထူးချွန်ဆုရရှိသူ ခုနစ်ဦးအနက်မှ တစ်ဦးအပါအဝင်ဖြစ်ပြီး မိခင်ဖြစ်သူ အန်ဒရီယာက ဆုကိုမပေးအပ်မီ ၎င်း၏ ၁၀ ပုံရိပ်နှင့်ရရှိခဲ့သော အောင်မြင်မှုများကို မီးမောင်းထိုးပြခဲ့ သည်။

နောက်ထပ်ဆုရရှိသည့် အနုပညာရှင်မှာမီရန်ဒါလန်ဘတ် ဖြစ်သည်။ လန်ဘတ်သည် ၂၀၁၄ ခုနှစ်က ကျေးလက်ဂီတအဖွဲ့အစည်းဆု လေးဆု ဆွတ်ခူးခဲ့ပြီး အကောင်းဆုံး ကျေးလက် ဂီတအယ်လ်ဘမ်ဖြစ်သည့်Platinum အယ်လ်ဘမ်ဖြင့် ဂရမ်မီဆုရရှိခဲ့သည်။



(ဂူဂဲလ်)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန**
**သူနာပြု-သားဖွားဒီပလိုမာ (၃)နှစ်သင်တန်းနှင့် ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်း**

## ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန အောက်ရှိ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများတွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ၁၆-၁၁-၂၀၁၅ ရက်တွင် ဖွင့်လှစ်မည့် သူနာပြု-သားဖွား ဒီပလိုမာ(၃)နှစ်သင်တန်းနှင့် ဘက်စုံသားဖွားဒီပလိုမာ (၂)နှစ် သင်တန်းသို့ တက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

၂။ **အရည်အချင်းသတ်မှတ်ချက်**
**လျှောက်ထားသူသည်-**
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူဖြစ်ရမည်။ **(၂၀၁၅ ခုနှစ် မတိုင်မီ အောင်မြင်သူများသာ လျှောက်ထားရမည်။ ၂၀၁၅ ခုနှစ် မတ်လတွင် ဖြေဆိုအောင်မြင်သူများ လျှောက်ထားခြင်းမပြုရ။)**
- (ဂ) လျှောက်လွှာပိတ်သည့် ၃-၇-၂၀၁၅ ရက်တွင် အသက် (၂၅)နှစ်ထက် မကြီးရ။ **(အခြေခံပညာ အထက်တန်း/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်ပါ မွေးနေ့သက္ကရာဇ်အတိုင်းသာအတည်ပြုမည်။)**
- (ဃ) ပါတီနိုင်ငံရေးကင်းရှင်းသူ၊ ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။
- (င) အိမ်ထောင်မရှိသူ (အပျို/လူပျို)ဖြစ်ရမည်။
- (စ) အနည်းဆုံး အရပ် ၅ ပေရှိရမည်။
- (ဆ) ကိုယ်လက်အင်္ဂါချို့ယွင်းခြင်းမရှိရ၊ သင်တန်းတက်ရောက်ရန် ကိုယ်ရောစိတ်ပါ ကျန်းမာရမည်။
- (ဇ) သင်တန်းအောင်မြင်ပြီးဆုံးသည်အထိ တက်ရောက်နိုင်သူဖြစ်ရမည်။
- (ဈ) သင်တန်းအောင်မြင်ပြီးပါက အမှတ်ဖြင့်ရွေးချယ်ပြီး တက်ခွင့်ရသူများကို နိုင်ငံတော်ဝန်ထမ်းအဖြစ် ခန့်အပ်ပါက မည်သည့်ဒေသတွင်မဆို အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ အထူးကိစ္စဖြင့် တက်ခွင့်ရသူများသည် သက်ဆိုင်ရာအဖွဲ့အစည်းမှ တာဝန်ပေးပါကမည်သည့်ဒေသတွင်မဆို အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ည) သင်တန်းတက်ရောက်စဉ်သင်တန်းကာလအတွင်း ပျက်ကွက်လျှင်ဖြစ်စေ၊ သင်တန်းစည်းကမ်းများကိုဖောက်ဖျက်လျှင်ဖြစ်စေ၊ သင်တန်းပြီးဆုံးပြီးပါကအမှတ်ဖြင့် ရွေးချယ်ပြီး တက်ရောက်ခွင့်ရသူများကို နိုင်ငံတော်ဝန်ထမ်းအဖြစ်ခန့်အပ်ပါက မည်သည့်ဒေသတွင်မဆို အနည်းဆုံး(၃)နှစ်တာဝန်ထမ်းဆောင်ရန် ပျက်ကွက်လျှင်ဖြစ်စေ၊ အထူးကိစ္စဖြင့်တက်ခွင့်ရသူများသည် သက်ဆိုင်ရာအဖွဲ့အစည်းမှ တာဝန်ပေးပါက မည်သည့်ဒေသတွင်မဆို အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ရန် ပျက်ကွက်လျှင်ဖြစ်စေ၊ နိုင်ငံတော်မှအခါအားလျော်စွာ သတ်မှတ်ထားသော သင်တန်းလျော်ကြေးငွေ သူနာပြု-သားဖွားဒီပလိုမာ (၃)နှစ်သင်တန်းအတွက် ၈၀၀၀၀၀/- (ကျပ်ရှစ်သိန်းတိတိ) ဘက်စုံသားဖွားဒီပလိုမာ (၂)နှစ် သင်တန်း အတွက် ၃၀၀၀၀၀/- (ကျပ်သုံးသိန်းတိတိ)ပေးလျော်နိုင်သူဖြစ်ရမည်။

၃။ **လျှောက်လွှာပေးပို့ရန်**
- (က) လျှောက်လွှာကို **(မည်သည့်တိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးတွင်မဆို)** ရယူပြီး ပြည့်စုံစွာဖြည့်စွက်၍ လိုအပ်သော စာရွက်စာတမ်းများနှင့် အတူပူးတွဲပြီး **မိမိ၏အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့် စာစစ်ဌာနတည်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး**သို့သာ လိပ်မူ၍ လျှောက်လွှာပိတ်ရက် ၃-၇-၂၀၁၅ ရက်ထက် နောက်မကျစေဘဲလျှောက်ထားရမည်။
**[နေပြည်တော်၊ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနသို့ လိပ်မူ၍ (လုံးဝ)လျှောက်ထားခြင်းမပြုရ]**
- (ခ) လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများကို ပူးတွဲပေးပို့ရမည်။

၁။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ် **(မိတ္တူ) တစ်စောင်။**
၂။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့် အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ရမှတ်စာရင်း **(မူရင်း) တစ်စောင်**
၃။ နိုင်ငံသားစိစစ်ရေးကတ်ပြား **(မိတ္တူ) တစ်စောင်**
၄။ နိုင်ငံရေးကင်းရှင်းကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံစာ **(မူရင်း) တစ်စောင်**
၅။ အိမ်ထောင်မရှိသူ၊ အပျို/လူပျိုဖြစ်ကြောင်း သက်ဆိုင်ရာမြို့နယ် ရပ်ကွက် (သို့) ကျေးရွာအထွေထွေအုပ်ချုပ်ရေးမှူး(ရုံး) (အုပ်ချုပ်ရေးမှူး/အတွင်းရေးမှူး)၏ ထောက်ခံစာ **(မူရင်း) တစ်စောင်**
၆။ ကိုယ်လက်အင်္ဂါချို့ယွင်းခြင်းမရှိကြောင်း၊ ကိုယ်ရောစိတ်ပါကျန်းမာကြောင်း၊ သက်ဆိုင်ရာမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၏ ဆေးထောက်ခံစာ**(မူရင်း) တစ်စောင်**
၇။ ဌာနဆိုင်ရာဝန်ထမ်းဖြစ်လျှင် (သင်တန်းတက်ခွင့်ရရှိပါက) ရာထူးမှနုတ်ထွက်ခွင့်ပြုမည်ဖြစ်ကြောင်း သက်ဆိုင်ရာအကြီးအကဲ၏ ထောက်ခံစာ**(မူရင်း) တစ်စောင်။**
၈။ လျှောက်လွှာပုံစံတွင် လိုင်စင်ဓာတ်ပုံတစ်ပုံကပ်ပြီး၊ ဓာတ်ပုံနှစ်ပုံကို ပူးတွဲပေးပို့ရမည်။ (ခြောက်လအတွင်း ရိုက်ကူးထားသော ပီပြင်ထင်ရှားသည့် ပတ်စ်ပို့အရွယ်ဓာတ်ပုံဖြစ်ရမည်။ ဓာတ်ပုံနောက်ကျောတွင် လျှောက်ထားသူအမည်၊မှတ်ပုံတင်အမှတ်၊ မိဘအမည်၊ နေရပ်များရေးရမည်။)**(မှတ်ချက်။ ။ ထောက်ခံစာများ အားလုံးတွင် ထောက်ခံပေးသူ၏အမည်၊ လက်မှတ်၊ ရာထူးတံဆိပ်တုံး၊ ရုံးတံဆိပ်ဝိုင်းပါရှိရမည်။)**

၄။ သင်တန်းတက်ခွင့်ရရှိပါက တက္ကသိုလ်/ကောလိပ်/အဝေးသင် တက်နေသူဖြစ်လျှင် သင်တန်းကာလအတွင်း(တက္ကသိုလ်/ကောလိပ်/အဝေးသင်) ပညာသင်ရပ်နားခွင့်ပြုကြောင်း သက်ဆိုင်ရာကျောင်းအုပ်/အကြီးအကဲ၏ ထောက်ခံစာမူရင်းကို တက်ခွင့်ရမည့် သင်တန်းကျောင်းသို့ ပေးအပ်နိုင်ရမည်။ **(သင်တန်းတက်စဉ်ကာလအတွင်း အခြားမည်သည့်လက်မှတ်ရသင်တန်းမဆို လုံးဝတက်ခွင့်မပြုပါ။)**

၅။ သင်တန်းတက်ခွင့်ရရှိပါက တက်ခွင့်ရသည့်သင်တန်းကျောင်းသို့ရောက်လျှင် သင်တန်းကျောင်း၏ ကျန်းမာရေးစစ်ဆေးရေးကော်မတီအဖွဲ့မှ ကျန်းမာရေးထပ်မံစစ်ဆေးခံရမည်။ ဆေးစစ်အောင်မှသာ သင်တန်းတက်ခွင့်အတည်ပြုမည်။

၆။ အောက်ပါအချက်များနှင့် ငြိစွန်းသည့်လျှောက်လွှာကို လုံးဝ(လုံးဝ)ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
- (၁) ရှင်းလင်းပီသစွာနှင့်ပြည့်စုံစွာဖြည့်စွက်ထားခြင်းမရှိသည့်လျှောက်လွှာများ။
- (၂) သတ်မှတ်ချက် စာရွက်စာတမ်းမပြည့်စုံသည့် လျှောက်လွှာများ။
- (၃) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးသို့ လိပ်မူ၍ လျှောက်ထားခြင်းမပြုဘဲ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနသို့ လိပ်မူ၍ တိုက်ရိုက်ပို့သည့်လျှောက်လွှာများ။
- (၄) လျှောက်လွှာပိတ်ရက်ထက်နောက်ကျပို့သည့်လျှောက်လွှာများ။

၇။ **သင်တန်းတက်ခွင့်ရအမည်စာရင်းများကြေညာခြင်း။**
၂၀၁၅ ခုနှစ် အောက်တိုဘာလ(ဒုတိယပတ်)အတွင်း အောက်ပါဌာနများ၌ ကြေညာထားပါမည်။
- (၁) ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော်။
- (၂) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးများ။
- (၃) တက်ခွင့်ရသည့် သက်ဆိုင်ရာသင်တန်းကျောင်းများ။

**(မှတ်ချက် ။ ။ သင်တန်းစတင်ဖွင့်လှစ်ပြီး နှစ်ပတ်ထက်နောက်ကျပါက သင်တန်းတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။) အသေးစိတ်သိလိုပါက အောက်ပါဌာနများတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။**
- (၁) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးများ၊
- (၂) နေပြည်တော်၊ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန(သူနာပြုဌာနစိတ်) ဖုန်း-၀၆၇-၄၁၁၁၄၈၊ ၄၁၁၁၄၉ လိုင်းခွဲ-၈၁၈၊ ၈၁၉)

**ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်ပြောင်းရွှေ့ခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်း(၅)ခုကို ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါကို နေ့စဉ်ထုတ်သတင်းစာများတွင် ကြော်ငြာထည့်သွင်း ခေါ်ယူခဲ့ပါသည်-
- (က) အမျိုးသားပြတိုက် (နေပြည်တော်)တည်ဆောက်ခြင်း
- (ခ) ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်းတွင် ဓာတ်ခွဲခန်းတည်ဆောက်ခြင်း
- (ဂ) မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မန္တလေးနန်းတော်ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း
- (ဃ) မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ပခန်းငယ်ကျောင်းပုံစံတူပြုလုပ်ခြင်း
- (င) မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့တွင် ပရိုင်းမိတ်ပြတိုက်တည်ဆောက်ခြင်း

၂။ ဖော်ပြပါလုပ်ငန်း(၅)ခုအနက်မှ အမှတ်စဉ်(က)ပါ **အမျိုးသားပြတိုက်(နေပြည်တော်) တည်ဆောက်ခြင်းလုပ်ငန်း**အတွက် တင်ဒါဖွင့်လှစ်မည့်ရက်အား မူလသတ်မှတ်ထားသည့် ၂၈-၄-၂၀၁၅ ရက်အစား ၁၂-၅-၂၀၁၅ ရက်သို့ ပြောင်းရွှေ့သတ်မှတ်ထားပါကြောင်းနှင့် ကျန်လုပ်ငန်းများကိုမူ မူလသတ်မှတ်ရက်အတိုင်း ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် တင်ဒါပိတ်ရက်ပြင်ဆင်ခြင်းကြေညာချက်

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ဝယ်ယူမည့်ဓာတ်ခွဲခန်းသုံးပစ္စည်း(၁၉)မျိုး၊ Student Registration and Management Software၊ လယ်ယာသုံးပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ တင်ဒါပိတ်ရက်အား ၂၄-၄-၂၀၁၅ ရက်(သောကြာနေ့)၊ ၁၆း၀၀ နာရီ နောက်ဆုံးထား တင်သွင်းရန်ပြင်ဆင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအတွင်း တံတားအထူးအဖွဲ့(၇) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီး ရန်ပုံငွေတို့ဖြင့် တာဝန်ယူတည်ဆောက်မည့် တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော မြစ်ကျောက်စရစ်၊ မြစ်သဲ၊ သစ်ခွဲသားများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို တံတားအထူးအဖွဲ့(၇) ဆိပ်ဖြူမြို့၊ ဒု-အင်ဂျင်နီယာမှူးကြီး(ရုံး)တွင် ၂၇-၄-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက တံတားအထူးအဖွဲ့(၇)၊ ဆိပ်ဖြူ(ရုံး)၊ ဖုန်း-၀၆၁-၃၀၃၇၅သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

# သေက္ခတောင်တော်သာသနာပြုစခန်းဆီ ဦးခိုက်ကြပါစို့

**သတင်း၊ ဆောင်းပါး၊ ဓာတ်ပုံ-ခင်မောင်သော်(ကမာရွတ်)**

ရာမညတိုင်း မွန်ပြည်နယ် ကျိုက်ထိုမြို့ ကျိုက်ထီးရိုးဘုရားလမ်းမ စက်မှုလယ်ယာရုံးအနောက်ဘက်တွင် သေက္ခတောင်တော်နှင့် ကျောင်းတိုက်တည်ရှိပြီး စိမ်းညို့ညို့သစ်ပင်များ အုပ်ဆိုင်းနေကာ တောင်ပေါ်တွင် ရွှေဟောင်းဂန္ဓကုဋီစေတီတော်မြတ်ကြီး အပါအဝင် စေတီပုထိုးများနှင့် သာသနိက အဆောက်အအုံများဖြင့် တစ်စုတစ်ဝေးတည်း စိတ်ကြည်နူးဖွယ် ဖူးတွေ့နိုင်ကြပေသည်။

သေက္ခတောင်တော်သည် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးနှင့် အဆက်အစပ်ရှိခဲ့သည်။ မုံရွာမြို့ လယ်တီတောရတွင် သီတင်းသုံးတော်မူသော ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးသည် ကျိုက်ထိုမြို့ သေက္ခတောင်တော်မှ သီတင်းသုံးနေသော ဉာဏ်တိလောကကို ချီးမြှောက်အားပေးရန် မြန်မာသက္ကရာဇ် ၁၂၆၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်မှ ကျိုက်ထိုမြို့ သေက္ခတောင်တော်တောရကို ကြွရောက်ခဲ့သည်။

ဆရာတော်ကြီးသည် မုံရွာမြို့ လယ်တီတောရကို ပြန်ရောက်သည့်အခါ ဝိပဿနာ ဝိဇ္ဇာပေါက်လမ်းပြဆိုသော ဝိဇ္ဇာမဂ္ဂဒီပနီ ကျမ်းရေးသားတော်မူရာ သေက္ခတောင် ဆရာတော် ဦးတိလောကသည်လယ်တီဆရာတော်ဘုရားကြီးကို ကျေးဇူးဆပ်ပူဇော်သည့်အနေဖြင့် ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏ ဝိဇ္ဇာမဂ္ဂဒီပနီကျမ်းကို အလယ်တွင် ဌာပနာပြီး အရိယာမဂ္ဂဒီပနီကျမ်း ရေးသားပူဇော်ကြောင်းသိရသည်။

၄င်းပြင် သုံးပုံပိဋကတ်လွန်နှံ့စပ်လျက် ပဋိပတ်အကျော် သေက္ခတောင်ဆရာတော် အရှင်တိလောကမထေရ်မြတ်သည် ဒီပနီပေါင်းချုပ်ကိုလည်း စီရင်ရေးသားတော်မူခဲ့သည်မှာ အထင်ကရပင် ဖြစ်သည်။ အင်္ဂုတ္တိုရ်ပါဠိတော်တွင် မြတ်စွာဘုရားက "ရှေးဦးစွာ ကျေးဇူးပြုသောပုဂ္ဂိုလ်နဲ့ သူ့ကျေးဇူးသိတတ်သောပုဂ္ဂိုလ်တို့သည် လောကမှာ အလွန်ရခဲသည့်ပုဂ္ဂိုလ်များဖြစ်တယ်"ဟု ဟောတော်မူခဲ့ရာ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးနှင့် သေက္ခတောင်ဆရာတော်တို့သည် အလွန်ရခဲသော ပုဂ္ဂိုလ် နှစ်ဦးအဖြစ် ထင်ပေါ်ခဲ့သည်။

သေက္ခတောင်ဆရာတော် ဦးတိလောကသည် နောင်လာနောက်သားများအတွက် စာပေကျမ်းဂန်များပြုစုခဲ့ရာ ကျမ်းပေါင်း ၁၄ ကျမ်း ပြုစုတော်မူခဲ့ပါသည်။

| | | |
|---|---|---|
| ၁ - | နိက္ခမဝိဒါန-ဒီပနီကျမ်း | (၁၂၅၈) ခု |
| ၂ - | အရိယာမဂ္ဂ-ဒီပနီကျမ်း | (၁၂၆၂) ခု |
| ၃ - | အနေကဇာတင်ပါဠိနိဿကကျမ်း | (၁၂၆၂) ခု |
| ၄ - | ဓမ္မရာသီကျမ်း | (၁၂၆၂) ခု |
| ၅ - | ပဏ္ဍိတဝေဒနိယဒီပနီကျမ်း | (၁၂၆၂) ခု |
| ၆ - | အန္တရာယ်ကင်းမဟာပရိတ်တော်ကြီး | (၁၂၇၂) ခု |
| ၇ - | အဘိဓမ္မတ္ထပကာသနီကျမ်း | (၁၂၇၅) ခု |
| ၈ - | ပစ္စယတ္တပကာသနီကျမ်း | (၁၂၇၅) ခု |
| ၉ - | တိုင်းကြီးသောဋ္ဌသမြေပုံငယ်ကျမ်း | (၁၂၈၀) ခု |
| ၁၀ - | သောဠ္ဍသရဋ္ဌပဒီပနီကျမ်း | (၁၂၈၀) ခု |
| ၁၁ - | လယ်တီထေရ်ဈာပနာဝိနိစ္ဆယကျမ်း | (၁၂၈၆) ခု |
| ၁၂ - | နိရုတ္တိပဒဗျူဠ္ဌနပါဠိ | (၁၂၈၆) ခု |
| ၁၃ - | စတုပ္ပိဓ ဗျာကရဏကျမ်း | (၁၂၈၈) ခု |

တို့ဖြစ်ကြသည်။

သေက္ခတောင် မထေရ်မြတ်ဉာဏ်တိလောက စတင်ခဲ့သော သေက္ခတောင်တော်မြတ်သည် ယနေ့ကာလတွင် ဘဝဂ်ဘုံထိပ် နန်းထိအောင် မွှေးပျံ့သင်းထုံနေပြီဖြစ်သည်။ သေက္ခတောင်တော်ပေါ်တွင် ဘုရားစေတီပုထိုးတော်များအများအပြားတည်ရှိနေရာ ရွှေဟောင်းဂန္ဓကုဋီစေတီတော်မြတ်ကြီးအပါအဝင် မြင့်မိုရ်တောင်စေတီတော်မြတ်၊ နဂါးရုံမြတ်စွာဘုရား၊ပေါက်စေတီ၊ ငွေစေတီ၊ ရွှေစေတီ၊ ဗောဓိညောင်ဘုရား၊ အောင်မြေစေတီ၊ ကံ့ကော်ပင်ဘုရား၊ ဘဒ္ဒကမ္ဘာအောင်သစ္စာဘုရား၊ အောင်သိဒ္ဓိဘုရားနှင့် ဣစ္ဆာသယမဟာအောင်မြေစေတီတို့အပြင် သာသနိကအဆောက်အအုံများအနေဖြင့် သတ္တမသုံးဖြာသီရိမင်္ဂလာ ဓမ္မာရုံကြီး၊ မြွေကြီးနှစ်ကောင်နှင့်တောင်တက်လှေကား၊ ပဋ္ဌာန်းကျောင်း၊မဟာသိမ်တော်ကြီး၊ ဆရာတော်ကြီး ဉာဏ်တိလောက စံကျောင်းတော်၊ တိုက်ကျောင်းနှစ်ကျောင်း၊ အဘအောင်မင်းခေါင်နန်း (ပ) နိမိတ်ဂူ၊ အမတော် မြနန်းနွယ်နန်း၊ သေက္ခတောင် တောင်ပိုင်ကြီးနန်း၊ သစ်သားတဲကျောင်းတို့မှာ သာသနာတော်စည်ပင်ထွန်းကားနေခြင်းကို ဖော်ညွှန်းနေသည်။

၄င်းပြင်သေက္ခတောင်တော်သာသနာပြုအဖွဲ့သည် နှစ်စဉ်မြန်မာ့နှစ်သစ်ကူးသင်္ကြန်ကာလတွင် မြန်မာနိုင်ငံအနှံ့အပြားမှသာသနာ့ဘောင်ဝင် တရားအားထုတ်ရန်လာကြသည့်အရေအတွက်မှာလည်း သေက္ခတောင်တော်တွင် အိပ်ရန်နေရာလပ်မရှိ၊ စေတီဘုရားရင်ပြင်များတွင် ပြည့်ကျပ်နေရာဆိတ်ငြိမ်အေးချမ်းစွာ တရားအားထုတ်နိုင်ရေးအတွက် လိုလေသေးမရှိရလေအောင် စီစဉ်ပေးရသည်။

အဆိုပါဒုလ္လဘဦးဇင်း၊ ကိုရင်များသည်သေက္ခတောင်တော်ပေါ်မှဆင်းကာတောအုပ်ကိုဖြတ်၊ ရော်ဘာတောကိုဖြတ်ပြီး ကျိုက်ထိုဘူတာကျော်၍ ကျိုက်ထိုမြို့အတွင်း နေ့စဉ်စီတန်းလှည့်လည်ဆွမ်းခံကြွရောက်သည်မှာ ကြည်ညို၊ကြည်နူးဖွယ်ရာ မြင်ကွင်းဖြစ်သည်။



သေက္ခတောင်ကို မထေရ်မြတ်ဉာဏ်တိလောက နောက်ပိုင်းစဉ်ဆက်မပြတ်သာသနာပြုခဲ့ကြရာ လက်ရှိတွင် မထေရ်မြတ်ဦးစန္ဒိမာက ကြီးကြပ်စီမံအုပ်ချုပ်နေပြီး သေက္ခတောင်တော်သာသနာပြုစခန်းအတွက် ဖြည့်စွက်သာသနာပြုပုဂ္ဂိုလ်အနေဖြင့် ဆရာသက်သည် အထင်အရှားရှိခဲ့သည်။ အကယ်၍ သင်သည်သေက္ခတောင်တော် သာသနာပြုစခန်းဆီ ရောက်လှမ်းခဲ့ပါမူ တောင်ခြေရှိမေတ္တာဝါဒီ အရှင်ဩဘာသ(ခ)ဦးဇင်းမုတ်ဆိတ်၏ သာသနာပြုနယ်မြေ သေက္ခတောင်တော်ကျောင်းတွင် ခရီးတစ်ထောက်နားကာ ဆရာတော်ကိုဖူးမြော်ပြီးနောက် သေက္ခတောင်တော်ပေါ်တက်ရောက်ဖူးမြော်ကြည်ညိုနိုင်ပြီး မျိုးစေ့သာသနာခွန့်ရှည်ကြာအောင်ဆန္ဒဆောင်ရန် ရာမညတိုင်းမွန်ပြည်နယ် ကျိုက်ထိုမြို့၏ အမှတ်လက္ခဏာတစ်ခုအဖြစ်တည်ရှိနေသော သေက္ခတောင်တော်သာသနာပြုစခန်းဆီကို သာသနာတော်အကျိုးဆောင်လိုသူတိုင်း အရောက်လှမ်းခဲ့ကြဖို့ စိမ်းညို့ညို့သစ်ပင်များ၊ တောအုပ်များနှင့်တောင်စဉ်တောင်တန်းများ ရှိနေသောသေက္ခတောင်တော်သာသနာပြုစခန်းက ကြိုဆိုလျက်ရှိပါကြောင်းတင်ပြရပါသည်။




# အမြန်လမ်းမကြီးပေါ်တွင် တားမြစ်ယာဉ်များ သွားလာပါက အရေးယူခံရနိုင်

**ရန်ကုန် မေ ၂၀**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် တားမြစ်ထားသော ယာဉ်များ ခွင့်ပြုချက် တစ်စုံတစ်ရာမရဘဲ မောင်းနှင်သွားလာပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမြန်လမ်းယာဉ်ထိန်းတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ပြဋ္ဌာန်းလိုက်တဲ့ အမြန်လမ်းမကြီးများ ဥပဒေအရ အမြန်လမ်းမကြီးပေါ်မှာ ဆိုင်ကယ်၊ စက်ဘီး၊ ထော်လာဂျီ စတဲ့အငှားယာဉ်တွေရော၊ နွားလှည်းတွေဖြတ်သန်းမောင်းနှင်ခွင့် မရှိပါဘူး။ အမြန်လမ်းမကြီးပေါ်မှာ စည်းကမ်းမဲ့ ကျွဲ၊နွားများဖြတ်သန်းခြင်း၊ ကျွဲ၊နွားကျောင်းခြင်း မပြုလုပ်ရပါဘူး။ တွေ့ရှိပါက တည်ဆဲဥပဒေအရ အရေးယူသွားမှာဖြစ်ပါတယ်" ဟု အဆိုပါ တာဝန်ရှိသူက ပြောသည်။

အမြန်လမ်းမကြီးများ ဥပဒေကို ပြည်ထောင်စုလွှတ်တော်က ၂၀၁၅ ခုနှစ် မေ ၉ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ အဆိုပါ ဥပဒေ အခန်း (၈)တွင် အမြန်လမ်းမကြီးပေါ်၌ လမ်းလုပ်ငန်းဆောင်ရွက်သည့် လုပ်သားများ၊ တာဝန်ယူကြီးကြပ်သူများ၊ မောင်းနှင်ခွင့်ပြုထားသည့် မော်တော်ယာဉ်များ သွားလာခြင်းမှအပ မည်သူမျှ ခြေကျင်သွားခြင်း၊ စက်ဘီး သို့မဟုတ် မော်တော်ဆိုင်ကယ် စီးနင်းသွားလာခြင်း၊ ထော်လာဂျီကဲ့သို့ အနှေးယာဉ်ဖြင့်သွားလာခြင်း၊ လှည်းနှင့် တိရစ္ဆာန်များအပါအဝင် အခြားတားမြစ်သည့် ယာဉ်များသွားလာခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် အမြန်လမ်းမကြီးပေါ်တွင် ဖြတ်သန်းခြင်း၊ သွားလာခြင်း၊ နားနေခြင်းမပြုရဟု ဖော်ပြပါရှိသည်။

မည်သူမဆို အထက်ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ငွေကျပ် ငါးသောင်းမှ အများဆုံး ငွေကျပ် သုံးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ကြောင်း သိရသည်။ ထိုသို့ တားမြစ်ထားသော ယာဉ်နှင့် တိရစ္ဆာန်များဖြတ်သန်းသွားလာခြင်းကြောင့် လူနှင့် ပစ္စည်းထိခိုက်မှု သို့မဟုတ် သေဆုံးမှုဖြစ်ပေါ်က ဥပဒေနှင့်အညီ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာ၍ မောင်းနှင်သည့် မော်တော်ယာဉ်၏ ယာဉ်မောင်းတွင် တာဝန်ရှိလိမ့်မည်မဟုတ်ကြောင်းလည်း ဥပဒေအရ သိရသည်။

**သတင်း-ကြံတိုင်းအောင်၊**
**ဓာတ်ပုံ-သက္က**

# အပူဒဏ်ကြောင့် ငါးသေဆုံးမှုနှိုးဆော်ချက်

နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများထောင်လျက်ကူးခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ကန်အတွင်းသို့ ရေသွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ လှေလှော်ပေးခြင်းစသည့် နည်းလမ်းများကို ရေတွင်ပျော်ဝင် အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးရန်၊

ရေငွေ့ပျံခြင်းကြောင့် ကန်ထဲတွင်ရေလျော့နည်းကျဆင်းလာခြင်း၊ ကန်ထဲရှိ ငါးများ၏စွန့်ပစ်အညစ်အကြေးများနှင့် စားကြွင်းစားကျန်များကြောင့် အမိုးနီးယားပါဝင်မှုနှုန်း မြင့်တက်လာစေနိုင်သဖြင့် ရေလျော့နည်းခြင်းကို ဂရုစိုက်ရမည်ဖြစ်ပြီး ရေလျော့နည်းခြင်းကြောင့် ကန်ထဲရှိငါးများတွင် ရောဂါကျရောက်တတ်ပါသဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးထည့်သွင်းမွေးမြူနှုန်းကိုလည်း လျှော့ချထားရန်၊

ငါးမွေးမြူရေးကန်များ အပူချိန်ကြောင့် ရေခန်းလာပါက သန့်ရှင်း သောရေသစ်များဖြည့်သွင်းပေးရန်၊

ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်၊

အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်း မပြုလုပ်ရန်၊

ကန်ရေအရောင်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန်၊ (မိမိလက်ကို တံတောင် ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိမည် ဖြစ်ပါသည်။)

ကန်ရေမြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေမည့် ကဇော်ဖတ်၊ ဝါစေ့ဖတ်များ ကျွေးခြင်းကိုရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ကျွေးမွေးရန်၊

အစာကျွေးပြီးပါက အစာကျန်များရှိ /မရှိ ပုံမှန်စစ်ဆေးရန်၊

မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်ရန်အတွက် ရေသိုလှောင်သည့် အရံကန်များထားရှိရန်၊

ရေလုံလောက်မှုမရှိပါက ငါးကန်များကို ငါးများပေါင်းထည့်ပြီး ရေများဖြည့်တင်းပေးရန်နှင့် အခြားကန်များကို အခြောက်ခံခြင်းများ ပြုလုပ်သွားရန်၊

ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှု အခြေ အနေများကို နေ့စဉ်နံနက်ပိုင်း (၆နာရီ) တွင် ပုံမှန်စစ်ဆေးရန်၊

ငါးမွေးကန်၌ အပူဒဏ်ကြောင့် ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်၊

**ငါးလုပ်ငန်းဦးစီးဌာန**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

# မော်ကျွန်းမှ ရန်ကုန်သို့ ပြည်တွင်းရေကြောင်း သင်္ဘောစီးနင်းခွင့်ရ၍ ခရီးသွားပြည်သူများ သွားလာရေးအတွက် အဆင်ပြေ

**ရန်ကုန် ဧပြီ ၂၀**

မတ် ၁၈ ရက်ကစ၍ ပြည်တွင်းရေကြောင်း သင်္ဘောခရီးစဉ်အချို့ ခေါက်ရေလျှော့ ယာယီပြေးဆွဲနေရာတွင် မော်ကျွန်းမှ ရန်ကုန်သို့ စီးနင်းလိုက်ပါခွင့် ရလာသည်။ ခရီးသည်နှင့် ကုန်စည်ရရှိမှု နည်းပါးခြင်း၊ စက်သုံးဆီဈေးနှုန်းကြီးခြင်းတို့ကြောင့် အဆိုပါခရီးစဉ်တွင် အရှုံးပေါ်နေသည်ဟုဆိုကာ ၂၀၁၄ စက်တင်ဘာလမှစ၍ မော်ကျွန်းမှ ရန်ကုန်သို့ အပြန်ခရီးစဉ်တွင် ဘိုကလေးမြို့ကြား ဆိပ်ကမ်းတွင်သာ အခြေပြုပြေးဆွဲခဲ့သည်။ ယင်းလပိုင်းမှစ၍ မော်ကျွန်းမှ ရန်ကုန်အပြန်ခရီးစဉ်တွင် ပြည်တွင်းရေကြောင်း သင်္ဘောခရီးစဉ်ဖြင့် မော်ကျွန်းဒေသခံ ခရီးသွားများ စီးနင်းခွင့် ဆုံးရှုံးခဲ့သည်။



၂၀၁၅ မတ် ၁၈ ရက်မှစ၍ အပြန်ခရီးတွင် မော်ကျွန်းဆိပ်ကမ်းမှ စတင်ထွက်ခွာပြေးဆွဲသဖြင့် ဒေသခံ ခရီးသွားများ အဆင်ပြေလာသည်။ ယခုနှစ် မတ်လကုန်ပိုင်းတွင် ရေယာဉ်များ ကြံ့ခိုင်မှုနှင့် ပြေးဆွဲမှုအပေါ် သက်ဆိုင်ရာက စစ်ဆေးမှုများရှိလာချိန် ရေယာဉ်အချို့ လိုင်းပြေးဆွဲမှုယာယီ ရပ်နားခဲ့ရသည်။ နေ့စဉ်ရှပ်ပြေး ရေယာဉ်နှစ်ထပ်၊ ပုဂ္ဂလိကလူစီး ကုန်တင်ရေယာဉ်ကြီးများ တစ်ရက်လျှင် အနည်းဆုံး သုံးစင်း ပြေးဆွဲနေသော အဆိုပါ ခရီးစဉ်တွင် တစ်စင်းသာ ပြေးဆွဲမှုရှိခဲ့သည့်ရက်များ တွေ့ကြုံရ သည်။ ဧပြီ ၂ ရက်တွင် မော်ကျွန်းဆိပ်ကမ်းမှ ပုဂ္ဂလိက နှစ်ထပ်ရေယာဉ်တစ်စင်း သာ ပြေးဆွဲစဉ် ဝန်ချိန်ပိုသဖြင့် ခရီးသည်အချို့ ပြန်လည်ဆင်းနေခဲ့ခြင်း၊ ကုန်အချို့ ပြန်ချထားခြင်းများရှိခဲ့သည်။

ဧပြီ ၃ ရက်တွင်လည်း ပုဂ္ဂလိက ရေယာဉ်များတွင် လိုက်ပါ စီးနင်းခွင့် မရရှိသော ရန်ကုန်သွားမည့် ခရီးသည်များ ပြည်တွင်းရေကြောင်း သင်္ဘောတွင် အများအပြား လိုက်ပါစီးနင်းနိုင်သည်ဟု ဆိပ်ကမ်းအနီးနေထိုင်သူများက ဆိုသည်။

ဧပြီ ၈ ရက်တွင်မူ ရှပ်ပြေး ယာဉ်ကြီး သုံးစင်း၊ ပုဂ္ဂလိက ရေယာဉ်တစ်စင်း စုစုပေါင်း လေးစင်း ထွက်သည့်အတွက် ပြည်တွင်းရေကြောင်း သင်္ဘော ဗလကျော်ခေါင်တွင် ခရီးသည်နှင့် ကုန်ရရှိမှုနည်းသွားသည်ဟု ဒေသခံ ဦးလှစိုးက ဆိုသည်။

သင်္ကြန်မတိုင်မီ ကာလတွင် ဌာနေပြန်မည့် ခရီးသွားများပြားသဖြင့် ရန်ကုန်မှ မော်ကျွန်းခရီးစီးနင်းသူများပြားရာ သင်္ဘောခများ ပုံမှန် ငွေကျပ် ၁၅၀၀ နှုန်းမှ ငွေကျပ် ၃၀၀၀မှ ၃၅၀၀ နှုန်းအထိ ဈေးမြှင့်ယူလာသည်။ ပုဂ္ဂလိက သင်္ဘောများ ခရီးသည်စီးနင်းလာမှုများပြားလာသည်ကို အကြောင်းပြု၍ ရန်ကုန်ဆိပ်ကမ်းမှ စည်းကမ်းမဲ့ ပြေးဆွဲမှုများရှိလာသည်ဟု ပုံမှန်အလှည့်ကျ ထွက်ခွာရမည့်သင်္ဘော ပိုင်ရှင်တစ်ဦးက ဆိုသည်။

ပုဂ္ဂလိက ရေယာဉ်စီး ခရီးသည်များ ငွေကြေးပိုမိုပေးရသော်လည်း ပြည်တွင်းရေကြောင်းသင်္ဘောတွင်မူ သတ်မှတ်နှုန်းထား ငွေကျပ် ၂၀၀၀ အတိုင်းသာ စီးနင်းခွင့်ရသည်။ သို့သော် ကြားခံဆိပ်ကမ်း ဘိုကလေးမြို့တွင် ကုန်တင်ကုန်ချလုပ်ငန်းအတွက် သင်္ဘောစက်ရပ်၍ အနည်းဆုံး သုံးနာရီဝန်းကျင် ကြာမြင့်နေတတ်သည်။ မော်ကျွန်းဆိပ်ကမ်းသို့ နံနက် ၁၁ နာရီဝန်းကျင်မှ ဆိုက်ကပ်ရောက်ရှိသည်။ ၂၀၁၄ စက်တင်ဘာလအတွင်း၌မူ မော်ကျွန်းဆိပ်ကမ်းတို့ နံနက် ၅ နာရီဝန်းကျင် ရောက်ရှိပြီး မော်ကျွန်းဆိပ်ကမ်းမှ ၆ နာရီကျော်တွင် ပြန်လည်ထွက်ခွာလေ့ရှိသည်။ ရေလမ်းခရီးစဉ်ကြားခံဆိပ်ကမ်းမြို့များ၌ ကုန်တင်ကုန်ချပြုလုပ်ရာတွင် နာရီပေါင်းများစွာ ရေယာဉ်စက်ရပ်ထားရသည့် ဖြစ်စဉ်မျိုးမရှိကြောင်း၊ မော်ကျွန်းအစား ကြားခံဆိပ်ကမ်း ဘိုကလေးမြို့မှ အပြန်ခရီးတွင် ပြောင်းလဲပြေးဆွဲသော်လည်း ဝင်ငွေပိုလာခြင်းမရှိကြောင်း အဆိုပါ ခရီးစဉ်တွင် ကုန်တင်ဆောင်သည့် ကုန်သည်တစ်ဦးက ဆိုသည်။

ပြည်တွင်းရေကြောင်းရေယာဉ်များ မော်ကျွန်းမှ အပြန်ခရီးတွင် ပြန်လည်ပြေးဆွဲပေးသဖြင့် ဒေသခံများ ခရီးသွားလာရာတွင် အဆင်ပြေလာသည်။ ကြားခံဆိပ်ကမ်းတွင် ကုန်တင်ကုန်ချ မြန်ဆန်ရေး အလေးထားဆောင်ရွက်ပေးပါက နာဂစ်ဒဏ်ခံရပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများ လုပ်ဆောင်ချိန်ဖြစ်သော ၂၀၀၈ ခုနှစ် နှစ်လယ်လပိုင်းများကဲ့သို့ မော်ကျွန်းဆိပ်ကမ်းသို့ ပုဂ္ဂလိက ရေယာဉ်များနှင့်နည်းတူ နံနက် ၆ နာရီဝန်းကျင် ဆိုက်ကပ်လာနိုင်သည်။ ရေယာဉ်ဆိုက်ကပ်ချိန် မှန်ကန်ရေးနှင့် ခရီးသည်ကုန်ရရှိရေးအတွက် စည်းရုံးဆောင်ရွက်မှုကို တစ်ပြေးညီ ဆောင်ရွက်နိုင်ပြီး ဝင်ငွေပိုမိုလာနိုင်သည်ဟု ဒေသခံ ဦးလှမြင့်က ဆိုသည်။

**ခင်ဆိုင်**

## ကင်ဆာမဖြစ်ရန် ဆောင်ရန်၊ ရှောင်ရန်များ

၁။ အဝမလွန်ပါစေနှင့်။
၂။ အဆီနှင့်ဆီများ လျှော့စားပါ။(တိရစ္ဆာန်နှင့်အသီးအနှံမှရသော ဆီများအားလုံး အကျုံးဝင်သည်)
၃။ အမျှင်များသော အသီးအနှံအရွက်နှင့် ဆတ်၊ ဂျုံ ပြောင်းများ စားရန်။
၄။ ဗီတာမင်အေနှင့် စီဓာတ်ပါသော အချိုအချဉ်ဓာတ်ရှိသော အသီးများ စားရန်။
၅။ ဗီတာမင်စီဓာတ်ပါသော အချိုအချဉ်ဓာတ်ရှိသော အသီးများ စားရန်။
၆။ ဂေါ်ဖီထုပ်၊ ဂေါ်ဖီစိမ်းထုပ်၊ ပန်းဂေါ်ဖီ၊ ကညွတ်များစားရန်။
၇။ ကွမ်း၊ ဆေးလိပ်နှင့် အရက်သေစာ စားသောက်ခြင်းမှ ရှောင်ရန်။
၈။ ဆားဖြင့်စီမံထားသောအစာများ၊ ကျပ်တင်ထားသော အစာများ၊ ယမ်းစိမ်းဖြင့်ပြုပြင်ထားသော အစာများနှင့် အချဉ်သနပ်များ အလွန်အကျွံစားခြင်းမှ ရှောင်ရန်။ (ဥပမာ ငါးခြောက်၊ ဝက်အူချောင်းနှင့် သနပ်များ)
၉။ လေ့ကျင့်ခန်းမှန်မှန်လုပ်ရန်။
၁၀။နှစ်ပတ်ထက်ကျော်ပြီး သာမန်မဟုတ်သော လက္ခဏာများ ဖြစ်ပေါ်လျှင် တတ်ကျွမ်းသူနှင့်ပြသရန်။

**ကျန်းမာရေးဦးစီးဌာန၊ကျန်းမာရေးဝန်ကြီးဌာန**

ကျန်းမာ၊ ပညာဘက်စုံကို
ဖွံ့ဖြိုးစေလို၊ အခွန်ကို
မှန်မှန်ကန်ကန်ပေးစေလို




# လပွတ္တာမြို့၌ ဇီဝိတဒါန ကဏန်းလွှတ်ပွဲ ကျင်းပ

**လပွတ္တာ ဧပြီ ၂၀**

နှစ်သစ်ကူးအခါသမယတွင် ဇီဝိတဒါန ကဏန်းလွှတ်ပွဲကို လပွတ္တာခရိုင် လပွတ္တာမြို့နယ် ဧရာဝတီဗောဆိပ်၌ ဧပြီ ၁၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ဇီဝိတဒါန ကဏန်းလွှတ်ပွဲတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့် မြို့ပေါ်ရှိ ကဏန်းလုပ်ငန်းရှင်များနှင့် ကဏန်းပျော့မွေးမြူရေးကန် လုပ်ငန်းရှင်များ ပူးပေါင်း၍ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးထွန်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက် အကူပြုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ကဏန်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်းများ စုပေါင်း၍ ရွှေမြစ်အတွင်းသို့ ကဏန်းကောင်ရေ ၃၈၁၀၊ အလေးချိန် ၂၅၄၀၀ ကီလိုဂရမ်၊ ကာလတန်ဖိုး ငွေကျပ် ၇၆၂၀၀၀ တန်ဖိုးရှိ ကဏန်းများအား ဇီဝိတဒါနအဖြစ် လွှတ်ပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အခြေခံမဲဆန္ဒရှင်စာရင်းများ သတ်မှတ်ကာလပြီးစီးရေး ဆွေးနွေး

**မိတ္ထီလာ မေ ၂၀**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ၁၈နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် နိုင်ငံတစ်ဝန်း၌ အခြေခံမဲစာရင်းများပြုစုလျက်ရှိရာ မိတ္ထီလာတွင် အခြေခံမဲဆန္ဒရှင်စာရင်းများ သတ်မှတ်ကာလအတွင်း ပြုစုပြီးစီးရေးအတွက် မြို့နယ်အထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများသည် မေ ၁၉ ရက် နံနက် ၁၀ နာရီက နဂါးရုံမဟာဗောဓိစေတီတော် ပညာဓိကတန်ဆောင်း၌ တွေ့ဆုံဆွေးနွေးကြကြောင်း သိရသည်။**(အောက်ပုံ)**

တွေ့ဆုံဆွေးနွေးရာတွင် အခြေခံ မဲဆန္ဒရှင်စာရင်းများကို သတ်မှတ်ကာလအတွင်းပြီးစီးနိုင်ရေး သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအလိုက် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ကြစေလိုကြောင်း၊ အခြေခံမဲဆန္ဒရှင်စာရင်းများပြုစုရာတွင် အမှားအယွင်း အလွဲအမှားမရှိစေရန် အရေးကြီးကြောင်း၊ မဲရုံများအရေအတွက်မှာ မူလအတိုင်းပင်ဖြစ်ကြောင်း၊ မဲဆန္ဒရှင် လူဦးရေတိုးလာပါက မဲရုံများ မဖောင်းပွစေရေးအတွက် ရှိပြီးမဲရုံများတွင် မဲဆန္ဒပြုခန်းအရေအတွက်နှင့် မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးမှလွဲ၍ မဲလက်မှတ်ထုတ်ပေးသူ၊ မဲလက်မှတ်စစ်ဆေးသူ စသည့်အရေအတွက်များကို တိုးသင့်မတိုးသင့်စဉ်းစား ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မဲရုံများကို သတ်မှတ်သင့်သည့်နေရာများတွင် ကြိုတင်သတ်မှတ်ပြင်ဆင်ခြင်းများ ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း စသည်ဖြင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသန်းဝင်းက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၁၅ အထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်သည် အလွန်အရေးကြီးကြောင်း၊ ပြည်တွင်းပြည်ပ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် နားလည်မှုစာချွန်လွှာများရေးထိုးထားပြီး ၎င်းအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများ၊ မီဒီယာများက စောင့်ကြည့်နေကြမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့များကို ကြိုတင်ဖွဲ့စည်းထားရတော့မည်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များကို ရွေးချယ်ရာတွင် စေတနာ၊ ဝါသနာ၊ အနစ်နာခံ၍ လုပ်ငန်းပေါ် အမှန်တကယ် စိတ်ဝင်တစား လုပ်ကိုင်မည့်သူများကိုသာ ရွေးချယ်ကြရန် လိုအပ်ကြောင်း၊ ယခုအခါ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ဝင်စာရင်းများကို ခန့်အပ်လွှာမပေးခင်ထိ ပြင်ဆင်စာရင်းပေးနိုင်ကြောင်း၊ ထို့ကြောင့် ရပ်ကွက်ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များထဲတွင် ပါဝင်သင့်သူများကိုသာ ထည့်သွင်းဖွဲ့စည်းကာ စာရင်းတင်ပြကြရန်လိုအပ်ကြောင်း၊ မဲဆန္ဒနယ်မြေနှစ်ခုရှိရာ မူလအတိုင်းထားရှိမည်ဟု မြို့နယ်ကော်မရှင်အဖွဲ့ခွဲက သတ်မှတ်ထားပြီး ရပ်ကွက်၊ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များမှ လူဦးရေအခြေအနေအရ ပြင်ဆင်သင့်ဟု တင်ပြလာပါက ပြန်လည်ပြင်ဆင် ပေးမည်ဖြစ်ကြောင်း၊ အခြေခံမဲဆန္ဒရှင်စာရင်းများကို မေလကုန်၊ ဇွန်လဆန်းပိုင်းတွင် ကြော်ငြာနိုင်ရေး ရည်မှန်းထားကြောင်းစသည်ဖြင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးမျိုးမင်းက ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ စာရေးများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက လိုအပ်ချက်များကို ပြန်လည်တင်ပြဆွေးနွေးရာ တာဝန်ရှိသူများက ထပ်ဆင့် ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဦးမောင်မောင်ကြည်က အသက် ၁၈နှစ်ပြည့်ပြီး နိုင်ငံသားမှတ်ပုံတင်ကတ်ပြား ပြုလုပ်ပြီးစီးမှု မရှိသေးသူများအား ဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**





## မင်္ဂလာတောင်ညွန့်မြို့နယ်တွင်းရှိ ကိုယ်ဝန်ဆောင်မိခင်လောင်းများအား အာဟာရထောက်ပံ့

**ရန်ကုန် မေ ၂၀**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ မြို့နယ်မိခင်နှင့်ကလေးများအတွက် အခြေခံကျန်းမာရေးအသိပညာများ ရရှိစေရန်နှင့် အစားအစာများကို အာဟာရပြည့်ဝစွာစားသုံးတတ်စေရန် ရည်ရွယ်၍ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝေညိုနှင့် အဖွဲ့ဝင်များသည် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ မေ ဒုတိယပတ်က သိမ်ဖြူမီးရထားရပ်ကွက် သာသနာ့ဟိတဓမ္မာရုံ၌ ကိုယ်ဝန်ဆောင်မိခင်နှင့် ပြည်သူများအား အခြေခံကျန်းမာရေး သွေးတိုးနှင့်ဆီးချိုသွေးချိုရောဂါအကြောင်းနှင့် ကြိုတင်ကာကွယ်ဆောင်ရွက်နိုင်ရေးတို့ကို လည်းကောင်း၊ ယင်နှင့်ကြွက်သတ္တဝါများ သယ်ဆောင်လာသည့် ရောဂါများအကြောင်းနှင့် ကာကွယ်တားဆီးနှိမ်နင်းပုံတို့ကို ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမ ဒေါ်အေးသိန်းက စကားဝိုင်းဆွေးနွေးပွဲအသွင်ဖြင့် ရှင်းလင်းပြောကြားပြီး သိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

စကားဝိုင်းဆွေးနွေးပွဲအပြီးတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက သိမ်ဖြူမီးရထားရပ်ကွက်အတွင်းရှိ ကိုယ်ဝန်ဆောင် မိခင်လောင်း ၁၁ ဦးကို ငှက်ပျောသီး၊ ကုလားပဲနှင့် ကြက်ဥများထောက်ပံ့ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

**အောင်သန်း (မင်္ဂလာတောင်ညွန့်)**

# ခရမ်းလွန်နှင့် မီးဘေးအန္တရာယ်

**မောင်ခိုင်မာ(အထက်မင်းလှ)**

ယခုနှစ် ၂၀၁၅ ခုနှစ် မတ်လ ၂၁ ရက်နေ့မှစ၍ နေမင်းကြီးသည် မြန်မာနိုင်ငံအပေါ် တည့်တည့်ရောက်ရှိသည့်အတွက်ကြောင့် အပူရှိန်လွန်ကဲမှုနှင့် ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းများ မြင့်တက်နေမှုကို ပညာရှင်တို့က သတိပေးနေကြသည်။ ထို့အပြင် လက်ရှိကာလသည် နွေရာသီ၏ အပူချိန်လွန်ကဲမှုနှင့် အယ်လ်နီညို အပူလွန်ကဲမှုတို့လည်း ပေါင်းဆုံနေသည်ဟု သိရသည်။ သို့အတွက် ကျွန်ုပ်တို့သည် ကျန်းမာရေးဂရုပြုရန်နှင့် မီးဘေးအန္တရာယ် ဂရုပြုရန်ဟူသည့် နှစ်ခုဂရုပြုဖွယ်တွေ့ရပါသည်။

**ကျန်းမာရေးဂရုပြုရန်**

လက်ရှိကာလသည် ခရမ်းလွန်ရောင်ခြည်များ မြင့်မားနေသောကြောင့် အပူချိန်မြင့်မားလွန်းခြင်း၊ လေထဲရေငွေ့ပါပြီး တိမ်ဖြစ်ထွန်းသော်လည်း မိုးမရွာသဖြင့် ခံစားရသည့် အပူချိန်မြင့်မားခြင်း၊ ရာသီအပူချိန် မြင့်မားသဖြင့် ခန္ဓာကိုယ်တွင် အပူချိန်များလာခြင်း စသည်တို့ကြောင့် ဆီးချိုနှင့် သွေးတိုးလူနာများ၊ အသက်အရွယ်ကြီးရင့်သူများ သတိလစ်ခြင်း၊ လေဖြတ်ခြင်းနှင့် ကလေးများ တက်ခြင်းတို့ဖြစ်တတ်ကြောင်း၊ အများအားဖြင့် အားအင်ကုန်ခန်းခြင်း၊ ခန္ဓာကိုယ်နွမ်းနယ်ခြင်း၊ အပူဒဏ်ကြောင့် ကြွက်တက်ခြင်း၊ အပူလှိုင်းအရိုက်ခံရခြင်းကြောင့် အသက်အန္တရာယ်ဆုံးရှုံးရခြင်းများ ဖြစ်တတ်ကြောင်း သိရသည်။

နေပူဒဏ်ခံနိုင်ရေးအတွက် မည်သို့သော အအေးကိုမဆိုရအောင် ကြိုးစားသင့်ကြောင်း၊ အပူချိန်ကျရန်အတွက် ရေခဲရေဖြင့် ကိုယ်ပူချခြင်း၊ ရေခဲရေဖြင့် ရေနိုင်နိုင်ချိုးခြင်း၊ ကိုယ်ပူချိန်ကျသည်အထိ ရေခဲရေပွတ်သပ်အသုံးပြုပေးခြင်းနှင့် ရေခဲရေမနိုင်ပါက ရေအေးအေးဖြင့် ရေများများနိုင်နိုင်ချိုးပေးခြင်းတို့ကို ပြုလုပ်ပေးသင့်ကြောင်း သိရသည်။ ရေချိုးရာတွင်လည်း အရိပ် အာဝါသအောက်တွင် ရေချိုးသင့်ကြောင်း၊ အပူချိန်လွန်ကဲချိန်တွင် အရိပ် အာဝါသအောက်၌ ရေချိုးသင့်ကြောင်း၊ ချွေးထွက်စေသည့် ဆေးဝါးများကို မသုံးစွဲသင့်ကြောင်း၊ ထို့အပြင် ချွေးထွက်စေသော ကိုယ်လက်လှုပ်ရှားမှုများနှင့် ပင်ပန်းသောအလုပ်ကို အပူလွန်ကဲနေစဉ် မပြုလုပ်သင့်ကြောင်း၊ နေပူချိန်နှင့် နေ့လယ်ပိုင်းတွင် နားနားနေနေ အရိပ်အာဝါသတွင် နေထိုင်ဖို့လိုကြောင်း၊ ချွေးထွက်ခြင်းကြောင့် ဆုံးရှုံးသွားသော ရေဓာတ်ကိုဖြည့်ဆည်းရန် သောက်ရေ အေးအေး (ရေခဲရေမဟုတ်) ကို များများသောက်ပေးသင့်ကြောင်း၊ ဆားရည် ချိုသောက်ပေးသင့်ကြောင်း၊ အုန်းရေသောက်ပါကလည်း ဓာတ်ဆားအချို့ ပြန်ရကြောင်း၊ အချို့ကလည်း သီးစုံဓာတ်ဆားဖျော်ရည်ကို သောက်ကြကြောင်း၊ အထူးသဖြင့် နေပူထဲသို့အကာအကွယ်မဆောင်းဘဲ၊ မပါဘဲ မထွက်သင့်ကြောင်း စသည်ဖြင့် ပညာရှင်များနှင့် ကျန်းမာရေးဌာန၏ သတိပေးချက်များကို ဂရုပြုလိုက်နာကြရမည်ဖြစ်ပါသည်။



**မီးဘေးအန္တရာယ်**

အခြားတစ်ဖက်တွင် သတိထားရမည်က မီးဘေးအန္တရာယ်ဖြစ်သည်။ မီးဆိုသည်က သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်တတ်ပါသည်။ ဆောင်းနှောင်းရာသီမှစတင်၍ မကြားလိုသော်လည်း ကြားနေရသည့် မီးလောင်မှုသတင်းများဖြစ်၏။ မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးမှုပမာဏသည် တစ်နိုင်ငံလုံး အတိုင်းအတာနှင့်ဆိုပါက မနည်းပါ။ မီးသည် ရာသီမရွေး လောင်တတ်သော်လည်း ယခုကဲ့သို့ ပူပြင်းခြောက်သွေ့သော နွေရာသီတွင် အဖြစ်များတတ်ပါသည်။ ယခုနှစ်ကဲ့သို့ ရာသီပူရသည့်အထဲ ခရမ်းလွန်အပူနှင့် အယ်လ်နီညိုအပူက ထပ်ဆောင်းသည့်ကာလတွင် အထူးသတိပြုဖို့လိုပါမည်။ လူခိုးလျှင် အစုတ်ကျန်၊ မီးလောင်လျှင် အပြာတ်နှံ့ဆိုသည့်အတိုင်း မီးလောင်ပြီဆိုလျှင် အိမ်ထောင်စုအသီးသီး၏ စုဆောင်းထားသမျှ စည်းစိမ်ဥစ္စာဆုံးရှုံးမှုသာမက အခန့်မသင့်လျှင် အသက်အန္တရာယ်ဆုံးရှုံးမှုပင် ကြုံတွေ့ရတတ်ပါသည်။ မီးလောင်မှုကြောင့် နိုင်ငံတော်အနေဖြင့် ပြည်သူတစ်ဦးချင်းစီအတွက်သာမက နိုင်ငံပိုင်အဆောက်အအုံနှင့် ပစ္စည်းများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်ပေးနေရပါသည်။ ထို့ကြောင့် မီးဘေးအန္တရာယ်သည် ပြည်သူ့စည်းစိမ်ဥစ္စာနှင့် နိုင်ငံ့ဘဏ္ဍာကို အတိုင်းအတာတစ်ခုအထိ ထိခိုက်စေပါသည်။

မီးလောင်မှုဖြစ်စဉ်များကို ကြည့်သောအခါ ပေါ့ဆမီးကြောင့်ဖြစ်ရသည်ကများ၏။ မီးဖိုချောင်ပေါ့ဆမှု၊ ခြင်ဆေးခွေ ပေါ့ဆမှု၊ လျှပ်စစ်မီးသုံးစွဲခြင်း စနစ်မကျမှုတို့ကြောင့် အဖြစ်များသည်ဆို၏။ ယခင်က ကျေးလက်ဒေသအချို့တွင် မီးဖိုချောင်နှင့် ခြင်ဆေးခွေပေါ့ဆမီး၊ အမွှေးတိုင်နှင့် ဖယောင်းတိုင်ပေါ့ဆမီးတို့ကြောင့် ဖြစ်တတ်သည်။ ယခုတိုးတက်ဖွံ့ဖြိုးလာသောခေတ်တွင် လျှပ်စစ်မီးရရှိပြီဖြစ်သော ကျေးလက်ဒေသများ၌ လျှပ်စစ်မီးပေါ့ဆမှုကလည်း ပါဝင်လာပြီဖြစ်သည်။ ရံဖန်ရံခါ ရှို့မီးနှင့် တောမီးလည်း ဖြစ်တတ်သည်။

မီးလောင်ခြင်းဆိုသည်မှာ အပူနှင့် အလင်းထွက်ပေါ်လာသည့် ဓာတ်ပြုမှုကြောင့်ဟု ဆိုသည်။ မီးလောင်မှုဖြစ်ပွားနိုင်သော အချက်သုံးချက်ဖြစ်သည့် လောင်စာ၊ အောက်ဆီဂျင်နှင့် အပူရှိန်တို့အနက် တစ်ခုခုကို ဖယ်ရှားလိုက်လျှင် မီးလောင်မှုရပ်ဆိုင်းသွားမည်ဖြစ်ကြောင်းတို့ကိုလည်း မှတ်သားသင့်ပါသည်။

မီးလောင်မှုဖြစ်ပွားရသော အကြောင်းအရင်းများကို လေ့လာသောအခါ ပေါ့ဆမှု၊ ရာသီပူပြင်းမှု၊ မီးလောင်လွယ်သော ဆောက်လုပ်ရေးပစ္စည်းများ အသုံးပြုမှု၊ လူနေရပ်ကွက်များအတွင်း၌ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ရောထွေးနေမှု၊ လောင်စာဆီနှင့် မီးလောင်လွယ်သောပစ္စည်းများကို သိုလှောင်ထားရှိမှုတို့ကြောင့်ဖြစ်ကြောင်းလည်း သိရသည်။ မီးလောင်မှုဖြစ်စဉ်တိုင်းတွင် မြန်မြန်ဆန်ဆန် မီးငြိမ်းသတ်နိုင်မှု၊ အဆောက်အအုံ၏ မီးလောင်နိုင်မှုအခြေအနေ၊ မီးလောင်သည့်နေရာ၊ လူနေအိမ်ခြေ အစိပ်အကျဲတို့အပေါ် မူတည်၍ ဆုံးရှုံးမှုအနည်းအများ ရှိတတ်ပေသည်။

မည်သို့ပင်ဆိုစေ "မီးဘေးရှောင်မလောင်ခင်တား" ဟူသောဆောင်ပုဒ်နှင့် "ကြိုတင်ကာကွယ်ခြင်းက ကုသခြင်းထက် ပိုကောင်း၏" ဟူသည့် ဆောင်ပုဒ်များအတိုင်း မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်သင့်ပေသည်။ မီးလောင်လွယ်သည့် အရာဝတ္ထုများကို စနစ်တကျကိုင်တွယ်ထိန်းသိမ်းခြင်း၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ထားခြင်း၊ မီးသတ်ဆေးဘူးအပါအဝင် မီးငြိမ်းသတ်ပစ္စည်းများ အလွယ်တကူ စနစ်တကျထားရှိခြင်းများကို ဆောင်ရွက်ထားရပါမည်။ လျှပ်စစ်မီးနှင့်ပတ်သက်၍လည်း လျှပ်စစ်ဓာတ်အားသုံးပစ္စည်းမှန်သမျှကို သတိထားသုံးစွဲရန်နှင့် အန္တရာယ်ရှိသည့် အနေအထားမျိုးဖြင့် သုံးစွဲခြင်းမပြုကြရန် လိုပါမည်။

"သင့်ကြောင့် မီးမလောင်ပါစေနှင့်"၊ "မည်သည့်အကြောင်းကြောင့်မျှ မီးမလောင်ပါစေနှင့်" ဟူသည့်စာတန်းများကို အများပြည်သူဆိုင်ရာ နေရာအနှံ့အပြားတွင် တွေ့ရှိနေရသကဲ့သို့ မီးဘေးကြိုတင်ကာကွယ်ရေးများကို ရပ်ကွက်၊ ကျေးရွာများအထိ တပ်လှန့်နှိုးဆော်နေသံများနှင့်ဈေးများ၊ စက်ရုံ အလုပ်ရုံများ၊ မြို့နယ်၊ ရပ်ကွက်များတွင် အရေးပေါ်မီးငြိမ်းသတ်ရေး ပညာပေးရေးလုပ်ငန်းများ၊ သရုပ်ပြလေ့ကျင့်နေမှုများကို တွေ့မြင်ကြားသိနေရသည်။ သို့သော် ကျွန်ုပ်တို့အနေဖြင့် သတိမရှိ၊ တာဝန်မသိ ပေါ့ဆကြပါလျှင် အချည်းနှီး အလဟဿဖြစ်ပေမည်။

အချုပ်အားဖြင့် ဆိုရပါလျှင် နွေရာသီ၏ အပူချိန်တွင် ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းမြင့်မားမှုနှင့် အယ်လ်နီညို အပူလွန်ကဲမှုတို့ ထပ်တိုးလိုက်သော ယခုလိုကာလမျိုးဝယ် ကျွန်ုပ်တို့အားလုံးသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်နှင့် မီးဘေးအန္တရာယ်တို့ကို သတိနှင့်ယှဉ် ကာကွယ်သင့်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# ဆိုင်ကယ်ပြင်ဆိုင်နှင့် ကားရေဆေးခုံလုပ်ငန်းများ သင်္ကြန်အပြီး၌ အလုပ်တွင်ကျယ်နေ

**ရေစကြို မေ ၂၀**

သင်္ကြန်ကာလအတွင်း ဆိုင်ကယ်များ၊ ကားများဖြင့် လှည့်လည်ရေကစားကြပြီးနောက် စက်ချွတ်ယွင်းခြင်းနှင့် ညစ်ပတ်ပေရေခြင်းများဖြစ်သဖြင့် ဆိုင်ကယ်ပြင်ဆိုင်များနှင့်ရေဆေးခုံများ အလုပ်ဖြစ်နေကြသည်ကို တွေ့ရသည်။

“ကျွန်တော်တို့ဆိုင်တွေကလည်း သင်္ကြန်ကာလမှာ ပိတ်ထားတာပါ။ ဒီနေ့မှ ပြန်ဖွင့်တာဆိုတော့ အပ်နေကျ မိတ်ဆွေတွေက ဒီနေ့မှာ စုပြုံရောက်လာတာဖြစ်ပါတယ်။ အပ်ထည်တွေကများတော့ ရက်ချိန်းပေးပြီး လုပ်ပေးနေရပါတယ်”ဟု ဆိုင်ကယ်ပြင်ဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

ရေစကြိုမြို့တွင် ဆိုင်ကယ်ပြင်ဆိုင် အကြီးနှင့် အသေး စုစုပေါင်း ၂၀ ကျော်ခန့်ရှိပြီး ကားနှင့် ဆိုင်ကယ် ရေဆေးခုံ ငါးခုံခန့်ရှိရာ နေရာတိုင်းတွင် ဆိုင်ကယ်များ၊ ကားများ စုပြုံနေကြသဖြင့် ရက်ချိန်းယူ၍ပင် စောင့်ဆိုင်း နေရကြောင်း သိရသည်။

ကားနှင့် ဆိုင်ကယ်ရေဆေးခုံလုပ်ငန်းတစ်ခုမှ လူငယ်တစ်ဦးကလည်း “ကျွန်တော်တို့လည်း သင်္ကြန်တွင်းလည်ချင်လို့ ဆိုင်ပိတ်ထားပြီး ဒီနေ့မှ ပြန်ဖွင့်တာပါ။ သင်္ကြန်မှာ ညစ်ပေခဲ့သမျှ လာပြီးရေဆေးကြတော့ အပ်သူတွေ ထပ်နေတာပဲ။ စီနီယာနဲ့ စောင့်ခိုင်းထားရပါတယ်။ ဒီရက်မှာတော့ ကားနဲ့ဆိုင်ကယ်ရေဆေးခုံတွေ အလုပ်ဖြစ်ပြီး ဝင်ငွေကောင်းနေပါတယ်”ဟု ပြောသည်။

ဆိုင်ကယ်ရေဆေးခုံများတွင် ဆိုင်ကယ်တစ်စီးလျှင် ရေဆေးခအဖြစ် ကျပ်ငါးရာနှင့် ကစ်တိုက်(ပေါလစ်ရှ်တိုက်)လျှင် ကျပ်ရှစ်ရာယူကြောင်း၊ ကားရေဆေးခအဖြစ် ကားလေးတစ်စီးလျှင် ရိုးရိုးရေဆေးခ ကျပ်နှစ်ထောင်မှ သုံးထောင်နှင့် ဆီဖျန်းကစ်တိုက်လျှင် ကျပ်လေးထောင်မှ ငါးထောင်အထိယူကြောင်း၊ ခြောက်ဘီးကားတစ်စီးလျှင် ကျပ် ရှစ်ထောင်နှင့် ၁၂ ဘီးကားတစ်စီးလျှင် ကျပ်တစ်သောင်းယူကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**




# သက်ကြီးပူဇော်ပွဲနှင့်စတုဒိသာလှူဒါန်းပွဲ ကျင်းပ

**စစ်ကိုင်း မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မြေဝတီရပ်ကွက်၌ ရပ်ကွက်အတွင်းမှ အသက်(၇၅)နှစ်အထက် ဘိုးဘွားများအား သက်ကြီးပူဇော်ပွဲကို မေ ၁၇ ရက်က အဆိုပါရပ်ကွက်ရှိ အမှတ်(၆)အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့ပြီး (၄၁)ကြိမ်မြောက်ကျင်းပသည့် သက်ကြီးပူဇော်ပွဲဖြစ်ကြောင်း သိရသည်။

သက်ကြီးပူဇော်ပွဲတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းဦးနှင့် ရပ်ကွက်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကျော်စံလေးတို့က အမှာစကားပြောကြားပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများက အဘိုးအဘွားများအား ကန်တော့ကြပြီး အလှူငွေနှင့် ပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

သက်ကြီးပူဇော်ပွဲနှင့်အတူ ရပ်ကွက်အတွင်း မြေဥယျာဉ် စာသင်ကျောင်းတိုက်ရှိ ဆရာတော်သံဃာတော်အပါး ၁၀၀ ကျော်တို့အား အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းများကိုလည်း ပူဇော်ကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီက ဆက်ကပ်လှူဒါန်းခဲ့ကြပြီး အလှူရှင်ဦးဇော်မင်းအောင်မိသားစုကလည်း ရပ်ကွက်အတွင်းရှိ ပြည်သူများအား ရှစ်မျက်နှာဘုရား ဓမ္မလက်ာရဓမ္မာရုံ၌ စတုဒိသာကျွေးမွေး လှူဒါန်းခဲ့ကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

# မဲဇာချောင်းကူးတံတား တည်ဆောက်မှု ကွင်းဆင်းစစ်ဆေး

**အင်းတော် မေ ၂၀**



စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မန်လည်ကျေးရွာအုပ်စု ဝါးဖြူတောင်ကျေးရွာနှင့် ညောင်တုန်းကျေးရွာတို့ကို ဆက်သွယ်ဆောက်လုပ်နေသည့် မဲဇာချောင်းကူးတံတား တည်ဆောက်မှုလုပ်ငန်းများအား အင်းတော်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ မေ ၁၈ ရက်က ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

အင်းတော်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နိုင်ငြေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမျိုးမင်းစိုး၊ မြို့နယ်အထောက်အကူပြုကော်မတီ နာယက ဦးမြ၊ ဥက္ကဋ္ဌ ဦးတင်လှိုင်နှင့် အဖွဲ့ဝင် ဦးချစ်ရွှေ၊ မြို့နယ်ဒုတိယပညာရေးမှူး ဦးသိန်းဆွေဝင်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုဦးစီးမှူး ဦးပြည့်ဖြိုးမောင်တို့က ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

ဆောက်လုပ်လျက်ရှိသည့် မဲဇာချောင်းကူးတံတားသည် အရှည် ၄၅၀ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၈ ပေ၊ မြေဝင် ၁၅ ပေရှိပြီး အရှည်ပေ ၃၀ ရှိ အခန်း ၁၀ ခန်းနှင့် အရှည်ပေ ၄၀ရှိ အခန်း လေးခန်း ပါဝင်သည့် သစ်သားတံတားဖြစ်သည်။ ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေ ကျပ်သိန်း ၅၀ ဖြင့် ဖေဖော်ဝါရီ ၂၂ ရက်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အချိန်သုံးလအတွင်း ပြီးစီးနိုင်ရန် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

မန်လည်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းသက်နှင့် ညောင်တုန်းကျေးရွာ ရာအိမ်မှူး ဦးညွန့်အောင်တို့၏ ဦးဆောင်မှုဖြင့် ဒေသခံကျေးရွာကိုးရွာရှိ အိမ်ခြေ ၈၀၀ ခန့်မှ ရွာသူရွာသားများ၏ လုပ်အားဒါနဖြင့် ဆောက်လုပ်လျက်ရှိကြောင်း၊ တံတားဆောက်လုပ်ပြီးစီးရန် ခန့်မှန်းကုန်ကျငွေမှာ စုစုပေါင်း ကျပ်သိန်း ၄၀၀ ခန့်ရှိနိုင်ကြောင်း ဒေသခံများထံမှ သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

# သင်္ကြန်ရက်အတွင်း ယာဉ်တိုက်မှုကြောင့် တစ်ဦးသေဆုံး

**အင်းတော် မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့တွင် သင်္ကြန်ပွဲတော် ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုတစ်ခု မေ ၁၅ ရက်က ဖြစ်ပွားခဲ့ပြီး တစ်ဦးသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၅ ရက် သင်္ကြန်အကြတ်နေ့ မွန်းလွဲ ၁ နာရီခန့်က ကသာမြို့မှ အင်းတော်မြို့ဘက်သို့ သန်းတိုးအောင် မောင်းနှင်လာသည့်ဆိုင်ကယ်ကို အင်းတော်မြို့မှ အမည်မသိ ယာဉ်မောင်းတစ်ဦး မောင်းနှင်လာသည့် ယာဉ်တစ်စီးက ပွတ်ချိတ်တိုက်မိပြီး သန်းတိုးအောင်တွင် ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ယာဉ်တိုက်မှုဖြစ်ပြီးနောက် အမည်မသိယာဉ်မောင်း မောင်းနှင်လာသည့်ယာဉ်မှာ နောက်သို့ ပြန်လှည့်မောင်းပြေးစဉ် အင်းတော်မြို့တွင်းမှ အောင်ကျော်မြင့်မောင်းနှင်ပြီး နောက်မှ ဘိုဘိုလိုက်ပါလာသည့် ဆိုင်ကယ်နှင့် ထပ်မံ၍ ချိတ်တိုက်မိပြီး အောင်ကျော်မြင့်တွင် ဒဏ်ရာများရရှိကာ ဘိုဘိုတွင်လည်း ဦးခေါင်းဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားရာသို့ အင်းတော်မြို့ ရဲတပ်ဖွဲ့စခန်းမှ တပ်ကြပ်ကြီးစန်းယုအောင်က လာရောက်ကြည့်ရှုစစ်ဆေးပြီး ဒဏ်ရာရသူများအား ရဲဆေးစာဖြင့် အင်းတော်မြို့ ပြည်သူ့ဆေးရုံသို့ တင်ပို့ပေးခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများမှဘိုဘို(၃၀နှစ်)သည် ရရှိဒဏ်ရာများဖြင့် သေဆုံးသွားသဖြင့် ယာဉ်ပေါ့ဆစွာမောင်းနှင်ပြီး တိုက်မိ ဒဏ်ရာရရှိစေသော ယာဉ်မောင်း အောင်ကျော်မြင့်၊ သန်းတိုးအောင်နှင့် အမည်မသိယာဉ်မောင်းတစ်ဦးအား အင်းတော်မြို့ရဲစခန်းက အမှုဖွင့်အရေးယူထားပြီး အမည်မသိ ယာဉ်မောင်းကို ဖော်ထုတ်နိုင်ရန် စုံစမ်းလျက်ရှိကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

# တပ်ကုန်းမြို့နယ်မှ လေဘေးသင့်အိမ်ထောင်စုများသို့ ထောက်ပံ့ပစ္စည်းများပေးအပ်



ထောက်ပံ့ရေးပစ္စည်းများ ရယူလာသော ပြည်သူတစ်ဦး။

**တပ်ကုန်း မေ ၂၀**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်း မေ ၉ ရက်က တိုက်ခတ်ခဲ့သော လေပြင်းဒဏ်ကြောင့် နေအိမ်များပျက်စီးခဲ့သည့် လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၁၂ ရက်က ပေးအပ်ခဲ့သည်။

လေပြင်းတိုက်ခတ်မှုသည် မေ ၉ ရက် ည ၇ နာရီခွဲခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ စုစုပေါင်း လူနေအိမ် ၄၉၆ လုံး၊ စာသင်ကျောင်းဆောင် ၁၁ ဆောင်နှင့် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းတို့တွင် အမိုးလန်ခြင်းနှင့် ပြိုကျခြင်းများ ဖြစ်ပွားခဲ့သည်။

အေးချမ်းသာစံပြကျေးရွာတွင် လူနေအိမ် ၁၀၆ လုံး၊ ဒဟတ်ကုန်းကျေးရွာတွင် လူနေအိမ် ၇၀၊ သော်တာကျေးရွာတွင် လူနေအိမ် ၁၆၆ လုံး၊ မိုးနံကုန်းကျေးရွာတွင် လူနေအိမ် ၄၀၊ ကျေးချောင်း(မ)ကျေးရွာတွင် လူနေ အိမ် ၅၈ လုံး၊ ကျေးချောင်း(တ)ကျေးရွာတွင် လူနေအိမ် ၂၈ လုံး၊ ထရံကာကျေးရွာတွင် လူနေအိမ် ၁၄ လုံး၊ ဥသျှစ်ကုန်းကျေးရွာတွင် လူနေအိမ် ၁၀ လုံး၊ ညောင်ကိုင်းကျေးရွာတွင် လူနေအိမ် သုံးလုံး၊ ပေတောကျေးရွာတွင် လူနေအိမ် တစ်လုံး စုစုပေါင်း ၄၉၆ လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ပျက်စီးဆုံးရှုံးသွားသည့် နေအိမ် ၄၉၆ လုံးကို ပြန်လည်ပြုပြင်နိုင်ရန်နှင့် လေဘေးသင့်မိသားစုများအတွက် ထောက်ပံ့ပစ္စည်းများကိုပေးအပ်ခဲ့ခြင်းဖြစ်သည်။ ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်က ကျေးရွာအုပ်ချုပ်ရေးမှူးများအား လေဘေးသင့်အိမ်များ ပြန်လည်ပြုပြင်မှု အမြန်ဆုံးပြီးစီးအောင် ကူညီဆောင်ရွက်ပေးရန် မှာကြားခဲ့ပြီး နေပြည်တော် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ထောက်ပံ့ပစ္စည်းများ ပေးအပ်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးထံ ထောက်ပံ့ပစ္စည်းများ လွှဲပြောင်း ပေးအပ်ခဲ့သည်။

လေဘေးသင့်အိမ်ထောင်စုများအား နေပြည်တော် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ အမျိုးသားဝတ်လုံချည် ၄၉၆ ထည်၊ ထမီ ၄၉၆ ထည်၊ မျက်နှာသုတ်ပဝါ ၄၉၆ ထည်၊ ကာဘော်လိပ်ဆပ်ပြာ ၄၉၆ တောင့်နှင့် တပ်ကုန်းမြို့ NNN ကုန်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းက သွပ်ချပ် ၃၀၀၊ တောကြီးမြိုင်ကြီးကုမ္ပဏီမှ သွပ်ချပ် ၂၀၀၊ Moon Ray ကုမ္ပဏီမှ သွပ်ချပ် ၅၀၀ စုစုပေါင်း သွပ်ချပ် ၁၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

**(၄၁၇)**

## ရေးမြို့နယ်၌ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယပွဲ စည်ကားစွာကျင်းပနိုင်ရေး ဆွေးနွေး

**ရေး ဧပြီ ၂၀**

မွန်ပြည်နယ် ရေးမြို့၌ (၈၃)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရွှေဆံတော်စေတီ ဂန္ဓကုဋိတိုက်၌ ဧပြီ ၁၉ ရက်က ကျင်းပခဲ့သည့် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး အစည်းအဝေးမှ သိရသည်။

ဗုဒ္ဓပူဇနိယပွဲတော်ကို ကဆုန်လဆန်း ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရပ်ကွက်ယာယီစံကျောင်းတော် အပူဇော်ခံမဏ္ဍပ်များတွင် အသီးသီး အပူဇော်ခံယူသွားမည်ဖြစ်ကြောင်း၊ မြို့ပေါ်ရပ်ကွက်များသို့ လဆန်း ၁၃ ရက်မှ ၁၅ ရက်အထိ ဒေသစာရီကြွချီလှည့်လည် အပူဇော်ခံသွားမည်ဖြစ်ကြောင်း၊ ဗုဒ္ဓပူဇနိယပွဲတော်တွင် ပျော်ပွဲရွှင်ပွဲများအဖြစ် ယိမ်းအကများနှင့် အခြားဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်ကျင်းပမည်ဖြစ်ပြီး လပြည့်ကျော် ၁ ရက်နှင့် ၂ရက်တွင် ပြည်သူ့ရင်ပြင်ကွင်း၌ ယိမ်းအက၊ စင်တင်ပြိုင်ပွဲများ ကျင်းပပြီး ဘုရား အကြိုအပို့ဆု၊ ဒေသစာရီလှည့်လည်ကားအလှဆင်ဆု၊ အပူဇော်ခံမဏ္ဍပ်ဆုနှင့် ပြိုင်ပွဲဝင်ဆုရယိမ်းအဖွဲ့များကို ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း အစည်းအဝေးမှ သိရသည်။

အစည်းအဝေးတွင် ရွှေဆံတော်စေတီနှင့် စကားတောင်စေတီတော်မှ ဂေါပကအဖွဲ့ဥက္ကဋ္ဌဦးသန်းမောင်က နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓပူဇနိယပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ပွဲတော်ကျင်းပရေးဆပ်ကော်မတီနှင့် အထောက်အကူပြုအဖွဲ့များကို ပြန်လည်ဖွဲ့စည်းခြင်းနှင့် ရပ်ကွက်အပူဇော်ခံမဏ္ဍပ်များတွင် အပူဇော်ခံရန် မြသပိတ်နှင့် ဘုရားရုပ်ပွားဆင်းတုတော်များ မဲနှိုက်ခြင်းကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**

## အန္တရာယ်ကင်း ပရိတ်တရားပွဲအနီး ယာဉ်တိုက်မှုဖြစ်ပွား

**ရန်ကုန် ဧပြီ ၂၀**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်(၅)ရပ်ကွက် (၁၁) လမ်းထိပ် ကမ်းနားလမ်းဟောင်းပေါ်၌ ဧပြီ ၁၇ ရက် ညနေ ၅ နာရီခန့်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ပြီး ယာဉ်တိုက်မှုကြောင့် ယာဉ်တစ်စီးတိမ်းမှောက်ခဲ့ကာ သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



(၁၁)လမ်းနှင့် (၁၂)လမ်းကြား ကမ်းနားလမ်းဟောင်းပေါ်ရှိ အဝေးပြေးခရီးသည်တင်ကားဂိတ်အနီးတွင် ယာဉ်မောင်းကိုကျော်ထက်အောင် မောင်းနှင်သည့် ကိုယ်ပိုင်ယာဉ် ပါဂျဲရိုးကားသည် ဂငယ်ကွေ့ ကွေ့နေစဉ် ကမ်းနားလမ်းဟောင်းအတိုင်း အရှေ့မှအနောက်သို့ ယာဉ်မောင်းကိုမိုးမင်းခ မောင်းနှင်လာသော တက္ကစီက ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ ယာဉ်တိုက်မှုအရှိန်ကြောင့် ကွေ့နေသည့် ပါဂျဲရိုးကားမှာ တစ်ဖက် ယာဉ်ကြောပေါ် ရောက်ရှိပြီး တိမ်းစောင်းလဲကျသွားပြီး ဝင်တိုက်သည့် တက္ကစီ၏ ရှေ့ပိုင်းနှစ်ဖက်စလုံးလည်း ပျက်စီးမှုရှိခဲ့ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်းသူ၏ ယာဘက်လက်တွင် မှန်ကွဲစများစိုက်ဝင်၍ ဒဏ်ရာများရရှိခဲ့ပြီး ယာဉ်ပေါ်ပါ သက်ကြီးရွယ်အို ခရီးသည်နှစ်ဦးလည်း ဒဏ်ရာများရရှိကာ ဆေးရုံပို့ဆောင်ထားရကြောင်း ယာဉ်တိုက်မှု ဖြစ်ပွားသည့်နေရာအနီးတွင် ကျင်းပနေသည့် ပရိတ်တရားပွဲတွင် ဝိုင်းဝန်းလုပ်ကိုင်နေကြသော မျက်မြင်တွေ့သူများ၏ ပြောကြားချက်အရ သိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားပြီးနောက် ယာဉ်နှစ်စီးလုံးကို ကရိန်းကားများဖြင့် (၅၁)လမ်း ယာဉ်ထိန်းရုံးသို့ ဆွဲယူသွားကြောင်းလည်း မျက်မြင်တွေ့ရှိသည့် (၁၁)လမ်းနေပြည်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ခင်ဆိုင်**

## နှစ်ဆန်းတစ်ရက် အလှူနှင့် သက်ကြီးပူဇော်ပွဲ သတင်းတိုများ

### အင်းတော်

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်)က ကျင်းပခဲ့သည်။ သက်ကြီးပူဇော်ပွဲတွင် မြို့နယ်အတွင်းမှ အသက် ၈၀ နှင့် အထက် ဘိုးဘွား ၁၂၇ ဦးရှိသည့်အနက် ၆၄ ဦး တက်ရောက်ခဲ့ကြပြီး တာဝန်ရှိသူများမှ ဘိုးဘွားများအား အိုဇာတင်းနှင့် အာဟာရများဖြင့် တည်ခင်းဧည့်ခံကာ ဘိုးဘွားတစ်ဦးလျှင် ၂၀၀၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းကန်တော့ခဲ့ကြသည်။ သက်ကြီးပူဇော်ပွဲသို့ မတက်ရောက်နိုင်သည့် ဘိုးဘွားများကိုလည်း အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်းခဲ့ကြောင်း၊ စုစုပေါင်းလှူဒါန်းငွေကျပ် ၂၅၄၀၀၀၀ ဖြစ်ကြောင်း သိရသည်။ သက်ကြီးပူဇော်ပွဲသို့ အင်းတော်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်နှင့် ဝန်ထမ်းများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နိုင်ဌေး၊ အင်းတော်မြို့နယ် ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

သက်ကြီးပူဇော်ပွဲအပြီးတွင် အင်းတော်မြို့နယ် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် ဝန်ထမ်းများသည် အင်းတော်မြို့နယ် လဝကမှူး၊ မြို့နယ်အထောက်အကူပြုအဖွဲ့များနှင့်အတူ အင်းတော်မြို့မ ပရိယတ္တိစာသင်တိုက်တွင် မြို့နယ် သံဃနာယက ဥက္ကဋ္ဌဆရာတော်နှင့် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။ ဆက်လက်၍ အင်းတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံး၌လည်း ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများက ဆရာတော်များထံမှ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူကြပြီး ဆရာတော်များအား ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

### နတ်တလင်း

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်မြို့ အလယ်ပိုင်းရပ်ကွက်ရှိ တိလောကမာရဇိန် ရွှေသာလျောင်းဘုရားကြီးဝင်းအတွင်း၌ (၁၄)ကြိမ်မြောက် တာပွန်မြို့လုံးဆိုင်ရာ သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်)က ကျင်းပသည်။

သက်ကြီးပူဇော်ပွဲတွင် နာယကဆရာကြီးဦးသန်းညွန့်က အမှာစကားပြောကြားပြီး သက်ကြီးပူဇော်ပွဲကော်မတီဝင် ဦးသန်းထွန်းက သက်ကြီးရွယ်အိုအဘိုးအဘွားများသည် ပြုစုဖေးမမည့် သားသမီးများရှိကြသလို၊ သားသမီးမရှိသည့်အဘိုးအဘွားများလည်းရှိကြသဖြင့် စားဝတ်နေရေးတွင် တစ်စိတ်တစ်ပိုင်း အထောက်အကူရစေရန် ရည်ရွယ်ချက်များဖြင့် သက်ကြီးပူဇော်ပွဲကျင်းပခြင်းဖြစ်ကြောင်း၊ အဘိုး ၂၈ ဦးနှင့်အဘွား ၄၇ ဦး စုစုပေါင်း ၇၅ ဦးရှိပြီး တစ်ဦးလျှင် စောင်၊ တဘက်၊ ပုဆိုး၊ ဖျင်စ၊ ဆပ်ပြာနှင့် ငွေအပါအဝင် တန်ဖိုးကျပ် ၁၅၀၀၀ ခန့်စီ ကန်တော့ထောက်ပံ့ခဲ့ကြောင်း၊ ဘုရား ၁၄ ဆူနှင့် စတီးလ်တောင်ဝှေးလေးချောင်းကိုလည်း မဲစနစ်ဖြင့် ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ လူငယ်များစုပေါင်းလှူဒါန်းငွေနှင့် အလှူရှင်များထည့်ငွေများ ပူးပေါင်းပြီး နှစ်စဉ်လှူဒါန်းလျက်ရှိကြောင်း အမှာစကားပြောကြားသည်။ သက်ကြီးပူဇော်ပွဲအပြီးတွင် အဘိုးအဘွားများအား လှူဖွယ်ပစ္စည်းများနှင့်အတူ အိမ်အရောက် ပြန်လည်ပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

### ညောင်တုန်း

ညောင်တုန်းမြို့၌ မဟာသင်္ကြန်ကျင်းပရေးဦးစီးကော်မတီကကြီးမှူး၍ မြန်မာနှစ်ဆန်းတစ်ရက် ဇီဝိတဒါနငါးလွှတ်ပွဲကို ပန်းလှိုင်မြစ်ကမ်းဘေး ဇက်ဆိပ်တွင် ဧပြီ ၁၇ ရက် နံနက်ပိုင်းက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန့်ဇော်ဦးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆောက်လုပ်ရေး အထူးအဖွဲ့နှင့် မြို့နယ်ဆောက်လုပ်ရေး၊ ငါးလုပ်ငန်းဦးစီးဌာနတို့က ငါးမျိုးစုံကောင်ရေ ၂၅၀၀၀ ကို ဇီဝိတဒါနအဖြစ် ပန်းလှိုင်မြစ်အတွင်းသို့ လွှတ်ပေးခဲ့ကြသည်။

**နေလင်း(ညောင်တုန်း)**

### မူဆယ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ မြို့တော်ခန်းမ၌ အသက် ၈၀ နှင့်အထက် ဘိုးဘွားများအား သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက်က ကျင်းပခဲ့ရာ အဘိုး ၄၈ ဦးနှင့် အဘွား ၁၁၃ ဦးတို့အား မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကိန်းမိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်နှင့် ရပ်မိရပ်ဖများက ပူဇော်ကန်တော့ခဲ့ပြီး ဘိုးဘွားတစ်ဦးလျှင် ငွေကျပ်နှစ်သောင်းစီနှင့် လှူဖွယ်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သိန်းဇော်(ရွှေလီဦး)**

### ခမောက်ကြီး

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့၌ မြန်မာ့ရိုးရာနှစ်သစ်ကူးကာလ ရိုးရာဓလေ့တစ်ခုဖြစ်သည့် မြန်မာနှစ်ဆန်းတစ်ရက် သက်ကြီးပူဇော်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ဧပြီ ၁၈ ရက်က ကျင်းပခဲ့သည်။ သက်ကြီးပူဇော်ပွဲတွင် မြို့နယ်အတွင်းရှိရပ်ကွက်များမှ သက်ကြီးဘိုးဘွားများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖပြည်သူများ၊ လူငယ်ပရဟိတအဖွဲ့များက လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း၊ အစားအသောက်များ ကျွေးမွေးဧည့်ခံခြင်း၊ ခြေသည်းလက်သည်းများ လှီးဖြတ်ပေးခြင်းစသည်တို့ကို ဆောင်ရွက်ပေးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**



## မီးသတ်ဦးစီးဌာန ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိ

**ကရသူရီ ဧပြီ ၂၀**

ရာသီဥတု ပူပြင်းခြောက်သွေ့မှုကြောင့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကရသူရီမြို့နယ်ခွဲတွင် ရေတွင်းရေကန်များခန်းခြောက်လာသဖြင့် မြို့နေပြည်သူများ သောက်သုံးရေပြတ်လပ်ပြီး ရေအခက်အခဲ ကြုံတွေ့နေရသဖြင့် သောက်သုံးရေများကို မြို့နယ်မီးသတ်ဦးစီးဌာနက ဧပြီ ၁၇ ရက်မှစ၍ အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။

သောက်သုံးရေအခက်တွေ့နေကြသည့် မြို့နေပြည်သူများအတွက် ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်မီးသတ်ဦးစီးဌာနပိုင် ရေသယ်ယာဉ်များဖြင့် ရပ်ကွက်များသို့ ရေဖြန့်ဝေပေးနေခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် အင်္ဂလိပ်သဒ္ဒါသင်တန်းဆင်းပွဲကျင်းပ

**ကနီ ဧပြီ ၂၀**

ကနီမြို့ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်များတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုဆိုင်ရာစာပေများနှင့် သုံးဆယ့်ရှစ်ဖြာယဉ်ကျေးလိမ္မာ မင်္ဂလာကဗျာများကို ကျယ်ကျယ်ပြန့်ပြန့်တတ်မြောက်ရွတ်ဆိုနိုင်ရန်ရည်ရွယ်၍ ကနီမြို့ ဟိတပုည ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းက ကြီးမှူးဖွင့်လှစ်သော နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် အင်္ဂလိပ်သဒ္ဒါသင်တန်းဆင်းပွဲကို အမှတ်(၂)ရပ်ကွက် နန်းကျောင်းတိုက် သာသနဗိမာန်တော်၌ ဧပြီ ၁၈ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ဟိတပုည ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းမှ နာယက ဆရာတော်က သင်တန်းဆင်းဩဝါဒပေးပြီး သင်တန်းသား ကျောင်းသား ကျောင်းသူ ၁၁၇ ဦးမှ အရည်အချင်းစစ်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများချီးမြှင့်သည်။ သင်တန်းဆင်းပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများက တက်ရောက်ချီးမြှင့် အားပေးခဲ့ကြသည်။

**သန်းဌေးအောင်(ကနီ)**

## မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူ

**တောင်တွင်းကြီး ဧပြီ ၂၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်လုံးကျွတ် သံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ရှေးဟောင်းသမိုင်းဝင် ဇေယျမင်္ဂလာ ရွှေအင်းတောင်စေတီတော်မြတ်ကြီးရင်ပြင်ပေါ်၌ ဧပြီ ၁၇ ရက်(နှစ်ဆန်းတစ်ရက်)က ကျင်းပခဲ့သည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော်အမှူးထား၍ မြို့ပေါ်ကျောင်းတိုက် ၅၇ တိုက်မှ သံဃာတော်အပါးတစ်ထောင်ကျော်နှင့် သီလရှင်အပါးတစ်ရာကျော်တို့အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် ဌာနဆိုင်ရာများမှ အလှူရှင်မိသားစုများ၊ နယ်မြေခံတပ်မှူး ဗိုလ်မှူးကြီး စောထွန်းအောင်နှင့် တပ်မတော်မိသားစုများ၊ မြို့ပေါ်ရပ်ကွက်များမှ အလှူရှင်ပြည်သူများက ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများကို စုပေါင်းလှူဒါန်းခဲ့ကြသည်။

**နိုင်ဝင်း**

# တရားမဝင်သယ်လာသော ကျွန်းသစ်များ ရထားပေါ်၌ ဖမ်းဆီးရမိ

**တောင်တွင်းကြီး ဧပြီ ၂၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဆတ်သွားဘူတာ၌ ရပ်နားထားသော လော်ကယ်ရထားပေါ်၌ တရားမဝင်သယ်ဆောင်လာသော ကျွန်းသစ်များကို ဧပြီ ၁၆ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဆတ်သွားဘူတာ၌ ရပ်နားထားသည့် အမှတ် (၁၀၃)အဆန် ပျဉ်းမနား-တောင်တွင်းကြီး-ကျောက်ပန်းတောင်း လော်ကယ်ရထားပေါ်၌ တရားမဝင်သစ်များ သယ်ဆောင်လာကြောင်း သတင်းအရ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးတင်ထွဋ်းနှင့် သစ်တောဝန်ထမ်းများ၊ ဆတ်သွားနယ်မြေရဲစခန်းမှူး ရဲအုပ်မိုးမြင့်နှင့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်ရှာဖွေခဲ့ရာ တွဲအမှတ် FBW ၁၆၅၃၄ ပေါ်၌ တရားမဝင်သယ်ဆောင်လာသည့် ကျွန်းသစ် ခဲးရွှေတုံး ဆိုက်စုံ ၄၃ တုံး၊ အလေးချိန် ၁ ဒသမ ၈၇ တန်နှင့် ကျွန်းသစ်ခွဲသား ၇၅ ချောင်း၊ အလေးချိန် ဝ ဒသမ ၃၂၆ တန်၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် ၅၅၀၀၀၀ ခန့်ကို ပိုင်ရှင်မဲ့ ရှာဖွေတွေ့ရှိပြီး သိမ်းဆည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပိုင်ရှင်မဲ့ကျွန်းသစ်များကို ဆတ်သွားနယ်မြေရဲစခန်း၌ ခေတ္တသိမ်းဆည်းထားပြီး မြို့နယ်သစ်တောဦးစီးဌာနက သစ်တောဥပဒေဖြင့် အရေးယူရန် ဆက်လက်စီစဉ်လျက်ရှိကြောင်းသိရသည်။ **နိုင်ဝင်း**

# ပထမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပ

**အင်းတော် ဧပြီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးအခြေခံပညာအထက်တန်းကျောင်းမှ ၂၀၀၁-၂၀၀၂ ပညာသင်နှစ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို သရဖီခန်းမဆောင်၌ ဧပြီ ၁၈ ရက်က ကျင်းပရာ အပူဇော်ခံ ဆရာ ဆရာမ ၃၅ ဦးရှိသည့်အနက် ၂၉ ဦးတက်ရောက်ခဲ့ပြီး ကျောင်းသား ကျောင်းသူဟောင်း ၈၀ တို့က ဆရာဆရာမများအား တစ်ဦးလျှင် ငွေကျပ်ခြောက်သောင်းစီ ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။ **ခင်မောင်ဆွေ(မော်လူး)**

# မကွေးမြို့နယ် ကျေးရွာအချို့တွင် နွားစာရှားပါးသဖြင့် တောင်သူများအခက်တွေ့နေ

**မကွေး ဧပြီ ၂၀**

မကွေးမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် နွေရာသီအတွက်စုဆောင်းထားသော နွားစာများ ပြတ်လပ်သွားသဖြင့် နွားမွေးမြူထားသော ဒေသခံတောင်သူများ နွားစာရှားပါးမှုအခက်အခဲနှင့်ကြုံတွေ့နေရကြောင်းသိရသည်။

မကြီးကန်ကျေးရွာမှ တောင်သူတစ်ဦးက နွားစာရှားပါးမှုကို ဖြေရှင်းရန်အတွက် တောင်သူများအနေဖြင့် တောင်ကုန်းများပေါ်တွင် ပေါက်ရောက်သော ပင်းငံပင်များနှင့် ကုက္ကိုလ်ပင်များမှ အရွက်များကို သပ်၍ နွားစာအဖြစ်ရှာကျွေးရကြောင်း၊ တောင်သူအချို့ကမူ အနီးအနားရှိ ကျေးရွာများဖြစ်သော ဆားတိုင်ကန်ကျေးရွာနှင့် သပြေစမ်းကျေးရွာများရှိ တောင်သူများထံမှ ပြောင်းရိုး၊ မြေပဲရိုးများ ဝယ်ယူ၍ ပင်းငံရွက်နှင့် ကုက္ကိုရွက်များဖြင့် ရောနှောကျွေးကြကြောင်း ပြောသည်။

လက်ရှိအချိန်တွင် ပြောင်းရိုးတစ်တင်းလျှင် ခြောက်ရာကျပ်နှင့် မြေပဲရိုးတစ်တင်းလျှင် ငါးရာကျပ်ပေးရပြီး နွားစာမစဉ်းရသေးသည့် ပြောင်းရိုး ထုံးတစ်ရာကို ကျပ်တစ်သောင်းအထိ ဈေးရှိကြောင်း၊ ထို့ကြောင့် နွားစာကို ဝယ်ယူကျွေးမွေးရန် စရိတ်ကုန်ကျမှုများသဖြင့် တောင်သူ အများစုက ဝယ်မကျွေးနိုင်ကြဘဲ ပင်းငံရွက်နှင့် ကုက္ကိုရွက်များကိုသာ အဓိကထား ကျွေးနေရကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ်ကလည်း နွားစာရှားပါးမှု ကြုံတွေ့ခဲ့ရပါတယ်။ အဲဒီတုန်းကတော့ မကြီးကန်နဲ့ ငါးမိုင်ကျော် ခြောက်မိုင်လောက်ဝေးတဲ့ မြစ်ကမ်းဘေးကျေးရွာတွေဖြစ်တဲ့ ပုထိုးနဲ့ မယ်လှတောင်ရွာတွေကိုသွားပြီး ကိုင်းမြက်နဲ့ ပဲလွန်းရိုးတွေသွားရိတ်ခဲ့ရတယ်။ ဒီနှစ်တော့ အခုအချိန်အထိ မသွားရသေးဘူး။ မိုးဦးကျနောက်ကျလို့ ပင်းငံရွက်နဲ့ ကုက္ကိုရွက်တွေကုန်ရင်တော့ မနှစ်ကလိုပဲ ပုထိုးနဲ့ မယ်လှတောင်အထိသွားပြီး နွားစာရှာရမှာ"ဟု မကြီးကန်ကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။ **ဇာဇာ(မကွေး)**


ဆောက်လုပ်ပြီးစီးနေသော တန်ဖိုးသင့်အိမ်ရာများ။

# မီးဘေးသင့်အိမ်ထောင်စုများအတွက် တန်ဖိုးသင့်အိမ်ရာများဆောက်လုပ်ပေးနေ

**ချောက် ဧပြီ ၂၀**

ချောက်မြို့နယ် ထိန်ကန်ကျေးရွာတွင် မတ်လ ၂၅ ရက်က ဖြစ်ပွားခဲ့သော မီးလောင်မှုကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည့် အိမ်ထောင်စု ၄၂ စုကို တန်ဖိုးသင့်အိမ်ရာများ ဆောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

တန်ဖိုးသင့်အိမ်ရာများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ပေါင်းစပ်ညှိနှိုင်းမှုနှင့် ဒေသခံပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် ကုမ္ပဏီများ၊ မြို့နယ်ဌာနဆိုင်ရာများ၊ စေတနာအလှူရှင်များ၏ ထောက်ပံ့မှုများဖြင့် ဆောက်လုပ်ပေးခြင်းဖြစ်သည်။ ယခုအချိန်အထိ တန်ဖိုးသင့်အိမ်ရာ အလုံး ၂၀ ကျော် ဆောက်လုပ်ပြီးစီးနေပြီဖြစ်ပြီး အဆိုပါအိမ်တစ်လုံးတန်ဖိုးမှာ ငွေကျပ် ၂၄၄၀၀၀ ဖြစ်ကြောင်း၊ စေတနာရှင်ပြည်သူများကလည်း အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ထိန်ကန်ကျေးရွာ မီးဘေးကယ်ဆယ်ရေး ကော်မတီရုံးတွင်လည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ဝင်းငွေး(ချောက်)**

# မူးယစ်ဆေးဖြတ်လိုသူများအား မက်သဒုံးဆေးဖြင့် ဆေးဖြတ်ပေးလျက်ရှိ

**အင်းတော် ဧပြီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ပြည်သူ့ဆေးရုံကြီး ခတ်မှန်ဆောင်တွင် မူးယစ်ဆေးဖြတ်လိုသူများအား နေ့စဉ်နံနက် ၉ နာရီမှ ၁၂ နာရီအထိ ပိတ်ရက်မရှိ မက်သဒုံးဆေးဖြင့် ဆေးဖြတ်ပေးလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ ကသာ၊ ပင်လယ်ဘူးနှင့် ဗန်းမောက်မြို့ များတွင် မက်သဒုံးစင်တာများရှိသော်လည်း လိုအပ်ချက်အရ ကသာမြို့မှ လက်ခွဲအဖြစ် အင်းတော်မြို့ ပြည်သူ့ဆေးရုံကြီးတွင် မက်သဒုံးစင်တာခွဲကို ထားရှိပေးခဲ့ခြင်းဖြစ်သည်။ အင်းတော်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ကသာခရိုင် ဆရာဝန်ကြီး၏ ညွှန်ကြားချက်နှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး အစီအစဉ်အရ မူးယစ်ဆေးဖြတ်လိုသူများကို မက်သဒုံးဆေးဖြင့် ဆေးဖြတ်ပေးခြင်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ထားကြောင်း၊ မူးယစ်ဆေးဖြတ်သူများသည် ဆေးသောက်ရန် ငါးရက်ဆက် ပျက်ကွက်ခဲ့ပါက မက်သဒုံးဆေးဖြင့် ဆေးဖြတ်သူစာရင်းမှပယ်ဖျက်ကြောင်းသိရသည်။

လက်ရှိတွင် အင်းတော်မြို့ ပြည်သူ့ဆေးရုံ ခတ်မှန်ဆောင် မက်သဒုံးစင်တာခွဲတွင် မက်သဒုန်းဖြင့် ဆေးဖြတ်သူ ၂၁၃ ဦးရှိကြောင်း၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် အင်းတော်မြို့၌ မက်သဒုံးစင်တာကို ဖွင့်လှစ်မည်ဖြစ်ကြောင်း မက်သဒုံးဆေးပေး၍ မူးယစ်ဆေးဖြတ်ပေးခြင်းကို အနီးကပ်ကြီးကြပ် ဆောင်ရွက်နေသည့် အင်းတော်မြို့ ပြည်သူ့ဆေးရုံမှ မြို့နယ်ဆရာဝန် ဒေါက်တာကျော်ကျော်လင်းထံမှ သိရသည်။ **ခင်မောင်ဆွေ(မော်လူး)**


အင်းတော်မြို့နယ် ပြည်သူ့ဆေးရုံ။



# ပုလဲသွယ်စပါးစံကွက်ရိတ်သိမ်း၊ တစ်ဧကတင်း ၂၀၀ နီးပါးထွက်ရှိ

**ညောင်တုန်း ဧပြီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် သဇင်ရေကျော်ကျေးရွာအုပ်စု ကွင်းအမှတ်(၄၁၉)၌ စိုက်ပျိုးထားသော နွေစပါးပုလဲသွယ် ၂၅ ဧက စံပြစိုက်ကွက်ကို ဧပြီ ၁၈ ရက်က ရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက်နှုန်း ၁၉၃ ဒသမ ၃၆ တင်း ရှိကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းရာသို့ မအူပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသိုက်စိုး၊ ညောင်တုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်အေးအေးစီ၊ မြို့နယ် မြေစာရင်းနှင့် စိုက်ပျိုးရေးဌာနများမှ ဝန်ထမ်းများ၊ ပုလဲသွယ်စပါးစိုက်ပျိုးမှုကို စိတ်ပါဝင်စားသည့် ဒေသခံတောင်သူများ လာရောက်လေ့လာကြည့်ရှုခဲ့ကြသည်။ စံကွက်ရိတ်သိမ်းအပြီးတွင် ပုလဲသွယ်စပါးစိုက်ပျိုးရေးနှင့် ပတ်သက်၍ သိရှိလိုသည့်အချက်များကို တောင်သူများက မေးမြန်းခဲ့ကြပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးက အသေးစိတ် ရှင်းလင်းဖြေကြားသည်။

ပုလဲသွယ်စပ်မျိုးစပါးသည် နွေစပါးအဖြစ်ရော မိုးစပါးအဖြစ်ပါ စိုက်ပျိုးနိုင်ပြီး အထွက်နှုန်းသိသိသာသာ ကောင်းမွန်သဖြင့် စိုက်ပျိုးရန် တောင်သူအများစုက စိတ်ဝင်စားလျက်ရှိကြောင်းနှင့် ညောင်တုန်းမြို့နယ်တွင် ယခုနှစ် နွေစပါးဧက စုစုပေါင်း လေးသောင်းကျော်စိုက်ပျိုးထားသည့်အနက် ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးမှု ဧကတစ်ထောင်ရှိကြောင်း သိရသည်။ **နေလင်း(ညောင်တုန်း)**


## ချယ်လ်ဆီးတို့ ဖလားယူဖို့ နှစ်ပွဲသာ နိုင်ဖို့လို

အီဒင်ဟာဇက်ရဲ့ တစ်လုံးတည်းသော အနိုင်ဂိုးနဲ့ မန်ယူကိုအနိုင်ရလိုက်ပြီးတဲ့နောက် ချယ်လ်ဆီးအသင်းဟာ လက်ကျန်ပွဲ ခြောက်ပွဲ အနက်မှ နှစ်ပွဲသာ အနိုင်ရဖို့လိုပါတော့တယ်။ ချယ်လ်ဆီးက မန်ယူကို အနိုင်ရလိုက်တဲ့အတွက် အမှတ်ပေးဇယားမှာ ၁၀ မှတ်အသာ ရနေပါတယ်။ ချယ်လ်ဆီးအသင်းအနေနဲ့ လာမယ့်အာဆင်နယ်နဲ့ လီဆစ္စတာတို့နဲ့ ကစားမယ့် ပြိုင်ပွဲတွေ အနိုင်ကစားနိုင်မယ်ဆိုရင်တော့ ပရီမီယာလိဂ်ဖလားကို ပွဲမကုန်ခင်မှာ ဆွတ်ခူးနိုင်မှာဖြစ်ပါတယ်။ ချယ်လ်ဆီးတို့သာ ဒီနှစ်ပွဲကို အနိုင်ကစားခဲ့မယ်ဆိုရင်တော့ ၂၀၁၀ ပြည့်နှစ် နောက်ပိုင်း ချယ်လ်ဆီးအသင်းဟာ ပထမဆုံးသော ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်မှာဖြစ်ပါတယ်။ ချယ်လ်ဆီးက အာဆင်နယ်နဲ့ လီဆစ္စတာစတီးတို့ကိုသာ အနိုင်ကစားနိုင်မယ်ဆိုရင်တော့ မော်ရင်ဟို ဒုတိယအကြိမ် ချယ်လ်ဆီးနည်းပြ ဖြစ်လာပြီးတဲ့နောက် ပထမဆုံးသော ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်မှာဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းအနေနဲ့ ချန်ပီယံလိဂ်မှ ထွက်ခဲ့ရသော်လည်း ဒီနှစ်ရာသီမှာတော့ ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်ဖို့ လက်တစ်ကမ်းအလိုမှာ ရောက်နေပြီးဖြစ်ပါတယ်။ နည်းပြ မော်ရင်ဟိုအနေနဲ့ ရီးရဲမက်ဒရစ်မှ ပြောင်းလာပြီး ပထမရာသီမှာ ချယ်လ်ဆီးကို ဖလားဆွတ်ခူးပေးနိုင်ခြင်းမရှိခဲ့ပေမယ့် ဒုတိယ ရာသီမှာတော့ ဖလားဆွတ်ခူးသွားတော့မယ့်အနေအထားသို့ ရောက်ရှိနေပြီဖြစ်ပါတယ်။ ရမှတ် ၁၀ မှတ်အသာရထားတဲ့ ချယ်လ်ဆီးအသင်းအတွက် ဖလားရဖို့ ရင်ခုန်စရာမလိုလောက်အောင် သေချာနေတဲ့ အနေအထားသို့ ရောက်ရှိသွားပြီလို့ ဆိုရမှာ ဖြစ်ပါတယ်။




## ၁၂ လုံးမြောက်အက်ဖ်အေဖလား အာဆင်နယ်မျှော်မှန်းနိုင်ပြီ

အက်ဖ်အေဖလား ဆီမီးဖိုင်နယ်မှာ ရက်ဒင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိသွားတဲ့ အာဆင်နယ်အသင်းဟာ ၁၉ ကြိမ်မြောက် ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်ပါတယ်။ ဆန်ချက်ဇ်က ပွဲချိန် ၃၉ မိနစ်မှာ အနီးကပ်ဂိုးနဲ့ ဦးဆောင်ဂိုးသွင်းယူအပြီး မက်ကလာရီက ပြန်လည်ချေပခဲ့တာပါ။ အချိန်ပိုမှာ ဆန်ချက်ဇ်က လက်ရှိချန်ပီယံ အာဆင်နယ်အတွက် အနိုင်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ဆန်ချက်ဇ်ဟာ ဒီနှစ်ရာသီမှာ အာဆင်နယ်နဲ့အတူ ခြေစွမ်းပြကစားနေတဲ့ ကစားသမားတစ်ဦးဖြစ်ပြီး ဘာစီလိုနာမှ ပြောင်းလာပြီးကတည်းက ၂၂ ဂိုးသွင်းယူပေးထားပါတယ်။ အာဆင်နယ်အသင်းရဲ့ အဓိက အဆုံးအဖြတ်ဂိုးတွေကို သွင်းယူပေးနေတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ အာဆင်နယ်အသင်းအနေနဲ့ ဗိုလ်လုပွဲမှာ အက်စ်တွန်ဗီလာ သို့မဟုတ် လီဗာပူးနဲ့ ကစားရမှာဖြစ်ပါတယ်။ အာဆင်နယ်တို့ ဗိုလ်လုပွဲမှာသာ အနိုင်ရ ဗိုလ်စွဲခဲ့မယ်ဆိုရင် ၁၂ လုံးမြောက် အက်ဖ်အေဖလားကို ဆွတ်ခူးနိုင်မှာဖြစ်ပါတယ်။ အက်စ်တွန်ဗီလာအသင်းသာ ဗိုလ်လုပွဲကို တက်လာခဲ့မယ်ဆိုရင်တော့ အာစင်ဝင်းဂါးရဲ့ လူတွေက အက်ဖ်အေဖလားကို အရယူမယ့် အနေအထားဖြစ်ပါတယ်။ လက်ရှိချန်ပီယံ အာဆင်နယ်တို့ အက်ဖ်အေဖလားကို ကာကွယ်နိုင်ဖို့ လမ်းကြောင်း မှန်ပေါ်ကို ရောက်ရှိနေပြီဖြစ်ပါတယ်၊ လက်ရှိန်ချန်ပီယံပီပီ ပြိုင်ပွဲတိုင်းကို အနိုင်ကစားမယ့် အနေအထားဖြစ်ပါတယ်။



## ခက်ခဲမယ့် ရီးရဲမက်ဒရစ်နဲ့ ခြေကုန်ဖွင့်ရမယ့် မိုနာကို



ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ ဒုတိယပွဲစဉ်အဖြစ် ရီးရဲမက်ဒရစ်နဲ့အက်သလက်တီကို အသင်းတို့ ဧပြီ ၂၃ ရက်မှာ ကစားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်ဟာ စပိန်ကလပ်နှစ်သင်းရဲ့ ထိပ်တိုက် တွေ့ဆုံမှုဖြစ်ပြီး ပထမအကျော့ပွဲစဉ်မှာတော့ ဂိုးမရှိ သရေပွဲဖြစ်ထားတာမို့ အခု ဒုတိယအကျော့ပွဲရလဒ်က သေရေးရှင်ရေးတမျှ အရေးကြီးလာခဲ့ပြီဖြစ်ပါတယ်။

ဒီနှစ် လာလီဂါမှာလည်း အဓိက ပြိုင်ဘက်တွေဖြစ်ပြီး တန်းစီဇယားမှာလည်း ဒုတိယနဲ့ တတိယ နေရာမှာရှိနေကြတဲ့ အသင်းတွေမို့ ခြေစွမ်းပိုင်းက ကွာဟမှုသိပ်မရှိပါဘူး။ ရီးရဲမက်ဒရစ်တို့က တိုက်စစ်ပိုင်းထက်မြက်သလို အက်သလက်တီကို တို့ကလည်း ခံစစ်ရော တိုက်စစ်ပါ ပုံစံကောင်းရနေတဲ့ အသင်းဖြစ်ပါတယ်။

အက်သလက်တီကိုမှာ လက်စွမ်းပြနေတဲ့ ဂိုးသမား ဘော့ဘ်လက်က ရီးရဲတိုက်စစ်မှူးတွေ ဂိုးသွင်းစွမ်းရည်ပျက်ပြားအောင်အထိ အမှားအယွင်းနည်းစွာ ကစားနိုင်နေပါတယ်။ လာလီဂါမှာလည်း ပွဲတိုင်းနီးပါး ရလဒ်ကောင်းအောင် ကြိုးစားနိုင်နေတဲ့ အက်သလက်တီကိုတို့ဟာ အခုပွဲမှာတော့ ဘာနေဗျူးကွင်းမှာ သွားကစားရမှာမို့ ဖိအားရှိနေတာတော့ အမှန်ပါပဲ။

အက်သလက်တီကိုတို့က တိုက်စစ်ပိုင်း မယှဉ်နိုင်ပေမယ့် ခံစစ်ကြောင်းမှာတော့ ရီးရဲမက်ဒရစ်တို့ထက်ပိုပြီး သိပ်သည်းကျစ်လျစ်ပါတယ်။ စီရော်နယ်ဒို၊ ဂါရက်ဘေးလ်တို့ရဲ့ ထိုးဖောက်မှုတွေကို ထိန်းချုပ် ဟန့်တားနိုင်တဲ့ စွမ်းရည်ဟာ အက်သလက်တီကို ခံစစ်မှူးတွေမှာ ရှိနေပါတယ်။ ဒါပေမယ့် ချန်ပီယံ လိဂ်ပွဲစဉ်တွေမှာ ရလဒ်ကောင်းတတ်တဲ့ အက်သလက်တီကိုတို့ ဘာနေဗျူးမှာ အသက်ရှူမှားအောင် ကစားကြရပါလိမ့်မယ်။

ရီးရဲမက်ဒရစ်တို့ကတော့ ဒီနှစ်မှာ ချန်ပီယံလိဂ်ဖလားကို ရအောင်ယူဖို့ မျှော်မှန်းနေတာမို့ နည်းပြ အန်ဆယ်လော့တီဟာ အိမ်ကွင်းမှာ နိုင်ပွဲရဖို့ ပီပီပြင်ပြင်ဖြစ်အောင် ကြိုးစားပါလိမ့်မယ်။ ပထမ ပွဲထွက်ကစားသမားတွေ အားလုံးအသင့်အနေအထားဖြစ်နေတာမို့ တိုက်စစ်ဖွင့်ပြီး နိုင်ပွဲရအောင် ယူပါလိမ့်မယ်။

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ ဒုတိယပွဲစဉ်အဖြစ် မိုနာကိုနဲ့ ဂျူဗင်တပ်စ်တို့ ဧပြီ ၂၃ ရက်မှာ ကစားပါလိမ့်မယ်။ ပထမအကျော့ ဂျူဗင်တပ်စ်ကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရယူနိုင်ခဲ့တာမို့ အခုပွဲမှာ မိုနာကိုတို့ ခြေကုန်ဖွင့်ပြီး ကစားပါလိမ့်မယ်။

ပြင်သစ် လီဂူး-၁ မှာ ခြေစွမ်းပြနေတဲ့ မိုနာကိုတို့က အခုပွဲမှာ ဂျူဗင်တပ်စ်ကို အနိုင်ယူပြီး ပြတ်သားတဲ့ရလဒ်နဲ့အတူ အကြိုဗိုလ်လုပွဲ တက်ရောက်ဖို့ အရှိန်အဟုန်ပြင်းပြင်းနဲ့ ဂျူဗင်တပ်စ်ကို ကျော်ဖြတ်ဖို့ ကြိုးစားမှာပါ။ ပထမအကျော့မှာ ပယ်နယ်တီနဲ့ ရှုံးခဲ့ရပေမယ့် အခုပွဲမှာတော့ ဂျူဗင်တပ်စ်ကို ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားပြီး ဂိုးသွင်းနိုင်ရေး အားထုတ်ပါလိမ့်မယ်။

မိုနာကိုရဲ့ လက်ရှိခြေစွမ်းအရ ဂျူဗင်တပ်စ်ကို ဖိအားပေးကစားဖို့ရှိနေပြီး အသင်းလိုက်ကစားအားကလည်း မိုနာကိုက ပိုမိုကောင်းမွန်နေတာမို့ ဂျူဗင်တပ်စ်အတွက် ရင်ပူစရာတော့ ဖြစ်နေပါတယ်။ ဒါပေမယ့် ဒီနှစ်ချန်ပီယံလိဂ်မှာ ဂိုးအများဆုံး သွင်းယူထားတဲ့ သူတွေထဲမှာ ဂျူဗင်တပ်စ်တိုက်စစ်မှူး တီဗက်ဇ်က ခြောက်ဂိုး သွင်းယူထားပြီး ပါဝင်နေတာမို့ မိုနာကိုခံစစ်မှူးတွေ သတိထားရမှာဖြစ်ပါတယ်။

မိုနာကိုမှာ ဘာဘာတော့ဗ်၊ ကာရက်စ်ကိုတို့ရှိနေပေမယ့် ဂျူဗင်တပ်စ်မှာ တီဗက်ဇ်၊ ပေါ့ဘာတို့ကလည်း စွမ်းဆောင်မှု ကောင်းသူတွေဖြစ်နေပါတယ်။ ဒါပေမယ့် ပေါ့ဘာ ဒဏ်ရာရရှိနေတာမို့ ပါဝင်ကစားဖို့ မသေချာပါဘူး။ ဂျူဗင်တပ်စ်တို့က ခြေစွမ်းကောင်းရရှိအောင် ပုံဖော်ဖို့ ကြိုးစားပေမယ့် မိုနာကိုတို့ အရေးပါတဲ့ အခွင့်အရေးကောင်းတွေ အပြည့်အဝအသုံးချပြီး နောက်တစ်ဆင့်တက်ရေး အိပ်မက်ကို ဖော်ဆောင်ပါလိမ့်မယ်။ ။

မိုးမြင့်လင်းလက်

## ဘာစီလိုနာအတွက် မက်ဆီရဲ့ ဂိုးပေါင်း ၄၀၀ မြောက် ဂိုး . . .

ဘာစီလိုနာ တိုက်စစ်မှူး မက်ဆီဟာ ပွဲတိုင်းနီးပါး ဂိုးသွင်းနေတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ သူဂိုးမသွင်းတဲ့ပွဲက အတော်လေးရှားရှားပါးပါး တွေ့ရပါတယ်။ ပွဲတိုင်း နီးပါးကို သွင်းပေးနိုင်တဲ့ ဂိုးသွင်းစက်လို့ဆိုရမှာဖြစ်ပါတယ်။ ဆွာရက်ဇ်၊ နေမာတို့နဲ့အပြိုင် ဂိုးတွေသွင်းယူပေးနေတဲ့ တိုက်စစ်မှူးလည်း ဖြစ်ပါတယ်။ ဘာစီလိုနာ သမိုင်းမှာတော့ ဂိုးပေါင်း ၄၀၀ အထိ သွင်းယူပေးနိုင်တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ ဘာစီလိုနာက ဗလင်စီယာကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရတဲ့ပွဲမှာ ဒုတိယမြောက် အနိုင်ဂိုးကို မက်ဆီက သွင်းယူပေးခဲ့တာပါ။ ပွဲပြီးခါနီးမှာ သွင်းယူခဲ့တဲ့ ဒီဂိုးဟာ မက်ဆီအတွက် ဘာစီလိုနာအသင်းကို သွင်းယူပေးခဲ့တဲ့ ၄၀၀ မြောက်ဂိုး ဖြစ်ခဲ့ပါတယ်။ အာဂျင်တီးနားကစားသမား မက်ဆီဟာ ဒီနှစ် ရာသီမှာ ၄၆ ဂိုးအထိ သွင်းယူထားပြီဖြစ်ပါတယ်။ ဘာစီလိုနာနဲ့ ပြိုင်ဘက် ရီးရဲမက်ဒရစ်တို့ဟာ ဒီနှစ် စပိန်လာလီဂါဖလားကို ဆွတ်ခူးနိုင်ဖို့ အနီးကပ် ပြိုင်ဘက်တွေအဖြစ် ရှိနေကြပါတယ်။ ဘာစီလိုနာက ဗလင်စီယာကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရတဲ့အချိန်မှာ ရီးရဲမက်ဒရစ်ကလည်း မာလာဂါကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရလိုက်တဲ့အတွက် ဘာစီလိုနာက ရီးရဲမက်ဒရစ်ကို နှစ်မှတ်အသာနဲ့ပဲ ဆက်လက်ဦးဆောင်နေပါတယ်။ ဒီလို အသင်းနှစ်သင်းရဲ့ အနီးကပ်ပြိုင်ဘက်တွေဖြစ်နေ



တဲ့အတွက် တိုက်စစ်မှူးတွေကလည်း ပွဲတိုင်း အနိုင်ရဖို့ ကြိုးစားနေရပါတယ်။ အဲဒီလို ကြိုးစားလာတာနဲ့အမျှ မက်ဆီရဲ့ သွင်းဂိုးတွေကလည်း တဖြည်းဖြည်းတိုးလာပြီး ယခုအခါမှာတော့ ဘာစီလိုနာကို ဂိုးပေါင်း ၄၀၀ အထိ သွင်းယူပေးနိုင်တဲ့ တိုက်စစ်မှူးဖြစ်သွားပါပြီ။

ကောင်းမြတ်သူ-စုစည်းသည်

# ရွှေတိဂုံနှင့် သမိုင်းဝင်ခေါင်းလောင်းများ

မောင်သာ(ရှေးဟောင်းသုတေသန)

ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးအထွတ်အမြတ်တစ်ခုဖြစ်သည့် ဆံတော်ရှင် ရွှေတိဂုံစေတီတော်သည် ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၏ထင်ရှားသော သင်္ကေတတစ်ခုအဖြစ် နှစ်ကာလရှည်ကြာစွာကပင် တင့်တယ်စွာ ရပ်တည်လျက်ရှိနေပေသည်။

ပြည်တွင်းနေ ပြည်သူများသာမက နိုင်ငံရပ်ခြားမှ မြန်မာနိုင်ငံသို့လာရောက်ကြသည့် ဗုဒ္ဓဘာသာဝင်များနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သူများသည်လည်း ရန်ကုန်မြို့သို့ရောက်ရှိလာကြလျှင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်လည်ပတ်ကြမြဲဖြစ်သည်။ နိုင်ငံတော်ဧည့်သည်တော်များမှအစ သာမန်ခရီးသွားများအဆုံး ရွှေတိဂုံစေတီသို့ နေ့စဉ်လာရောက်လည်ပတ်ဖူးမြော်လျက်ရှိနေကြသည်ကို အထူးပြောဖွယ်မလိုတော့ပါချေ။

လွန်ခဲ့သောနှစ်ပေါင်း ၂၆၀၀ ကျော်က တည်ထားခဲ့သည့် ရွှေတိဂုံစေတီတော်သည် ခေတ်အဆက်ဆက်၊ မင်းအဆက်ဆက်၊ သမိုင်းစဉ်တစ်လျှောက် အုပ်ချုပ်သူများနှင့် ရဟန်းရှင်လူများ၏ ပြုပြင်၊ ဆောက်လုပ်လှူဒါန်းမှုများကြောင့် သမိုင်းတန်ဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုလက်ရာများစွာဖြင့် ပြည့်လျှမ်းလျက်ရှိနေပေသည်။ များပြားလှသော သာသနိကအဆောက်အအုံများ၊ စေတီတော်များ၊ ဗုဒ္ဓရုပ်ပွားတော်များ၊ ယဉ်ကျေးမှု အထိမ်းအမှတ်များနှင့် အနုပညာလက်ရာများသည် ရွှေတိဂုံစေတီတော်သို့ လာရောက်ကြသူများအတွက် ကြည့်၍မကုန်နိုင်အောင် များပြားလှသည်။

သဒ္ဓါတရားထက်သန်ကြသော မြန်မာလူမျိုးတို့သည် အလှူဒါနများကို နည်းမျိုးစုံပြုလုပ်လေ့ရှိကြရာ တောင်ပေါ်မြေပြန့်နေရာအနှံ့တွင် မြတ်ဗုဒ္ဓကို ရည်မှန်းပူဇော်နိုင်ကြစေရန် စေတီတော်များကို တည်ထားကိုးကွယ်လေ့ရှိကြသည်။ ထိုသို့တည်ထားကိုးကွယ်ကြသည့် စေတီတော်တိုင်း၏အထွတ်တွင် ထီးတော်များတင်လှူကာ ခေါင်းလောင်းငယ်များချိတ်ဆွဲ ပူဇော်လေ့ရှိကြသည်။ ထီးတော်မှလှုပ်ခတ်နေသော ခေါင်းလောင်းငယ်များ၏ ဆည်းလည်းသံများကြောင့် စေတီဝန်းကျင်တွင် ဘုရားရိပ်၊ တရားရိပ်၏ ငြိမ်းချမ်းသောအာရုံကို ရရှိနိုင်ကြပေသည်။

မြန်မာလူမျိုးများသည် ဘုရားစေတီများတွင် ခေါင်းလောင်းကို အသွင်သဏ္ဌာန်နှစ်မျိုး လှူဒါန်းပူဇော်လေ့ရှိကြသည်။ စေတီတော်၏ထီးတော်များတွင် ခေါင်းလောင်းငယ်လေးများကို ဆည်းလည်းများအဖြစ် ချိတ်ဆွဲပူဇော်ကြသကဲ့သို့ ကြီးမားသော ခေါင်းလောင်းများ သွန်းလောင်းကာ စေတီတော်ပရိဝုဏ်များအတွင်း သင့်လျော်ရာနေရာများတွင် ချိတ်ဆွဲထားလေ့လည်းရှိကြပေသည်။ ဘုရားဖူးလာကြသည့် ဗုဒ္ဓဘာသာဝင်များသည် စေတီတော်ရင်ပြင်တွင် ချိတ်ဆွဲထားလေ့ရှိသော ခေါင်းလောင်းများကို ထိုးနှက်ကာ ထွက်ပေါ်လာသည့် ခေါင်းလောင်းသံကို ကြည်နူးစွာနှစ်ခြိုက်လေ့ရှိကြသည်။

မြန်မာနိုင်ငံ၏ အထင်ကရ ရွှေတိဂုံစေတီတော်ရင်ပြင်ပေါ်တွင် ချိတ်ဆွဲပူဇော်ထားသည့် ခေါင်းလောင်းပေါင်း ၃၅ လုံးခန့်ရှိသည့်အနက် စဉ့်ကူးမင်းခေါင်းလောင်းတော်နှင့် သာယာဝတီမင်းခေါင်းလောင်းတော်တို့သည် မြန်မာ့သမိုင်းကို ဖော်ညွှန်းသည့်ထင်ရှားသော ယဉ်ကျေးမှုအထောက်အထားများ ဖြစ်ကြသည်။ ယင်းခေါင်းလောင်းများသည် ထေရဝါဒဗုဒ္ဓသာသနာတော်ကို ချီးမြှောက်ခဲ့ကြသည့် မြန်မာရှင်ဘုရင်များ၏ စေတနာ၊ သဒ္ဓါတရားများကို ရည်ညွှန်းဖော်ပြနေကြပေသည်။ စဉ့်ကူးမင်းခေါင်းလောင်းသည် စေတီတော်မြတ်၏ ရာဟုထောင့် (အနောက်မြောက်)တွင် တည်ရှိပြီး သာယာဝတီမင်းခေါင်းလောင်းကို တနင်္ဂနွေထောင့် (အရှေ့မြောက်) တွင် ချိတ်ဆွဲထားသည်။

စဉ့်ကူးမင်းခေါင်းလောင်းဟု အမည်တွင်နေသည့် ခေါင်းလောင်းသည် စဉ့်ကူးမင်း ( ခရစ်နှစ် ၁၇၇၆-၁၇၈၂)၏ ဖခင်ဖြစ်သူ ဆင်ဖြူရှင်မင်း( ခရစ်နှစ် ၁၇၆၃-၁၇၇၆) လက်ထက်၊ မြန်မာသက္ကရာဇ် ၁၁၃၆ ခုနှစ် (ခရစ်နှစ်၁၇၇၄)တွင် စတင်သွန်းလုပ်ခဲ့သည့် ခေါင်းလောင်းဖြစ်သည်။ ဖခင်ဆင်ဖြူရှင်မင်း မကွယ်လွန်မီနှစ်နှစ်ခန့်တွင် သွန်းလောင်းခဲ့သဖြင့် မပြီးစီးခဲ့သော ထိုခေါင်းလောင်းကို သားဖြစ်သူစဉ့်ကူးမင်းက ဆက်လက်သွန်းလောင်းလှူဒါန်းခဲ့သဖြင့် စဉ့်ကူးမင်းခေါင်းလောင်းတော်ဟု အမည်တွင်ခဲ့သည်။ အလွန်သာယာသော အသံထွက်ရှိသဖြင့် "မဟာဃဏ္ဍာ " ခေါင်းလောင်းတော်ဟု ဘွဲ့အမည်သမုတ်ကာ မြန်မာသက္ကရာဇ် ၁၁၄၀ ပြည့်နှစ် တပို့တွဲလဆန်း ၁ ရက်နေ့(ခရစ်နှစ် ၁၇၇၉ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်)တွင် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်တွင် ချိတ်ဆွဲပူဇော်ခဲ့သည်။ ကြေးပိဿာချိန် ၁၅၅၅၅ ပိဿာ၊ ခေတ်အတိုင်းအတာအားဖြင့် အလေးချိန် ၂၅ တန်၊ အမြင့် ၁၁ ပေ သုံးလက်မ၊ ခေါင်းလောင်းအဝ ခုနစ်ပေခြောက်လက်မ၊ ခေါင်းလောင်းအဝ နှုတ်ခမ်းလုံးပတ် ၂၂ ပေ ခြောက်လက်မခန့်ရှိပြီး ကြေးထုတစ်ပေ ရှစ်လက်မဖြစ်သည်။

ယင်းအချက်အလက်များကို စဉ့်ကူးမင်းခေါင်းလောင်းတော် ကမ္ပည်းစာကြောင်းရေ ၁၀ တွင်-

"ဤခေါင်းလောင်းကြီးကို ထို၍ နတ်ရွာမက်ဖိုဆုကို ခံန်ယူသဖြင့် သဒ္ဒါနပူဇော်စိမ်သောငှာ သာသနာတော် နှစ်ထောင်သုံးရာ နှစ်ဆယ့်နှစ်နှစ် သက္ကရာဇ်



၁၁၄၀ တပိုတွဲလဆန်း ၁ ရက် ၄ နေ့ ညဥ့် ၃ ချက်တီးကျော် ဟံသာတနက္ခတ်မွန်တည် တူရာသီမြတရင်ခနုရာသီ ၅ နဝင်ကြိုက်သော ကောင်မြတ်သော မင်္ဂလာကြက်သရေရှိသောအခါ၌ ပိဿာ ၁၅၅၅၅ ရှိသော ကြေးတို့ဖြင့် အချင်း ၅ အရပ် ၇ ၂ လုမ်ပတ် ၁၅ အထူ ၂ ရှိသော ခေါင်းလောင်းကြီးကို သွန်းစေ၍ ဆံတော်ရှင်စေတီတော်မြတ်အား ပူဇော်တော်မူသည်။"

ဟု ရေးထိုးထားပေသည်။

စဉ့်ကူးမင်းသည် ခေါင်းလောင်းတော်ကြီးကို လှူဒါန်းခဲ့သည့်အပြင် ရွှေတိဂုံစေတီအား ရွှေသင်္ကန်းများ ကပ်လှူခဲ့ပြီး စေတီတော်ရင်ပြင်မုခ်လေးခု၌ ဗုဒ္ဓရုပ်ပွားတော်လေးဆူကိုလည်း လှူဒါန်းခဲ့ပေသည်။

စဉ့်ကူးမင်း၏ ဖခင်ဖြစ်သူ ဆင်ဖြူရှင်မင်းသည် မိမိ၏ ကိုယ်အလေးချိန် ၄၇ ပိဿာနှင့် ၃၅ ကျပ်သား (ပေါင် ၁၇၀)နှင့် ညီမျှသော ရွှေများကို မျက်ပါးခတ်စေပြီး စေတီတော်ကြီးအား ဆပ်သွားဖူးမှ ဖိနပ်တော်အထိ ရွှေသင်္ကန်း ကပ်လှူခဲ့သည်။ ဆင်ဖြူရှင်မင်းကြီးသည် ရွှေတိဂုံစေတီတော်ကို ဉာဏ်တော်အမြင့် ၃၂၆ ပေ အထိမြှင့်ပြီး မြန်မာသက္ကရာဇ် ၁၁၃၆ ခုနှစ် (ခရစ်နှစ် ၁၇၇၅ ခုနှစ် မတ်လ ၁၅ ရက်) နေ့တွင် ထီးတော်အသစ်တင်လှူခဲ့သည်။ စေတီတော်ရင်ပြင်တွင်ချိတ်ဆွဲရန် သွန်းလောင်းခဲ့သည့် ခေါင်းလောင်းကြီးသည် ထီးတော်အသစ်တင်လှူချိန်တွင် မပြီးစီးသေးသဖြင့် ဆက်လက်သွန်းလောင်းရန် တာဝန်ပေးအပ်ထားခဲ့မှုကို "ကြေးစင်အချိန် တစ်သောင်းငါးထောင်ငါးရာ ငါးဆယ်ပိဿာအကျပ် ငါးဆယ်ရှိသော ခေါင်းလောင်းတော်ကြီး မပြီးမပြေသည်ကိုလည်း ပြီးပြေအောင်သွန်းလုပ်ရမည်ဟု ပန်းတဉ်းဝန် ပညာဒေဝကို ထားတော်မူခဲ့၍ လုပ်ဆောင်ရသည်"ဟု ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် မှတ်တမ်းပြုထားသည်။

စဉ့်ကူးမင်း ခေါင်းလောင်းတွင် ကမ္ပည်းစာကြောင်းရေ ၁၂ ကြောင်းရှိသည်။ စဉ့်ကူးမင်းခေါင်းလောင်းတော်ကြီး၏ ပုစွန်တုပ်ကွေးတစ်ဖက်စီတွင် နဂါးရုပ်များကို ထုလုပ်ထားသည်။ ပေါင်းကိုင်းအလယ်တွင် နတ်သားရုပ်ရှိပြီး အောက်ဘက်တွင် ခြသေ့ရုပ်များကို တစ်ဖက်လျှင်တစ်ကောင်စီ ခြံရံထားသည်။ ယင်း၏ ဘေးတစ်ဖက်တွင် နတ်သားရုပ်နှင့် အခြားတစ်ဖက်တွင် နတ်သမီးရုပ်များကို ခြံရံထားသည်။ ခေါင်းလောင်းကိုယ်ထည်ပေါ်တွင် အင်းကွက်များရေးထိုးထားသည်ကိုလည်း မြင်ကြရပေသည်။ စဉ့်ကူးမင်းခေါင်းလောင်းတော်သည် ၁၈၂၄ ခုနှစ် မတ်လ ၅ ရက်နေ့တွင် စတင်ခဲ့သော ပထမ အင်္ဂလိပ် -မြန်မာစစ်ပွဲဖြစ်ပွားနေချိန်အထိ အမိုးအကာမရှိသေးဘဲ ရွှေတိဂုံစေတီတော်ရင်ပြင်ပေါ်တွင် တန်းပစ်ထားသော ကျွန်းတိုင်ကြီးနှစ်တိုင်အလယ်တွင် ချိတ်ဆွဲတည်ရှိနေခဲ့သည်။

၁၈၂၄ ခုနှစ် မေလ ၁၂ ရက်နေ့တွင် အင်္ဂလိပ်တို့သည် ရွှေတိဂုံကုန်းတော်ကို သိမ်းယူခဲ့ကြကာ စေတီရင်ပြင်တော်မှ စဉ့်ကူးမင်းခေါင်းလောင်းကို အင်္ဂလန်နိုင်ငံသို့ ပို့ဆောင်သွားရန်သယ်ယူခဲ့ကြသည်။ ဗြိတိသျှတို့သည် ခေါင်းလောင်းကြီးအား သင်္ဘောတစ်စင်းပေါ်တင်ဆောင်မောင်းနှင်သွားခဲ့ကြသည်။ သို့သော်လည်း စဉ့်ကူးမင်းခေါင်းလောင်းတင်ဆောင်သွားသည့် သင်္ဘောသည် ခေါင်းလောင်းကြီး၏လေးလံသော အလေးချိန်ကြောင့် တိမ်းစောင်းသွားခဲ့သဖြင့် ခေါင်းလောင်းကြီးသည် ရန်ကုန်မြို့မှ သင်္ဘောမထွက်ခွာနိုင်မီ လှိုင်မြစ်အတွင်းသို့ ကျဆင်းခဲ့ရပေသည်။ ရေအောက်သို့ နစ်မြုပ်သွားသော စဉ့်ကူးမင်းခေါင်းလောင်းအား ဗြိတိသျှတို့က ပြန်လည်ဆယ်ယူရန် ကြိုးပမ်းခဲ့ကြသော်လည်း အောင်မြင်မှုမရရှိခဲ့ပါချေ။

**စေတီတော်၏ထီးတော်များတွင် ခေါင်းလောင်းငယ်လေးများကို ဆည်းလည်းများအဖြစ် ချိတ်ဆွဲပူဇော်ကြသကဲ့သို့ ကြီးမားသောခေါင်းလောင်းများ သွန်းလောင်းကာ စေတီတော်ပရိဝုဏ်များအတွင်း သင့်လျော်ရာနေရာများတွင် ချိတ်ဆွဲထားလေ့လည်းရှိ**

ပထမ အင်္ဂလိပ်-မြန်မာ စစ်ပွဲပြီးဆုံးပြီးနောက် ၁၈၂၆ ခုနှစ် ဒီဇင်ဘာလ ၉ ရက်တွင် မြန်မာတို့သည် ရွှေတိဂုံစေတီတော်ကို အင်္ဂလိပ်များလက်မှ ပြန်လည်ရရှိခဲ့သည်။ မြန်မာတို့က လှိုင်မြစ်အတွင်း နစ်မြုပ်နေသည့် အင်္ဂလိပ်တို့ မဆယ်ယူနိုင်ခဲ့သည့် စဉ့်ကူးမင်းခေါင်းလောင်းအား ပြန်လည်ဆယ်ယူနိုင်ခဲ့ကြကာ ၁၈၂၇ ခုနှစ် ဇန်နဝါရီလတွင် ရွှေတိဂုံစေတီတော်ရှိ မူလနေရာတွင် ပြန်လည်ချိတ်ဆွဲခဲ့ကြသည်။

ယခုအခါတွင် သက်တမ်းနှစ် ၂၅၀ နီးပါးရှိပြီဖြစ်သည့် စဉ့်ကူးမင်းခေါင်းလောင်းတော်ကြီးအား ရေရှည်တည်တံ့စေရန်ရည်ရွယ်လျက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က စတီးလက်ရမ်းများဖြင့် ကာရံထားပေသည်။ ခေါင်းလောင်းပေါ်တွင် စာများရေးသားခြင်း၊ အရုပ်များရေးခြစ်ခြင်းများနှင့် တီးခတ်ခြင်းများ မပြုနိုင်ကြစေရန် ဖြစ်ပေသည်။

စဉ့်ကူးမင်းသည် ခရစ်နှစ် ၁၇၈၂ ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီးနောက် ဗဒုံမင်း( ခရစ်နှစ် ၁၇၈၂-၁၈၁၉) က ထီးနန်းဆက်ခံခဲ့သည်။ ၁၇၈၆ ခုနှစ် ဖေဖော်ဝါရီလတွင် ဗဒုံမင်းသည် ရွှေတိဂုံစေတီတော်ရင်ပြင်တော်တွင် ကြေးနီအုတ်ကြွပ်မိုး ရွှေဇရပ်တစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ၁၇၉၅ ခုနှစ် ဧပြီလတွင် အင်္ဂလိပ်သံတမန် မိုက်ကယ်ဆိုင်းက ရွှေတိဂုံစေတီတော်မြတ်၏ ခမ်းနားပုံကို မှတ်တမ်းရေးသားခဲ့သည်။ ထို့အတူ ၁၇၉၆ ခုနှစ်၊ နိုဝင်ဘာလတွင် အင်္ဂလိပ်သံအရာရှိ ဟီရမ်ကောက်ကလည်း ရွှေတိဂုံစေတီတော်၏ သပ္ပာယ်ပုံကို မှတ်တမ်းတင်ခဲ့သည်။

၁၈၃၇ ခုနှစ်တွင် နန်းတက်ခဲ့သော သာယာဝတီမင်း ( ခရစ်နှစ် ၁၈၃၇-၁၈၄၆) သည် ၁၈၄၁ ခုနှစ်တွင် ဒဂုံဆံတော်ရှင် ရွှေတိဂုံစေတီတော်မြတ်ကို ဖူးမြော်ရန်နှင့် ရန်ကုန်မြို့အား ပြင်ဆင်မှုများ ဆောင်ရွက်ရန် နေပြည်တော်အမရပူရမှ ဥက္ကလာပ(ရန်ကုန်)သို့ ရေကြောင်းကြည်းကြောင်းချီ၍ ပြည်ကြီးမွန်ဖောင်တော်ဖြင့် စုန်ဆင်းခဲ့သည်။ ဖောင်တော်ကို ယခုလမ်းမတော်ဆိပ်ကမ်းအနီးတွင်ရပ်နားပြီး ရွှေတိဂုံစေတီတော်အနောက်ဘက်တွင် ဆောက်လုပ်ထားသည့် ယာယီစံနန်းတော်သို့ ရန်ကုန်ဆိပ်ကမ်းမှ တောင်မြောက်လမ်းဖြောင့်လမ်းအတိုင်း ကြွချီခဲ့သည်။ ဘုရင်မင်းမြတ်ကြွချီရာလမ်းဖြစ်သဖြင့် ထိုလမ်းကို တော်ဝင်သော လမ်းမဟူသည့် အဓိပ္ပာယ်ဖြင့် လမ်းမတော်ဟု အမည်မှည့်ခေါ်ခဲ့သည်။

သာယာဝတီမင်းသည် ရန်ကုန်တွင်ရှိနေစဉ်အတွင်း ထိုစဉ်က တာဝန်း ၁၈၀၀ ရှိသော ရန်ကုန်မြို့ကို တူးဖို့တည်တော်မူခဲ့သည်။ နေပြည်တော် အမရပူရမှ မျက်ပါးခတ်ခဲ့သည့် စုစုပေါင်းအလေးချိန် ၃၂ ပိဿာခန့်ရှိသည့် ရွှေသင်္ကန်းများကို ရွှေတိဂုံစေတီတော် ငှက်ပျောဖူးမှ ဖိနပ်တော်အထိ ကပ်လှူခဲ့သည်။ ရွှေတိဂုံစေတီတော်၏ တောက်ဘက်မုခ်ဝတွင် မုဆိုးထိုင် ထိုင်နေသော ကျောက်ဘီလူးရုပ်နှစ်ရုပ်ကို လှူဒါန်းခဲ့သည်။ သာယာဝတီမင်း၏ မိဖုရားဖြစ်သူ နန်းမတော်မမြလေးကလည်း ရွှေတိဂုံစေတီတော် အနောက်ဘက် စောင်းတန်းတော်ကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ သာယာဝတီမင်းသည် ရွှေတိဂုံစေတီတော်ရင်ပြင်တော်တွင် ခေါင်းလောင်းကြီးတစ်ခု ချိတ်ဆွဲလှူဒါန်းရန် ရှေးမဆွကပင် ဆန္ဒပြင်းပြခဲ့သဖြင့် ၁၂၀၃ ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့တွင် ကြီးမားသောခေါင်းလောင်းကြီးတစ်လုံးကို စတင်သွန်းလောင်းခဲ့သည်။ သို့သော်လည်း ထိုနှစ်တပို့တွဲလရောက်သည်အထိ ခေါင်းလောင်းတော်ကြေးသွန်းခြင်းလုပ်ငန်းမပြီးစီးခဲ့ချေ။ သာယာဝတီမင်းသည် ရန်ကုန်တွင် ငါးလတာနေထိုင်ခဲ့ပြီး နေပြည်တော်အမရပူရသို့မပြန်မီ ခေါင်းလောင်းတော်ကြီးအား အပြီးသတ်သွန်းလောင်းရန် ဝန်ထောက်မင်းကြီး မဟာစည်သူ၊ ပန်းတဉ်းဝန်၊ လက်နက်တိုက်ဝန်၊ မင်းကြီးမဟာမင်းကျော်သင်္ခယာတို့အား တာဝန်ပေးခဲ့သည်။ ကြေးသွန်း၊ ပန်းတဉ်းအမှုထမ်းဦးရေ ၅၀ ကျော်ခန့်ရှိသည်။

ခေါင်းလောင်းတော်ကြီးအား သုံးနှစ်မျှအချိန်ယူကာ သွန်းလောင်းခဲ့ကြပြီး မြန်မာသက္ကရာဇ် ၁၂၀၆ ခုနှစ် တပေါင်းလ (ခရစ်နှစ် ၁၈၄၃ ခုနှစ် ဖေဖော်ဝါရီလ) တွင် ဟံသာဝတီမြို့ဝန်နှင့်အရာရှိများ ကြီးကြပ်ကာ ပွဲသဘင်စုံလင်စွာဖြင့် ရွှေတိဂုံစေတီတော်သို့ ရေစက်ချလှူဒါန်းခဲ့သည်။ သာယာဝတီမင်းကြီးကား

*စာမျက်နှာ ၂၃ သို့*

# ပြည်ပစားအုန်းဆီဈေးနှုန်း ဆက်လက်ကျ

**ရန်ကုန် ဧပြီ ၂၀**

ပြည်တွင်း စားသုံးဆီဈေးကွက်တွင် မြေပဲဆီဈေးနှုန်းအမြင့်တွင်ရှိနေချိန် စားအုန်းဆီဈေးနှုန်းမှာ ပြည်ပဈေးနှုန်းကျနေ၍ ဧပြီလလယ်တွင် စားအုန်းဆီဈေးနှုန်း၏ သုံးဆသို့ မြေပဲဆီဈေးနှုန်းရောက်ရှိနေသည်။ ၂၀၁၅ ဧပြီလ ၁၀ ရက်တွင် မြေပဲဆီလက်ကား တစ်ပိဿာ ငွေကျပ် ၄၁၀၀ ရှိပြီး စားအုန်းဆီအလှယ် လက်ကားတစ်ပိဿာ ငွေကျပ် ၁၃၂၇ သာရှိသည်ဟု ပြည်ဒေသအခြေစိုက် မြေပဲဆီစက်လုပ်ငန်း၏ ဘုရင့်နောင်ပွဲရုံဝင်းရှိ အရောင်းတာဝန်ခံကပြောသည်။

၂၀၁၂ ဩဂုတ်လအတွင်း မြေပဲဆီလက်ကားဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၇၀၀ ရှိချိန် စားအုန်းဆီဈေးနှုန်းမှာ ပျမ်းမျှငွေကျပ် ၁၇၀၀ နှုန်းရှိခဲ့သည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလဆန်းတွင် မြေပဲဆီတစ်ပိဿာ ငွေကျပ် ၄၀၀၀ နှုန်းရှိချိန် စားအုန်းဆီတစ်ပိဿာ ငွေကျပ် ၁၂၇၅ နှုန်းရှိခဲ့သည်။ ၂၀၁၄ ခုနှစ်မတ်လအတွင်း မြေပဲဆီလက်ကား တစ်ပိဿာဈေးနှုန်း ငွေကျပ် ၃၁၀၀ ရှိချိန် စားအုန်းဆီတစ်ပိဿာ ငွေကျပ် ၁၆၀၀ ဝန်းကျင်ရှိခဲ့သည်ဟု စားသုံးဆီဈေးနှုန်းဟောင်းများမှ သိရသည်။

ပြည်တွင်းစားသုံးမှုနှင့် လုပ်ငန်းသုံးလိုအပ်ချက်အရ ပြည်ပမှ နှစ်စဉ် တန်ချိန်သုံးသိန်းဝန်းကျင် စားအုန်းဆီတင်သွင်းမှုရှိခဲ့သည်။ ၂၀၁၄ ခုနှစ်မှစ၍ ပင်လယ်ရေကြောင်းမှ လစဉ်ပျမ်းမျှ တန်ချိန်လေးသောင်းဝန်းကျင် တင်သွင်းမှုရှိလာသည်။ ၂၀၁၄ ခုနှစ် ဧပြီ ၁၁ ရက်က မလေးရှား FOB စားအုန်းဆီတစ်တန် ၈၉၅ ဒေါ်လာ ပြည်ပပို့ကုန်ရငွေ ငွေလဲနှုန်း ၉၆၃ ကျပ်ဖြင့် ဆိပ်ကမ်းရောက် စားအုန်းဆီတစ်ပိဿာ အရင်းဈေး ၁၆၁၄ ကျပ်နှုန်းရှိပြီး ရန်ကုန်ဈေးကွက်တွင် အလှယ်လက်ကားတစ်ပိဿာ ရောင်းဈေး ၁၅၆၅ ကျပ်နှုန်းရှိသည်။

၂၀၁၅ ခုနှစ် ဧပြီ ၁၀ ရက်တွင်မူ FOB တစ်တန်ဈေးနှုန်း ၆၃၅ ဒေါ်လာ၊ ငွေလဲနှုန်း ၁၀၇၇ ကျပ်ဖြင့် တစ်ပိဿာအရင်းဈေး ၁၂၉၂ ကျပ်ရှိပြီး ရန်ကုန်ဈေးကွက်အလှယ် ရောင်းဈေးမှာ တစ်ပိဿာ ၁၃၂၇ ကျပ် ရှိခဲ့သည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် FOB တစ်တန်ဈေးနှုန်း ၇၈၅ ဒေါ်လာ၊ ငွေလဲနှုန်း ၈၅၀ ကျပ်၊ တစ်ပိဿာအရင်းဈေး ၁၃၀၈ ကျပ်ရှိချိန် ရန်ကုန်ဈေးကွက်အလှယ် တစ်ပိဿာ ရောင်းဈေး ၁၂၇၅ ကျပ်ရှိခဲ့ရာ ယင်းရန်ကုန်ဈေးကွက် ရောင်းဈေးသည် ၂၀၁၀ မှ ၂၀၁၅ ဧပြီလလယ်အထိ အနိမ့်ဆုံးပြည်တွင်းရောင်းဈေးဖြစ်နေသည်ဟု ဆီရောင်းဝယ်သူ ဦးနေလင်းက ဆိုသည်။

စားအုန်းဆီဈေးနှုန်းနိမ့်ကျလာသဖြင့် ပြည်တွင်းတွင်ဝယ်ယူစားသုံးမှု များပြားလာပြီး ကန်ဆီသာမကအသင့်ထည့်ပြီး အရွယ်အစားပုံစံအမျိုးမျိုးဖြင့် ဟင်းရွက်ဆီ၊ ပဲပုပ်ဆီ၊ စားအုန်းဆီ၊ အဆင့်မြင့်များ ပြည်တွင်းသို့ တင်သွင်းရောင်းချမှု များပြားလာသည်။ စားသုံးသူများအနေဖြင့် ဈေးနှုန်းကြီးမြင့်နေဆဲဖြစ်သော မြေပဲဆီအစားအဆင့်မြင့်စားအုန်းဆီ၊ ဟင်းရွက်ဆီ၊ ပဲပုပ်ဆီများကို တစ်ပိဿာလျှင် ဆီအမျိုးအစားပေါ် မူတည်၍ ၁၅၀၀ ကျပ်မှ ၂၀၀၀ ကျပ်အတွင်း ဈေးနှုန်းများဖြင့် ဈေးကွက်တွင် ဝယ်ယူစားသုံးမှုများရှိလာသည်ဟု လက်လီရောင်းချသူ ဦးအောင်စိုးက ဆိုသည်။

စားအုန်းဆီဈေးနှုန်းအနိမ့်တွင် ရှိနေဆဲဖြစ်၍ စားအုန်းဆီအသုံးပြုနေရသော မုန့်များ၊ အကြော်အလှော်များ၊ ဈေးမြင့်တက်မှုမရှိကြပါ။ သို့သော်အချို့သော စားသောက်ဆိုင်များ၊ မုန့်လုပ်ငန်းများတွင် စားအုန်းဆီ အသုံးပြုခြင်းမရှိပါဟု ရေးသားဖော်ပြထားသည်ကို မြင်တွေ့ရသည်ဟု ရန်ကုန်မြို့လယ်တွင် အလုပ်လုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

**ခင်ဆိုင်**

အမြို့မြို့အနယ်နယ်ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ



# သီပေါကုန်းမြင့်ပိုင်းနေရာများ နွေရာသီရေအခက်အခဲမဖြစ်ရေး ရေများဖြန့်ဝေ

**သီပေါ ဧပြီ ၂၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်တွင် နှစ်စဉ်နွေရာသီကာလ၌ အပူရှိန်မြင့်မားမှုကြောင့် ရေတွင်းရေကန်များ ခန်းခြောက်ကာ သောက်သုံးရေအခက်အခဲနှင့် ရင်ဆိုင်နေကြရသည်။

ထို့ကြောင့် ယခုနှစ်နွေရာသီကာလတွင် သောက်သုံးရေများ အခက်အခဲမရှိရေးအတွက် သီပေါမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့်အဖွဲ့ဦးဆောင်သော ဝန်ထမ်းများက ဧပြီ ၁၉ ရက်က မြို့ပေါ်ရပ်ကွက်များနှင့် စံဖိတ်၊ ရွှေပြည်သာကွက်သစ်တို့၌ မြို့နယ်စည်ပင်သာယာရေးကော်မတီဌာနပိုင် ရေသယ်ယာဉ်ဖြင့် နေ့စဉ်သောက်သုံးရေများကို ဖြန့်ဝေပေးလျက်ရှိသည်။

သီပေါမြို့ တောင်ဘက်ခြမ်းဒေသဖြစ်သည့် တောင်မြို့၊ ရွှေကျောင်း၊ အုပ်ကျင်းနှင့် ပန်းတိမ်တောင်ရပ်ကွက်များမှာ အမြင့်ပိုင်းကုန်းပေါ်ဒေသများဖြစ်၍ နွေရာသီ သောက်သုံးရေပြတ်လပ်မှုများ ကြုံတွေ့ရသဖြင့် တောင်မြို့ရပ်နယ်မြေ(၂) တောင်ကုန်းပေါ်တွင် စက်ရေတွင်းတူးလျက် ရေဂါလန် ၂၀၀၀၀ ဆံ့ ရေကန်ကြီးတည်ဆောက်ပြီး ရေလွှတ်ပိုက်လိုင်းစနစ်ဖြင့် ရေများဖြန့်ဖြူးပေးတော့မည်ဖြစ်သဖြင့် ပြည်သူများ ရေအတွက်ရတက်အေးကာ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# မိလ္လာပိုက်လမ်းကြောင်းတွင်း သံချေးတက်လက်ပစ်ဗုံးဟောင်းတွေ့ရှိ



**ရန်ကုန် ဧပြီ ၂၀**

မိလ္လာပိုက်လမ်းကြောင်းသန့်ရှင်းရေးလုပ်ကိုင်နေစဉ် အမှိုက်များနှင့်အတူ ရောထွေး၍ အမျိုးအစားခွဲခြားမရသည့် သံချေးများတက်နေသော ဗုံးသီးဟောင်းတစ်လုံး တွေ့ရှိကြောင်း ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ထွဋ်၏ သတင်းပေးပို့ချက်အရ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးသိန်းအောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်စုံ နယ်မြေခံတပ်ရင်းမှ ဗိုလ်စိုးလွင်ဦးနှင့်အဖွဲ့က လာရောက်စစ်ဆေးခဲ့သည်။

ဧပြီ ၁၈ ရက် မွန်းလွဲ ၁၂ နာရီခွဲက စံပြဖဆလပရပ်ကွက် မြန်မာ့ဂုဏ်ရည်လမ်းတို တိုက်အမှတ် ၅၄/၅၆ ၏ နောက်ဖေးလမ်းကြားတွင် ရေစက်မောင်းဝန်ထမ်း ဦးမြသိန်းနှင့် ဦးဖိုးသိန်းတို့နှစ်ဦး၊ မိလ္လာပိုက်ရေစီးလမ်းကြောင်း သန့်ရှင်းရေးဆောင်ရွက်နေစဉ် အမှိုက်များနှင့်အတူရောထွေးကာ အဆိုပါဗုံးသီးဟောင်းကို တွေ့ရှိခြင်းဖြစ်သည်။

သက်ဆိုင်ရာ တာဝန်ရှိသူများက လာရောက်စစ်ဆေးရာ အလျား လေးလက်မ၊ အချင်း ၂ ဒသမ ၅လက်မ၊ နောက်ပိတ်အချင်း ၁ ဒသမ ၅လက်မ၊ လုံးပတ် ရှစ်လက်မခန့်ရှိ သံချေးတက်နေ သော ၃၆ လက်ပစ်ဗုံးဟောင်း တစ်လုံးဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ဒုတိယရဲအုပ်ထွန်းထွန်းဦးက နယ်မြေခံတပ်ရင်း အင်းတကော်မြို့သို့ သွားရောက် အပ်နှံပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်သန်း (မင်္ဂလာတောင်ညွန့်)**

*စာမျက်နှာ ၂၂မှ*

ထိုပွဲသဘင်သို့ မကြွရောက်နိုင်ခဲ့ပါချေ။ ခေါင်းလောင်းတော်ကြီးအား "မဟာတိသဒ္ဒယဏ္ဍာရာဇာ "ဟု ဘွဲ့အမည်တပ်ခဲ့သည်။

သာယာဝတီခေါင်းလောင်းတော်ကြီး၏ အတိုင်းအတာနှင့် အလေးချိန်တို့ကို ကုန်းဘောင်ဆက် မဟာရာဇဝင်တွင် "အရပ်ကိုးတောင်တမိုက်သုံးသစ်၊ အနားလုံးပတ်တဆဲ့ငါးတောင်၊ ခါးစည်းလုံးပတ်တဆဲ့သုံးတောင်တမိုက်လေးသစ်၊ ထုနှစ်မိုက်လေးသစ်၊ ကြေးစင်ချိန်ပိဿာ နှစ်သောင်းငါးထောင်ကိုးရာလေးဆယ်၊ ကျပ်လေးဆဲ့ကိုးကျပ်"ဟု ရေးသားဖော်ပြထားပါသည်။ (မူရင်းသတ်ပုံအတိုင်းဖြစ်ပါသည်)

သာယာဝတီခေါင်းလောင်းတော်ကြီးတွင် ရေးထိုးထားသော မှတ်တမ်းကမ္ပည်းစာကြောင်းရေ (၇၉)တွင် "ဝန်ကြီးမဟာစည်သူ၊ ပန်းတဉ်းဝန်၊ လက်နက်တိုက်ဝန်၊ မင်းကြီးမဟာမင်းကျော်သင်္ခယာတို့ ကြီးကြပ်ဖန်ဆင်း သွန်းလုပ်ကြ၍ ပြီးအောင်မြင်ခြင်းသို့ရောက်သော သဒ္ဒါနကုသိုလ်တော်ကြေးစေ။ ကျပ်ချိန်ပေါင်း ၂၅၉၄၀၄၉" ဟုလည်းကောင်း၊ စာကြောင်းရေ (၈၀) တွင် "ကိုင်း နရသီဟခြင်္သေ့လေးစီးနှင့်တကွ အရပ် ၉ ဝိ ၃။ အချင်း ၅။ လုံးပတ် ၁၅။ အထူ ၂ ဝိ ၄ ရှိသော မဟာတိသဒ္ဒယဏ္ဍာ အမည်ရှိသော ခေါင်းလောင်းကြီးကို သွန်းလုပ်ချောမွေ့စေ၍ "ဟုလည်းကောင်း ရေးထိုးထားပေသည်။

သာယာဝတီခေါင်းလောင်းကြီးသည် ယခုခေတ် အတိုင်းအတာအရ အမြင့် ပေ ၂၀၊ အဝ ခုနစ်ပေ ခြောက်လက်မ ခန့်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ၁၉၉၇ ခုနှစ်တွင် ထုတ်ဝေခဲ့သော (Shwedagon - Symbol of strength and serenity) စာအုပ်တွင် ဖော်ပြထားပါသည်။ သမိုင်းပညာရှင် ဆရာကြီး ဒေါက်တာသန်းထွန်းက အနားလုံးပတ် ၂၂ ပေ ခြောက်လက်မ၊ ထု တစ်ပေသုံးလက်မ ရှိကြောင်း ရေးသားခဲ့သည်။

မင်းကွန်းခေါင်းလောင်းသည် မြန်မာနိုင်ငံတွင် အကြီးဆုံးခေါင်းလောင်းဖြစ်ပြီး သာယာဝတီမင်း ခေါင်းလောင်းတော်သည် ဒုတိယအကြီးဆုံးခေါင်းလောင်းကြီးဖြစ်ပေသည်။ သာယာဝတီမင်းခေါင်းလောင်းသည် အလေးချိန် ၄၂တန်မျှရှိပြီး ရွှေတိဂုံစေတီတော် အရှေ့မြောက်ထောင့်တွင် ယနေ့တိုင်တွေ့မြင်နေကြရပေသည်။ သာယာဝတီခေါင်းလောင်းတော်တွင် ကြောင်းရေ (၁၀၀) ခန့် ကမ္ပည်းစာများရေးသားထားရာ စာကြောင်းရေ တစ်မှ (၂၈)အထိကို ပါဠိဘာသာဖြင့် ရေးထိုးထားပြီး ကြောင်းရေ(၂၈) မှ (၁၀၀) အထိမှာ ပါဠိမြန်မာပြန်များဖြစ်သည်။ ခေါင်းလောင်းကမ္ပည်းစာတွင် မြန်မာသက္ကရာဇ် ၁၁၉၈ ခုနှစ် (ခရစ်နှစ် ၁၈၃၇ ခုနှစ်) တွင် နန်းတက်ခဲ့သည့် သာယာဝတီမင်းကြီး၏နန်းတက်ချိန်မှစ၍ ပြုခဲ့သမျှသော ကုသိုလ်ဒါနကောင်းမှုအစုစုကိုလည်း စီကုံးရေးသားမှတ်တမ်းပြုထားသည်။ ဆုတောင်းနှင့် အမျှဝေကိုလည်း ဝေဝေဆာဆာရေးထိုးထားပြီး အချို့နေရာများတွင် အဆင်တန်ဆာ အင်းကွက်ပုံစံများကို တွေ့မြင်ကြရပေသည်။

စက်ယန္တရားများနှင့် စက်မှုနည်းပညာများ မတိုးတက်သေးမီ လွန်ခဲ့သောနှစ်ပေါင်းနှစ်ရာကျော်အချိန်က လေးလံကြီးမားသော ခေါင်းလောင်းကြီးများကို မြန်မာတို့ မည်သို့သွန်းလောင်း၊ ချိတ်ဆွဲခဲ့ကြသည်ဆိုသည်ကို တိကျစွာမဖော်ထုတ်နိုင်ကြသေးသော်လည်း မြန်မာလူမျိုးတို့၏ ကြီးမားသောလုံ့လနှင့်ဇွဲတို့ကြောင့် အံ့မခန်းသောလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ကြသည်ဆိုသည့် အချက်ကိုကား ငြင်းနိုင်ဖွယ်မရှိပါချေ။

ဗုဒ္ဓသာသနာတော်ကို လေးမြတ်ကြည်ညိုခဲ့ကြသည့် မြန်မာရှင်ဘုရင်တို့၏ ထက်သန်သော သဒ္ဓါတရားများဖြင့် လှူဒါန်းခဲ့ကြသည့် ခေါင်းလောင်းကြီးများဖြစ်ကြသည့် စဉ့်ကူးမင်းခေါင်းလောင်းနှင့် သာယာဝတီမင်း ခေါင်းလောင်းတော်တို့သည် ရွှေတိဂုံစေတီတော်မြတ်၏သမိုင်းနှင့်ယှဉ်တွဲလျက် နှောင်းလူတို့ လေ့လာနိုင်သည့် ယဉ်ကျေးမှုတန်ဖိုးများအဖြစ် ထင်ရှားစွာတည်ရှိနေခြင်းသည်ပင်လျှင် ကမ္ဘာ့အလယ်တွင် မြန်မာတို့၏ ဂုဏ်ယူဖွယ်သမိုင်းဂုဏ်ဒြပ်တစ်ရပ် ဖြစ်ပါပေတော့သည်။ ။

# တောင်သူများထံ ဖြန့်ဖြူးပေးနေသည့် ယူရီးယားဓာတ်မြေဩဇာ

နိုင်ငံတော်၏လူဦးရေတိုးတက်လာသည်နှင့်အမျှ များပြားလာသော လူဦးရေအတွက် စားဝတ်နေရေးဖူလုံစေရန် လယ်ယာကဏ္ဍမှာ အဓိက အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ဆန်စပါးနှင့် ကောက်ပဲ သီးနှံများ လုံလောက်စွာ ထုတ်လုပ်ဖြည့်ဆည်းပေးရန် လိုအပ်သကဲ့သို့ မျိုးကောင်းမျိုးသန့်နှင့် အရည်အသွေးပြည့်မီသည့် ဆန်စပါးများထွက်ရှိရေး၊ အသီးအနှံများ ရှင်သန်ကြီးထွားစေရေးအတွက် ဓာတ်မြေဩဇာသည် အဓိကသွင်းအားစုဖြစ်ရာ ပြည်တွင်းသုံးစွဲမှု ဖူလုံစေရေးအတွက် နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိသည်။

ဆန်စပါးနှင့် သီးနှံပင်များ၏ အဓိကသွင်းအားစုများဖြစ်သည့် Nitrogen (N), Phosphorus (P) နှင့် Potassium (K) တို့ကို သီးနှံအမျိုးအစားအလိုက် အချိုးကျရောနှောအသုံးပြုလျက်ရှိရာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းသည် Nitrogen ၄၆ ရာခိုင်နှုန်းပါဝင်သည့် ယူရီးယားဓာတ်မြေဩဇာများကို ထုတ်လုပ်လျက်ရှိသည်။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းသည် ပြည်တွင်း၌လိုအပ်သော ယူရီးယားဓာတ်မြေဩဇာများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် လက်ရှိစက်ရုံများကို အကြီးစားပြင်ဆင်မွမ်းမံခြင်းနှင့် စက်ရုံသစ်များ တည်ဆောက်အကောင်အထည်ဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ပြည်တွင်းဓာတ်မြေဩဇာ လိုအပ်ချက်ကို လုံလောက်စွာ ဖြည့်တင်းပေးနိုင်ရေးအတွက် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းသည် ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်အတွင်း တစ်နေ့လျှင် တန် ၅၀၀ ထုတ်လုပ်နိုင်သည့် ဓာတ်မြေဩဇာစက်ရုံနှစ်ရုံကို ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာရွာအနီးတွင် အမှတ် (၄) ဓာတ်မြေဩဇာစက်ရုံ (မြောင်းတကာ)ကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် အိုးဘိုကျေးရွာအနီးတွင် အမှတ် (၅) ဓာတ်မြေဩဇာစက်ရုံ (ကန်ကြီးထောင့်)ကို လည်းကောင်း တည်ဆောက်အကောင်အထည်ဖော်ခဲ့သည်။ ဓာတ်မြေဩဇာစက်ရုံများသည် ကုန်းတွင်းသဘာဝ ဓာတ်ငွေ့ရရှိမှုအခြေအနေပေါ် မူတည်၍ ထုတ်လုပ်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဇန်နဝါရီလကုန်အထိ ၁၃၈၂၆၈ ဒသမ ၂၅ တန် ထုတ်လုပ်ခဲ့ပြီးဖြစ်သည်။

ဓာတ်မြေဩဇာများကို တောင်သူလယ်သမားများလက်ဝယ်သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှတစ်ဆင့် လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ကအာမခံ၍ တာဝန်ခံမည့်အဖွဲ့အစည်းများ (Authorized Dealers )မှတစ်ဆင့် လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များမှတစ်ဆင့် လည်းကောင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်လက်အောက်ရှိ ဆန်စပါးအထူးပြုကုမ္ပဏီများမှတစ်ဆင့်လည်းကောင်း တင်ပြလျှောက်ထားလာမှုပေါ်မူတည်၍ ယူရီးယားဓာတ်မြေဩဇာတစ်တန်လျှင် ငွေကျပ် ၂၈၈၀၀၀ နှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ၁-၄-၂၀၁၄ ရက်မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလကုန်အထိ ၁၃၁၂၈၇ တန် ဖြန့်ဖြူးခဲ့ပြီးဖြစ်သည်။

ဝယ်ယူခွင့်ရရှိသူသည် လုပ်ငန်းရုံးချုပ်(နေပြည်တော်)သို့ လူကိုယ်တိုင်လာရောက်ရန်မလိုဘဲ သက်ဆိုင်ရာမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်မှ မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း Account သို့ ငွေလွှဲပေးသွင်းကာ ငွေပေးသွင်းပြီးကြောင်း ချလန်ကို Fax ဖြင့် ပေးပို့လျက် စက်ရုံတွင်တိုက်ရိုက်ထုတ်ယူသည့်စနစ်ဖြင့် လုပ်ငန်းစဉ်အဆင့်ဖြေလျှော့ရောင်းချပေးလျက်ရှိရာ အချိန်ကြန့်ကြာမှုနှင့် ခရီးစရိတ်ကုန်ကျမှုများမရှိတော့ကြောင်း သိရသည်။

ယခုရာသီသည် နွေစပါးစိုက်ပျိုးရာသီဖြစ်သဖြင့် ဓာတ်မြေဩဇာအသုံးများသောကာလဖြစ်ရာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တောင်သူများ လွယ်ကူစွာဝယ်ယူနိုင်ရေးအတွက် လုပ်ငန်းရုံးချုပ်သို့ ဝယ်ယူခွင့်လျှောက်ထားရန်မလိုဘဲ အမှတ် (၅) ဓာတ်မြေဩဇာစက်ရုံ (ကန်ကြီးထောင့်) တွင် လူတစ်ဦးလျှင် အများဆုံးတန် ၅၀ ထက်မပိုသော ပမာဏအား လွတ်လပ်စွာ ရောင်းချပေးလျက်ရှိသည်။ ထို့အပြင် အခြားစက်ရုံများမှ ယူရီးယားဓာတ်မြေဩဇာဝယ်ယူခွင့် လျှောက်ထားလာမှုများကိုလည်း ၃၀-၁၂-၂၀၁၄ ရက်မှစ၍ မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်းရေနံထွက်ပစ္စည်းစိစစ်ရောင်းချရေးကော်မတီကစိစစ်၍ ရောင်းချပေးလျက်ရှိသည်။ သို့ဖြစ်ရာ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍအတွက် အဓိကလိုအပ်ချက်ဖြစ်သော ဓာတ်မြေဩဇာကို ပြည်တွင်းထုတ်လုပ်မှုဖြင့် ဈေးနှုန်းသက်သာ၊ မြန်ဆန်စွာရောင်းချပံ့ပိုးပေးလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

**မိုးပန်းအိမ်**

# သီတဂူစက္ခုဒါနဆေးရုံကြီးကို အခမဲ့အထွေထွေဆေးရုံကြီးအဖြစ် တိုးချဲ့ဖွင့်




**ကလေး မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ သီတဂူစက္ခုဒါနဆေးရုံကြီးကို ၂၀၀၉ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ရာ အခမဲ့အထွေထွေဆေးရုံကြီးအဖြစ် ဖွင့်လှစ်နိုင်ရေး နှစ်ထပ်အဆောက်အအုံကြီးအဖြစ် ဆောက်လုပ်နေပြီဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

"ပထမအဆောက်အအုံကိုအခြေခံပြီး နှစ်ထပ်အဆောက်အအုံအဖြစ် တိုးချဲ့ ဆောက်လုပ်တာပါ။ ပထမအဆောက်အအုံက အလျား ပေ ၁၄၀၊ အနံ ပေ ၄၀ ရှိပါတယ်၊ ငွေကျပ်သိန်း ၂၅၀၀ ကျော် အကုန်အကျခံပြီး ဆောက်လုပ်ခဲ့တာပါ သီတဂူဆရာတော်ကြီးကလည်း တက်ရောက်ကုသလာကြတဲ့ လူနာတွေကို ပြည့်ပြည့်စုံစုံနဲ့ကုသပေးနိုင်ဖို့ ဓာတ်ခွဲခန်းပစ္စည်းတွေ၊ စမ်းသပ်ခန်းပစ္စည်းတွေ၊ခုတင်တွေကို လှူဒါန်းပေးထားပါတယ်။ ဆက်လက်ပြီးတော့လည်း သီတဂူဆရာတော်ကြီး၏ ညွှန်ကြားမှုများနဲ့ အခမဲ့အထွေထွေရောဂါကုသီတဂူဆေးရုံကြီးအဖြစ် တိုးချဲ့ဆေးကုသမှုပေးနိုင်ဖို့ ဆောက်လုပ်နေရာ လာမယ့်ဩဂုတ်လအတွင်း ပြီးစီးပါ့မယ်"ဟု သီတဂူဆေးရုံအတွင်းရေးမှူးက ပြောသည်။

သီတဂူစက္ခုဒါန ဆေးရုံတော်ကြီးကို ရဟန်းရှင်လူပြည်သူအများကောင်းမှုဖြင့် ကမ္ဘာ့သာသနာပြုသီတဂူဆရာတော်၊ စကားလှမ္ဘာရုံဆရာတော်၊ နေသာပညာဒါနဆရာတော်၊ မဟာသန္တာရုံဆရာတော်ကြီးတို့၏ ဩဝါဒကိုခံယူပြီး ဆောက်လုပ်ခဲ့ရာ စုစုပေါင်း မျက်စိစမ်းသပ်လူနာရှင် ၇၉၁၂ ဦးကို ကုသပေးခဲ့ပြီး မျက်စိဝေဒနာရှင် လူနာ ၁၇၈၀ ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး ဖြစ်သည်။

ယခု အထွေထွေဆေးရုံကြီးအဖြစ် ဆောက်လုပ်နေသည့် တိုးချဲ့အဆောက်အအုံသည် ခန့်မှန်းကုန်ကျငွေကျပ်သိန်း ၇၀၀ ကျော်မည်ဟု ခန့်မှန်းထားပြီး မည်သူမဆို ဆက်သွယ်လှူဒါန်းလိုပါက သီတဂူဆေးရုံ ဖုန်း ၀၉-၄၇၀၇၂၂၀၅ သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ **သျှင်နေမင်း**

# စစ်ကိုင်းမြို့ ပါရမီရပ်ကွက် လူမှုရေးအသင်းမှ သက်ကြီးဘိုးဘွားပူဇော်



**စစ်ကိုင်း မေ ၂၀**

စစ်ကိုင်းမြို့ ပါရမီရပ်ကွက် လူမှုရေးအဖွဲ့က ကြီးမှူးကျင်းပသော အဌမအကြိမ်မြောက် အသက် (၇၅) နှစ်နှင့်အထက် ဘိုးဘွားပူဇော်ပွဲ အခမ်းအနားကို မေ ၁၇ ရက် ညနေ ၅ နာရီက စစ်ကိုင်းမြို့ ပါရမီရပ်ကွက် သမိုင်းဝင်မဟာစည်းခုံကြီးဘုရားရင်ပြင်တော်ပေါ်၌ ကျင်းပသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော်များထံမှ ပရိတ်တရားတော်များကို နာယူကြည်ညိုပြီး ပါရမီရပ်ကွက် လူမှုရေးအသင်းဥက္ကဋ္ဌ ဦးခင်မောင်လေး၊ အတွင်းရေးမှူး ဦးစိုးမြင့်တို့က အသက် (၇၅နှစ်)နှင့်အထက် အဘိုးအဘွား ၆၉ ဦးတို့ကို မြန်မာ့ရိုးရာအစဉ်အလာအရ ပူဇော်ကန်တော့ကြပြီး အလှူငွေနှင့်လှူဖွယ်ပစ္စည်းများ ပေးအပ်ကြသည်။

အလားတူပင် အကြိမ် (၄၀) မြောက် သက်ကြီးဘိုးဘွားပူဇော်ပွဲကို မေ ၁၇ ရက် နံနက် ၈ နာရီက စစ်ကိုင်းမြို့ မင်းလမ်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပရာ ဘာသာပေါင်းစုံမှ သက်ကြီးရွယ်အိုဘိုးဘွား ၅၀ တို့ကို ရပ်ကွက်ရပ်မိရပ်ဖဦးတင်အောင်မြင့်၊ ဦးဇော်ဝင်းအောင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ပြုံးတို့က မြန်မာ့ရိုးရာအစဉ်အလာဖြင့် ပူဇော်ကန်တော့ကြပြီး အလှူငွေနှင့်လှူဖွယ်ပစ္စည်းများ ပေးအပ်ကြကြောင်း သိရသည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**

# လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော အဆောက်အအုံများအတွက် ကူညီထောက်ပံ့

**သီပေါ မေ ၂၀**

မေ ၁၆ ရက် မဟာသင်္ကြန်အတက်နေ့ မွန်းလွဲ ၂ နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မိုးကေကျေးရွာအုပ်စု နားကြူကျေးရွာမှ လူနေအိမ်သွပ်မိုးသုံးလုံး၊ မူလတန်းကျောင်းတစ်ကျောင်း၊ ပြိန်းဆိုင်းကျေးရွာမှ သွပ်မိုးလေးလုံးနှင့် နောင်သကြားမန်ကောင်းကျေးရွာမှ သွပ်မိုးလေးလုံး စုစုပေါင်း ၁၁ လုံးနှင့် မူလတန်းကျောင်းတို့သည် မိုးသက်လေပြင်းများတိုက်ခတ်မှုကြောင့် သွပ်များလန်ကာ ပျက်စီးသွားသည်။

ထို့ကြောင့်ပျက်စီးသွားသော အဆိုပါကျေးရွာများမှ လူနေအိမ်များနှင့် မူလတန်းကျောင်းဆောင်တို့ကို ပြန်လည်ပြုပြင်ရေးအတွက် မေ ၁၈ ရက်က ကူညီထောက်ပံ့ငွေများကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်းနှင့် တာဝန်ရှိသူများက ကျေးရွာအရောက်သွားရောက်ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# မိုးကြိုးဘေးအတွက် လိုက်နာရန်အချက်များ

ယခုအခါ မိုးကြိုးဘေးအန္တရာယ်မှာ အဖြစ်များလာသော ဘေးအန္တရာယ်တစ်မျိုးဖြစ်လာသည့်အတွက် ပြည်သူများအနေဖြင့် မိုးကြိုးဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်ရန်လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်းများ ဖြစ်ပေါ်ပါက အောက်ပါအချက်များအား အထူးဂရုပြုလိုက်နာသင့်ပါသည်။

၁။ အိမ်အပြင်တွင်ရောက်ရှိနေပါက

(က) အိမ်ထဲသို့ချက်ချင်းပြေးဝင်ပါ။ သံ/သတ္တုပစ္စည်းများကို လက်တွင်ကိုင်မထားပါနှင့်။

(ခ) သစ်ပင်၊ ဓာတ်တိုင်နှင့်သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်၊ နိမ့်သောနေရာတွင်နေပါ။

(ဂ) ရေကူးကန်၊ ရေကန်၊ မြစ်ချောင်း၊ အင်းအိုင်စသည့်နေရာများတွင်ရှိနေခဲ့လျှင် ရေထဲမှချက်ချင်းတက်ပြီး လုံခြုံသည့်အခိုအကာနေရာရှာ၍နေပါ။

(ဃ) အိမ်အပြင်ဘက်တွင် လူစုလူဝေးနှင့်ဖြစ်နေပါက သီးခြားစီဖြန့်ခွဲနေပါ။

(င) ကွင်းပြင်တွင်ထီးထီးကြီးမနေပါနှင့်။

(စ) သင့်ဆံပင်၊ မွေးညင်းများထောင်လာခြင်း၊ ကြက်သီးထလာခြင်းတို့ကို စတင်ခံစားရပါက မိုးကြိုးပစ်တော့မည့်လက္ခဏာဖြစ်သည်။ ထိုသို့ဖြစ်ပွားပါက ဒူးတုတ်ထိုင်ချလိုက်ပြီး သင့်လက်နှစ်ဖက်ကိုဒူးပေါ်သို့ယှက်တင်၍ ခန္ဓာကိုယ်ကို ကွေးညွတ်ထားပါ။ လုံးဝန်းသော ပုံသဏ္ဍာန်ဖြင့်နေပါ။ မြေပြင်ပေါ်တွင် ပြားပြားဝပ်မှောက်မနေပါနှင့်။ ထိုသို့မှောက်နေပါက သင့်ခန္ဓာကိုယ်သည် ပို၍ကြီးမားသော မိုးကြိုးပစ်မှတ်ဖြစ်သွားနိုင်ပါသည်။

(ဆ) လှေသမားများ၊ ရေကူးသမားများအနေဖြင့် ဖြစ်နိုင်သမျှ ကမ်းသို့ကပ်ပါ။

၂။ အိမ်တွင်း၌ရှိနေပါက

(က) အဆောက်အအုံများ၏ အလယ်တွင်သာနေပါ။ ရေပိုက်များနှင့်ရေဆေးခွက်များအနီးတွင် မနေပါနှင့်။ (မိုးကြိုးလျှပ်စီးမှတစ်ဆင့် ဓာတ်လိုက်တတ်သည်)

(ခ) ပြတင်းပေါက်များနှင့်ဝေးကွာသောနေရာတွင်နေပါ။

(ဂ) တယ်လီဖုန်းဆက်သွယ်ပါက တယ်လီဖုန်းလိုင်းမှတစ်ဆင့် မိုးကြိုးထိမှန်နိုင်သဖြင့် ဖုန်းများမသုံးပါနှင့်။

(ဃ) တီဗွီ၊ ရေဒီယို၊ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်မီးပူ၊ လျှပ်စစ်မီးဖိုနှင့် ကွန်ပျူတာစသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကို ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

(င) လျှပ်စီးလက်သောအခါ သင့်အိမ်အတွင်းရှိ သံ/သတ္တုနှင့်ဆက်စပ်ပစ္စည်းများအတွင်းသို့ လျှပ်စီးဝင်နေနိုင်၍ ရေမချိုးပါနှင့် မည်သည့်သံ/သတ္တုပစ္စည်းကိုမျှမကိုင်ပါနှင့်။

(စ) အဆောက်အအုံများတွင် မိုးကြိုးလွှဲများကြိုတင်တပ်ဆင်ထားပါ။

(ဆ) မိုးကြိုးအပစ်ရပ်ပြီး နာရီဝက်ကျော်ကြာမှ အိမ်ပြင်သို့ထွက်ပါ။

(ဇ) မီးပျက်သွားပါက ဓာတ်မီး(သို့မဟုတ်) အရေးပေါ်မီးများကိုသာ အသုံးပြုပါ။

၃။ ကားမောင်းနေပါက

(က) အရှိန်ကိုလျှော့ပါ၊ လမ်းဘေးသို့ချရပ်ပါ၊ ကားထဲတွင်သာဆက်နေပါ။

(ခ) ကားရပ်ထားစဉ် အရေးပေါ်အချက်ပြမီးကို ဖွင့်ထားပါ။

(ဂ) သစ်ပင်ကဲ့သို့ ရှည်လျားမြင့်မားသည့်အရာများနှင့် ဝေးရာတွင်နေပါ။ ၎င်းအရာများသည် လေပြင်းဒဏ်ကြောင့်သော်လည်းကောင်း၊ မိုးကြိုးပစ်သည့်ဒဏ်ကြောင့်သော် လည်းကောင်း လဲကျနိုင်ပါသည်။

(ဃ) ကားထဲတွင်မည်သည့် သံ/သတ္တုပစ္စည်းကိုမျှ မကိုင်ပါနှင့်။

(င) ရေလွှမ်းနေသောလမ်းပေါ်တွင် ကားမမောင်းပါနှင့်။

**ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန**

# အနုပညာ၏စေစားရာ ဝေဒနာအကောင်းအဆိုး

စန်းနီလာဝင်း

“ဆုတ်ကပ်ခါအချိန်နှင့်တွေ့ပြီမို့
လုပ်တတ်ရာ မသိမ်မွေ့ကိုမှ
ဣန္ဒြေရတယ်ထင်၊
မင်းသမီးတွေက သတင်းကြီးအောင်လို့
မြင်းစီးကာတစ်ဖုံကြဲကြ
ပုဏ္ဏားဟန် ဇော်စာမသိလိုဖြစ်မှဖြင့်
တွန်းလှန်ကာ ကျွမ်းပြန်လို့ပစ်ကြ
ငွေထဘီ လေသီလို့လှစ်တာကိုမှ
တိုင်းချစ်လို့ ခင်၊
မန်းဆန်ဆန်နန်းဟန်လေးသူကိုတော့
သရမ်းဉာဏ်ကြမ်းပြန်သဟေ့ရယ်လို့
လမ်းအမှန်ဆုံဉာဏ်တွေ့နိုင်ပါမှ
သန်းတန်၍ ကောင်းရန်ထင်
ပြောင်းပြန်မြင်ကြတဲ့ ဆုတ်ကပ်ထဲ
ကာလမှာဟာသလို့သာ အလိုလိုက်တာမို့
ကျွမ်းစိုက်ကာ ပြောင်းပြန်ထိုးတဲ့ဖြစ်
အမျိုးစုံရင်ပါချီလို့
မြင်ပါစီ လျှပ်ပေါ်လို့ ပြပြီမို့
ဆုတ်ကပ်ကာလ ယုတ်၊ မြတ်ကို မသတီဘု
စိတ်နာစရာအချက် တဆိတ်တမျှမရှက်လေခြင်း
သိက္ခာပျက် အရှုးတမျှကဲ့သို့
ဝိဇ္ဇာထွက် ဘီလူးကသလိုပ
ကျွန်မမှာဖြင့် ဒူးကြွလို့မှ မကဝံ့ပြီပဲ ×××××

အထက်ဖော်ပြပါ ခေတ်ဟောင်းအငြိမ့်မင်းသမီး ဆင်ခိုးမလေး၏ “ဖော်မင်းသမီးအက” သီချင်းစာသားကို ဖတ်ကြည့်လိုက်ရုံနှင့် ခေတ်ဟောင်းက မြန်မာအငြိမ့်မင်းသမီးများသည် ဟီရိဟူသော မကောင်းမှုမှ ရှက်ခြင်း၊ ဩတ္တပ္ပဟူသော မကောင်းမှုမှ ကြောက်ရွံ့ခြင်းတို့ကိုစောင့်ထိန်းကာ မြန်မာ့အနုပညာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်မှာ အလွန်အားရအားကျဂုဏ်ယူဖွယ်ပင်ဖြစ်ပါသည်။ ယနေ့မျက်မှောက်ကာလတွင် မော်ဒယ်အမျိုးသမီးအချို့၊ ဗီဒီယိုရုပ်ရှင်သရုပ်ဆောင်အမျိုးသမီးအချို့၏ ရင်ပေါ်၊ ချက်ပေါ်၊ ပေါင်ပေါ်၊ မဖွယ်မရာ အဝတ်အစားများကို ဝတ်ဆင်ပြသပုံများကို ခေတ်ဟောင်းမင်းသမီး ဆင်ခိုးမလေးတို့ မြင်တွေ့ရလျှင် ချက်ချင်းရင်ကွဲနာကျလောက်မည် ထင်မိသည်။ သူတို့ခေတ် သူတို့အခါက သရုပ်ပျက်အနုပညာရှင်အချို့၏ အဝတ်အစားပေါ်လာပုံ သရုပ်မှန် အနုပညာနှင့် သရုပ်ပျက်အနုပညာကို မခွဲခြားနိုင်ခဲ့ပုံများအပေါ် အထက်ဖော်ပြပါသီချင်းဖြင့် သီဆိုသတိပေး တင်ဆက်ကပြခဲ့သည့် ဆင်ခိုးမလေး၏ အနုပညာဆိုင်ရာ ခံယူချက်ကို ယနေ့ခေတ် အနုပညာရှင်များ စံနမူနာယူစေချင်ပါသည်။ တကယ်တော့ မိမိလူမျိုး၏ ယဉ်ကျေးမှုကို ကျော်ခိုင်းကာ ပြည်ပမှ မဖွယ်မရာများကို ပုံတူကူးယူခြင်း သို့မဟုတ် အရိုးကို အရွက်ဖုံးအောင်ဖန်တီးခြင်းသည် သရုပ်ပျက်အနုပညာကို လက်ခံကျင့်သုံးခြင်းပင်ဖြစ်သည်။

အနုပညာသည်တို့သည် စိတ်နှလုံးကို သိမ်းကြုံးဆွဲဆောင်နိုင်သည့် ညို့အားအပြည့်အဝရှိသည်။ သံလိုက်ဓာတ်နှင့်လည်း တူသည်။ စာပေအနုပညာ၊ ပန်းချီ ပန်းပုအနုပညာ၊ ရုပ်ရှင်အနုပညာ၊ ဂီတအနုပညာ၊ သဘင်အနုပညာတို့သည် သတ္တလောကကြီးကို အလှဆင်လျက်ရှိသည်။ ရုပ်ရှင်အနုပညာနှင့် သဘင်အနုပညာနယ်ပယ်တွင် သရုပ်ဆောင်မှန်းသိနေလျက်နှင့် အဟုတ်တကယ် ထင်မှတ်ကာ လွမ်းစရာပြသလျှင်လိုက်၍ လွမ်းမိ၊ ခံစားသူ ပရိသတ်က စိတ်မထိန်းနိုင်လျှင် မျက်ရည်ဖြိုင်ဖြိုင်ကျရင်း ရယ်စရာလုပ်ပြသလျှင် အူနှိပ်၍ ရယ်ရသည်အထိပင် ဇာတ်သဘင်များ၏ နောက်ပိုင်းဇာတ်ထုပ်များကို သရုပ်ဖော်ကပြကြရာ၌ ဇာတ်ဝင်ခန်းအချို့တွင် ယုတ်မာရက်စက်တတ်သည့် ပုဏ္ဏားအဖြစ် သရုပ်ဆောင်ရသူက မင်းသားဖြစ်စေ၊ မင်းသမီးဖြစ်စေ တစ်ဦးဦးကို ဇာတ်သဘောအရ နှိပ်စက်ပြရသောအခါ ပရိသတ်အချို့သည် တကယ်မဟုတ်ဘဲ သရုပ်ဆောင်ပြနေမှန်းသိလျက်နှင့်ပင် ဒေါသထွက်ကာ ဇာတ်စင်အောက်မှနေ၍ ပြောင်းဖူးရိုး၊ ခဲများဖြင့် ပစ်ပေါက်တတ်ကြသည်အထိဖြစ်သည်။

စာရေးသူတို့ ငယ်စဉ်က ပြည်တော်ချစ် ဓာတ်ရှင်မင်းသားကြီး ရွှေဘဆိုလျှင် နယ်ပရိသတ် ကျေးလက်ပရိသတ်တို့က အသည်းစွဲဖြစ်၍ တစ်ခဲနက်အားပေးကြည့်ရှုခဲ့ကြသည်။ ရုပ်ရှင်ဇာတ်ကားတော်တော်များများ၌ မင်းသားကြီးရွှေဘနှင့် လူဆိုးအဖြစ် သရုပ်ဆောင်သူများ ယှဉ်ပြိုင်လက်သီးထိုးကြလျှင် ပရိသတ်က ရွှေဘဘက်မှနေ၍ လက်ခုပ်တီး၊ လက်ခေါက်မှုတ်၍ ဩဘာပေးကြသည်။ သည်ကြားထဲ ဇာတ်လမ်းအရ မင်းသားကြီးရွှေဘကို လူဆိုးဗိုလ်အဖြစ်သရုပ်ဆောင်သူ လူကြမ်းအဖွဲ့က ထိုးကြိတ်၍ အလူးအလဲခံနေရသည့်ပြကွက်ကို ရောက်ရှိလာလျှင် ပရိသတ်အချို့က သည်းမခံနိုင်တော့ဘဲ ရုပ်ရှင်ပိတ်ကားကို ခဲနှင့်ပေါက်သူကပေါက်၊ ပြောင်းဖူးရိုးနှင့်ပစ်သူကပစ်နှင့် ဖြစ်လာသောအခါ ရုပ်ရှင်ပြသနေရင်းကပင် ရုပ်ရှင်ပြစက်မောင်းနေသူ အော်ပရေတာက အသံချဲ့စက်ဖြင့် “ ရုပ်ရှင်ကြည့်ပရိသတ်ကြီးခင်ဗျား၊ ကျေးဇူးပြု၍ ရုပ်ရှင်ပိတ်ကားပြင်ကို ခဲနှင့်ပစ်ခြင်း၊ ပြောင်းဖူးရိုးနှင့် ပစ်ခြင်းတို့မပြုလုပ်ကြပါရန် အနူးအညွတ် တောင်းပန်အပ်ပါတယ်။ မကြာခင်မှာပဲ ရွှေပွဲလာပရိသတ်ကြီးရဲ့ အချစ်တော်မင်းသားကြီးရွှေဘက လူဆိုးတွေကို အနိုင်ရတော့မှာဖြစ်ပါတယ်။ ခဏလေး သည်းခံပြီး စောင့်ကြည့်ပေးတော်မူကြပါခင်ဗျား” ဟု ကြေညာလိုက်တော့မှ ပရိသတ်အချို့မှာ ခဲ၊ ပြောင်းဖူးရိုးများနှင့် လုံးဝမပစ်ပေါက်တော့ဘဲ ရုပ်ရှင်ဇာတ်ကားကို ငြိမ်သက်စွာကြည့်ရှုနေကြလေတော့သည်။ သို့ကလောက် အနုပညာရှင်က ပရိသတ်အပေါ် လွှမ်းမိုးနိုင်သည်မှာ ကိုယ်တွေ့ပင်ဖြစ်သည်။

ကြည့်လေ တစ်ချိန်က အောင်မြင်ကျော်ကြား လူကြိုက်များခဲ့သည့် ရုပ်ရှင်မင်းသားကြီးဝင်းဦး နှုတ်ခမ်းမွှေးခပ်ရေးရေး အလှထားခဲ့သည်ကို အားကျကာ ထိုစဉ် လူငယ်၊ လူရွယ်၊ လူလတ်ပိုင်းအချို့က ဝင်းဦးစတိုင်ဖမ်းကာ နှုတ်ခမ်းမွှေးရေးရေးထားခဲ့ကြသည်ကို တွေ့ဖူးပါသည်။ တစ်ချိန်က ရုပ်ရှင်မင်းသမီးကြီး တင်တင်မူ ဇာတ်ဝင်ခန်းတစ်ခန်း၌ ဟန်ပါပါဖြင့် စီးကရက်သောက်ပြသည်ကို အားကျကာ ထိုစဉ်က အမျိုးသမီးအချို့ စီးကရက်သောက်ခဲ့ကြသည်ကို ကြုံခဲ့ဖူးပါသည်။ ရုပ်ရှင်မင်းသမီးခင်ယုမေက ခြေသလုံးသားပေါ်အောင် ထမီတိုတိုဝတ်သည့်ဖက်ရှင်ကို တီထွင်လိုက်ပြန်ရာ ထိုအချိန်အခါက အမျိုးသမီး တော်တော်များများမှာ ထမီတိုတိုဖက်ရှင်ကို ဝတ်ဆင်ခဲ့ကြသည်။

**အနောက်တိုင်းမှ မော်ဒယ်လ်များ၊ သရုပ်ဆောင်များ၏ ရင်ပေါ်၊ တင်ပေါ်၊ ပေါင်ပေါ်မလုံမလဲ ဝတ်စားဆင်ယင်ပုံများကို အတုယူဝတ်ဆင်လာကြသည့် မြန်မာမိန်းကလေးအချို့ကို မနှစ်မြို့ဖွယ်တွေ့မြင်နေရပါ၏။ ကြာလျှင် အတုခိုးမှား၍ အရိုးစွဲသွားမည်စိုးရိမ်မိ၍ နိုင်ငံခြားဇာတ်လမ်းတွဲများကို ဆိုင်ရာတို့က စိစစ်သင့်**

အနုပညာသည် ဘဝအမောကို ပြေစေသည်။ ဒေါသကို ပြေပျောက်စေပြီး စိတ်နှလုံးနူးညံ့သိမ်မွေ့အောင် ဖန်တီးပေးနိုင်စွမ်းရှိသည်။ ဘဝအတွက် သင်ခန်းစာကောင်း ပေးနိုင်သလို အဆိပ်အတောက်ကိုလည်း ဖြစ်စေနိုင်သည်။ အတုယူကောင်းအောင် ဖန်တီးနိုင်စွမ်းရှိသလို အတုခိုးမှားအောင်လည်း ဖန်တီးနိုင်စွမ်းရှိသည်။ လွန်ခဲ့သည့် နှစ် ၃၀ ကျော်က ရိုမီယိုနှင့် ဂျူးလိယက် အချစ်ဇာတ်ကားတွင် ရိုမီယိုတကယ်သေပြီအထင်နှင့် ဂျူးလိယက်က အဆိပ်သောက်သေသလိုထိုစဉ်က နှစ်ကိုယ်တူပေါင်းသင်းနေထိုင်ရန် အခြေအနေမပေးကြသည့် ချစ်သူစုံတွဲများ အဆိပ်သောက်သေခဲ့ကြသည်ကို တွေ့ခဲ့ရသည်။ ရုပ်ရှင်အနုပညာတွင် ပါရဂူတစ်ဦးဖြစ်သည့် ဆရာကြီး ဦးသုခရှိခဲ့စဉ်က ရုပ်ရှင်ဇာတ်ကားတစ်ကားတွင် အရက်သီချင်းကိုသီဆိုပြီး သရုပ်ဆောင်ပြခဲ့ရာ လူငယ်ပရိသတ်များ အားကျကာ အရက်ကို လက်တည့်စမ်းသောက်လာခဲ့သဖြင့် ရင်ထုမနာဖြစ်ခဲ့ရကြောင်း ပြောပြခဲ့ဖူးပါသည်။ အလားတူ စကားပြောကောင်းသည့် ရုပ်ရှင်မင်းသားကြီး ဦးမြတ်လေးကလည်း ရုပ်ရှင်ဇာတ်ဝင်ခန်းတစ်ခန်း၌ “ရမ်” အရက်သီချင်းကို သီဆိုပြီး သရုပ်ဆောင်ပြခဲ့ရာ လူငယ်အချို့ကအားကျပြီး အရက်စမ်းသပ်သောက်လာခဲ့ကြသည်ကို ပြန်လည်ကြားသိလာခဲ့ရသောသူ့အဖို့ သူ၏အနုပညာကြောင့် လူငယ်အချို့အတွက် အဆိပ်အတောက်ဖြစ်သွားခဲ့သည်ကို စိတ်မကောင်းကြီးစွာ ဖြစ်ခဲ့ရသည်ဟု ပြောပြခဲ့ဖူးပါသည်။ မြန်မာ့ဂန္ထဝင်ခေတ်ဟောင်း ရုပ်ရှင်ဇာတ်ကားတစ်ကား ဖြစ်သော သရုပ်ဆောင်ဒါရိုက်တာအေဝမ်း ဦးတင်မောင် ရိုက်ကူးသရုပ်ဆောင်ခဲ့သော ရတနာပုံရုပ်ရှင်ဇာတ်ကားကြီး၌ ကြာကူလီဗိလိန်မင်းသားအဖြစ် ပြောင်မြောက်စွာ သရုပ်ဆောင်ပြခဲ့သည့် မင်းသားကြီး ဦးအေးကြူ၏ ကိုယ်တွေ့ခံစားချက်တစ်ခုကို ရင်နင့်ဖွယ်တင်ပြခဲ့သည်ကိုလည်း မှတ်သားဖူးပါသည်။ ရတနာပုံဇာတ်ကားတွင် ကြာကူလီဗိလိန်မင်းသားအဖြစ် သရုပ်ဆောင်ပြီးနောက် ရုပ်ရှင်ကို ရုံတင်ပြသနေခဲ့ချိန်၌ သူသည် ရွှေတိဂုံဘုရားသို့ သွားနေကျအတိုင်း ပန်း၊ ဆီမီး ကပ်လှူရန် သွားရောက်ခဲ့ရာ ရင်ပြင်ပေါ်တွင် မိန်းမပျိုလေးတစ်စုက သူ့ကို မြင်သွားသောအခါ ကြာကူလီကြီးလာပြီဟုဆိုကာ ထွက်ပြေးတိမ်းရှောင်သွားကြသဖြင့် ဦးအေးကြူခမျာ ဝမ်းနည်းသွားကာ မျက်ရည်ကျခဲ့ရသည်ဟု ပြောဖူးပါသည်။

ကျွန်တော်တို့ငယ်စဉ်ခါက အမေရိကန် ကောင်းဘွိုင် (Cow Boy) ရုပ်ရှင်ကားများကို ကြည့်ရှုခဲ့ရာ ထိုဇာတ်ကားများ၌ မြောက်အမေရိကဒေသခံ ရက်အင်ဒီယန်း (Red Indian) လူနီများနှင့် ဥရောပတိုက်မှ နယ်မြေလုယူ အဓမ္မသိမ်းပိုက်ကြရန် လက်နက်ကိုယ်စီနှင့် ရောက်ချလာကြသော ဥရောပတိုက်သားလူဖြူများနှင့် ယှဉ်ပြိုင်တိုက်ခိုက်ကြသည့် ဇာတ်ဝင်ခန်းများတွင် ကလေးသဘာဝအလျောက် လူဖြူများနိုင်လျှင် သဘောကျခဲ့ပြီး ရက်အင်ဒီယန်းလူရိုင်းများနိုင်လျှင် သိပ်ပြီးသဘောမကျမိခဲ့ပါ။ သို့သော် အရွယ်ရောက်လာပြီး အမေရိကန်သမိုင်းကို လေ့လာလိုက်သောအခါ မူလနယ်မြေပိုင်ရှင် ရက်အင်ဒီယန်းလူမျိုးများကို အနိုင်ကျင့်ဗိုလ်ကျပြီး နယ်မြေများကို လက်နက်အားကိုး အဓမ္မသိမ်းပိုက်ယူခဲ့ကြသည့် ဥရောပတိုက်သား လူဖြူများကသာ မတရားပြုကျင့်မှန်း သိလာခဲ့ရသည်။ ငယ်စဉ်က ထိုအမေရိကန် ကောင်းဘွိုင် ရုပ်ရှင်ဇာတ်ကားများတွင် အိမ်ရှင်ကို ဧည့်သည်က မောင်းထုတ်ခဲ့သည့် ဥရောပတိုက်သားများကို လူကောင်းလူတော်များအဖြစ် ထင်မြင်လာခြင်း၊ ဒေသခံအိမ်ရှင် ရက်အင်ဒီယန်းလူမျိုးများကို လူရိုင်း၊ လူဆိုးလူကြမ်းများအဖြစ် ထင်မြင်လာအောင် ရုပ်ရှင်အနုပညာက လှည့်စားဖန်တီးထားခဲ့သဖြင့် အမှန်ကို အမှန်အတိုင်း မမြင်ခဲ့ခြင်းပင်ဖြစ်သည်။

စာရေးသူသည် ရုပ်ရှင်စိန်ရတု သဘင်ကျင်းပခဲ့စဉ် လွန်ခဲ့သည့် ၁၉၉၅ ခုနှစ်က အထက်မှ တာဝန်ပေးချက်အရ ရုပ်ရှင်စာတမ်းဖတ်ပွဲကြီး၌ မျိုးချစ်စိတ်ဓာတ်ကို ရှင်သန်ထက်မြက်စေသော မြန်မာရုပ်ရှင်ဇာတ်ကားများအမည်ရှိ စာတမ်းကို ဖတ်ကြားတင်သွင်းခဲ့ရသည်။ စာရေးသူက စာနယ်ဇင်းဆိုင်ရာ တာဝန်ခံတစ်ဦးဖြစ်၍ ဖတ်ကြားရမည့် ရုပ်ရှင်ဆိုင်ရာစာတမ်းအတွက် ရုပ်ရှင်နယ်ပယ်မှ အနုပညာရှင်များနှင့် ရင်းနှီးစွာ လေ့လာဆည်းပူးခွင့်ရရှိခဲ့သည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလများနှင့် လွတ်လပ်ရေးရပြီးနောက် ရောင်စုံသောင်းကျန်းသူများကြောင့် ပြည်သူများနှင့် မြို့ရွာအသီးသီးကို အသက်ပေးကာကွယ်စောင့်ရှောက်ခဲ့ကြသည့် တပ်မတော်သားများ၏ ရှေ့တန်းစခန်းများ၌ ရုပ်ရှင်အနုပညာရှင်များသည် အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် တက်တက်ကြွကြွ ပါဝင်လှုပ်ရှားခဲ့ကြပုံများကိုပါ ထဲထဲဝင်ဝင် ကိုယ်တွေ့သိရှိခွင့်ရခဲ့သည်။

နိုင်ငံရေးအယူလွဲမှားခဲ့သော ဗမာပြည် ကွန်မြူနစ်ပါတီ၏ ပြည်သူတို့အပေါ် ရက်စက်ညှဉ်းပန်းမှုများကို သရုပ်ပေါ်လွင်အောင် ထိုစဉ်က ဝန်ကြီးချုပ်ဦးနု၏ “လူထုအောင်သံ” ဝတ္ထုကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးတင်ဆက်ခဲ့ရာ ဗကပကျဆုံးရေးအတွက် ထက်မြက်လှသော ရုပ်ရှင်အနုပညာလက်နက် သို့မဟုတ် စိတ်ဓာတ်စစ်ဆင်ရေး (Psychological Warfare) ဆိုင်ရာ ရုပ်ရှင်ဇာတ်ကားကြီးတစ်ကားအဖြစ် မှတ်တမ်းတင်ခဲ့သည်။

အနုပညာသည် ကြည့်တတ်၊ မြင်တတ်၊ ခံစားတတ်လျှင် ဘာဝနာဖြစ်ပြီး မကြည့်တတ်၊ မခံစားတတ်လျှင် တဏှာဖြစ်သည်ဟု ပညာရှိတို့က ဆိုမိန့်ပြုထားကြသည်။ သို့သော် ဆင်ခြင်တုံတရားလက်ကိုင်မထားနိုင်ကြသူများအတွက် အတုခိုးမှားတတ်ကြသည်သာ။ သာဓကအားဖြင့် ရုပ်မြင်သံကြားအစီအစဉ်များတွင် ပြသလျက်ရှိသော ကိုရီးယားဇာတ်လမ်းတွဲများသည် သရုပ်ဆောင်ကောင်းလှပြီး ဇာတ်လမ်းဇာတ်ကွက် ဖန်တီးတင်ဆက်ထားပုံများ ယုတ္တိမတန်သည့်တိုင်အောင် အနုပညာမြောက်စွာ ဖန်တီးဆွဲဆောင်ထားနိုင်၍ လူကြိုက်များနေရခြင်းပင်ဖြစ်သည်။ သို့ရာတွင် ထိုဇာတ်လမ်းတွဲများကို ယထာဘူတကျကျ သရုပ်ခွဲကြည့်လိုက်သောအခါများသောအားဖြင့် မကောင်းမှုဒုစရိုက်လုပ်သူက ဥပဒေလွတ် လုပ်ချင်တိုင်းလုပ်၍ရနေပုံ၊ မတရားမှုကို ခေါင်းငုံ့ခံနေရသူက မလှန်နိုင်အောင် ကြာရှည်စွာ ခံနေရပုံ၊ အိမ်ထောင်ရေး ဖောက်ပြန်မှုများကို မသိမသာ လက်ခံချင်လာအောင် တရားဝင်လက်ထပ်ခြင်းမပြုဘဲ လင်မယားအဖြစ် လျှို့ဝှက်နေထိုင်ပုံ (Living Together) များကို လက်ခံချင်လာအောင် အနုပညာနည်းဖြင့် ပရိသတ်ကို ဆွဲဆောင်ထားသည်ကို မနှစ်မြို့ဖွယ် တွေ့နေရပါသည်။ ကိုရီးယားသရုပ်ဆောင်များ၏ ဝတ်စားဆင်ယင်ပုံများ၊ အနောက်တိုင်းမှ မော်ဒယ်လ်များ၊ သရုပ်ဆောင်များ၏ ရင်ပေါ်၊ တင်ပေါ်၊ ပေါင်ပေါ်မလုံမလဲ ဝတ်စားဆင်ယင်ပုံများကို အတုယူဝတ်ဆင်လာကြသည့် မြန်မာမိန်းကလေးအချို့ကို မနှစ်မြို့ဖွယ်တွေ့မြင်နေရပါ၏။ ကြာလျှင် အတုခိုးမှား၍ အရိုးစွဲသွားမည်စိုးရိမ်မိ၍ နိုင်ငံခြားဇာတ်လမ်းတွဲများကို ဆိုင်ရာတို့က စိစစ်သင့်ပါသည်။

5 Network & 5 Series ဇာတ်လမ်းတွဲ အစီအစဉ်မှ ပြသခဲ့သော နှလုံးသွေးနှင့်ရေးသည့်ကမ္ပည်း အမည်ရှိ အိန္ဒိယဇာတ်လမ်းတွဲရှည်ဆိုလျှင် နယ်ချဲ့တော်လှန်ရေးဇာတ်လမ်းဖြစ်ပြီး တကယ့်ဖြစ်ရပ်မှန် (True Story) ကို အခြေခံရိုက်ကူးတင်ဆက်ထားသော ဇာတိသွေး၊ ဇာတိမာန်ကို လှုံ့ဆော်ပေးသည့် ဇာတ်လမ်းတွဲဖြစ်သည်ကို တွေ့ရသည်။ ဇာတ်လမ်းတွဲ၌ နယ်ချဲ့အင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီက အိန္ဒိယနိုင်ငံသားတို့ကို စီးပွားရေးအရ ခြယ်လှယ်အမြတ်ထုတ်သွေးစုပ်ခဲ့ပုံ၊ စီးပွားရေး လောဘသာမက နိုင်ငံကို သိမ်းပိုက်ရန် လောဘတက်လာပြီး အိန္ဒိယနိုင်ငံသားများကို သွေးခွဲခဲ့ပုံ၊ အချင်းချင်းရန်တိုက်ခဲ့ပုံ နည်းမျိုးစုံများ၊ အမျိုးသားသစ္စာဖောက်များကို အသုံးချ၍ ဂျန်ဆီဘုရင် ဂင်္ဂါကိုလုပ်ကြံခဲ့ပုံ၊ ဘုရင်နှင့်မိဖုရား မနူးခေါ်လက်ချ်မီဘိုင်တို့၏ သားတော်လေးကို ထီးနန်းမဆက်ခံနိုင်အောင် မြွေကိုက်စေပြီးသတ်ခဲ့ပုံ၊ ဘာသာရေးအဓိကရုဏ်းဖြစ်အောင် ဖန်တီးခဲ့ပုံ၊ မုဆိုးမလည်းဖြစ်၊ ဘုရင်မလည်းဖြစ်သည့် လက်ချ်မီဘိုင်က အိန္ဒိယနိုင်ငံသားများကို စည်းရုံးစုစည်းပြီး ခုခံတော်လှန်ခဲ့ပုံ၊ ဘုရင်ခံချုပ် ဒါလဟိုဇီကိုပင် လက်ရဖမ်းဆီးပြီး ဂျန်ဆီပြည်နယ်ကို ပြန်လည်ရယူခဲ့ပုံ၊ နယ်ချဲ့အင်္ဂလိပ်တို့က ရက်စက်သလောက် ဘုရင်မကသဘောထားကြီးမြင့်မြတ်ခဲ့ပုံ၊ အိန္ဒိယလွတ်လပ်ရေးအတွက် အသက်ပေးစတေး၍ တော်လှန်ခဲ့ပုံများကို အနုပညာမြောက်စွာ တင်ဆက်ထားသည်ကို ကြည့်ရှုခံစားကြရမည်ဖြစ်သည်။ ထိုထိုသော အမျိုးသားရေး၊ မျိုးချစ်စိတ်ဓာတ်ထက်သန်ရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အထောက်အကူပြုမည့် ဇာတ်လမ်းတွဲများ၊ ဇာတ်ကားများကို ဦးစားပေးရွေးချယ်ပြသစေချင်ပါသည်။ “အနုပညာသည် အနုပညာ အတွက် (Arts' For Arts' Sake) သာမဟုတ်ဘဲ “ အနုပညာသည် ပြည်သူ့အတွက်” ( Arts belongs to People ) ဟူသော ခံယူချက်မှန်ကန်စွာဖြင့် အနုပညာဖန်တီးသူများ၊ စီစဉ်သူများ၊ ထုတ်လုပ်သူများက ထားရှိသော အနုပညာစေတနာ၏ စေစားရာသည် ပြည်သူတို့အတွက် ဝေဒနာခံစားမှုကောင်းများသာဖြစ်ပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

# မဲခေါင်ဒေသအတွင်း လူကုန်ကူးမှုပပျောက်ရေးဆိုင်ရာ အစည်းအဝေးများ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပမည်

နေပြည်တော် မေ ၂၀

**(၁၀)ကြိမ်မြောက် မဲခေါင်ဒေသအတွင်း လူကုန်ကူးမှုပပျောက်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို မေ ၁၈ ရက်မှ ၁၉ ရက်အထိ လည်းကောင်း၊ (၄)ကြိမ်မြောက် မဲခေါင်ဒေသအတွင်း လူကုန်ကူးမှုပပျောက်ရေးဝန်ကြီးအဆင့် အစည်းအဝေးကို မေ ၂၀ ရက်တွင် လည်းကောင်း ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။**

အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးတွင် COMMIT (Coordinated Mekong Ministerial Initiative against Trafficking) လုပ်ငန်းစဉ် ဖြစ်သည့် စည်းလုံးညီညွတ်မှုနှင့် ဆန်းသစ်တီထွင်မှုများမှ တစ်ဆင့် လူကုန်ကူးမှုများ အဆုံးသတ်စေမည့် ဒေသတွင်း ကတိကဝတ်များ အောက်တွင် ဒေသတွင်းလုပ်ငန်း စီမံချက် SPA III (၂၀၁၀-၂၀၁၄) အကောင်အထည် ဖော်ဆောင်ရွက်မှု ရလဒ်များအား စစ်ဆေးခြင်း၊ အလေ့အထကောင်းများနှင့် သင်ခန်းစာများအား မျှဝေလေ့လာသင်ယူခြင်း၊ အသစ်ဖြစ်သော ဒေသတွင်းလုပ်ငန်း စီမံချက် SPA IV (၂၀၁၅- ၂၀၁၈) နှင့် အာဆီယံကဲ့သို့သော အခြား ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရန် နည်းလမ်းများ စူးစမ်းရှာဖွေရေးအတွက် COMMIT ပူးတွဲကြေညာချက်အသစ်အား အတည်ပြုခြင်းတို့ကို ဆွေးနွေးကြမည်ဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးအဆင့် အစည်းအဝေးတွင် မဲခေါင်ဒေသတွင်းခြောက်နိုင်ငံမှဝန်ကြီး၊ ဒုတိယဝန်ကြီးများက COMMIT Process ၏ ဆောင်ရွက်ပြီးစီးခဲ့သည့် အောင်မြင်မှုများနှင့် ရှေ့ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်ထွန်း၊ ရဲမှူးကြီး ဇော်ဆန်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ယုယုဆွေ၊ ဝန်ကြီးအဆင့်အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းနှင့် ရဲမှူးချုပ် ဝင်းနိုင်ထွန်းတို့ တက်ရောက်ကြမည်ဖြစ်ပြီး မဲခေါင်ဒေသအတွင်းရှိ နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီး၊ ဒုဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

မဲခေါင်မြစ်ဝှမ်း ဒေသတွင် လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး ဝန်ကြီးအဆင့် အစည်းအဝေးများကို သုံးနှစ် တစ်ကြိမ် မဲခေါင်ဒေသတွင်း နိုင်ငံများ အလှည့်ကျပြုလုပ်ကျင်းပခြင်းဖြစ်ပြီး ပထမအကြိမ် အစည်းအဝေးကို ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် ရန်ကုန်မြို့၌ လည်းကောင်း၊ ဒုတိယအကြိမ် အစည်းအဝေးကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ လည်းကောင်း၊ တတိယအကြိမ် အစည်းအဝေးကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ လည်းကောင်း ကျင်းပခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



**တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့ အထကတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်း ဖြေဆိုခဲ့ကြသည့် စာမေးပွဲအောင်စာရင်းများကို မေ ၁၈ ရက်က ထုတ်ပြန်ရာ ကျောင်းသား ကျောင်းသူများကြည့်ရှုနေစဉ်။** (ခရိုင် ပြန်/ဆက်)

## ရေကစားရင်းရန်ဖြစ်ရာမှ ဓားထိုးမှုဖြစ်

**နေပြည်တော် မေ ၂၀**

ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်အမှတ် (၁)ရပ်ကွက်ရှိ ဆုံစည်းရာ ရေကစားမဏ္ဍပ်၌ မေ ၁၆ ရက်က ရေကစားရာမှ ခိုက်ရန်ဖြစ်ပွားပြီး ဓားထိုးမှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ အဆိုပါမဏ္ဍပ်၌ ရေကစားနေသော ကျော်သက်ဆိုသူနှင့် ထွန်းထွန်းဆိုသူတို့မှာ ရန်ဖြစ်စကားများရာမှ ကျော်သက်က အသင့်ပါလာသော အရိုးအသွား ၁၂ လက်မခန့်ရှိ ဓားဦးချွန်ဖြင့် ထွန်းထွန်းအား ထိုးသွင်းလိုက်ရာ ဒဏ်ရာရရှိပြီး ဆေးရုံမရောက်မီ သေဆုံးသွားခဲ့သည်။ သေဆုံးမှုနှင့်စပ်လျဉ်း၍ ထွန်းထွန်း၏ဇနီးဖြစ်သူ မပပက တရားလိုပြုလုပ်တိုင်တန်းထားသောကြောင့် ကျည်တောင်ကန်နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇော်မျိုးနိုင်**

# ဇီးကုန်း ရွာဦးဘုန်းတော်ကြီးကျောင်း ယိုယွင်းပျက်စီးနေသဖြင့် အလှူရှင်များ လိုအပ်လျက်ရှိ



**တပ်ကုန်း မေ ၂၀**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် သပြေချောင်းအုပ်စု ရန်ကုန်-မန္တလေးကားလမ်းဟောင်း အနောက်ဘက်ဘေးရှိ ဇီးကုန်းကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းသည် ယိုယွင်းပျက်စီးနေ၍ အသစ်တစ်ဖန် ပြန်လည်ပြုပြင်ရန် အလှူရှင်များ လိုအပ်လျက်ရှိကြောင်း သိရသည်။

နှစ်ပေါင်း ၄၀ ခန့်ရှိ ဇီးကုန်းဘုန်းတော်ကြီးကျောင်းသည် ရာသီဥတုဒဏ်များကြောင့် ယခုကဲ့သို့ ပျက်စီးယိုယွင်းကာ ပြီးခဲ့သည့်နှစ်က လေပြင်းများ တိုက်ခတ်မှုကြောင့် ကျောင်းဆောင်အမိုးတစ်ခြမ်းလုံး ပျက်စီးသွားခဲ့သည်။

"ကျောင်းက တိုင်ခြေရင်းတွေ တဖြည်းဖြည်းပြုတ်ပြီး တစ်ဖက်ကို ယိမ်းယိုင်လာတော့ ဘုန်းဘုန်းတို့ အနေနဲ့ ကျောင်းပေါ်တောင် မနေရဲလောက်အောင် စိုးရိမ်နေရတယ်။ အကြောင်းမသင့် ညအချိန် လေပြင်းတိုက်ရင် ပြိုလဲသွားမှာ စိုးရိမ်ရတယ်။ ကျေးရွာအနေနဲ့လည်း စီးပွားရေးအခြေအနေအရ သိပ်ပြီး အဆင်မပြေကြဘူး။ ဒါကြောင့် ဖြစ်နိုင်ရင် ကျောင်းကြီး ပြန်လည် ပြုပြင်လှူဒါန်းပေးဖို့ စေတနာရှင် အလှူရှင် လိုအပ်နေပါတယ်" ဟု လက်ရှိ ဇီးကုန်းကျောင်းထိုင်ဆရာတော် ဦးစန္ဒာသီရိက မိန့်ကြားသည်။

အဆိုပါ ဇီးကုန်းကျေးရွာလေးသည် အိမ်ခြေ ၈၀ ခန့်ရှိပြီး လူဦးရေ သုံးပုံနှစ်ပုံခန့်မှာ ကြုံရာကျပန်းနှင့် လက်လုပ်လက်စားသမားများ ဖြစ်နေသဖြင့် စုပေါင်းလှူဒါန်းရန်ဆန္ဒရှိကြသော်လည်း စီးပွားရေးအခြေအနေအရ ကျောင်းတော် အသစ်ပြန်လည်ဆောက်လုပ်လှူဒါန်းနိုင်ရန် အခက်အခဲဖြစ်နေကြကြောင်း ဒေသခံတစ်ဦးလည်းဖြစ်၊ ကျောင်းအကျိုးတော်ဆောင်လည်းဖြစ်သူ ဦးအောင်လွင်က ပြောသည်။

အလှူရေစက် လက်နှင့်မကွာဆိုသည့် မြန်မာလူမျိုးတို့ ထုံးတမ်းအစဉ်အလာအတိုင်း အုတ်တစ်ချပ် သဲတစ်ပွင့်အနေဖြင့် တစ်ထောင့်တစ်နေရာမှ ဇီးကုန်းကျောင်းတော်ကြီး အမြန်ဆုံးပြန်လည် ဆောက်လုပ်ရန် ပါဝင်လှူဒါန်းလိုသည့် စေတနာရှင် အလှူရှင်များအနေဖြင့် ဦးစန္ဒာသီရိ (ဇီးကုန်းကျောင်းထိုင် ဆရာတော်) ဖုန်း-၀၉-၇၉၇၉၀၃၉၂၅၊ ဦးအောင်လွင် (ကျောင်းအကျိုးတော်ဆောင်) ဖုန်း-၀၉-၃၂၀၆၀၅၃၃၊ ဦးကိုကြီး (ကျောင်းအကျိုးတော်ဆောင်) ဖုန်း-၀၉-၇၉၇၆၂၅၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မောင်လွင်(တပ်ကုန်း)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**



**ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၌ မြန်မာ့ရိုးရာအတာသင်္ကြန်ကာလအတွင်း ဒုလ္လဘရဟန်းဝတ်သူ၊ တရားစခန်းဝင်သူများ ယမန်နှစ်ထက် ပိုမိုများပြားလာပြီး မဟာစည်သာသနာ့ရိပ်သာ၊ ကန်သာတရားစခန်းနှင့် ရွှေကျောင်းပရိယတ္တိတရားစခန်းတို့တွင် လူငယ်၊ လူရွယ်များပါ တရားစခန်းဝင်ရောက်ကြသည်ကို တွေ့ရစဉ်။** စိုင်း(သီပေါ)

## သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကိုမေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

# ၂၀၁၅ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ပြည်သူအားလုံးစာတတ်ဖို့ ဝိုင်းဝန်းကူညီစို့

အောင်ခန့်ဖြိုးဝေ (တောင်ငူ)

နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို သက်ဆိုင်ရာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းဖြင့် တိုင်းတာလေ့ရှိကြသည်။ စာတတ်မြောက်ခြင်းသည် လူတစ်ဦးတစ်ယောက်၏ဘဝ၊ လူနေမှု၊ အဆင့်အတန်းကိုသာမက၊ ရပ်ကွက်နှင့် လူ့အဖွဲ့အစည်းကိုပါ ပြောင်းလဲစေနိုင်သည်။ နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအပေါ်မူတည်ပြီး အသိဉာဏ်ဖွံ့ဖြိုးတိုးတက်မှုမှာလည်း စာပေတတ်မြောက်မှုအပေါ် များစွာအမှီသဟဲပြုနေသဖြင့် စာတတ်မြောက်မှုကို အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။

ယခုအခါတွင် ကမ္ဘာ့လူဦးရေသည်သန်းပေါင်း ၇၀၀၀ ကျော်ရှိနေပြီး သက်ကြီးပုဂ္ဂိုလ် သန်း ၉၀၀ ခန့်နှင့် ကလေးသူငယ် သန်း ၁၀၀ ကျော်တို့သည် စာမတတ်သူဖြစ်နေကြသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် စာမတတ်သူဦးရေနည်းပါးပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စာမတတ်သူ ဦးရေ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းခန့်ရှိနိုင်ကြောင်း ခန့်မှန်းထားကြသည်။

၁၉၆၅ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် အီရန်နိုင်ငံ တီဟီရန်မြို့၌ နိုင်ငံပေါင်း ၈၉ နိုင်ငံမှ ပညာရှင်များ တက်ရောက်ခဲ့ကြသည့် ကမ္ဘာ့စာတတ်မြောက်မှုကွန်ဂရက်ကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ကြီးမှူးကျင်းပခဲ့သည်။ ထိုကွန်ဂရက်ကြီး၌ စာတတ်မြောက်မှုကို ဟန့်တားပိတ်ပင်ထားသော အကြောင်းတရားများနှင့် ထိုအကြောင်းတရားများကို ဖယ်ရှားနိုင်မည့်နည်းလမ်းများ၊ စာမတတ်မြောက်မှု သက်ရောက်နိုင်သည့် ဆိုးကျိုးများကို ဖြေရှင်းနိုင်မည့်နည်းလမ်းများ ရှာကြံခဲ့ကြသည်။ ထို့အပြင် နောက်ထပ်စာမတတ်သူဦးရေ တိုးပွားမှုလျော့နည်းစေရန်၊ အထောက်အကူပြုမည့်အစီအစဉ်များဆွေးနွေးညှိနှိုင်းခဲ့ကြပြီး စက်တင်ဘာ ၈ ရက်ကို နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။



ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည်လူတိုင်းအတွက်ပညာရေးဆိုင်ရာ ကမ္ဘာ့ညီလာခံကြီးကို ၁၉၉၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့ပြီး “သက္ကရာဇ် ၂၀၀၀ တွင် လူတိုင်းအတွက်ပညာရေး”ဟူသော ဆောင်ပုဒ်ကို ချမှတ်ပေးခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ကြိုးပမ်းမှုကြောင့် ၁၉၉၉ ခုနှစ်တွင် စာမတတ်သူဦးရေ ၁၆ ရာခိုင်နှုန်းသာရှိတော့ကြောင်း ယူနက်စကိုက ထုတ်ပြန်သောစစ်တမ်းများအရ သိရသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ၂၀၀၀ ပြည့်နှစ် ဧပြီ ၂၆ ရက်မှ ၂၈ ရက်အထိ အာဖရိကတိုက် ဆီနီဂေါ်နိုင်ငံ ဒါကာမြို့၌ ကမ္ဘာ့ပညာရေးညီလာခံကျင်းပ၍ လူတိုင်းအတွက် ပညာရေးလုပ်ငန်းလမ်းညွှန်ကိုဆွေးနွေးခဲ့သည်။ ဒါကာပညာရေးလမ်းညွှန်အရ ၂၀၁၅ ခုနှစ်တွင် အရွယ်ရောက်ပြီးသူ အမျိုးသမီးများ၏ စာတတ်မြောက်မှု ၅၀ ရာခိုင်နှုန်း တိုးတက်လာပြီး ၎င်းတို့အတွက် အခြေခံပညာနှင့်စဉ်ဆက်မပြတ်ပညာသင်ယူနိုင်မည့် အခွင့်အလမ်းရရှိရေး ရည်မှန်းချက် ချမှတ်နိုင်ခဲ့သည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုသည် ယင်းနိုင်ငံသားများ စာတတ်မြောက်မှုနှုန်းနှင့် ပညာရေးဖွံ့ဖြိုးတိုးတက်မှုတို့အပေါ်တွင် တည်မှီနေသည်ဖြစ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ပညာရေးအဆင့်အတန်းနှင့် အရည်အသွေး မြင့်မားလာစေရန် ပညာရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိသည်။

ဥပဒေဖြင့် ပြဋ္ဌာန်းထားသည့် မသင်မနေရ အခြေခံပညာများကို သင်ကြားရေးအတွက် မူလတန်းနှင့် အလယ်တန်းတို့ကို အခမဲ့ပညာသင်ကြားခွင့်ပြုခဲ့ပြီးဖြစ်သည့်အပြင် “စာတတ်မြောက်ရေးလှုပ်ရှားမှုများ” ကိုပါ ဆက်လက်အကောင်အထည်ဖော်လျက်ရှိရာ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှု ၉၅ ဒသမ ၁၃ ရာခိုင်နှုန်းအထိ ရှိခဲ့ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံတော်လှန်ရေးကောင်စီအစိုးရခေတ် ၁၉၆၄ ခုနှစ် နွေရာသီတွင် မြန်မာနိုင်ငံစာတတ်မြောက်ရေးလှုပ်ရှားမှုကို မိတ္ထီလာမြို့နယ် အရှေ့စံပြကျေးရွာ၌ စတင်ဆောင်ရွက်ခဲ့သည်။ ရန်ကုန်ဆရာအတတ်သင်သိပ္ပံကျောင်းမှ ကျောင်းသားလေးဦးက အရှေ့စံပြကျေးရွာရှိ ကျောင်းနေအရွယ်လွန် စာမဖတ်တတ်သူများအား အခြေခံစာတတ်မြောက်မှုအဖြစ် အရေး၊ အဖတ်၊ အတွက်ပညာတို့ကို တတ်မြောက်ကျွမ်းကျင်အောင် သင်ကြားပေးနိုင်ခဲ့သဖြင့် “အ” သုံးလုံးအစ မိတ္ထီလာက ဟု သမိုင်းဝင်ပြောစမှတ်ပြုခဲ့ကြသည်။ ၁၉၆၆ ခုနှစ်တွင် စာတတ်မြောက်ရေးကြီးကြပ်မှုဗဟိုကော်မတီကို ဖွဲ့စည်း၍ တော်လှန်ရေးကောင်စီအစိုးရနှင့် ပြည်သူတို့လက်တွဲကာ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ခဲ့ကြသဖြင့် ၁၉၇၁ ခုနှစ်တွင် ယူနက်စကိုအဖွဲ့က ချီးမြှင့်သည့် “မိုဟာမက်ရီဇာပါလာဗီဆု” နှင့် ၁၉၈၃ ခုနှစ်တွင်လည်း ယူနက်စကိုအဖွဲ့က ချီးမြှင့်သည့် “နိုမာ” ဆုကြီးကို မြန်မာနိုင်ငံက ရရှိခဲ့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ၂၀၁၃ ခုနှစ်တွင် တက္ကသိုလ် ၁၀ခုမှ လုပ်အားပေး ကျောင်းသား ကျောင်းသူ ၁၉၈၅ ဦး၏ လုပ်အားဒါနပါဝင်မှုဖြင့် မြို့နယ် ကိုးမြို့နယ်မှ စာမတတ်သူ ဦးရေ ၂၂၄၁၇ ဦးအား အခြေခံစာတတ်မြောက်စေရန် သင်ကြားပေးခဲ့သည်။

အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ဒေသခံလုပ်အားပေးများအပြင် တက္ကသိုလ်ကျောင်းသား ကျောင်းသူလုပ်အားပေးများ၏ အင်အားကိုရယူ၍ လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များမှာ လူတိုင်းအတွက် ပညာရေးရည်မှန်းချက်အရ မြန်မာနိုင်ငံ၏စာတတ်မြောက်မှုနှုန်းကို ၂၀၁၅ ခုနှစ်မတိုင်မီ ၉၅ ဒသမ ၅ ရာခိုင်နှုန်းရရှိရေးအတွက် လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ရန်၊ ယင်းသို့ဆောင်ရွက်နိုင်ရေးအတွက် နမူနာနည်းလမ်းကောင်းများ ရှာဖွေဖော်ထုတ်ရန်၊ စာတတ်မြောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံလုပ်အားပေးများသာမက တက္ကသိုလ်ကျောင်းသား ကျောင်းသူလုပ်အားပေးများ၏ ပံ့ပိုးမှုဖြင့် စာတတ်မြောက်မှု သေချာခိုင်မာအောင် ဆောင်ရွက်ရန်တို့ဖြစ်ပါသည်။

၂၀၁၄ ခုနှစ် နွေရာသီတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးမှ မြို့နယ်ပေါင်း ၂၉ မြို့နယ်မှ စာမတတ်သူ ၄၆၄၇၉ ဦးတို့ကို စာသင်ဝိုင်း ၄၄၄၇ ဝိုင်းဖွဲ့စည်း၍ လုပ်အားပေး တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၄၂၆၁ ဦး၊ တက္ကသိုလ်ဆရာ ဆရာမ ၄၀၃ ဦးနှင့် ဒေသခံလုပ်အားပေးများပါဝင်၍ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြသည်။ စာသင်ဝိုင်းများကို စာသင်သား ၁၀ ဦးလျှင် စာသင်ဝိုင်းတစ်ဝိုင်းဖွဲ့စည်းပြီး ဒေသခံလုပ်အားပေးတစ်ဦးနှင့် လုပ်အားပေးတစ်ဦးတို့က တာဝန်ယူ၍ တစ်ရက်လျှင် စာသင်ချိန် သုံးနာရီဖြင့် ရက် ၄၀ ကြာအတွက် စုစုပေါင်း စာသင်ချိန် နာရီ ၁၂၀ ကြာ သင်ကြားပေးခဲ့သည်။ ၂၀၁၄ ခုနှစ် နွေရာသီတွင် တက္ကသိုလ် ကျောင်းသား ကျောင်းသူလုပ်အားပေးများဖြင့် ဆောင်ရွက်ခဲ့သည့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း အချိန်ကာလမှာ ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှ မေ ၁၅ ရက်အထိဖြစ်သည်။ မြို့နယ်များမှာ ကော့ကရိတ်မြို့နယ်၊ ဘုတ်ပြင်းမြို့နယ်၊ ကော့သောင်းမြို့နယ်၊ ရွှေကျင်မြို့နယ်၊ ရေတာရှည်မြို့နယ်၊ လက်ပံတန်းမြို့နယ်၊ ချောင်းဆုံမြို့နယ်၊ ကျိုက်မရောမြို့နယ်၊ ဂွမြို့နယ်၊ အမ်းမြို့နယ်၊ ငပုတောမြို့နယ်၊ လပွတ္တာမြို့နယ်၊ လေးမျက်နှာမြို့နယ်၊ ကျောက်ကုန်းမြို့နယ်၊ တနိုင်းမြို့နယ်၊ လွိုင်ကော်မြို့နယ်၊ ဟားခါးမြို့နယ်၊ ဘုတလင်မြို့နယ်၊ ဝန်းသိုမြို့နယ်၊ နတ်မောက်မြို့နယ်၊ မင်းဘူးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဟာအောင်မြေမြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ ဖယ်ခုံမြို့နယ်၊ ကျောက်မဲမြို့နယ်၊ ကျိုင်းတုံမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ လှည်းကူးမြို့နယ်၊ ထန်းတပင်မြို့နယ်တို့ ပါဝင်သည်။

ပညာရေးသုတေသနဦးစီးဌာနက ၂၀၁၄ ခုနှစ်အတွင်း တစ်နိုင်ငံလုံးရှိ မြို့နယ်များတွင် လိုက်လံကောက်ခံထားသည့် စာရင်းများအရ အသက် ၁၅ နှစ်နှင့်အထက် စာမတတ်သူများပြားသည့် မြို့နယ် ၃၀ ကို ရွေးချယ်ကာ ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်မှစတင်၍ အခြေခံစာတတ်မြောက်ရေး စာသင်ဝိုင်းများကို သင်ကြားပေးလျက်ရှိကြောင်း နေ့စဉ်ထုတ်သတင်းစာများတွင် ဖတ်ရှုသိရှိရပါသည်။ အခြေခံစာတတ်မြောက်ရေး စာသင်ဝိုင်းများကို စာမတတ်သူဦးရေ များပြားသော မြို့နယ် ၃၀ တွင် ၄၅ ရက်ကြာ ပြုလုပ်မည်ဖြစ်ပြီး တစ်နိုင်ငံလုံးရှိ တက္ကသိုလ် ၂၈ ခုမှ လုပ်အားပေးကျောင်းသား ၃၀၇၁ ဦး၊ ကြီးကြပ်ဆရာ ၃၁၀ နှင့် ဒေသခံ ဆရာ ဆရာမ ၃၁၀ တို့ ပူးပေါင်း၍ မြို့နယ် ၃၀ အတွင်း စာသင်ဝိုင်းပေါင်း ၃၀၇၁ ဝိုင်းဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ စာတတ်မြောက်ရေးလှုပ်ရှားမှု ပြုလုပ်သည့်မြို့နယ်များမှာ မြစ်ကြီးနား၊ ရွှေကူ၊ ဘော်လခဲ၊ မြဝတီ၊ မင်းတပ်၊ ခန္တီး၊ အရာတော်၊ မြင်းမူ၊ ကျွန်းစု၊ ပဲခူး၊သဲကုန်း၊ ပန်းတောင်း၊ မလှိုင်၊ မိတ္ထီလာ၊ သပိတ်ကျင်း၊ ပွင့်ဖြူ၊ အောင်လံ၊ သံဖြူဇရပ်၊ မြေပုံ၊ မာန်အောင်၊ သာကေတ၊ မောက်မယ်၊ ညောင်ရွှေ၊ နမ္မတူ၊ သိန်းနီ၊ တာချီလိတ်၊ ဝါးခယ်မ၊ ကျုံပျော်၊ ဟသ်ာတနှင့် ပျဉ်းမနားမြို့နယ်တို့ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သက်ဆိုင်ရာဝန်ကြီးချုပ်များက ဖွင့်ပွဲများပြုလုပ်ကာ စာသင်ဝိုင်းများ စတင်အကောင်အထည်ဖော်နေကြပြီဖြစ်သည်။

စာတတ်မြောက်ရေးလှုပ်ရှားမှုလုပ်ငန်းများလုပ်ကိုင်ရင်း နိုင်ငံ့အကျိုးပြုလုပ်ငန်းများတွင် လုပ်အားပေးပါဝင်ဆောင်ရွက်တတ်သည့် လူမှုရေး အသိစိတ်ဓာတ်များ မွေးမြူပေးနိုင်ခြင်း၊ ကျေးလက်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ လူမှုဘဝအခြေအနေနှင့် ထိတွေ့နေထိုင်ကြစေခြင်းဖြင့် ပြည်ထောင်စု စိတ်ဓာတ်ပိုမိုမွေးမြူပေးနိုင်ခြင်း၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူ လူငယ်လုပ်အားပေးများ၏ ပါဝင်လုပ်အားပေးမှုကြောင့် ဒေသခံလုပ်အားပေးများလည်း ပိုမိုတက်ကြွစွာ ပါဝင်ဆောင်ရွက်လာကြခြင်း၊ သင်ယူသူများအနေဖြင့်လည်း ပိုမိုစိတ်ဝင်စားစွာ သင်ယူလိုစိတ်ဖြစ်ပေါ်လာခြင်းစသော အကျိုးကျေးဇူးများ ရရှိစေပါသည်။ ဒေသန္တရဗဟုသုတများ ရရှိကြသည်။ ကျေးလက်နေပြည်သူများ ပညာ၏တန်ဖိုးကို သိရှိလာကြသည်။ “သားသမီးများ ပညာရေး၊ မိဘတွေကို စာသင်ပေး” ဟူသော ဆောင်ပုဒ်ပေါ်ထွက်လာသည်။ ၎င်းပြင် “ပညာလိုအိုသည်မရှိ” ဟူသော မြန်မာစကားပုံမှာ မှန်ကန်ကြောင်း သိရှိလာကြပေသည်။

အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုသည် စာတစ်လုံးတလေတောင် မတတ်သောသူများကို သင်ကြားပြသပေးခြင်းဖြစ်၍ အလွန်ကြည်နူးစရာကောင်းလှပါသည်။ အသက်အရွယ်ရင့်ကျက်မှုရှိနေကြသော်လည်း အခြေခံစာမတတ်မှုကြောင့် ဒီမိုကရေစီစနစ်နှင့် မိမိနိုင်ငံအကျိုးကို မသယ်ပိုးနိုင်ကြသောသူများကို “အရေး၊ အဖတ်၊ အတွက်” သင်ကြားပေးခြင်းသည် အလွန်မွန်မြတ်သောလုပ်ငန်းတစ်ရပ်ဖြစ်သည်။

မြို့နယ်များသတ်မှတ်ရွေးချယ်၍ ဒေသခံလုပ်အားပေးများအပြင် ရပ်ဝေး တက္ကသိုလ်ကျောင်းသား ကျောင်းသူ လုပ်အားပေးများပါဝင်၍ လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်နေသော အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုကို ပညာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ပံ့ပိုးကူညီမှု၊ အဆင့်မြင့်ပညာဦးစီးဌာနများ၊ အခြေခံပညာဦးစီးဌာနများ၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက တက်ညီလက်ညီပူးပေါင်း၍ ဝိုင်းဝန်းကူညီဆောင်ရွက်သွားကြမည်ဆိုပါလျှင် သက်ကြီးစာတတ်မြောက်မှုနှုန်း မြင့်မားလာပြီး လူသားအရင်းအမြစ်အညွှန်းကိန်းဆိုင်ရာ အချက်အလက်များ မြှင့်တင်ရာတွင် များစွာအထောက်အကူပြုလာမည်ဖြစ်သည်။

ယနေ့ ၂၁ ရာစု၌ ပညာသည် ရတနာအစစ်ဖြစ်ပြီး ပညာ၏ အရင်းခံအခြေခံသည် “စာတတ်မြောက်မှု”ဖြစ်သည်။ ပညာရတနာကို ရယူရာ၌ စာတတ်မြောက်မှုကို အခြေခံ၍ ရယူသွားရမည်ဖြစ်ပြီး ပညာလူ့အဖွဲ့အစည်းတည်ဆောက်ရာတွင် “စာတတ်မြောက်သည့် လူ့အဖွဲ့အစည်း” ကို မုချတည်ဆောက်သွားရမည်ဖြစ်ပေသည်။

အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် လူငယ်လှုပ်ရှားမှုအစီအစဉ် (Youth Programme) ကို အားပေးမြှင့်တင်၍ သက်ကြီးစာတတ်မြောက်မှုနှုန်းကို မြင့်မားလာစေပါသည်။ ထို့အပြင် နိုင်ငံတော်၏လူသားအရင်းအမြစ်ဆိုင်ရာ အညွှန်းကိန်းများမြင့်မားလာစေရန် ဆင်းရဲနွမ်းပါးမှုလျော့ကျရေးကိုအထောက်အကူပြုလာစေရန်၊ လူတိုင်းအတွက် ပညာရေးဆိုင်ရာ ထောင်စုနှစ်ရည်မှန်းချက်ပြည့်မီရေးကို အထောက်အကူပြုစေရန်နှင့် မြန်မာနိုင်ငံကို ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံမှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန် ၂၀၁၅ ခုနှစ် ဧပြီ ပထမပတ်မှ မေ ဒုတိယပတ်အထိ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုကို “အမှောင်ခွင်းတဲ့အလင်းရောင်၊ ဘဝလမ်းပြစာတန်ဆောင်၊ ခေတ်မီလူ့ဘောင်သာယာရေး၊ စာတတ်မြောက်ရေးဝိုင်းကူပေး” ဟူသော ဆောင်ပုဒ်အတိုင်း “ပြည်သူအားလုံး စာတတ်ဖို့၊ ဝိုင်းဝန်းကူညီစို့” ဟု တိုက်တွန်းနှိုးဆော်ရေးသားလိုက်ရပါသည်။ ။

**ယနေ့ ၂၁ ရာစု၌ ပညာသည် ရတနာအစစ်ဖြစ်ပြီး ပညာ၏အရင်းခံ အခြေခံသည် “စာတတ်မြောက်မှု” ဖြစ်သည်။ ပညာရတနာကို ရယူရာ၌ စာတတ်မြောက်မှုကို အခြေခံ၍ ရယူသွားရမည်ဖြစ်ပြီး ပညာလူ့အဖွဲ့အစည်းတည်ဆောက်ရာတွင် “စာတတ်မြောက်သည့် လူ့အဖွဲ့အစည်း” ကို မုချ တည်ဆောက်သွားရမည်ဖြစ်**

**ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးရုံ ဧပြီလ၊ ၂၅-၂၆၊ (၄၆)ကြိမ်မြောက် မျက်စိခွဲစိတ်နှစ်သစ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

မတ်လ (၁၅)ရက် (၄၅)ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ(၅၈၀၀)ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ ဧပြီလ (၂၅၊ ၂၆)ရက်တွင် ၄၆-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀ိ/-ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - **သီတဂူ ရွှေပြည်ဟိန်း စေတ္တဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း၊** (ကျိုက္ကဆံစုပါဝမ်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် (AccountNo.00730200701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်ဝင်ခွင့်

## လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူ)တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်သင်တန်းသားများကို ခေါ်ယူမည် ဖြစ်ပါသည်။
၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါသန်စွမ်းကျန်းမာသူဖြစ်ရမည်။
(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါ ဘာသာတွဲများဖြင့် အောင်မြင်သူ ဖြစ်ရမည်။
(၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ
(၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ
(၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ
(၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ
(၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ
(ဃ) တက္ကသိုလ်ဝင်စာမေးပွဲတွင်ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့်သင်္ချာ စုစုပေါင်းရမှတ်အပေါ်မူတည်၍ ရွေးချယ်မည်ဖြစ်သည်။
၃။ မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သည့် စာစစ်ဌာနများမှ အောင်မြင်သူများ လျှောက်ထားနိုင်သည်။
၄။ အစိုးရနည်းပညာအထက်တန်းကျောင်းများမှ အောင်မြင်သူများလည်း လျှောက်ထားနိုင်သည်။
၅။ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူ)တွင် ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) မြို့ပြအင်ဂျင်နီယာ
(ခ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(ဂ) သုတနည်းပညာ
၆။ သင်တန်းကာလမှာ (၃)နှစ်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည်ဖြစ်သည်။
၇။ ဝင်ခွင့်လျှောက်လွှာများကို အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဖြူ)၌ ၂၂-၄-၂၀၁၅ ရက်မှ စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၃-၅-၂၀၁၅ရက် နောက်ဆုံးထား၍ အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဖြူ)သို့ ပြန်လည်တင်သွင်းရမည်။
၈။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-
(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)
(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထောက်ခံစာမူရင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ထောက်ခံစာမူရင်း
(ဂ) သက်ဆိုင်ရာမှ တရားဝင် ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် အမှတ်စာရင်း (မူရင်းနှင့်မိတ္တူ)
(ဃ) ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ
၉။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဖြူ)သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မဟာအောင်မြေမြို့နယ်တရားရုံးတော်**
**၂၀၁၅ ခုနှစ် တရားမကြီးအမှုအမှတ်-၁၈**

| | | |
|---|---|---|
| ဒေါ်သီသီအောင် | **နှင့်** | ဒေါ်ခင်ကြည် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အကွက်(၃၅၀)၊ (၂၉-ဃ)၊ စိန်ပန်း၊ ဥပုသ်တော်ရပ်နေ ဒေါ်ခင်ကြည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်သီသီအောင်က အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာတမ်း (၉၃၉/၂၀၁၃) နှင့် (၉၄၀/၂၀၁၃)အား ပယ်ဖျက်ပေးစေလိုမှုနှင့် တရားလိုပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဧပြီ ၂၈ ရက် (၁၃၇၇ ခုနှစ် ကဆုန်လဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဧပြီ ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းဌေးညွန့်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၁)**
**မဟာအောင်မြေမြို့နယ်တရားရုံး**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
အမျိုးသားသွေးဌာန

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

- အမျိုးသားသွေးဌာနတွင် လုံခြုံရေးစနစ်ပါရှိသော Serri-Airtigth Door များ ပြောင်းလဲတပ်ဆင်ခြင်း။
- ပြတင်းများ၊ အလင်းပေါက်များအား လုံခြုံရေးသံပန်းများတပ်ဆင်ခြင်း။
- Close Curcit TV System များတပ်ဆင်ခြင်း။
- Water Closet များအား ပြုပြင်မွမ်းမံခြင်း။

**အိတ်ဖွင့်တင်ဒါလျှောက်လွှာရောင်းချမည့်နေ့ရက်** - ၂၂-၄-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)
**အိတ်ဖွင့်တင်ဒါလျှောက်လွှာပိတ်မည့်နေ့ရက်** - ၅-၅-၂၀၁၅ ရက် (အင်္ဂါနေ့)

အသေးစိတ်အချက်အလက်များသိရှိလိုပါက အမျိုးသားသွေးဌာန ရန်ကုန်သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန
လူမှုဖူလုံရေးရုံးချုပ်
ရုံးအမှတ်(၅၁)၊ နေပြည်တော်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့လက်အောက်ရှိ ဆေးရုံကြီးများတွင် အသုံးပြုရန်လိုအပ်သော အောက်ပါဆေးပစ္စည်းကိရိယာများကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါပုံစံများကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးရုံးချုပ်၊ ရုံးအမှတ်(၅၁) နေပြည်တော်နှင့်လူမှုဖူလုံရေးအဖွဲ့ အလုံပင်မဆေးသိုလှောင်ရေးဌာန၊ ကမ်းနားလမ်းနှင့် အောင်ရတနာလမ်းထောင့်၊ သခင်မြပန်းခြံ (အလုံ)ရန်ကုန်မြို့တွင် ၂၂-၄-၂၀၁၅ ရက်မှစတင်၍ ရုံးချိန်အတွင်း တင်ဒါပုံစံများကို ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၃၈၃၊ ၀၆၇-၄၃၀၂၈၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(1) Operating Microscope, Topcom OMS-90(X-Y axis)
(2) 128-Slice CT Scanner
(3) Accessories of Color Doppler (Hitachi, F 37, Aloka
(a) Software & Probes for Cardiac Application (UST-5299)
(b) Software & Probes for Vascular Application (UST-5413)
(c) Software &Probes for Transvaginal Application (UST-9124)

**ဆေးဌာန**
**လူမှုဖူလုံရေးရုံးချုပ်၊ နေပြည်တော်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြေညာအပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| (က) | 66/11 KV,11/3.3 KV, 11/0.4 KV Transformer | 5 Nos | မြန်မာကျပ်ငွေ |
| (ခ) | Electric Motor Driven Water Pump Complete Set | 3 Sets | မြန်မာကျပ်ငွေ |
| (ဂ) | 70' x 30' x6' Barge | 1 No | မြန်မာကျပ်ငွေ |
| (ဃ) | Ø 30" M.S Flange | 110 Nos | မြန်မာကျပ်ငွေ |
| (င) | 11/0.4 KV 50 KVA Substation Accessories | 4 Sets | မြန်မာကျပ်ငွေ |
| (စ) | 0.4 KV Line Accessories | 1 Lot | မြန်မာကျပ်ငွေ |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၃-၄-၂၀၁၅ ရက်
**ပိတ်ရက်နှင့်အချိန်** - ၁၂-၅-၂၀၁၅ ရက် ၁၅း၀၀ နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်-

**ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန (ရုံးချုပ်)**
**ထုတ်လုပ်ရေးနှင့်ဖြည့်တင်းရေးဌာနခွဲ**
**ရုံးအမှတ်(၅၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၂၉၅၊ ၀၆၇-၄၃၁၃၀၈**

## သီလဝါ(ပြည်တွင်း) စက်မှုဇုန်မြေကွက် လက်ဝယ်ရှိသူများ သိသာရန်

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် သီလဝါ(ပြည်တွင်း) စက်မှုဇုန်အတွင်းရှိ လုပ်ငန်းအကောင်အထည်မဖော်သေးသည့်မြေကွက်များမှာ နိုင်ငံတော်သို့ ပြန်လည်အပ်နှံရနိုင်ဖွယ်ရှိသည့်အနေအထားတွင် ရောက်ရှိနေပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ မြေကွက်ပိုင်ရှင်များသည် သီလဝါ(ပြည်တွင်း)စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံး (သန်လျင်-ကျောက်တန်းလမ်းနှင့် ဒဂုံ-သီလဝါလမ်းထောင့်)သို့ အမြန်ဆုံးလာရောက် ဆက်သွယ်ကြပါရန် သိရှိစေအပ်ပါသည်။

**သီလဝါ(ပြည်တွင်း)စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ**

ရွှေထီပ်တန်း ချောင်းသာ(နေစဥ်)
ကျိုက်ထီးရိုး (နေ့စဉ်) | ငွေဆောင် (သောကြာ) | ဇလွန်ပြည်တော်ပြန် (တနင်္ဂနွေ)
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်းလှိုဏ်ဂူ ခရီးလုံးငှားလက်ခံသည်
01-701015,01-710436,09-5403844,09-5044830

နှစ်သစ်မှာ မင်္ဂလာ ပါ



တစ်နှစ်တာကာလပတ်လုံး ဝယ်ယူအားပေးကြသော ဖောက်သည်များ အသက်ရှည်ရှည်နဲ့ ကျန်းကျန်းမာမာရှိကြပါစေ...
09 4333 4111 ☎ 01-682844
09 4333 4222 ☎ 01-682944
09 730 77711 ☎ 01-682928
09 730 77722 ☎ 01-686212
စိတ်ကောင်းကြည်လင် ချန်ပီယံ ပေါ်ဆန်းမွှေး

## ဝမ်းနည်းကြေကွဲခြင်း

**ဦးတန်ထျန်ပို့**
**အသက်(၉၇)နှစ်**

ဦးထွန်းလွင် (မြန်မာနိုင်ငံသားများဘဏ် လီမိတက်၊ ဒါရိုက်တာအဖွဲ့ဝင်)-ဒေါက်တာရင်ရင်လှတို့၏ဖခင် ဦးတန်ထျန်ပို့သည် ၁၄-၄-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းလွဲ ၁၂း၅၅နာရီတွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသားများ ဘဏ်လီမိတက်**
**ဒါရိုက်တာအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ညို (ပုသိမ်)**
**အသက် (၈၇)နှစ်**

မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ (၁) ဦးစိုးမြင့်အောင် ၏ မိခင်ကြီး ဒေါ်ခင်ညို(ပုသိမ်)သည် ၁၅-၄-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးထွန်းကြည်**
**အသက်(၆၅)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ဥပဒေချုပ်ရုံး၊ ဦးစီးအရာရှိ ဒေါ်ဆုရည်ရည်ထွန်း၏ဖခင် ဦးထွန်းကြည် အသက်(၆၅)နှစ်သည် ၁၇-၄-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥပဒေချုပ်၊တိုင်းဒေသကြီး/ခရိုင်/မြို့နယ်**
**ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများ**
**မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး**

## (၁၀)နှစ်ပြည့်အလွမ်း

**ခိုင်သဇင်ကို (ထိုက်ထိုက်)**
**လ/ထကထိက၊ ဘူမိဗေဒဌာန (ထားဝယ်တက္ကသိုလ်)**
**(၂၁-၄-၂၀၀၅) - (၂၁-၄-၂၀၁၅)**

သမီးကြီးရေ... ယနေ့ထိ မယုံနိုင်အောင်ခံစားရလျက်... ဝမ်းနည်းပူဆွေး... သတိရမိလျက်ပါ... မိသားစုပြုသမျှကောင်းမှုအစုစုတို့ကို သာဓုအကြိမ်ကြိမ်ခေါ်ဆိုနိုင်ပြီး မြင့်သထက်မြင့်သော ဘုံဘဝသို့ ရောက်ရှိပါစေ။

**ဖေ-မေ (မိသားစု)**

## ကျေးဇူးတင်လွှာ

**ဒေါက်တာဇေယျာဝင်းထွန်း**
**1st year M.Med.Sc (Anaesthesiology)**
**အသက် (၂၈)နှစ်**

၇-၄-၂၀၁၅ရက်တွင် ကွယ်လွန်ခဲ့သော ဒေါက်တာဇေယျာဝင်းထွန်း၏ နာရေးတွင် အဘက်ဘက်မှ လိုလေသေးမရှိကူညီခဲ့ကြသော စစ်တက္ကသိုလ်အမှတ်စဉ် (၁၈)မှ သူငယ်ချင်းများနှင့် မိသားစုများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန မိသားစုများ၊ ဆေးတက္ကသိုလ်(၁)မှ ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ ဆေးတက္ကသိုလ်(၁) မေ့ဆေးပညာဌာနမှ ပါမောက္ခဌာနမှူး၊ ဆရာ၊ ဆရာမများ၊ သူငယ်ချင်းများ၊ ပင်လုံဆေးရုံကြီးမှ MS, AMS နှင့် သူငယ်ချင်းများ၊ ဆေးတက္ကသိုလ်(၂)နှင့် MMCC မှ သူငယ်ချင်းများ၊ အလုပ်သမားဆေးရုံကြီး (ရန်ကုန်)၊ ပြည်သူ့ဆေးရုံကြီး(ပြည်)မှ ဆရာ ဆရာမများနှင့် သူငယ်ချင်းများ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုး၊ မိတ်ဆွေများ၊ ဖုန်းဖြင့် ဝမ်းနည်းကြောင်း သတင်းမေးသူများ၊ လွမ်းသူ့ပန်းခြင်းများပေးပို့သူများ၊ မော်တော်ယာဉ်များစီစဉ်ပေးပါသော အသင်းအဖွဲ့များနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးကျော်ဝင်း (ဒုမန်နေဂျာ-ငွေ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)

အသက်(၉၀)

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ နန်းရှေ့၊ ၁၄×၁၅လမ်းကြား၊ တိုက်အမှတ် ၁၅နေ ဒေါ်အမာလေး၏ခင်ပွန်း၊ ပါမောက္ခ ဒေါက်တာမာလာဝင်း (ပါမောက္ခချုပ်-ငြိမ်း၊ သူနာပြုတက္ကသိုလ်၊ မန္တလေး)၊ နေပြည်တော်နေ ဗိုလ်ချုပ်တင်မောင်ဝင်း-ဒေါ်တင်လေးနွယ်တို့၏ဖခင်၊ (ဗိုလ်မှူးကြီးသိန်းဦး)-ဒေါ်ခင်မေမြ၊ (ဦးအောင် ခိုင်)-ဒေါ်မဉ္ဇူခင်၊ ဦးချိုတူး-ဒေါ်ဥမ္မာခင်(President Fashion)တို့၏ဘကြီး၊ မဝင်းသီဂီနွယ်(ခ)ပိုးဥ (B.E Civil)၏ ဘိုးဘိုးကြီးသည် ၂၀-၄-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးညွန့်မောင် (ကျောက်ပန်းတောင်း)

လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)၊ အခြေခံပညာဦးစီးဌာန

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လှည်းတန်းလမ်း၊ အမှတ် ၅၂(လေးလွှာ)နေ (ဦးဘရှင်-ဒေါ်မြမေ)တို့၏တစ်ဦးတည်းသောသား၊ ဒေါ်စုစုလွင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်တင့်ဝေ-ဒေါ်တင်တင်နွဲ့၊ (ဦးကျော်ဝင်း)-ဒေါ်ခင်အေးကြူ၊ ဒေါ်မိုးမိုးညွန့်(အဆင့်မြင့်ပညာဦးစီးဌာန)၊ ဦးဝင်းလှိုင်(အင်ဂျင်နီယာ)-ဒေါ်မူမူညွန့်(အထက-၁၊ ဒဂုံ)၊ ဦးသန်းထွဋ်(ပြည်တွင်းရေကြောင်း၊ ငြိမ်း)-ဒေါ်သီတာညွန့်၊ ဦးအောင်မြင့်လွင်(Second Mate)-ဒေါ်နီလာညွန့်၊ (ဒေါ်မေပုလဲညွန့်)တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၀-၄-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါက်တာဝင်းမောင်မောင် @ Walter Htay

အသက်(၆၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ရေကျော်လမ်းမ၊ အမှတ် ၅၇ (ပထမထပ်နေ) (ဦးဘငြေး-ဒေါ်သင်းကြည်)တို့၏သား၊ (ဦးအောင်သိန်း-ဒေါ်အေးရီ)တို့၏သားသမက်၊ ဒေါ် Winsome Thein @ ဒေါ်ဝင်းဝင်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးရွှေသန်း-(ဒေါ်သန်းသန်း)-ဒေါ်ခင်ခင်အေး၊ (ဗိုလ်မှူးတင်မောင်မြင့်)-ဒေါ်မြင့်မြင့်၊ ဦးသော်စင်-ဒေါ်အေးအေးငွေး၊ (ဗိုလ်မှူးဝင်းကြည်-ဒေါ်စန်းစန်းငွေး)တို့၏မောင်၊ ဦးသိန်းငွေး-ဒေါ်မြင့်မြင့်ကြည်တို့၏အစ်ကို၊ ဦးအောင်ခင်ဇော်ဝင်း-ဒေါ်သက်ထားရွှေစင်၊ ဦးနိုင်လင်း-ဒေါ်ခင်သဇ္ဇာဝင်း၊ မဖြူငြိမ်းငြိမ်းဝင်းတို့၏ချစ်လှစွာသောဖခင်၊ မစောရှင်မွန်၏ အဘိုးသည် ၁၉-၄-၂၀၁၅ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂း၄၅နာရီတွင် ဦးနှောက်နှင့်အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးခင်ရှိန် (မောင်းမကန်)

အသက်(၆၄)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ မောင်းမကန်ကျေးရွာနေ ဦးထွန်းအေး-(ဒေါ်ကျင်ပို)တို့၏သား၊ ဦးကြည်ရွှေ-(ဒေါ်သင်းငွေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၇လမ်းနှင့် ဗိုလ်ချုပ်လမ်းထိပ်၊ အမှတ် ၁၃၅(ပထမထပ်)နေ ဒေါ်အေးအေး၏ချစ်လှစွာသောခင်ပွန်း၊ ကိုမျိုးမင်းရှိန်-မခင်စန္ဒာထွန်း၊ ကိုနေလင်းရှိန်-မခင်ဆွေဦး၊ကိုကျော်မျိုးရှိန်၊ မသန္တာမိုးရှိန်၊ မသက်မွန်အောင်၊ မနွေးနွေးအောင်တို့၏ချစ်လှစွာသောဖခင်၊ မောင်ဝေမင်းခန့်၊ မဆုဟန်ထက်၊ မခေမာန်ထက်တို့၏အဘိုးသည် ၂၀-၄-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဓမ္မာရုံ၊ လမ်း ဒါယကာကြီး

## ဦးခင်မောင်လွင် (အိမ်၊ ခြံ၊ မြေ အကျိုးဆောင်)

အသက်(၅၆)နှစ်

(ဦးအောင်ကြည်)-ဒေါ်ခင်သန်းတို့၏သား၊ (ဦးအေးမောင်-ဒေါ်မြကြည်)တို့၏သားသမက်၊ ဒေါ်စိန်စိန်၏ခင်ပွန်းသည် ၁၉-၄-၂၀၁၅ရက်(တနင်္ဂနွေနေ့) ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၆နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ သဃ်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ် ၂၄၂ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါက်တာဝင်းမောင်မောင်(ခ) WALTER HTAY

(4th Batch B.D.S)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ (၇)ရပ်ကွက်၊ အမှတ် ၅၇နေ (ဦးဘငြေး - ဒေါ်သင်းကြည်)တို့၏သား၊ ရွှေကျင်မြို့နယ်၊ ပန်းဘဲတန်းရပ်ကွက်နေ (ဦးအောင်သိန်း-ဒေါ်အေးရီ)တို့၏သားသမက်၊ ပဲခူးမြို့နေ ဦးဝင်းသိန်း-ဒေါ်သန်းသန်းနွဲ့တို့၏ညီ၊ ဦးခင်မောင်မြင့်(ခေတ္တ-စင်ကာပူ)၊ဒေါ်ဘေဘီ၊ ရွှေကျင်မြို့နေ ဦးမောင်ကို-ဒေါ်ရီရီအေး၊ ကန်တော်လေးနေ ဦးစိုးတင့်-ဒေါ်နီနီသိန်းတို့၏ အစ်ကိုသည် ၁၉-၄-၂၀၁၅ရက် မွန်းလွဲ ၂း၄၅နာရီတွင် ဦးနှောက်နှင့်အာရုံကြော ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၅ရက် (အင်္ဂါနေ့)တွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးတင်ဝင်း (ရေနံချောင်း)

MOGE ပစ္စည်းစီမံဌာန(ငြိမ်း)

အသက်(၆၈)နှစ်

မြောက်ဒဂုံမြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ တိုက် ၂၅ H4 နေ ဒေါ်လှဲ့လှဲ့ရီ (ဒေါ်ဘေဘီ)၏ခင်ပွန်း၊ ဦးတင်ကိုကိုဝင်း၊ ဒေါ်တင်လှဲ့လှဲ့ဝင်း၊ ဒေါ်တင်မိုးမိုးဝင်း၊ ဒေါ်တင်သိမ့်သိမ့်ဝင်းတို့၏ဖခင်၊ မြေးခြောက်ယောက်၊မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂၀-၄-၂၀၁၅ရက် နံနက် ၃နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၂-၄-၂၀၁၅ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက်၈နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်း၊ဇရပ်၊ဓမ္မာရုံ၊ရေတွင်း၊ရေကန်ဒါယိကာမကြီး

## ဒေါ်မြညွန့် (လှတော)

အသက်(၉၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ ရတနာပုံကျောင်းတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တသာသန၏မယ်တော်ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ လှတောကြီးကျေးရွာနေ [ဦးအောင်မြင့်၊ ဒုရဲမှူး (ငြိမ်း)-ဒေါ်ညွန့်မြိုင်] - ဒေါ်ခင်စန်းနု၊ ဦးအောင်တင့်-ဒေါ်တင်ရှိန်၊ ဦးကျော်သီဟ-ဒေါ်တင်မာအေး၊ မန္တလေးမြို့နေ ဆရာဦးထိန်ဝင်း- ဒေါ်ခင်မာထွေး (နန်းတွင်းသမားတော်ကြီးဆေးတိုက်)တို့၏မိခင်ကြီး၊ မြေး ၂၄ယောက်၊ မြစ် ၂၄ယောက်တို့၏ဘွားဘွားကြီးသည် ၁၈-၄-၂၀၁၅ရက်(စနေနေ့)ည ၁၀နာရီတွင် နန်းတော်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ဝက်လက်မြို့နယ်၊ လှတောကြီးကျေးရွာ၊ မင်္ဂလာရာမ အုဋ္ဌကျောင်းတိုက်၌ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မူမူသိန်း(ခ)အယ်နီသိန်း (ပြင်ဦးလွင်မြို့)

စိန့်ဂျိုးဇက်ကွန်ဗင့်ကျောင်းသူဟောင်း

အသက်(၇၅)နှစ်

ပြင်ဦးလွင်မြို့၊ နေရှယ်နယ်ပုံနှိပ်တိုက်နေ (ဦးဘသိန်း-ဒေါ်လှလှ)တို့၏သမီးကြီး၊ [ဗိုလ်မှူးချုပ်အောင်ကြီး-ငြိမ်း၊ သခင်အောင်ကြီး(ပေါင်းတည်)]၏ချစ်လှစွာသောဇနီး၊(ဦးတင်မောင်ဦး-ဒေါ်နွယ်နီသိန်း)၊ ဦးသီရိ-ဒေါ်မာမာသွယ်၊ ဦးမောင်မောင်-ဒေါ်စန္ဒီသိန်း၊ ဦးဝဏ္ဏ-ဒေါ်နန်းစမ်းရင်၊ (ဦးသစ္စာသိန်း)-ဒေါ်ခင်သန်းမေတို့၏အစ်မကြီး၊ ဦးရဲမြင့်-ဒေါက်တာပန်ဒိုရာအောင်ကြီး၊ ဦးအောင်မျိုး-ဒေါ်သင်းနွယ်အောင်၊ ကိုအောင်မျိုးခိုင်-မအေးအေးဝင်း၊ ကိုမင်းကျော်သူ-ဒေါက်တာကေခိုင်မော်တို့၏ချစ်လှစွာသောမိခင်ကြီး၊ Mr.Fned Lee-မဇာဇာမြင့်၊ မမွန်မွန်မြင့်၊ ကိုမင်းစည်သူ၊ မဆုမဒီအောင်ကြီး၊ မောင်သုတအောင်တို့၏ သည် ၁၉-၄-၂၀၁၅ရက် (တနင်္ဂနွေနေ့)ည ၇း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၁-၄-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ မောရဝတီလမ်း၊ အမှတ် ၁၀၈/B နေအိမ်မှကားများ နံနက် ၁၁နာရီနှင့် စမ်းချောင်းမြို့နယ်၊ ကုမုဒြာဆေးခန်းမှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

## ဒေါ်နီ(ခ)ဒေါ်တင်တင်အေး(ဆရာမ၊ငြိမ်း) အသက်(၇၉)နှစ်

ပဲခူးမြို့၊ ရွာသစ်ရပ်ကွက်တောင်ပိုင်း၊ အမှတ် ၃၄၆နေ ဦးစိုး-ဒေါ်သိန်းမိတို့၏သမီး၊ ဦးကျော်ငွေ-ဒေါ်တင်တင်လေးတို့၏အစ်မ၊ ဦးစိုးဝင်း- ဒေါ်ဆွေဆွေဝင်း၊ ဦးအောင်ကိုကို-ဒေါ်ထားထားအေး၊ ဒေါ်အိအိခင်(လှည်းကူးပညာရေးကောလိပ်)၊ ဒေါ်အိအိသင် (မူလွန်-ရွာသစ်)၊ ဦးသန်းနိုင် (ကျန်းမာရေးမှူး၊ တွံတေး)၊ ဒေါ်နုနုငယ်၊ ဒေါ်အိယဉ်ဝင်း(မူလွန်-မဲခုံ)၊ ဦးမြတ်ဖုန်းဇော် (New Wave Co.,Ltd)-ဒေါ်မို့မို့ခင်တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွား၊ ဦးစိုးဝင်း(အထက-၃၊ ငြိမ်း)၏ဇနီးသည် ၁၉-၄-၂၀၁၅ရက် ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၅ရက် မွန်းတည့် ၁၂နာရီတွင် ရွာသစ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးသိန်းဘငွေ (Thomas Ba Ngwe)

B.Sc Botany (RASU) (1970)

အထက(၁)ဒဂုံကျောင်းသားဟောင်း

အသက်(၆၈)နှစ်

ရန်ကုန်မြို့နေ (ဦးဘငွေ-ဒေါ်လှလှ)တို့၏သား၊ (ဦးအောင်အောင်သိန်း)၊ ဦးသန်းအောင်-ဒေါ်နုနုငွေ၊ ဒေါက်တာဘဏ်လင်း(တာဝန်ခံဆရာဝန်ကြီး၊ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း၊ ရန်ကုန်မြို့)၊ (ဦးငွေခဲ)-ဒေါက်တာခင်အောင်အောင်ငွေ(မန္တလေး)တို့၏အစ်ကိုသည် ၂၀-၄-၂၀၁၅ရက် ညနေ ၃း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၅ရက် နံနက် ၁၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၁၅ရက် နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ဦးလှထွန်း(မေတ္တာရိပ်မွန်)ကင်ဆာဖောင်ဒေးရှင်း၊ အမှတ်(၂) လမ်းမကြီး ဒဂုံအရှေ့မြို့နယ်၊ ရန်ကုန်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးကျော်လှိုင်(ငြိမ်း) အသက်(၅၉)နှစ်

OTS (63)

B.E (Electronics) (1979)

တပ်မတော်(လေ)(ငြိမ်း)

လ/ထ အထွေထွေမန်နေဂျာ (အမှတ်-၂၊ သံမဏိစက်ရုံ)

ပင်းပက် (စက်မှုဝန်ကြီးဌာန)

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ ရွာမရွာသစ်နေ(ဦးစံကျော်-ဒေါ်ဝင်းနုဖြူ)တို့၏သား၊ တောင်ကုတ်မြို့နေ (ဦးစံဖေ-ဒေါ်အေးမှင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ရေနံသာလမ်း၊ ပုလဲလမ်းသွယ်၊ အမှတ် ၈၅/၄နေ ဒေါ်မေစမ်းကြည်(အထက-၁၊ ဒဂုံ)၏ခင်ပွန်း၊ ဦးကျော်ကိုကို-ဒေါ်ပွင့်မြူးဇင်(ခေတ္တ-S'pore)၊ ဦးတင်အောင်ကျော်၊ ဒေါ်ခိုင်မြတ်သူ(အထက၊ ရေစကြိုမအေးစု၊ ထန်းတပင်မြို့နယ်)တို့၏ဖခင်၊ မောင်မိုးသံစဉ်တို့၏အဘိုး၊ (ဦးတင်ရွှံး)-ဒေါ်စန်းစန်းယဉ်၊ ဒေါက်တာစံလှိုင်-ဒေါ်မေမေဝင်း၊ ဒေါ်စံရွှေတို့၏ညီ/မောင်သည် ၂၀-၄-၂၀၁၅ရက်(တနင်္လာနေ့)မွန်းလွဲ ၁း၅၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၅ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးကျင်ဂုက်(ခ)ဦးမော်တင်

စမ်းသီတာ မီးသွေးရောင်းဝယ်ရေး

(ဒဂုဏ်ညွှန့်ဈေး)

အသက်(၇၀)

ရန်ကုန်မြို့နေ(ဦးဘိုစိန်-ဒေါ်ယုဝါ)တို့၏သား၊ ပဲခူးမြို့နေ (ဦးလှအောင်-ဒေါ်တင်ပု)တို့၏သားသမက်၊ ဒေါ်မြဝင်း၏ခင်ပွန်း၊ ဒေါ်ကျင်မွေး၊ ဗိုလ်မှူးဒေါက်တာကျော်စိန်(ငြိမ်း)-ဒေါ်ကြည်ကြည်ညွန့်တို့၏မောင်/အစ်ကို၊ပဲခူးမြို့နေ ဦးကျော်အေး-ဒေါ်စန်းနွဲ့၊(ဦးကျော်ငွေး)၊ ဦးတင်ဝင်း - ဒေါ်ငွေးရီ၊ ဦးအောင်-ဒေါ်ခင်အုန်းမြင့်၊ ဦးကျော်ကျော်-ဒေါ်ရီရီဝင်းတို့၏ အစ်ကို/ညီ/မောင်၊ ကိုကျော်မင်းဦး၊ မယဉ်ယဉ်နု၊ မခင်သန်းနွယ်၊ကိုရွှေဖြိုးသူ-မစန်းစန်းနွယ်၊ မမွေးမွေးအိတို့၏ဖခင်၊ မောင်ဖြိုးကိုကို၏အဘိုးသည် ၁၉-၄-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၃း၁၀နာရီတွင်ကွယ်လွန်သွားပါ၍ ၂၁-၄-၂၀၁၅ရက် (အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဦးတင့်အောင်

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဓမ္မစိန္တာလမ်း၊ သုံးလွှာ (A)၊ အမှတ် ၆၅နေ(ဦးအောင်မြင့်-ဒေါ်ခင်တင့်)တို့၏သားကြီး၊ (ဦးမောင်မောင်-ဒေါ်စန်းရင်)တို့၏သားသမက်၊ (ဒေါ်နွယ်နီ၊ အထက-၁၊ ဒဂုံ)၏ ခင်ပွန်း၊ မခင်စုစုအောင်(Final Year Y.U.F.L English)၏ဖခင်၊ ဦးကျော်စိုး-(ဒေါ်စန္ဒီမြင့်)၊(ဦးရဲမြင့်)၊(ဦးဖြိုးမြင့်)၊ဦးအေးချမ်း-ဒေါ်အေးအေးထွေး၊ ဦးဝင်းခိုင်-ဒေါ်ခင်ထွေးမြင့်တို့၏အစ်ကိုကြီးသည် ၁၉-၄-၂၀၁၅ရက်(တနင်္ဂနွေနေ့)ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးယောန

အသက်(၈၆)နှစ်

တောင်ကြီးမြို့နယ်၊ အောင်သပြေ၊ စဉ့်ဟယ် (၂/၅၄)နေ (ဦးအာဒီး-ဒေါ်အားညီ)တို့၏သားထွေး၊ ဒေါ်လု(ခ) ဒေါ်နန်းပန်၏ ချစ်လှစွာသောခင်ပွန်း၊ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်နေ၊ ဦးဒါဝိဒ်-ဒေါ်နန်းထွန်းမေ၊ ရန်ကုန်မြို့၊ လှိုင်သီရိအိမ်ရာ (၁/၀၀၈)နေ ဒေါက်တာ A.ငွန်မန်း (မြန်မာပြည်ရှင်သန်ခြင်း ဧဝံဂေလိလုပ်ငန်းနှင့် ပေညေလ ဓမ္မတက္ကသိုလ်၊ မော်ဘီ)-ဒေါ်မေရီ၊ တောင်ကြီးမြို့နယ်၊ အောင်သပြေ၊ စဉ့်ဟယ်နေ (ဦးဂျိုးဇက်)-ဒေါ်ငယ်ငယ်ထွန်း၊ ဦးရော်ဘင်-ဒေါ်ခင်ခင်ဝင်း၊ ဒေါ်ဒေစီ(ကထိက၊ မြန်မာစာဌာန၊ ကျိုင်းတုံတက္ကသိုလ်)တို့၏ ချစ်လှစွာသောဖခင်ကြီး၊မြေး ၁၀၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၉-၄-၂၀၁၅ရက်(တနင်္ဂနွေနေ့)ညနေ ၃း၃၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၁-၄-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင်မော်ဘီပေညေလ ဓမ္မတက္ကသိုလ်ခန်းမ၌ဝတ်ပြုဆုတောင်းပြီး အနောက်ကုန်းသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ပြုံး (ဒေးဒရဲ)

အသက်(၈၄)နှစ်

ဒေးဒရဲမြို့နေ(ဦးချစ်ထွန်း-ဒေါ်စောရှင်)တို့၏သမီး၊ ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ်၊ ၄၉လမ်း၊အမှတ် ၈၇၊ ဒုတိယထပ်(ယာ)နေ(ဒေါ်ခင်ကြည်)၊(ဦးကျော်သောင်း-ဒေါ်ခင်ရီ)၊ (ဒေါ်ခင်မို)တို့၏ညီမ၊ ဦးဝင်းမြင့်၊ (ဦးသန်းလွင်)-ဒေါ်ရီရီငွေး၊ ဦးဇော်ဝင်း-ဒေါ်ခင်မာလာ၊ ဦးမောင်မောင်လှ - ဒေါ်အေးအေးမူ၊ (ဦးသာစု)၊ ဒေါ်ခင်ခင်၊ (ဦးငွေးအောင်) - ဒေါ်ညိမ်းညိမ်းတို့၏အဒေါ်၊ ဦးကြည်လွင်-ဒေါ်အိအိလွင်၊ ကိုညီညီလွင်၊ ကိုသူရဇော်ဝင်း-မဇင်မာဝင်း၊ ကိုသုတဇော်၊ ကိုကောင်းထက်အောင်-မစုလှိုင်ဝင်း၊ မမေရတနာညိမ်းတို့၏ အဘွား၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၄-၄-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၁၅ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်သိန်း

(စမ်းချောင်း/သမ)

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်တောင်ရပ်ကွက်၊ ဝေဠုဝန် ၁လမ်း၊ အမှတ် ၁၄နေ ဦးစန်းရင်-ဒေါ်မြတင်တို့၏သမီး၊ ဦးအောင်ကျော်ဇံ-ဒေါ်ငြိမ်းတို့၏သမီးချွေးမ၊ ဒေါ်တင်အေး၏ညီမ၊ ဦးကျော်မြင့်-ဒေါ်လှမြင့်၊ ဦးကျော်တင့်-(ဒေါ်စန်းစန်းမြင့်)တို့၏ အစ်မ၊ကိုမိုးကျော်-မစုစုအောင်၊ မောင်သီဟ၊ (မောင်ဝဏ္ဏ)တို့၏မိခင်၊ ထက်အောင်ဝင်းတို့၏အဘွား၊ (ဦးအောင်အောင်)၏ဇနီးသည် ၁၉-၄-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးဝင်းနိုင်

B.Com (B,F,I)

၆၉ စီးပွားရေးတက္ကသိုလ်

ကျောင်းဆင်း

အသက်(၇၁)နှစ်

၁၉၆၉ခုနှစ် စီးပွားရေးတက္ကသိုလ် ကျောင်းဆင်း ဦးဝင်းနိုင်သည်၁၉-၄-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၃း၃၀ နာရီတွင် မော်လမြိုင်မြို့၌ ကွယ်လွန်သွားပါ၍ ၂၁-၄-၂၀၁၅ရက်(အင်္ဂါနေ့)တွင် မော်လမြိုင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ၁၉၆၉ ခုနှစ် စီးပွားရေးတက္ကသိုလ် ကျောင်းဆင်း သူငယ်ချင်းများအား အကြောင်းကြားအပ်ပါသည်။

၁၉၆၉ခုနှစ် စီးပွားရေးတက္ကသိုလ် ကျောင်းဆင်းသူငယ်ချင်းများ ရန်ကုန်မြို့

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တသြသဓ (သာသနဓဇဓမ္မာစရိယ)

သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၉)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗိုလ်ချုပ်ပြတိုက်လမ်းရှိ ရွှေကြက်ယက်ကျောင်းတိုက်ကြီး၏ ဆရာတော်ကြီးဖြစ်တော်မူသော ဘဒ္ဒန္တသြသဓ(သာသနဓဇဓမ္မာစရိယ) အရှင်သူမြတ်သည် (၁၃၇၇ခုနှစ် ကဆုန်လဆန်း ၂ရက်) ၁၉-၄-၂၀၁၅ရက်(တနင်္ဂနွေနေ့) ည ၁၁း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၇ခုနှစ် ကဆုန်လဆန်း ၄ရက်) ၂၁-၄-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ အနိစ္စမဈာပနဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှတပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ ညနေ ၃ နာရီခွဲတွင် ထွက်ခွာပါမည်။) တပည့်ဒါယကာ၊ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ (ဓမ္မာစရိယ)

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်

## ဘဒ္ဒန္တသောဘိတ

ကုန်းသာကန်ဦးကျောင်းတိုက်၊ တောင်တွင်းကြီးမြို့၊မကွေးတိုင်း

သက်တော်(၇၇)နှစ် သိက္ခာတော်(၅၇)ဝါ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ အင်တောကျေးရွာနေ ခမည်းတော် ဦးအောင်မြင့်-မယ်တော် ဒေါ်စိန်စိန်တို့၏သား ဘဒ္ဒန္တသောဘိတ အရှင်သူမြတ်သည် (၁၃၇၇ခုနှစ် ကဆုန်လဆန်း ၂ရက်) ၁၉-၄-၂၀၁၅ရက် (တနင်္ဂနွေနေ့)နံနက် ၅း၃၀နာရီတွင်ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (ဈာပနအစီအစဉ်နှင့် သင်္ဂြိုဟ်မည့် နေ့ရက်၊ အချိန်တို့ကို ထပ်မံ၍ ကြေညာပါမည်။) ဈာပနကျင်းပရေးကော်မတီ

## ဦးဝင်းနိုင် (မော်လမြိုင်)

B.com (၁၉၆၈-၆၉)

အသက်(၇၁)နှစ်

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ အောက်လမ်းမကြီး၊ အမှတ် ၂၅၇နေ (ဦးကင်း-ဒေါ်ချာ)တို့၏သား၊ (ဦးသောင်းဟန်)-ဒေါ်သောင်းမြိုင်တို့၏သားသမက်၊ ဒေါ်မြဝင်း၏ခင်ပွန်း၊ ဦးမင်းအောင်၏အစ်ကို၊ မောင်ဇေယျာသိန်း-မနေနွယ်ဝင်း၊ မောင်ဇော်ဇော်နိုင်-မအိသူဇာဝင်း၊ မောင်သူရဟန်ဝင်း- မသူဇာအောင်တို့၏ဖခင်၊ မောင်ထက်ဝေသျှံ၊ မရှင်းသန့်အိမ်၊ မောင်ထူးဝေယံတို့၏ အဘိုးသည် ၁၉-၄-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၃း၃၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

## ဦးစိန်မြ (မြင်းခြံ)

အသက်(၈၂)နှစ်

မြင်းခြံမြို့၊(၁၀)ရပ်ကွက်၊ ကျိုက်ထီးရိုးရပ်နေ(ဦးဖိုးအောင်-ဒေါ်ကြည်လင်)တို့၏သားကြီး၊ (ဦးဘကြည်-ဒေါ်လှတင်)တို့၏သားသမက်၊ (ဦးစိန်ရ)၊(ဒေါ်သောင်းတင်)၊ ဒေါ်အမာကြည်(မြင်းခြံ)၊ မန္တလေးမြို့နေ ဦးမင်းအေး-ဒေါ်ကြည်ကြည်မြင့်တို့၏အစ်ကိုကြီး၊ဒေါ်မြမြ၏ခင်ပွန်း၊ ဒေါ်သောင်းသောင်းနု (ဝါဝါဝင်း ဆောက်လုပ်ရေး)၊ ဦးသန်းနိုင်အောင် (အင်ဂျင်နီယာမှူးကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီး)-ဒေါ်ခင်ဝင်းဆင့် (ရွှေနှင်းပုံနှိပ်တိုက်)၊ ဦးလှသိန်း-ဒေါ်အေးအေးနိုင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၀-၄-၂၀၁၅ရက် နံနက် ၁၁း၃၀နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ တိုက် A3-2၊ အခန်း ၄၀၂၌ ကွယ်လွန်သွားပါ၍ ၂၂-၄-၂၀၁၅ရက်နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးတင်ငွေး

(ဗိုလ်ကြီး၊ အငြိမ်းစား)

DSA အပတ်စဉ်(၆)

ကြည်း/၉၆၈၂

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ရွှေပြည်သာ ၂လမ်း၊ အမှတ် ၂နေ ဦးဘသိန်း-ဒေါ်သန်းတို့၏သား၊ဦးထွန်းဒင်(ဒု-အတွင်းဝန်၊ ငြိမ်း)-ဒေါ်ကြည်ကြည်စိန်တို့၏သားသမက်၊ ဒေါ်စိန်စိန်ဒင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးသန့်ဇင် (မြန်မာ့မီးရထား) - ဒေါ်ခင်ဝင်းမို့ (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ ဒေါ်နီနီငွေး (လဝက၊ ရန်ကုန်တိုင်းရုံး)၊ ဦးဇေယျာဝင်း-ဒေါ်ယမင်းသူဇာငွေးတို့၏ ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၉-၄-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၄း၄၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်မြမြ

အသက်(၈၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်နေ (ဦးတင်-ဒေါ်ငြိမ်းခင်)တို့၏သမီး၊ (ဗိုလ်ကြီးတင်အေး၊ ငြိမ်း)၏ ဇနီး၊ ဦးမင်းအောင် - ဒေါ်မေအေးအေး၊ ဗိုလ်မှူးတင်စိုး(ငြိမ်း) - ဒေါ်ခင်အုန်းမြင့်၊ ဒေါ်မေခင်၊ ဦးမြင့်ဇော်ဦး-ဒေါ်ရွှေမာ၊ (ဦးမြင့်သိန်း)-ဒေါ်အေးအေးမူ၊ ဦးမောင်မောင်မြင့်-ဒေါ်စုစုမာ(မူအုပ်၊ အမက-၈)၊ ဦးလှိုင်မင်း-ဒေါ်ဆာလော်မီ၊ ဒေါ်လှိုင်လှိုင်မော်၊ ဦးအောင်မြင့်-ဒေါ်သူဇာစိုးတို့၏မိခင်၊ မြေး ၂၂ ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘွားသည် ၁၉-၄-၂၀၁၅ရက် ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ရာဒါကောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၁၅ရက်(စနေနေ့)နံနက် ၉နာရီတွင် မြစ်ကြီးနားမြို့၊ ရွက်လှမြိုင်၊ မြို့သစ်ကြီးရပ်ကွက်၊ အမှတ် ၆/၄၅၂ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးရဲမင်းထွန်း

B.Sc (Marine Biology)

ပဲခူး၊အထက(၃)ကျောင်းသားဟောင်း

N.M.T Co.,Ltd.

အသက်(၆၂)နှစ်

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ မင်းလမ်း၊ အမှတ် ၁၄/3B နေ (ဒေါက်တာဦးကျော်ထွန်းလှ - ဒေါ်ရီရီသိန်း)တို့၏သားကြီး၊ဦးစိန်ထွန်း(ရဲမှူးကြီး၊ငြိမ်း)-ဒေါ်မြသင်းတို့၏သားသမက်၊ ဒေါ်ကြိုင်ကြိုင်ထွန်း(Zeya & Associates Co., Ltd.)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ပြည့်သက်ထွန်း၊ မောင်ကျော်စွာထွန်းတို့၏ ချစ်လှစွာသောဖခင်သည် ၂၀-၄-၂၀၁၅ရက် နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (အမှတ် ၁၄၊ မင်းလမ်းနေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# တစ်လကျော်သာလိုတော့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် မြန်မာယူ-၂၀ အသင်း

**ရန်ကုန် မေ ၂၀**

မြန်မာ့ ဘောလုံးသမိုင်းတွင် ပထမဆုံးအကြိမ် ဝင်ခွင့်ရရှိထားသည့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကြီး စတင်ရန် တစ်လကျော်သာ လိုတော့ပေသည်။ မြန်မာယူ-၂၀ အသင်းမှာ ပထမဆုံးဝင်ခွင့်ရရှိထားသည့် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ခြောက်လကျော်ကြာ အချိန်ယူပြင်ဆင်နေခြင်းဖြစ်သည်။

မြန်မာ ယူ-၂၀ အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အထိရောက်ဆုံးပြင်ဆင်မှုအဖြစ် ဥရောပငါးနိုင်ငံတွင် သွားရောက်လေ့ကျင့်လျက်ရှိပြီး လက်ရှိတွင် ဆလိုဗေးနီးယားနိုင်ငံသို့ ရောက်ရှိနေပြီဖြစ်သည်။ မြန်မာယူ-၂၀ အသင်းသည် ဆားဘီးယား၊ မက်ဆီဒိုးနီးယားနှင့် ဂျာမနီနိုင်ငံတို့တွင် လေ့ကျင့်မှုများပြုလုပ်ပြီးနောက် စတုတ္ထမြောက်နိုင်ငံအဖြစ် ဆလိုဗေးနီးယားသို့ ရောက်ရှိနေခြင်းဖြစ်၍ မေ ၁၉ ရက်မှ စတင်ကာ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာယူ-၂၀ အသင်းသည် ယခု ဥရောပခရီးစဉ်တွင် ဆားဘီးယားယူ-၂၀ အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲအပါအဝင် *စာမျက်နှာ ၇ ကော်လံ ၅* ❍



**အာရှ ယူ-၁၉ ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ယူအေအီးအသင်းတို့ ယှဉ်ပြိုင်နေစဉ်။** သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်

# မန္တလေး၌ မီးလောင်၊ နေအိမ် ၂၂ လုံး ဆုံးရှုံး

**မန္တလေး မေ ၂၀**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက် အကွက်(၂၆၈) ၃၃ လမ်း ၈၈ လမ်းနှင့် ၈၇ လမ်းကြားရှိ ဥယျာဉ်အုပ်ဝင်း သွပ်မိုးထရံကာ နှစ်ထပ်နေအိမ်တွင် ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၅၀ ခန့်က မီးလောင်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ နေအိမ် ၂၂ လုံးမီးလောင်ကျွမ်းသွားပြီး အိမ်ထောင်စု ၃၆ စုမှ အမျိုးသား ၁၁၅ဦး၊ အမျိုးသမီး ၁၄၄ ဦး စုစုပေါင်း ၂၅၉ ဦး မီးဘေးသင့်ခဲ့ကြောင်း သိရသည်။ *စာမျက်နှာ ၇ ကော်လံ ၅* ✻



# အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် မေ ၂၀**

ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲ မိုးလေဝသ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများနှင့် အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများကြောင့် ယနေ့ညနေမှ နောက်ငါးရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**(မြန်မာ့အလင်း)**

# တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဆိုင်ရာဝန်ဆောင်မှု လုပ်ငန်းများ ၂၄ နာရီ ဆောင်ရွက်ပေးမည်

**မန္တလေး မေ ၂၀**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (MESC) အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ မီးသုံးစွဲသူပြည်သူများသို့ လျှပ်စစ်မီးဖြန့်ဖြူးပေးရာတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ၊ အဆင်မပြေမှုများနှင့် အန္တရာယ်ဖြစ်ပေါ်နိုင်သည့် အခြေအနေများအတွက် လျှပ်စစ်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို ၂၄ နာရီ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မီးသုံးစွဲသူများအနေဖြင့် အဆိုပါအခြေအနေများဖြစ်ပေါ်လာပါက သက်ဆိုင်ရာ မြို့နယ်တာဝန်ခံဖြစ်သော မြို့နယ်လျှပ်စစ်မန်နေဂျာများ၏ ဖုန်းနံပါတ်များကို ဆက်သွယ်အကြောင်းကြားပါက မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများနှင့် သက်ဆိုင်ရာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း တာဝန်ယူထားသော ကုမ္ပဏီများမှ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများအပြင် ခရိုင်လျှပ်စစ်မန်နေဂျာရုံးများနှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ရုံးချုပ်ဖုန်းနံပါတ်များဖြစ်သည့် မန္တလေး ၀၉-၂၀၅၂၉၁၀၊ ပြင်ဦးလွင် ၀၉-၂၀၄၆၁၀၅၊ ကျောက်ဆည် ၀၉-၂၁၅၁၄၃၉၊ မိတ္ထီလာ ၀၉-၂၂၀၁၉၇၄၊ မြင်းခြံ ၀၉-၂၂၁၆၆၄၇၊ ရမည်းသင်း ၀၉-၂၁၇၄၄၉၇၊ ညောင်ဦး ၀၉-၂၀၄၀၂၈၅၊ Call Center ၀၂-၆၅၆၆၆ နှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းရုံးချုပ် ၀၉-၂၀၀၂၇၅၇၊ ၀၉-၂၀၄၀၂၉၅၊ ၀၉-၂၀၀၄၉၄၇ ဖုန်းနံပါတ်များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန်နှင့် မီးသုံးစွဲသူပြည်သူများ၏ လျှပ်စစ်ဓာတ်အားပေးသုံးစွဲမှုများနှင့်ပတ်သက်သည့် ဝန်ဆောင်မှုလုပ်ငန်းများအား *စာမျက်နှာ ၁၀ ကော်လံ ၁* ❁

ရွှေသြဇာ
မြန်မာတို့ရဲ့ နှစ်သစ်မင်္ဂလာ အခါတော်ထူးမှာ ချစ်ခင်မြတ်နိုးရတဲ့
လူကြီးမိဘ ဆရာသမားများအား ကျန်းမာသက်ရှည်စေပြီး ဘေးဥပါဒ်ဖြစ်စေမဲ့
ဓာတုပစ္စည်းမပါတဲ့ စိမ်းပြာရေညှိ ထုတ်ကုန်များနဲ့ ဂါရဝ ပြုကြပါစို့.
Spirulina Bio Fertilizer
JUNE Group of Companies
www.junepharmaceuticals.com www.juneindustry.com
https://www.facebook.com/MyanmarSpirulinaProducts
Ygn: + 95 9 730 12000, 730 13000, 730 14000 Mdy: + 95 2 24490, 39985, 39725, 36122

မြန်မာ့အလင်း
mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS